
ဝိညာဉ်မဲ့ဓား
ပထမပိုင်း
သိုင်းစာစဉ်များPAGE

တက္ကသိုလ်

**နေလင်းအောင်**

---

# ဝိညာဉ်မဲ့များ

(ပထမပိုင်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၁၃၉၂၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၃၉၁၁၁၀၇

၂၀၀၈ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့

အတွင်းပုံနှိပ်သူ
ဦးသော်ယွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံးပုံနှိပ်သူ
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့

# အခန်း (၁)

စိမ်းညိုပြာဝေနေသော စစ်မိန်ချွန်းတောင်တန်းကြီးသည် နဂါးကြီးတစ်ကောင် က,နေသကဲ့သို့ရှိသည်။

နံနက်ခင်း၏ နေရောင်သည် တောင်တန်းကြီးပေါ် ဖြာယှက်ကျဆင်းလျက်ရှိပြီး ပတ်ဝန်းကျင်တစ်ခုလုံး သာယာလျက်ရှိသည်။

တစ်ခါတစ်ခါ တိုက်ခတ်လိုက်သော လေပြည်လေညင်းကြောင့် ပတ်ဝန်းကျင်သည် အေးစိမ့်စိမ့်ဖြစ်သွား၏။

လေအသုတ်တွင် တလှုပ်လှုပ်ဖြစ်သွားသော သစ်ရွက်ကလေးများ ယိမ်းကနေသလား အောက်မေ့ရသည်။

သစ်ရွက်ကြိုသစ်ရွက်ကြားမှ ဖြာကျနေသော လရောင်သည် စိန်ပွင့်ကလေးများ ကြဲပက်ထားသကဲ့သို့ လင်းခနဲ ဝင်းခနဲ ဖြစ်နေသည်။

ထိုစဉ် သစ်တောထဲမှ အသံတစ်သံပေါ်လာသည်။

"အင်း ... ငါ သွားလာခဲ့တဲ့ နေရာတွေထဲမှာ ဒီစစ်မိန်ချွန်းတောင်တန်းဟာ အလှဆုံးတောင်တန်းပဲ"

စကားသံနှင့်အတူ တောလမ်းကလေးထဲမှ လူတစ်ယောက်ထွက်လာသည်။ ထိုလူသည် လူငယ်တစ်ယောက်ဖြစ်ပြီး သစ်လွင်တောက်ပသော အဝတ်အစားများကို ဝတ်ဆင်ထား၏။

ကိုယ်ကျပ်အင်္ကျီကို အောက်မှာထားပြီး အနွေးထည်အင်္ကျီကို အပေါ်မှဝတ်ထားသည်။ အနွေးထည်သည် တန်ဖိုးကြီးမားသော အနွေးထည်ပင် ဖြစ်ပေလိမ့်မည်။ ခါးတွင်မူ ဓားတစ်ချောင်းကို ချိတ်ထားလေသည်။

သေချာစွာကြည့်ရှုပါက နွဲ့နှောင်းသော ကိုယ်ခန္ဓာနှင့် သူ၏ ဝတ်စားဆင်ယင်ပုံတို့မှာ လိုက်ဖက်ညီလှသည်ဖြစ်သည်။ စကားပြောရင်း လမ်းမှန်မှန်လျှောက်နေရင်းက ပတ်ဝန်းကျင်ကို ဂရုတစိုက်ကြည့်လိုက်သည်။ စမ်းကျရေစီးသံများကို ကြားရသောအခါ ကြည်လင်ပန်းဆန်းမှု ဖြစ်သွားစေသည်။ တေးတစ်ပုဒ်ကို ရေရွတ်လိုက်သည်။

♫ တောင်ငွယ်တောင်တန်း ...မြိုင်ဆာဝန် ... ရေသွန်စီးကျ ... လသာညာလေး ... တံတျာတေးနဲ့ ... တံတျာတေးနဲ့ ♫

လူငယ်သည် ကဗျာရွတ်နေရင်းက ဖျတ်ခနဲ လှည့်လိုက်ပြီး လှမ်းအော်လိုက်သည်။

"မော်ရှမ်းဝေ ... ကလောင်ဘူး ယူခဲ့၊ နောက်တစ်ခါ ငါ အပြင်ထွက်ရင် မင်း တောင်ခြေမှာပဲ နေခဲ့"

အနွေးထည်နှင့်လူငယ်၏ စကားသံဆုံးသည်နှင့် တောလမ်းလေးထဲမှ လူငယ်လေးတစ်ယောက် ပြေးထွက်လာ၏။ ထိုလူငယ်၏ လက်ထဲတွင် ကလောင်တစ်ချောင်း ကိုင်ထားသည်ကို တွေ့ရသည်။ ကျောတွင်မူ အထုပ်တစ်ထုပ်ကို ထမ်းပိုးထားသည်။

ထိုလူငယ်သည် အနွေးထည်နှင့်လူငယ်အနီးသို့ ရောက်လာသည်နှင့် မောဟိုက်သံဖြင့် ...



"သ ... သခင်လေး ... ကျွန်တော် သခင်လေးနောက် လိုက်လာတာဟာ ဗဟုသုတရချင်လို့ လိုက်လာတာပါဗျာ၊ သခင်လေး ပြောသလို ဟို ... တေးငပုနဲ့နေခဲ့ရင် ဘယ်လိုလုပ် ဗဟုသုတရနိုင်ပါ့မလဲ၊ သခင်လေးက စာတတ်ပေတတ်ဆိုတော့ ..."

မော်ရှမ်းဝေက စကားကို ဆုံးအောင်မပြောဘဲ ရပ်ပစ်လိုက်သည်။

ထိုအခါကျမှ ပါးလျားသော ကိုယ်ဟန်ရှိသည့် သခင်လေး အခေါ်ခံလူငယ်က ယှဲ့ယှဲ့ကလေးပြုံးသည်။ ထို့နောက် မော်ရှမ်းဝေ ကမ်းပေးသော ကလောင်တံနှင့် စာရွက်ကိုယူလိုက်ပြီး တောတောင် သဘာဝ၏ ညအလှကဗျာကို ရေးချနေတော့သည်။ ပြီးသည်နှင့် စာရွက်ကို မော်ရှမ်းဝေ၏အင်္ကျီအိတ်ထဲသို့ လှမ်းထည့်လိုက်သည်။

မော်ရှမ်းဝေက ကြည်ကြည်လင်လင်ပြုံးလိုက်ပြီး ...

"သခင်လေးရဲ့ သဘာဝအလှကဗျာတွေဟာ တော်တော်အဆင့်မြင့်တဲ့ ကဗျာတွေပဲ၊ တောင်ခြေက တက်လာကတည်းက ခု အထိဆိုရင် စာကြောင်းရေ သုံးဆယ်ကျော်နေပြီ၊ ထိုက်တောင်မှာ ရေးတဲ့ ကဗျာစာကြောင်းတွေထက် အများကြီး ပိုနေပြီ၊ ဒီတော့ ..."

မော်ရှမ်းဝေက စကားကိုရပ်ပြီး စဉ်းစားသလိုလုပ်သည်။ ပြီးမှ ...

"သခင်လေး ...ခုဆို မိုးလည်းအတော်ချုပ်နေပြီ၊ ကျွန်တော်တို့ ပြန်ကြရအောင်လား၊ အရှေ့ဘက်တောက ဝိုပြီး မှောင်တယ်၊ တော်ကြာ ရန်သူတွေ ဘာတွေ ထွက်လာရင် ..."

မော်ရှမ်းဝေက စကားကို ဆုံးအောင်မပြောဘဲ ရပ်ပစ်လိုက်သည်။

အနွေးထည်နှင့်လူငယ်သည် လက်နှစ်ဖက်ကို နောက်ပစ်ပြီး လျှောက်နေရင်းက မော်ရှမ်းဝေကို လှည့်ကြည့်သည်။ သူ့အကြည့်က ခက်ထန်မာကျောသောအကြည့်ဖြစ်၏။ မော်ရှမ်းဝေ ကုပ်သွားသည်။ ဘာစကားမှ ဆက်မပြောဘဲ နောက်ကနေ အသာလိုက်ခဲ့မိသည်။

အနွေးထည်နှင့်လူငယ်က လမ်းလျှောက်ရင်း ...

"ငါနဲ့အတူရှိနေမှတော့ ဘာကိုကြောက်ရမှာလဲကွ၊ ဒီည မပြန်နိုင်လည်း ဒီအနီးအနားမှာပဲ အိပ်လိုက်ကြတာပေါ့၊ ဘာကြောက်စရာရှိလို့လဲ၊ ကြောက်တတ်တဲ့လူဟာ အကြိမ်တစ်ရာ သေသကွ၊ မကြောက်တတ်တဲ့လူက တစ်ကြိမ်ပဲ သေတယ်၊ ဒီဓားရှိနေမှတော့ ဘာကို ကြောက်နေရဦးမှာလဲ"

အနွေးထည်နှင့်လူငယ်၏စကားကြောင့် မော်ရှမ်းဝေ ပါးစပ်ပိတ်ပြီး ရယ်သည်။ ထိုသို့ရယ်လိုက်သောကြောင့် သူ၏အပြုံးကို သခင်လေး မမြင်တွေ့လိုက်ချေ။

နောက်ထပ် ... ကိုက်သုံးဆယ်မျှ လျှောက်လာမိသောအခါ တသွင်သွင်စီးနေသော ရေစီးသံကို ဝီဝီသဲသဲကြားလာရသည်။

အနွေးထည်နှင့်လူငယ်က ရေစီးသံကြားရသည်ကို စိတ်ဝင်စားလှမ်းကြည့်လိုက်၏။ သို့နှင့် ရှေ့ဆက်လျှောက်ခဲ့ကြသည်။

ဤတွင် နက်စောက်သော ချောက်ကမ်းပါးတစ်ခုကိုတွေ့ရ း ရှစ်ကိုက်ကိုးကိုက်မျှ ကျယ်ဝန်းသော ရေစီးကြောင်းတစ်ခုကို တွေ့



ပြန်သည်။ တောင်ထိပ်မှတဝေါဝေါဆင်းလာသောရေများသည် ငွေနဂါးကြီးခုန်ပျံနေသကဲ့သို့ ထင်စရာရှိနေပြီး ရေစီးကြောင်းကဲ့သို့ တရဝေါစီးဝင်နေသည်။

အရှိန်နှင့်ဆင်းလာသော ရေများသည် ကျောက်တုံးကျောက်စွယ်များကို ရိုက်မိသွားပြီး ဖွာခနဲဖွာခနဲဖြစ်နေသည်မှာ ကြည့်၍ကောင်းလှသည်။

အနွေးထည်နှင့်လူငယ်သည် ရှေ့ဆက်သွားစရာ လမ်းမရှိတော့သဖြင့် ရေမှုန်ရေမွှားများကိုသာ ငေးကြည့်နေမိလေတော့သည်။ အတန်ကြာမှ ဟိုဟိုသည်သည်လျှောက်သွားပြီး လမ်းရှာကြည့်သည်။

ထိုအခါကျမှ စမ်းချောင်းကိုဖြတ်ထိုးထားသော သစ်သားတံတားလေးတစ်ခုကို တွေ့ရသည်။ တံတားသည် တည့်တည့်မတ်မတ်မရှိဘဲ ခပ်စောင်းစောင်းဖြစ်နေသည်။

တံတားဟိုမှာဘက်ကမ်းနဖူးရှိ သစ်တောအုပ်အုပ်ကလေးထဲတွင် တလက်လက်လင်းနေသော မီးရောင်တစ်ခုကို မြင်ရ၏။ အနွေးထည်နှင့်လူငယ်သည် ထိုမီးရောင်ကိုမြင်လိုက်သည်နှင့် ဝမ်းသာသလိုဖြစ်သွားသည်။ ထို့ကြောင့် မော်ရှမ်းဝေကို လှည့်ပြီး ...

"ရှမ်းဝေ ...ဘာမှတွေးပူမနေနဲ့တော့၊ ရှေ့မှာတွေ့လား ... မီးရောင်၊ အဲဒီမှာ လူတော့ရှိမှာ သေချာတယ်၊ ဒီညတော့ အဲဒီမှာပဲ တည်းခိုခွင့်တောင်းပြီး တည်းခိုလိုက်ကြတာပေါ့၊ မိုးလင်းမှပဲ စောစောစီးစီး ထပြန်ကြတာပေါ့ ... ဘယ့်နှယ့်လဲ၊ အဲဒီလိုဆို ခုချက်ချင်း ပြန်

တာထက် အများကြီး ပိုကောင်းမယ်”

ခေါင်းငုံ့နေသော မော်ရှမ်းဝေက စိုးရိမ်သံဖြင့် ...

“သခင်လေး ... ခုလို လူမရှိသူမရှိတောတောင်ထဲမှာ နေနေတဲ့ လူဟာ လူကောင်းဖြစ်မယ်မထင်ဘူး။ သားရဲတိရစ္ဆာန်တွေထက်တောင် ပိုပြီးကြောက်စရာကောင်းချင်ကောင်းနေဦးမယ်၊ ကျွန်တော့်သဘောပြောရရင် တောင်ပေါ်က ချက်ချင်းပြန်ဆင်းတာ ပိုကောင်းမယ် သခင်လေး”

အနွေးထည်နှင့်လူငယ်က မကျေမနပ်ဖြစ်သွားသည်။

“မင်း ဘာဖြစ်လို့ကြောက်နေတာလဲ မော်ရှမ်းဝေ၊ အရင်ကဆို မင်းလောက်သတ္တိကောင်းတာ မရှိဘူး၊ ဒီပေဟင်ပေါ်ရောက်မှ ဘာဖြစ်လို့တွေးကြောက်နေရတာလဲကွ၊ တို့ဆီမှာ ရွှေငွေရတနာဆိုလို့ တစ်ပြားသားမှ ပါလာတာလည်း မဟုတ်ဘူး၊ ဘာကိုတွေးကြောက်နေရတာလဲ”

မော်ရှမ်းဝေက ဘာမှပြန်မပြောဘဲ ခေါင်းကို ငုံ့မြဲငုံ့ထားသည်။ အနွေးထည်နှင့်လူငယ်က လက်တစ်ဖက်ကို ဓားရိုးပေါ်တင်လိုက်ပြီး ...

“မင်းက ငါ့ကို စာပေသမားတစ်ယောက်ဆိုပြီး အထင်သေးနေသလား၊ စာပေဗဟုသုတနဲ့ပတ်သက်လို့ ခုနစ်နှစ်တိတိ သင်ကြားခဲ့သလို သိုင်းပညာနဲ့ပတ်သက်လို့လည်း သုံးနှစ်တင်းတင်းသင်ခဲ့တာပါကွ၊ ငါ့ဓားဟာ ဓားပြသူခိုးလောက်တော့ ကောင်းကောင်းသတ်နိုင်ပါပြီ”



အနွေးထည်နှင့်လူငယ်၏စကားက အားမာန်ပြည့်ဝလှသည်။ သူ စကားဆုံးသည်နှင့် တံတားရှိရာ လျှောက်သွားသည်။

မော်ရှမ်းဝေသည် ဘာမျှစောဒက မတက်နိုင်တော့ဘဲ နောက်မှ လိုက်ပါသွားသည်။ လိုက်သာလိုက်သွားရသော်လည်း စိတ်ထဲတွင်းမှ ခပ်လေးလေးဖြစ်နေသည်။

ချောက်ကမ်းပါးအောက်မှ ရေစီးကြောင်းသည် တဝေါဝေါအော်မြည်နေသည်။ သစ်သားတံတားသည် နှစ်ပေမျှသာ ကျယ်ဝန်းပြီး ကိုင်စရာတန်းလည်းမရှိသဖြင့် အသည်းယားစရာကောင်းလှသည်။ ရေစီးနေပုံသည် မြင်းရိုင်းကြီးတစ်ကောင် ပြေးနေသကဲ့သို့ဖြစ်ပေသည်။

တံတားပေါ်မှ ကျော်သွားသူသည် သတ္တိကြောင်သူသာဖြစ်ပါက မူးမေ့ပြီး ပြုတ်ကျသွားနိုင်သည့်အခြေအနေ ရှိလေသည်။

အနွေးထည်နှင့် လူငယ်သည် တံတားထိပ်တွင် ရပ်လိုက်မိသည်နှင့် မော်ရှမ်းဝေကို လှည့်ပြောလိုက်သည်။

“မော်ရှမ်းဝေ ... ဟိုဘက်ကမ်းကို ငါအရင်သွားကြည့်မယ်၊ မင်း မကျော်ရဲဘူးဆိုရင် ဒီမှာပဲစောင့်နေ”

အနွေးထည်နှင့်လူငယ်က ပြောပြောဆိုဆိုနှင့် တံတားထိပ်ပေါ်ရပ်လိုက်သည်။

ချောက်ကမ်းပါးအောက်ကို ငုံ့ကြည့်လိုက်သောအခါ၌ ရေစီးသံက တဝေါဝေါအော်မြည်နေ၏။ မြင်ကွင်းက ကြက်သီးထစရာကောင်းသည်။ သို့သော် အနွေးထည်နှင့် လူငယ်က ကြက်သီးမထ။

သူသည် သူဌေးသားတစ်ယောက်ဖြစ်သော်လည်း လူပျော့လူညံ့မဟုတ်။ သတ္တိကောင်းသည်။ စိတ်ဓာတ်မာကျောသည်။ နဂိုကတည်းက ကြောက်ရွံ့စိတ်နည်းပါးသူဖြစ်သည်။

ထို့ကြောင့် တံတားပေါ်တွင် ဘယ်ပုံလျှောက်ရမည်ကို စဉ်းစားပြီးသည်နှင့် ခပ်သွက်သွက်လျှောက်သွားသည်။ သူ့ခြေလှမ်းပုံသည် မြေပြင်တွင် လျှောက်လှမ်းနေသကဲ့သို့ တည်ငြိမ်လှဘိသည်။ တကယ်တော့ သူသည် အောက်ကို လုံးဝမကြည့်ချေ။ ရှေ့တည့်တည့်ကိုသာကြည့်ပြီး တန်းမတ်စွာလျှောက်သွားခြင်းဖြစ်သည်။

လေသည် တဟူးဟူးတိုက်ခတ်နေသဖြင့် အင်္ကျီစများက တဖျပ်ဖျပ်လွင့်နေသည်။ ချောက်ထဲမှ ရေစီးသံကား ကြောက်စရာကောင်းအောင် ဆူညံနေသည်။

မကြာခင်မှာပင် အနွေးထည်နှင့်လူငယ်သည် တစ်ဖက်ကမ်းသို့ရောက်သွားသည်။

မီးရောင်လင်းနေသောနေရာသို့ ရောက်ရှိသွားသောအခါ ကျောက်တုံးနှင့်ဆောက်ထားသော အိမ်ကလေးတစ်ခုကို တွေ့ရသည်။ ကျောက်တုံးအိမ်ထဲမှ အလင်းရောင်များသည် အပြင်သို့ ဖြာကျနေသည်။

သူသည် မော်ရှမ်းဝေကို တစ်စုံတစ်ရာ လှမ်းအော်ပြောရန် လှည့်ကြည့်လိုက်စဉ်မှာပင် မော်ရှမ်းဝေက တံတားကိုကျော်ပြီး အနားသို့ရောက်လျက် ရှိနေချေပြီ။ အနွေးထည်နှင့်လူငယ်သည် မော်ရှမ်းဝေကိုကြည့်ပြီး အံ့အားသင့်သွားသည်။



"မော်ရှမ်းဝေ ... မင်း တယ်သတ္တိကောင်းပါလား"

မော်ရှမ်းဝေက ရယ်၏။ ပြီးမှ ...

"သခင်လေးကလည်း ဒီလောက်ကိစ္စလေးများ အထူးအဆန်းလုပ်လို့၊ စစ်သူရဲကောင်းတစ်ယောက်ရဲ့ နောက်လိုက်စစ်သားတစ်ယောက်ဟာ ပျော့ညံ့နေလို့မရဘူးမဟုတ်လား သခင်လေးရဲ့၊ ခုလည်း ဒီလိုပဲပေါ့ ... သူရဲကောင်းသခင်လေးရဲ့ နောက်လိုက်ဟာ တစ်နည်းနည်းတော့ သတ္တိရှိရမှာပေါ့၊ ဒီလိုမှ သတ္တိမရှိဘူးဆိုရင် လူရယ်စရာဖြစ်နေမှာပေါ့"

အနွေးထည်နှင့်လူက မော်ရှမ်းဝေကို သိပ်သဘောကျသွားသည်။

ထို့ကြောင့် မော်ရှမ်းဝေ၏ပခုံးပေါ်ကို လက်တစ်ဖက်တင်လိုက်ပြီး ပြုံးပြုံးကြီးကြည့်လိုက်သည်။ သူ့အပြုံးသည် အားရကျေနပ်သော အပြုံးပင်ဖြစ်သည်။

ထိုအချိန်မှာပင် မော်ရှမ်းဝေက ကျောက်တုံးအိမ်ကလေးကို လှမ်းကြည့်ပြီး ခပ်ကျယ်ကျယ်အော်ပြောလိုက်၏။

"အိမ်ရှင်တို့ ... ကျွန်တော်တို့ လမ်းမှားနေလို့ ကျေးဇူးပြုပြီး တစ်ညလောက် တည်းခိုခွင့်ပြုပါခင်ဗျာ"

မော်ရှမ်းဝေ၏အသံကကျယ်သည်။ ထို့ကြောင့် တစ်တောလုံး ပဲ့တင်ထပ်သွား၏။

သို့သော် ကျောက်တုံးအိမ်ကလေးထဲမှ တုံ့ပြန်သံ လုံးဝထွက်မလာခဲ့။

အခြေအနေကို ခေတ္တစောင့်ကြည့်ပြီးသည်နှင့် အနွေးထည်နှင့်လူငယ်က ကျောက်တုံးအိမ်အနီးသို့ တိုးသွား၏။ တံခါးဝ၌ ရပ်လိုက်ပြီး အတွင်းသို့ လှမ်းကြည့်လိုက်၏။

အနွေးထည်နှင့်လူငယ်သည် အခန်းထဲမှ မြင်ကွင်းကြောင့် ထိတ်ခနဲဖြစ်သွားပြီး နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်မိ၏။

လူငယ်နှင့်အတူ ရှေ့တိုး၍ ကြည့်မိသည်။

မော်ရှမ်းဝေသည်လည်း မမျှော်လင့်သောမြင်ကွင်းကြောင့် တုံ့ခနဲဖြစ်သွားပြီး မျက်နှာတစ်ပြင်လုံး ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။ ပါးစပ်ကလည်း ထိတ်လန့်တကြား အော်လိုက်မိပြီး ခန္ဓာကိုယ်ပင် ယိုင်လဲလုလုဖြစ်သွားသည်။

ကျောက်တုံးအိမ်ထဲရှိ စားပွဲဘေးတွင် သွေးသံရဲရဲနှင့် လူနှစ်ယောက် လဲကျနေသည်ကို တွေ့ရသည်။ ဘယ်လိုလဲ ... လူသေတွေလား၊ လူရှင်တွေလား ... ဒါတွေကို အဝေးက ကြည့်ရုံမျှနှင့် မသိနိုင်။

သေသေချာချာ အနီးသို့ကပ်၍ ကြည့်လိုက်သောအခါမှ သေဆုံးနေသူများဖြစ်ကြောင်း တွေ့ရသည်။ ထိုသူများသည် အနွေးထည်များ ဝတ်ထားကြပြီး ကိုယ်ကာယတောင့်တင်းသူများ ဖြစ်သည်။

သေပုံသေနည်းမှာ ကြောက်စရာကောင်းလှ၏။ မှောက်လျက်သေဆုံးနေကြသဖြင့် မျက်နှာများကို မမြင်ရပေ။ စားပွဲပေါ်ရှိ လက်ဆွဲမီးအိမ်၏ အလင်းရောင်သည် အလောင်းနှစ်လောင်းပေါ် ဖြာကျနေသည်။



တိတ်ဆိတ်ငြိမ်သက်နေသော တောတောင်ထဲတွင် ဖြစ်နေ၍ ပိုပြီး ချောက်ချားဖွယ်ကောင်းနေသည်။ မော်ရှမ်းဝေသည် မြင်ကွင်းကြောင့် ထိတ်လန့်တုန်လှုပ်သွားပြီး အနွေးထည်နှင့်လူကို လှည့်ပြော၏။

"သခင်လေး ... ကျွန်တော်တို့ ဒီမှာ ကြာကြာမနေသင့်တော့ဘူး၊ မြန်မြန်ပြန်ရင် ကောင်းမယ်"

အနွေးထည်နှင့်လူသည် မော်ရှမ်းဝေစကားကို ဂရုစိုက်ဟန်မရှိဘဲ တစ်စုံတစ်ရာကို အလေးအနက်တွေးနေ၏။

"ဒီနေရာဟာ ဘယ်လိုနေရာမျိုးလဲ၊ သူတို့နှစ်ယောက်ဟာ ဘာဖြစ်လို့အသတ်ခံရတာလဲ၊ စားပွဲပေါ်က မီးတိုင်ကလည်း မငြိမ်းသေးဘူး၊ သူတို့သေတာ မကြာသေးဘူးဆိုရင် လူသတ်သမားတွေ ဘယ်ရောက်သွားကြသနည်း"

အနွေးထည်နှင့်လူငယ်သည် ဓားရိုးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီး အတွေးများဝေနေသည်။ ကြောက်စိတ်ကြောင့်လား မသိ ... လက်ဝါးတွင်ပင် ချွေးများစီးထွက်လာသည်။

'အခြေအနေကတော့ ကြောက်စရာကောင်းတဲ့အခြေအနေပဲ၊ ငါ သိုင်းသင်ခဲ့တုန်းက ဆရာက ပြောခဲ့ဖူးတယ်၊ သိုင်းပညာသင်ထားတာဟာ တစ်ဖက်သားကို အနိုင်ကျင့်ဖို့ မဟုတ်ဘူး၊ ဒုက္ခရောက်နေတဲ့လူတွေကို အကူအညီပေးဖို့ ဖြစ်တယ်၊ ဒါမှ သိုင်းသမားကောင်းပီသမယ်၊ ဒီနေ့ ငါ ကြုံတွေ့နေတဲ့အဖြစ်ဟာ ငါနဲ့ ဘာမှတော့မဆိုင်ဘူး၊ ဒါပေမဲ့ ... ခုကိစ္စကို မျက်ကွယ်ပြုပြီး ထွက်မသွားသင့်ဘူး၊

တစ်ခုခုတော့ အကူအညီပေးရလိမ့်မယ်၊ ဒါမှမဟုတ် အကြောင်းအရာတစ်ခုခုကိုတော့ စုံစမ်းလေ့လာထားသင့်တယ်'

အနွေးထည်နှင့်လူငယ်သည် အတွေးနက်နေရင်းက အားမာန်များတက်လာပြီး ကြောက်စိတ်များပြေသွားသည်။ အနီးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သောအခါ အိမ်ကလေး၏ဘယ်ဘက်နားတွင် လှေကားကလေးတစ်ခုကို တွေ့ရသည်။ လှေကားသည် တိုတိုကလေးမဟုတ်ဘဲ ကွေ့ကောက်ပြီး တောင်အောက်ဘက် ရောက်အောင် ဖောက်လုပ်ထားသော လှေကားတစ်ခုဖြစ်သည်။

အနွေးထည်နှင့်လူငယ်သည် တံခါးပေါက်တွင် ရပ်လိုက်ပြီး ကြေးကွင်းကြီးကို တဒေါင်ဒေါင် ရိုက်ခေါက်လိုက်သည်။ တံခါးခေါက်သံသည် ကျယ်လောင်စွာမြည်သွားပြီး အသံရှည်ကြီးဖြစ်သွားသည်။

ငြိမ်သက်နေသော ပတ်ဝန်းကျင်၌ တံခါးခေါက်သံသည် ယမ်းထုပ်များပေါက်ကွဲသလို ဆူညံမြည်ဟည်းသွားစေသည်။

သို့သော် ... အိမ်အတွင်းမှ မည်သည့်တုံ့ပြန်သံမှမကြားရ၊ အခြေအနေသည် ငြိမ်သက်မြဲငြိမ်သက်နေသည်။

အဘယ်သို့ ဖြစ်သနည်း။ လူသူတစ်စုံတစ်ဦးမှ မရှိပြီလော။

အနွေးထည်နှင့်လူငယ်သည် စိတ်မရှည်တော့သဖြင့် အိမ်ထဲသို့ဝင်ရန် ဟန်ပြင်လိုက်သည်။ ထိုအချိန်မှာပင် ဖောက်ခနဲ အသံတစ်သံကြားလိုက်ရသဖြင့် ထိတ်ခနဲဖြစ်သွားပြီး ဖျတ်ခနဲခုန်ရှောင်လိုက်သည်။ တစ်ပြိုင်နက်တည်း ခါးကြားမှဓားကို ရွှမ်းခနဲ ဆွဲထုတ်မိသည်။



အသံလာရာသို့ လှည့်ကြည့်လိုက်သောအခါ လှေကားအောက်တွင် ဖားကြီးတစ်ကောင် ခုန်သွားသည်ကို တွေ့လိုက်ရသည်။

ရှမ်းဝေသည် အနွေးထည်နှင့်လူငယ်၏လှုပ်ရှားမှုကို ကြည့်ပြီး မျက်လုံးပြူးဖြစ်နေ၏။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေ၏။ အမှောင်နှင့်တိတ်ဆိတ်ခြင်းသည် ရှမ်းဝေ၏ရင်ကို ပိုပြီးတုန်လှုပ်နေစေသည်။

အနွေးထည်နှင့်လူငယ်သည် အစိုးရိမ်လွန်သွားသည့် သူ့အဖြစ်ကို သူသဘောကျသွားပြီး ကျိတ်၍ရယ်လိုက်၏။ ထို့နောက် ဘာမှစဉ်းစားမနေတော့ဘဲ ဟနေသော တံခါးကိုတွန်းပြီး အထဲသို့ဝင်သွားသည်။

ခြံထဲရောက်မှ ခြေလှမ်းက အငိုလိုတွန့်သွားသည်။

"အလို ... ဘယ်လိုဖြစ်တာပါလိမ့်"

သေမင်းသည် ဤခြံထဲသို့ အလည်အပတ်ရောက်ခဲ့သလောမပြောတတ်ပေ။

သေပုံသေနည်းများကား ကျောက်တုံးအိမ်ကလေးထဲမှ လူသန်ကြီးနှစ်ယောက် သေနေသကဲ့သို့ ခေါင်းပေါ်တွင်သာ ဒဏ်ရာရှိပြီး တခြားမည်သည့်နေရာတွင်မှ ဒဏ်ရာမရှိ။ ငယ်ထိပ်အနီးရှိ ဦးခေါင်းခွံများ ကွဲကြေနေကြပုံမှာ တစ်ပုံစံတည်း ဖြစ်နေသည်။

လရောင်ကြောင့် အိုင်ထွန်းနေသောသွေးများကို မည်းမည်းညစ်ညစ်အသွင်ဖြင့် မြင်နေရသည်။

အဆောက်အအုံအတွင်းရှိ မီးအိမ်၏အလင်းရောင်သည် အပြင်သို့ ဖြာကျနေပြီး တစ်ခါတစ်ခါ တိုက်လိုက်သောလေကြောင့် အရိပ်သဏ္ဍာန်များ ယိမ်းထိုးနေသည်ကို တွေ့ရသည်။ မြင်ကွင်းသည် ချောက်ချားဖွယ်ကောင်းသော အနိဋ္ဌာရုံမြင်ကွင်းသာဖြစ်သည်။

ကိုယ့်ကိုယ်ကိုယ် သတ္တိကောင်းပြီဟု ယူဆခဲ့သော အဓွေး တည်နှင့်လှူငယ်သည် ရှေ့တိုးရကောင်းနိုးနိုး၊ နောက်ဆုတ်ရ ကောင်းနိုးနိုးဖြစ်လာ၏။ ခြေထောက်ကို ရှေ့တိုးလိုက်၊ နောက်ဆုတ်လိုက် လုပ်နေရင်းက သက်ပြင်းတစ်ချက်ကို ဟင်းခနဲ ချလိုက်မိတော့သည်။

စိတ်၌လည်း ကိုယ့်ကိုယ်ကိုယ် အပြစ်တင်သလို ပြောလိုက်မိလေသည်။

"ကွမ်လိန် ... မင်းဟာ သတ္တိကောင်းတဲ့လူတစ်ယောက် မဟုတ်လား၊ ဒါနဲ့တောင် ဘာမဟုတ်တဲ့ လူသေအလောင်းတွေကို ကြည့်ပြီး သိပ်ကြောက်နေသလား၊ ဒီထိအောင်ရောက်လာပြီးမှ နောက်ကြောင်းပြန်လှည့်ရမယ်ဆိုရင် ရယ်စရာမကောင်းပေဘူးလား"

"ကိုယ့်ကိုယ်ကိုယ် သတ္တိကောင်းတယ်လို့ ယူဆထားပြီးမှ နောက်ကြောင်းပြန်ပြေးရမယ်ဆိုရင် ကွမ်လိန်ဆိုတဲ့ကောင်ဟာ အလကားကောင် ဖြစ်သွားမှာပေ့ါ"

ကွမ်လိန်သည် ကိုယ့်ကိုယ်ကိုယ်အားပေးရင်း သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်ပြန်သည်။ ထို့နောက် ပိတ်ဆို့နေသော အလောင်းကောင်များကို ကွေ့ကောက်ကျော်လွှားသွားပြီး ခပ်သုတ်သုတ်လျှောက်လှမ်းသွားပြန်သည်။



ခြံပေါက်ဝမှနေ၍ ဂေဟာတံခါးသည် သိပ်မဝေးလှသော်လည်း ကွမ်လိန်အဖို့ ရှည်လျားသောခရီးကို သွားနေသကဲ့သို့ ခံစားနေရသည်။

ဂေဟာ၏ကျောက်လှေကားတစ်ခု ပေါ် ရပ်လိုက်သည်နှင့် ပိတ်ထားသောတံခါးကို ဓားဦးထောက်တွန်းပြီး ချောင်းတစ်ချက်ဟန့်လိုက်သည်။

"အဟမ်း ... အခန်းထဲကမိတ်ဆွေ ... ကျေးဇူးပြုပြီး အပြင်ထွက်လာခဲ့ပါ၊ အပြင်က အဖြစ်အပျက်တွေအတွက် ရှင်းလင်းချက်မပေးနိုင်လို့ကတော့ ခင်ဗျားအဖို့ လွယ်လိမ့်မယ် မထင်နဲ့"

ကွမ်လိန်၏အသံက ကျယ်ကျယ်လောင်လောင် ဖြစ်သွားသော်လည်း အခန်းထဲမှပြန်ထူးသံ လုံးဝမကြားရ။

ထိုအချိန်မှာပင် ဓားဦးနှင့်ထောက်ထားခံရသော တံခါးသည် ကျွီခနဲမြည်ဟည်းပြီး ပွင့်သွားသည်။

ကွမ်လိန်သည် ပွင့်သွားသောတံခါးပေါက်မှ အထဲသို့ လှမ်းကြည့်လိုက်သည်။ ဂေဟာခန်းမသည် မီးရောင်ကြောင့် လင်းနေသော်လည်း လူသူဟူ၍ တစ်ယောက်မျှမတွေ့ရ။

ထူးခြားသောအခြေအနေသည် စိတ်တင်း၍ဝင်လာသော ကွမ်လိန်အား ခြေဖျားလက်ဖျားများ အေးစက်သွားစေပြန်လေသည်။

သူ့နောက်သို့ ပြန်လှည့်ကြည့်လိုက်သောအခါ မျက်နှာငယ်လေးနှင့်ဖြစ်နေသော မော်ရှမ်းဝေကို တွေ့နေရ၏။

သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက်

ကြည့်ပြီး မည်သည့်စကား[illegible]ဖြစ်နေကြသည်။

ရှမ်းဝေသည် [illegible]ကြောင့် တုန်တုန်ယင်ယင် ဖြစ်နေသည်။ သူ့ကျောတွင်ပို[illegible] ကျောပိုးအိတ်ထဲမှ မင်များ စီးကျနေသည်ကို တွေ့နေရသည်။

ကွမ်လိန်သည် [illegible] ကြောက်လန့်တုန်လှုပ်နေမှုကိုကြည့်ပြီး သနားစိတ်[illegible]။ အားပေးနှစ်သိမ့်လိုက်ဟန်နှင့် ပခုံးကို အသာအယာ [illegible]လိုက်သည်။ သို့သော် သူ့လက်များသည်ပင်လျှင် တုန်ယင်[illegible]နေသည်တကား။

ထို့နောက် ဂေဟာ[illegible]သို့ လှမ်းဝင်သွားပြီး ဟိုဟိုသည်သည် လှည့်ပတ်ကြည့်[illegible]။

ထိုအခါ ခန်းမကျယ်ကြီး[illegible] ကျောက်စာပိုင်းကြီးတစ်ခုကို တွေ့ရပြီး စားပွဲပေါ်တွင် [illegible]ရည်ပန်းကန်လုံးများ အစီအရီချထားသည်ကို တွေ့နေရသည်။ ထို့နောက် အငွေ့တလူလူ တက်နေသော လက်ဖက်ရည်ကရား[illegible] တွေ့ရသည်။

အခြေအနေသည် [illegible]သောအခြေအနေ ဖြစ်နေသည်။ အသင့်သောက်ရန်[illegible]သော လက်ဖက်ရည်ပန်းကန်လုံးများ ရှိနေသောလည်း [illegible]သူဟူ၍ တစ်ယောက်မျှ မတွေ့ရ။ ဤဂေဟာထဲမှလူ[illegible]ကုန်ပြီနည်း ...။

ကွမ်လိန် မစဉ်းစား[illegible]

ခြံထဲတွင် တွေ့[illegible] သေဆုံးနေသူများသည် ဤဂေဟာကြီး၏လက်အောက်[illegible] ဖြစ်ဟန်တူ၏။



လက်ဖက်ရည်ဝိုင်းတွင် [illegible]လူများသည် ဤဂေဟာကြီး၏အရှင်သခင်များနှင့် [illegible]သော ဖြစ်နိုင်သည်။

လက်ဖက်ရည်ပန်း[illegible]ကို ရေတွက်ထည့်လိုက်သောအခါ ဆယ့်ခုနစ်လုံးလုံး [illegible] တွေ့ရ၏။

ယခု ထိုသူများ [illegible]ကုန်ကြပြီနည်း။

လက်ဖက်ရည်[illegible] အဘယ်ကဲ့သို့သော ပြဿနာများ တွေ့ကြုံခဲ့ကြ[illegible]

ဧည့်သည်က [illegible]သွားလေသလား။

ကွမ်လိန်၏ခေါင်း[illegible]သောအတွေးများ ဖြစ်ပေါ်နေ၏။ သို့သော် ...

သူ၏တွေးဆချက်နှင့် [illegible]အဖြစ်အပျက်များ ထပ်တူဖြစ်ချင်မှ ဖြစ်မည်ဟုလည်း [illegible]။ ကွမ်လိန်သည် စဉ်းစားရင်း စဉ်းစားရင်းနှင့် ခန်းမ[illegible]ဘက်ဘေးတွင်ရှိသော ဘေးတံခါးမှ ထွက်ခဲ့ပြန်သည်။

ထိုအခါ အုတ်ကြွ[illegible]သည့် စကြံလမ်းတစ်ခုကို တွေ့ရပြန်သည်။ စကြံလမ်း[illegible]သောကျောက်တုံးများဖြင့် ဖောက်လုပ်ခင်းကျင်း[illegible] လှပနေသည်။

စကြံတိုင်လုံးများ[illegible] ကျောက်ဖြူတိုင်များသာ ဖြစ်သည်။ စကြံလမ်းကလေးသည် [illegible]၏အနောက်ဘက်သို့ ကွေ့ကောက်သွားပြီး နှိမ့်လိုက်[illegible]များစွာ တည်ရှိနေလေ၏။

ကွမ်လိန်သည် ဓားကိုကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားပြီး စင်္ကြံလမ်းအဝိုင်း လျှောက်နေသည်။ ခြေလှမ်းဆယ်လှမ်းမျှ လျှောက်မိသောအခါ သစ်လွင်တောက်ပြောင်သောအဝတ်အစားများ ဝတ်ထားသည့် အလောင်းတစ်လောင်းကို တွေ့ရပြန်သည်။

ထိုအလောင်းကောင်သည် မုတ်ဆိတ်မွေးများနှင့်ဖြစ်ပြီး လက်တစ်ဖက်က ဓားကို ဓားအိမ်မှ တစ်ဝက်သာသာ ထုတ်ထားသည်ကို တွေ့ရသည်။ ပုံသဏ္ဌာန်သည် ရန်သူကို ခုခံရန် အားထုတ်လိုက်စဉ် ရန်သူ၏လက်ဦးမှုကို ခံလိုက်ရပုံပေါ်နေသည်။

သူ့ကိုယ်လုံးတွင် ဒဏ်ရာဟူ၍ ဘာမှမရှိသော်လည်း သေပုံသေနည်းသည် ဂေဟာရှေ့မြက်ခင်းပြင်တွင် တွေ့ခဲ့ရသော အလောင်းကောင်များနှင့် တစ်ပုံစံတည်း ဖြစ်နေသည်။

ထိုလူ၏ခေါင်းမှ စီးကျလာသော သွေးစီးကြောင်းများသည် ကျောက်ဖြူလမ်းကလေးပေါ်တွင် အိုင်ထွန်းလျက်ရှိနေသည်။

ကွမ်လိန်သည် ထိုအလောင်းကောင်ကို သေသေချာချာ ကြည့်ပြီးသည်နှင့် ရှေ့ဘက်သို့ လျှောက်ခဲ့ပြန်သည်။ သုံးလေးလှမ်းမျှ လှမ်းမိသောအခါ အရောင်တလက်လက်ဖြစ်နေသော ဓားတစ်ချောင်းကို တွေ့ရပြန်သည်။ ဟိုဟိုသည်သည် ကြည့်လိုက်သောအခါ အလောင်းနှစ်လောင်းကို ထပ်တွေ့ရပြန်သည်။

နှစ်ယောက်စလုံး ခပ်ဝဝဖြစ်ပြီး လူလတ်ပိုင်းအရွယ်ပင် ဖြစ်သည်။ တစ်ယောက်က ဘယ်လက်ဖြင့် ဓားကိုင်ထားပြီး တစ်ယောက်က ညာလက်ဖြင့် ဓားကိုင်ထားသည်။ ဓားနှစ်လက်သည် ထပ်လျက်



ရှိနေသော်လည်း ကိုယ်ခန္ဓာများကား ခပ်လှမ်းလှမ်းစီရှိနေကြသည်။

သေပုံသေနည်းကား ရှေးနည်းအတိုင်းပင် ဖြစ်နေသည်။ ဆက်လျှောက်လာမိသောအခါ မုတ်ဆိတ်မွေးရှည်ရှည်နှင့် အဘိုးကြီး တစ်ယောက်၏အလောင်းနှင့် မလှမ်းမကမ်းတွင် အပြာရောင်ဝတ်စုံဝတ် အဘိုးကြီးတစ်ယောက်ကို တွေ့ရပြန်သည်။

ထိုအလောင်းကောင်များနှင့် ငါးကိုက်လောက်အကွာတွင်လည်း တရုတ်တုန်းကြီးနှစ်ပါး၏ အလောင်းများကို တွေ့ရပြန်၏။

တွေ့ရသမျှ အလောင်းကောင်များသည် ကိုယ်ပေါ်တွင် မည်သည့်ဒဏ်ရာမှမရှိကြဘဲ ခေါင်းနှင့်မျက်နှာတွင်သာ ကွဲကြေနေသော ဒဏ်ရာများနှင့် သွေးအလိမ်းလိမ်းဖြစ်နေကြသည်။

လေအတိုက်တွင် လွင့်ပျံ့လာသော သွေးညှီနံ့များသည် ကျောချမ်းစရာ ကောင်းလှ၏။

လမ်းကလေးဆုံးသွားသောအခါ ခြောက်ထောင့်အဆောင် တစ်ခု တွေ့ရသည်။ ထိုအဆောက်အအုံသည် ကျောက်တုံးကြီးတစ်ခု ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သဖြင့် အထီးတည်းဖြစ်နေသည်။ အဆောင်၏တံခါးပေါက်တည့်တည့်တွင် ကျောက်လှေကား တစ်ခု ရှိနေသည်။

ဤအတိုင်းဆိုလျှင် အဆောင်အတွင်း၌ အလောင်းကောင် များ ရှိနေဦးမည်မှာ သေချာသည်။

သေပုံသေနည်းသည် လမ်းတစ်လျှောက်တွေ့ခဲ့ရသော အလောင်းကောင်များ၏ သေနည်းအတိုင်း ဖြစ်ပေလိမ့်မည်။

လမ်းတစ်လျှောက်တွေ့ခဲ့ရသော အလောင်းကောင်များသည် စုစုပေါင်း ဆယ်ယောက်တိတိ ရှိသွားပြီဖြစ်သည်။ ဂေဟာခန်းမကြီးထဲတွင် တွေ့ခဲ့ရသော လက်ဖက်ရည်ပန်းကန်လုံး ဆယ့်ခုနစ်လုံးအတိုင်းဆိုပါက ဤအဆောင်ထဲတွင် အလောင်းခုနစ်လောင်း ရှိလိမ့်ဦးမည်ဟု မှန်းဆ၍ရလာ၏။

ကွမ်လိန်သည် ပထမဆုံးတွေ့ခဲ့ရသော အလောင်းများကိုမြင်ပြီးကတည်းက ထိတ်လန့်ခြင်း၊ ဒေါသဖြစ်ခြင်း၊ သနားကြင်နာခြင်း ... စသည့်ခံစားမှုများ ရောထွေးနေခဲ့သည်။

ယခုသော် ... ထပ်တလဲလဲမြင်နေရသော အလောင်းများကြောင့် စိတ်လှုပ်ရှားမှုသည် အထွတ်အထိပ်သို့ရောက်နေရာမှ တဖြည်းဖြည်း ပြန်ကျလာပြီး တည်ငြိမ်လာတော့သည်။

တစ်ကိုယ်လုံးသည် စောစောကလို တုန်ယင်မှုမရှိတော့ဘဲ အခြေအနေမည်သို့ရှိမည်ကို ဆန်းစစ်လေ့လာလိုသည့်စိတ်က တဖြည်းဖြည်းတိုးလွှမ်းမိုးလာတော့သည်။

ကွမ်လိန်သည် နောက်ဆုံးလှေကားထစ်အပေါ် ရောက်သည်နှင့် အဆောင်တွင်းသို့ လှမ်းကြည့်လိုက်သည်။ ထင်ထားသည့်အတိုင်း ပြန့်ကျဲနေသော အလောင်းကောင်များကို တွေ့ရပြန်သည်။

တံခါးပေါက်ဝတွင် လဲကျနေသောလူသည် စုတ်ပြတ်ညစ်ပေနေသော အဝတ်အစားများကို ဝတ်ထားပြီး ခြေတစ်ဖက်ကျိုးနေသည်ကိုတွေ့ရသည်။

ထိုလူသည် မှောက်လျက်ကြီးလဲကျနေပြီး သွေးအလိမ်း



လိမ်းဖြစ်နေသည်။ ခေါင်းပေါ်မှ စီးကျနေသော သွေးများသည် တံခါးပေါက်မှတစ်ဆင့် လှေကားထစ်ရောက်အောင် စီးကျနေသည်။

သူနှင့်လက်တစ်ကမ်းအကွာလောက်တွင် လဲနေသူကား ဝိန်ဝိန်ရှည်ရှည်အဘိုးကြီးတစ်ယောက် ဖြစ်သည်။ သူ့ဘေးတွင် မည်းနက်တောင်ပြောင်သော တုတ်ကောက်ကြီးတစ်ချောင်းသည် ကြမ်းပြင်ပေါ်၌ ခပ်စောင်းစောင်းထောင်ပြီး စိုက်ဝင်နေ၏။

တုတ်ကောက်ကြီးပတ်ပတ်လည်တွင်မူ ကြေမွနေသော ကျောက်များပြန့်ကျဲလျက်ရှိသည်။

တုတ်ကောက်ပိုင်ရှင်သည် ရန်သူနှင့် ရင်ဆိုင်ခဲ့စဉ်က အလွန်ကြောက်စရာကောင်းသော အတွင်းအားကို အသုံးပြုခဲ့သည်မှာ ထင်ရှားလှသည်။

ကွမ်လိန်၏မျက်လုံးများသည် ထိုနေရာမှတစ်ဆင့် တစ်နေရာသို့ ရောက်သွားပြန်သည်။

ထိုအခါ လူလတ်ပိုင်းအရွယ်ရှိသော အမျိုးသမီးတစ်ယောက်နှင့် အမျိုးသားတစ်ယောက်တို့၏အလောင်းနှစ်လောင်းကို တွေ့ရပြန်သည်။

အမျိုးသမီးသည် အနီရောင်အဝတ်အစားများကို အပေါ်ရောအောက်ပါ ဝတ်စားထားသူဖြစ်ပြီး နှာတံပေါ်ပေါ် မျက်ခုံးကောင်းကောင်း နှုတ်ခမ်းပါးပါးနှင့် လှပသူတစ်ဦးဖြစ်သည်။ သူနှင့်ဘေးချင်းကပ်ပြီးလဲကျနေသော အမျိုးသားသည် ကြံ့ခိုင်သော ကိုယ်ကာယရှိသူဖြစ်ပြီး ချောမောသူပင် ဖြစ်သည်။

ပြတင်းပေါက်မှ တိုးဝင်နေသောလရောင်သည် သူတို့နှစ်ယောက်မျက်နှာပေါ် ဖြာကျနေသဖြင့် ဝိုဝိုပြင်ပြင်မြင်နေရ၏။

ခေါင်းပေါ်မှစီးကျနေသော သွေးများသည် ကြမ်းခင်းသမံတလင်းပေါ်တွင် စိုထိုင်းထိုင်းပင် ရှိနေသေးသည်။

သူတို့နှစ်ယောက်သည် အသက်မဲ့နေကြပြီဖြစ်သော်လည်း မျက်နှာပေါ်တွင် မကျေနပ်သော အရိပ်အယောင်များ လွှမ်းနေဆဲပင်ရှိသည်။

ကွမ်လိန်သည် ထိုအလောင်းများကို ကြည့်နေရာမှ သက်ပြင်းတစ်ချက်ကို ဟင်းခနဲချလိုက်မိသည်။ သူ့နောက်မှ ကပ်ပါလာသော ရှမ်းဝေကလည်း ကွမ်လိန်နည်းတူ သက်ပြင်းတစ်ချက်မှုဉ်းမှုဉ်းချလိုက်သည်။

ထိုစဉ် ကွမ်လိန်က ဓားကိုင်လက်ကို ဆန့်ထုတ်လိုက်သောကြောင့် ဓားဦးနှင့် သမံတလင်းထိမိသွားပြီး ဒေါင်ခနဲမြည်သွားသည်။ ရှမ်းဝေသည် ရုတ်တရက်ပေါ်လာသောအသံကြောင့် တုံ့ခနဲ ဖြစ်သွားသည်။

ကွမ်လိန်သည် အမျိုးသမီးအလောင်းကို ငေးနေမိရာမှ မျက်လုံးရွေ့လျားလိုက်ပြန်သည်။ ထိုအခါ မမှော်လင့်သော မြင်ကွင်းကြောင့် ထိတ်ခနဲဖြစ်သွားပြီး မျက်လုံးမျက်ဆံပြူးသွားသည်။ လှမ်းလက်စခြေလှမ်းသည်ပင် တုံ့ခနဲရပ်သွားသည်။

မြင်ကွင်းထဲမှလူသည် မတ်မတ်ရပ်နေသော လူတစ်ယောက်ပင် ဖြစ်သည်။



ထိုလူသည် ဝိန်ဝိန်ပါးပါးအရပ်မြင့်မြင့်ဖြစ်ပြီး အင်္ကျီအဖြူရောင်ဝတ်ထားသည်။ ခေါင်းပေါ်မှစီးကျနေသော သွေးများကြောင့် အဖြူရောင်အင်္ကျီတွင် သွေးကွက်များ စွန်းထင်းနေသည်။ လက်နှစ်ဖက်သည် အရိုးများငေါ်ထွက်နေသည်။ အရိုးပဒေသာ လက်ချောင်းကလေးများသည် တိုင်နီကြီးကို ကုတ်ဆွဲထားလျက်။ သူကုတ်ဆွဲထားသည်မှာ မည်မျှအားပါသည်မသိ ... လက်ချောင်းလေးများသည် တိုင်ထဲတွင် နစ်မြုပ်နေသည်။

ထိုလူသည် တိုင်ကိုမှီပြီး ရပ်နေသော်လည်း ဦးခေါင်းသည် ငိုက်စိုက်ကြီးကျနေသည်။

ဆိုရလျှင် သွေးရူးသွေးတန်းနှင့် မတ်တတ်ကြီးသေနေသူပင်ဖြစ်၏။ ကွမ်လိန်သည် ထိုလူကိုကြည့်ပြီး သက်ပြင်းတစ်ချက်ချလိုက်ပြန်လေသည်။

သူ ဘာဖြစ်လို့လဲမကျတာလဲ။ အကြောများ တောင့်တင်းနေပြီး တိုင်ကိုအမှီသဟဲပြုနေခြင်းကြောင့်လော၊ တိုင်ထဲတွင် နစ်မြုပ်နေသော လက်ချောင်းကလေးများက ထိန်းချုပ်ထားသောကြောင့်လော ... တစ်ခုခုတော့ဖြစ်မှာ သေချာသည်။

ကွမ်လိန်သည် ထိုအလောင်းကောင်ကိုကြည့်ပြီး တွေးနေမိပြန်လေသည်။

ကွမ်လိန် ရှေ့ကိုတိုးလိုက်သောအခါ သွေးကွက်တစ်ကွက်ကိုနင်းမိသွားသည်။ ဒါကိုလည်း ကွမ်လိန် သတိမထားမိတော့။

ထိုစဉ် တိမ်တစ်အုပ်က လရောင်ကို ဖုံးအုပ်သွားသည်။

လင်းနေသော အဆောင်ခန်းသည် တဒင်္ဂမှောင်ကျသွား၏။

ပတ်ဝန်းကျင်အမှောင်ထုကြီးစိုးမှုကြောင့် ပို၍ကြောက်စရာကောင်းလာသည်။

ရှမ်းဝေသည် ကွမ်လိန်ကိုလှမ်းကြည့်ပြီး ရင်တဒိတ်ဒိတ်ခုန်နေသည်။

မကြာမီမှာပင် လရောင်ပြန်လင်းလာသည်။

ရှမ်းဝေသည် အားတင်းလိုက်ပြီး မတ်တတ်အလောင်းကောင်ကို လှေလာကြည့်လိုက်သည်။

ထိုလူငယ်ဝတ်ထားသော အဝတ်အစားတို့သည် အဖြူရောင်ချည်း ဖြစ်နေသည်။ ခါးတွင်ချည်ထားသော ခါးစည်းကြိုးသည်ပင်လျှင် အဖြူရောင်ဖြစ်နေသည်။

ရုပ်သဏ္ဌာန်အနေအထားကိုကြည့်ရုံနှင့် ရဲရင့်သူ တစ်ယောက်မှန်း သိသာလှသည်။ စာပေပညာကို လိုက်စားသော သိုင်းသမားတစ်ယောက်၏အသွင်လက္ခဏာလည်း ပေါက်နေသည်။

သို့သော် ခေါင်းကငိုက်စိုက်ကျနေသောကြောင့် မျက်နှာတစ်ခုလုံး ပီပီပြင်ပြင် မမြင်ရချေ။

ရှမ်းဝေသည် ရှေ့တိုးပြီးကြည့်ချင်စိတ် ပေါက်နေသော်လည်း မတော်တဆ အသက်ဝင်ပြီး ရန်ပြုလာမှဖြင့် ငါ ဒုက္ခဖြစ်ရချည်ရဲ့ဟု တွေးမိနေသည်။ ကွမ်လိန်ကမူ ငြိမ်ငြိမ်သက်သက် ရပ်နေရင်းက တွေးတောစဉ်းစားနေသည်။

စကြိုတစ်လျှောက်တွေ့ခဲ့ရသော လူသေအလောင်းများ



သည် အပြာရောင်အင်္ကျီနှင့် အဘိုးကြီး၊ ခြေကျိုးသူတောင်းစား အဘိုးကြီး၊ အဖြူရောင်အင်္ကျီဝတ်စာပေသမား စသည်ဖြင့် စုစုပေါင်း ဆယ့်ငါးယောက်ခန့်သာ ရှိသေးသည်။ ပန်းကန်လုံး ဆယ့်ခုနစ်လုံး အရေအတွက်နှင့်ဆိုလျှင် လူ့ စ်ယောက် ကျန်သေးသည်။

ထိုလူနှစ်ယောက်သည် ဘယ်မှာကျန်နေသနည်း။

ပျောက်နေသူနှစ်ယောက်သည် လူသတ်သမားများ ဖြစ်နေကြသလော။ သို့မဟုတ် ဤဂေဟာ၏ အရှင်သခင်လော၊ ဧည့်သည်လော။ သို့မဟုတ် ... တွေးလေတွေးလေ အဖြေသည် ဝေးလေ ဝေးလေ ဖြစ်နေရသည်။

ဂေဟာထဲတွင် ရှိနေသောလူများနှင့် အပြင်တွင်ရှိနေသော လူများသည် လူသေကောင်များသာ ဖြစ်နေသည်။

ဤအရေးအခင်း၊ ဤကိစ္စရပ်များကို မှန်မှန်ကန်ကန် ပြောနိုင်မည့်သူဟူ၍ တစ်ယောက်မှမရှိတော့။

ကွမ်လိန်သည် စိတ်မောလူမော ဖြစ်သွားပြန်သည်။

မျက်လုံးများသည် အငြိမ်မနေနိုင်ဘဲ ဟိုသည်ကြည့်လိုက်မိပြန်သည်။ သို့သော် ထူးခြားချက်ဟူ၍ ဘာတစ်ခုမျှ ထပ်မတွေ့ရ။

သက်ပြင်းကို ဟင်းခနဲချလိုက်ပြန်ပြီး စဉ်းစားနေမိပြန်လေသည်။

"ဒီအလောင်းတွေဟာ မသေခင်တုန်းက နာမည်ကျော်သိုင်းသမားတွေဖြစ်မှာသေချာတယ်၊ ဒီဂေဟာကြီး မြင်ရုံနဲ့ သူတို့ရဲ့ အရှိန်အဝါ ဘယ်လောက်ကြီးမယ်ဆိုတာ သိသာနေတယ်၊ ဒါပေမဲ့ သူတို့

အားလုံး သေသွားကြပြီ၊ သူတို့အဖြစ်ကို လူသတ်သမားကလွဲလို့ ဘယ်သူမှ မသိဘူး၊ ဒီလူတွေရဲ့အဖြစ်ဟာ အတော်ဆိုးတဲ့အဖြစ်၊ လူသတ်သမားက သူ့လူအားလုံးကို ဘယ်လိုအငြိုးနဲ့ ရက်ရက်စက်စက် သတ်သွားခဲ့တာပါလိမ့်၊ ဘယ်လိုအငြိုးပဲရှိရှိ ခုလိုလုပ်ဖို့တော့ မကောင်းပါဘူး၊ သတ်ပုံကတော့ တော်တော်ကို ရက်စက်တာပဲ၊ သူတို့ကို မြေမြှုပ်ပေးလိုက်မှကောင်းမယ်၊ ဒီလိုလုပ်တာဟာ သူတို့အတွက်ကော ငါ့အတွက်ပါ ကောင်းတဲ့အလုပ်ပဲ"

ကွမ်လိန်သည် ဤလူသေအလောင်းများနှင့် မည်သို့မှ ပတ်သက်သူ မဟုတ်ပေ။ သို့ရာတွင် သူ့နဂိုစိတ်ဓာတ်က သူတစ်ပါးအပေါ် အကူအညီပေးလိုသူ၊ ကြင်နာသနားတတ်သူဖြစ်၍ သူနှင့် မည်သို့မျှ မသက်ဆိုင်သော်လည်း ထိုလူသေအလောင်းများကို မြေမြှုပ်သင်္ဂြိုဟ်ပေးရန် ဤသို့စိတ်ကူးပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။

သစ်ပင်သည် သူ့အား ခုတ်သတ်မည့်သူထံမှပင် သူ့အရိပ်ကို ပြန်လည်သိမ်းယူခြင်းမရှိသကဲ့သို့ စိတ်ရင်းကောင်းရှိသည့်လူသည် သာမန်အခြေအနေ၌ အဘယ်မျှလျှင် ကောင်းမှုပြုရန် တွန့်ဆုတ်ရမည်နည်း။

ထိုစဉ် အေးခနဲနေအောင် လေလှိုင်းရိုက်ခတ်မှုကို ခံစားလိုက်ရသည်။ ဘာမှန်းမသိခင်မှာပင် တဟင်းဟင်းရယ်မောသံကြီးကို ကြားလိုက်ရလေသတည်း။

## အခန်း (၂)
### အတိတ်မေ့နေသော သိုင်းသမား

ရယ်မောသံသည် နှလုံးသားကို အပ်နှင့်ဆွလိုက်သလား အောက်မေ့လိုက်ရသည်။

ကွမ်လိန်သည် တောင့်ခနဲဖြစ်သွားရာမှ အသံလာရာသို့ တစ်ပတ်လှည့်ကြည့်လိုက်မိသည်။ အဆောင်အပြင်ရှိ လှေကားထစ်ပေါ်တွင် ပိန်ပိန်အဘိုးကြီးတစ်ယောက်ကို တွေ့နေရသည်။

အဘိုးကြီးသည် အဝါရောင်ရှိသောအင်္ကျီကို ဝတ်ဆင်ထားသည်။ သူ၏ပိန်ပါးပုံသည် ဝါးခြမ်းပြားလိုဖြစ်နေသည်။ သူ လျှောက်လာပုံကလည်း လေထဲမှာလွင့်လာသော ဝါဂွမ်းလို ဖြစ်နေသည်။ ခေါင်းပေါ်မှ ဆံပင်များကိုစုပြီး ကျောက်စိမ်းကလစ်တစ်ခုဖြင့် ညှပ်ထားသည်။ မျက်နှာအမူအရာက ခက်ထန်ပြီး မျက်လုံးအစုံက တောက်ပနေသည်။

အဘိုးကြီးသည် ကျောက်လှေကားထစ်ပေါ်တွင် ရပ်နေရင်းက ကွမ်လိန်ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသည်။

ကွမ်လိန်က အကြီးအကျယ်ထိတ်လန့်သွား၏။

တည်ငြိမ်စပြုနေသော စိတ်ဓာတ်များသည် ဖရိုဖရဲပြိုကွဲသွားပြန်သည်။

လူသေများမှလွဲ၍ တခြားမည်သူတစ်ဦးတစ်ယောက်မှမရှိဟု စိတ်ဒုံးဒုံးချထားသည့်အချိန်တွင် ဤသို့သက်ရှိထင်ရှား လူသားတစ်ယောက်ကို တွေ့လိုက်ရသောအခါ သူ့အဖို့ တစ္ဆေသရဲတစ်ကောင် တွေ့လိုက်ရသလို ခံစားသွားခဲ့ရသည်။

ထို့ပြင် ထိုလူသားသည် သာမန်လူတစ်ယောက်လို မဟုတ်ဘဲ အလွန်တရာပိန်လှီနေခြင်း၊ ရောင်စုံအင်္ကျီကြီးဝတ်ဆင်ထားခြင်းနှင့် နီမှဲ့ဝင်နေသော မျက်လုံးများက အရောင်တလက်လက် တောက်နေချေသေး၏။ မျက်လုံးဒဏ်ကို မခံနိုင်သဖြင့် ခြေနှစ်လှမ်းမျှ နောက်ဆုတ်သွားမိသည်။

ထိုစဉ် လက်ထဲမှ ဓားဦးက သမံတလင်းကို ခြစ်မိသွားသဖြင့် ဂျစ်ခနဲ အသံမြည်သွားသည်။ ကြောက်ရွံ့မှုကို ခံစားနေရသော ကွမ်လိန်သည် ထိုအသံကြောင့် တုံ့ခနဲဖြစ်သွားသည်။

ရောင်စုံအင်္ကျီနှင့် အဘိုးကြီးက ကွမ်လိန်ကို စိုက်ကြည့်နေရင်း အခန်းထဲသို့ ရိပ်ခနဲ ခုန်ဝင်လာသည်။

ကွမ်လိန်သည် အဘိုးကြီးကို ကြောက်နေမိ၏။ သူ့ကိုရန်ပြုမည်ကို ကြောက်ခြင်းမဟုတ်ပါ။ တောက်ပနေသည့် မျက်လုံးများကို ကြောက်ခြင်းသာ ဖြစ်ပါလေ၏။

"ခင်ဗျားက ဘယ်ကလူလဲ၊ ဒီလူတွေကို ခင်ဗျားသတ်လိုက်တာလား"

ကွမ်လိန်က လူသေကောင်များကို လက်ညှိုးထိုးပြီး မေးသည်။



အဘိုးကြီး၏နှုတ်ခမ်းအစုံသည် တလှုပ်လှုပ်ဖြစ်သွားသော်လည်း ဘာမျှထွက်မလာ။ သူ့ပုံစံက တိုက်ခိုက်တော့မည့်ဟန်ပေါ်နေသည်။

ထိုအချိန်မှာပင် သူ၏လက်တစ်ဖက် မြောက်တက်သွားပြီး စွန်လက်သည်းကုတ်သိုင်းပညာဖြင့် ကွမ်လိန်ကို လှမ်းကုတ်လိုက်သည်။

ကွမ်လိန်သည် ထိတ်ခနဲဖြစ်သွားပြီး ဘေးသို့ရှောင်လိုက်သည်။

"ဟား ... ဟား ... ဟား ... ဟား"

ဤတွင် အဘိုးကြီးက ဘာကိုသဘောကျသည်မသိ ... တအားရယ်ပြီးနောက် လက်တစ်ဖက်ကိုမြှောက်ကာ လက်ငါးချောင်းကို ဖြန့်လိုက်သည်။ လက်သည်းများက စွန်ရဲ၏လက်သည်းများလို ချွန်ထက်နေသည်။

ကွမ်လိန်သည် လက်သည်းများကိုကြည့်ပြီး တွန့်ခနဲဖြစ်၍ သွားသည်။ အဘိုးကြီး၏မျက်လုံးများကသာ ကြောက်စရာဖြစ်နေသည်မဟုတ် လက်သည်းများကလည်း ကြောက်မက်ဖွယ်ရာပင်တကား။ နောက်သို့ ခြေတစ်လှမ်းမျှ ဆုတ်သွားမိပြန်သည်။ သို့သော် အဘိုးကြီး၏လက်သည်းတိုက်ကွက်က ထပ်ပြီး ဆက်တိုက်ဝင်လာသဖြင့် နောက်တစ်ကြိမ် ခုန်ဆုတ်၍ ရှောင်ရပြန်သည်။

သူသာ လွတ်အောင်မရှောင်နိုင်ပါက ရင်ဘတ်တစ်ခုလုံး အပေါက်ကလေး ငါးပေါက် ဖြစ်သွားမည်မှာ သေချာနေသည်။

သို့သော် အဘိုးကြီး၏ဖွန်ရဲလက်သည်းများက တတိယအကြိမ်ဆက်တိုက်ဝင်ရောက်လာသဖြင့် ကွမ်လိန် မရှောင်တတ်တော့ပေ။

ထို့ကြောင့် နောက်ဆုံးတွင် လက်ထဲမှဓားကို တရကြမ်း ဝှေ့ယမ်းကာကွယ်လိုက်မိတော့သည်။

သို့သော် ဓားကခုတ်ဖြတ်ရန် ခက်ခဲသော ချည်မျှင်များအား ခုတ်ဖြတ်လိုက်သကဲ့သို့ တန့်ခနဲရပ်သွားပြီး တစ်ကိုယ်လုံး၏ အကြောအခြင်များ တုန်ခါသွားသလို ခံစားလိုက်ရသည်။

အဘိုးကြီးသည် လက်ထဲရောက် လာသောဓားကို ခါးလယ်မှကိုင်ပြီး ခါပစ်လိုက်ရာ ဓားသည် ထက်ပိုင်းကျိုးထွက်သွားသည်။

ဓားရိုးသည် ကြမ်းခင်းပေါ်သို့ ဒေါက်ခနဲကျသွားပြီး တစ်ပိုင်းသည် အဘိုးကြီးလက် လှုပ်ယမ်းလိုက်မှုကြောင့် အဆောင်ထုပ်တန်းတွင် ဒေါက်ခနဲစိုက်နေသည်။

ကွမ်လိန်သည် ရောင်စုံအဘိုးကြီး၏လှုပ်ရှားမှုကိုကြည့်ပြီး တုန်လှုပ်ချောက်ချားသွားသည်။

သူသည် နာမည်ကျော်သိုင်းဆရာကြီးတစ်ယောက်ထံ၌ သုံးနှစ်တိုင်တိုင်သိုင်းပညာကို သင်ခဲ့ဖူးသူဖြစ်သဖြင့် သူ့ကိုယ်သူ အတော်ဟုတ်နေပြီဟု ထင်နေခဲ့သည်။

ရောင်စုံအဘိုးကြီး၏ပညာနှင့် ယှဉ်လိုက်သောအခါ သူတတ်ထားသောသိုင်းပညာသည် ဘာမျှမဟုတ်သေးကြောင်း နားလည်လာ၏။



သို့သော် သူအမှန်အတိုင်းသိမြင်လာသောအချိန်သည် နောက်ကျသွားပြီဖြစ်သည်။

ရောင်စုံအဘိုးကြီးသည် သူ့ကို ရန်သူတစ်ယောက်လို သဘောထားနေပြီး လက်သည်းကုတ်တိုက်ကွက်ကို ထုတ်ယူလိုက်ပြန်သည်။

ကွမ်လိန်သည် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်နေရာမှ အိတ်ထဲမှပစ္စည်းတစ်ခုကို ထုတ်ယူလိုက်ပြီး အဘိုးကြီးမျက်နှာကို အားကုန်ထုတ်ပြီး ပေါက်ထည့်လိုက်တော့သည်။

အဘိုးကြီးသည် ရိပ်ခနဲမြင်လိုက်ရသောပစ္စည်းကြောင့် ထိတ်ခနဲဖြစ်သွားပြီး လှစ်ခနဲဝင်လာသောပစ္စည်းကို ဖျတ်ခနဲဖမ်းယူလိုက်သည်။

စိတ်ထဲတွင် လက်နက်ပုန်းတစ်ခုဟု ထင်မှတ်လိုက်မိသည်။ သို့သော် တဒင်္ဂအတွင်း၌ အတွင်းအားမပါကြောင်း သိလိုက်သည်။

ထို့နောက် လက်ထဲရောက်သောပစ္စည်းကို ဖြန့်ကြည့်လိုက်မိ၏။ ထိုအခါ ကွမ်လိန်ပစ်လိုက်သောပစ္စည်းသည် လက်နက်ပုံး မဟုတ်ဘဲ ကလောင်တံသွေးသည့် ကျောက်ပြားကလေးဖြစ်နေသည်ကို တွေ့ရတော့သည်။

ဤအချိန်တွင် လူတစ်ယောက် ဝုန်းခနဲခုန်ဝင်လာပြီး တစ်ဖက်သတ်အစွမ်းပြနေသော အဘိုးကြီးအား ဝင်ရောက်တိုက်ခိုက်လာ၏။ အဘိုးကြီးသည် လေတိုးသံကြားသည်နှင့် လျှပ်တစ်ပြက်ခုန်ရှောင်ပြီးဖြစ်နေသည်။

သူ့အား လျှပ်တစ်ပြက်ဝင်ရောက်တိုက်ခိုက်မှုကို သူ အထင် မကြီးချေ။ အဘယ်ကြောင့်ဆိုသော် လေတိုးသံ၏ နှေးကွေးလေးလံမှုကို သူ့အနေဖြင့် ကြိုတင်သိရှိနေသောကြောင့်တည်း။

ကွမ်လိန်သည် မမျှော်လင့်သောအဖြစ်ကြောင့် ထိတ်ခနဲဖြစ်သွားပြီး သူ့ကိုယ်စားဝင်ရောက်တိုက်ခိုက်သူကို လှမ်းကြည့်လိုက်မိသည်။

ထိုလူမှာ အခြားသူမဟုတ် ... မော်ရှမ်းဝေ ဖြစ်နေ၏။

အဘိုးကြီးသည် ရှောင်တိမ်းပြီးနောက် တိုက်ခိုက်သူကို လှမ်းကြည့်သည်။ လူငယ်ကလေးတစ်ယောက် ဖြစ်နေသည်ကို တွေ့ရသောအခါ မာန်ဖီသကဲ့သို့ တဟင်းဟင်း ရယ်လိုက်၏။ မိမိ၏ သားကောင်အား မစားမီ မာန်ဖီနေသော ကျားရဲကြီးနှင့်တူလှသည်။ သူ၏လက်ဝါးသည် ရုတ်တရက်လှုပ်ရှားသွားပြီး ရှမ်းဝေထံသို့ ရောက်ရှိသွား၏။

အဘိုးအို၏ လှုပ်ရှားမှုမှာ လျင်မြန်လွန်းလှရကား ရှမ်းဝေမှာ လုံးဝမရှောင်နိုင်ဘဲ ခြောက်ကိုက်ခန့် လွင့်စဉ်ထွက်သွားသည်။ ကြမ်းပြင်ပေါ်၌ လဲကျသွားသည့် ရှမ်းဝေသည် လူးလဲထလာ၏။ အဘိုးကြီး၏ လက်ဝါးကြောင့် ပြင်းထန်သောဒဏ်ရာရမည်ဟု ကွမ်လိန်မျှော်လင့်ထားရာ ထိုကဲ့သို့ ရှမ်းဝေထလာနိုင်သည်ကို တွေ့ရသောအခါ အံ့အားလည်းသင့် ဝမ်းလည်းသာသွားမိလေ၏။

ရှမ်းဝေကလည်း အဘိုးကြီးမျက်နှာကို စိုက်ကြည့်နေပြီး တီးတိုးရေရွတ်လိုက်သည်။



"ဒီအဘိုးကြီးရဲ့သိုင်းပညာက တော်တော်ကြောက်စရာကောင်းတာပဲ"

သို့သော် ရှမ်းဝေ၏အမူအရာက အဘိုးကြီးကို ကြောက်ရွံ့ဟန်မပြဘဲရှိနေသည်။ ထို့မျှမကဘဲ တင်းမာသောမျက်နှာထားနှင့်ပင် လှမ်းအော်လိုက်ပေသေးသည်။

"ခင်ဗျား ဘယ်သူလဲ၊ ခင်ဗျား ဘာဖြစ်လို့ ကျွန်တော့်သခင်လေးကို ရန်မူရတာလဲ"

ရှမ်းဝေသည် အော်ဟစ်နေရင်း အဘိုးကြီးရှိရာသို့ တစ်လှမ်းချင်း လျှောက်လာပြန်လေ၏။

ဤစစ်မိန်ချွန်းတောင်တန်းပေါ်သို့ စတင်တက်စဉ်အခါက လူငယ်ကလေး ရှမ်းဝေသည် တောင်အောက်သို့ ပြန်ဆင်းရန် တတွတ်တွတ်ပြောကြားခဲ့သည်။ သူ၏အကြောက်တရားအတွက် ကွမ်လိန်ကပင်လျှင် မာန်မဲခဲ့ရသေးသည်။ ယခုမူကား ...

ကွမ်လိန်သည် ရှမ်းဝေ၏ရဲရင့်နေပုံကိုကြည့်ပြီး ရှက်ကြောက်စိတ်များ ခံစားလာရသည်။

သူ နှင်းတောထဲမှ ကယ်တင်ခဲ့ရသော ရှမ်းဝေသည် ဘယ်တုန်းက တတ်ထားမှန်းမသိသော သိုင်းပညာကို တတ်ကျွမ်းမှန်း သိလိုက်ရသဖြင့် တအံ့တသြဖြစ်သွားသည်။ ရှမ်းဝေတတ်ထားသော သိုင်းပညာသည် မိမိထက်ပင် ကောင်းမွန်နေကြောင်း တွေ့ရသဖြင့် သူ့ကိုယ်သူ ရှက်နေမိပြန်သည်။

ရှမ်းဝေသည် သိုင်းပညာကို တတ်ကျွမ်းထားသူဖြစ်သော်

လည်း ကြွားဝါးခြင်း၊ ထုတ်ဖော်ပြောကြားခြင်း အလျဉ်းမရှိခဲ့။

မိမိဘာသာမဟုတ်သည့်ပညာကလေးနှင့် ဈေးတကိုင်ကိုင် ဟန်တကြွကြွနှင့် ရှမ်းဝေကိုပင် ကြွားပြမိသေး၏။ ယခုတော့ ရှမ်းဝေ၏အပြုအမူက မိမိကိုသင်ခန်းစာပေးနေသလို ဖြစ်နေသည်။

ထို့ကြောင့် အရှက်ကြီးရှက်ပြီး ခေါင်းပင်မဖော်ရဲတော့။

ထို့ပြင် စာတတ်ပေတတ် ကွမ်လိန်သည် သူဖတ်ဖူးမှတ်ဖူးသောစာများ သူ့ဦးခေါင်းထဲသို့ အစီအရီဝင်လာသည်ကို ခံစားသိရှိလိုက်ရတော့သည်။

ဘေးအန္တရာယ်ကျရောက်သောအခါ ကြောက်ရွံ့ထိတ်လန့်နေခြင်းသည် လူညံ့တို့၏လက္ခဏာဖြစ်၏။ ဘေးတွေ့နေသူကို ဘေးရန်မှ စောင့်ရှောက်ကာကွယ်နိုင်သူသည် မိတ်ဆွေမည်၏။

မိမိသည် အန္တရာယ်ကို ကြောက်ရွံ့နေခဲ့သလော။ ထိုအချက်သည် မသေချာပေ။ သေချာသည့်အချက်ကား မိမိ၏ကျွန်လို ကျိုးနွံစွာဆက်ခံခဲ့သည့် ရှမ်းဝေက မိမိအပေါ်ကျရောက်လာမည့်အန္တရာယ်ကို ဝင်ရောက်ကာကွယ်စောင့်ရှောက်ခဲ့ခြင်းတည်း။

ရောင်စုံအင်္ကျီနှင့်အဘိုးကြီးသည် သူတို့နှစ်ယောက်ကို တစ်လှည့်စီကြည့်နေ၏။

ရှမ်းဝေသည် အဘိုးကြီး၏မျက်လုံးများကို ရဲရဲတင်းတင်း ပြန်ကြည့်ရင်းက ...

"ကျွန်တော့်သခင်လေးဟာ စာပေသမားတစ်ယောက်ပါဗျ၊ ခင်ဗျားနဲ့လည်း ဘာရန်ငြိုးမှရှိကြတာ မဟုတ်ပါဘူး၊ ခင်ဗျားက



ကျွန်တော့်သခင်လေးကို ဘာဖြစ်လို့ သတ်ချင်နေရတာလဲဗျ၊ လူကြီးတစ်ယောက်ဖြစ်နေပြီး လူငယ်လေးတွေအပေါ် ရက်ရက်စက်စက်ပြုမူတာဟာ အရှက်မရှိတာဘဲ"

"ဟဲ ... ဟဲ ... မင်းက လူကြည့်တော့ လက်သန်းလောက်၊ ပြောတဲ့စကားကတော့ တော်တော်ကြီးကျယ်တဲ့စကား၊ ဒါနဲ့ မင်း ခုနကသုံးသွားတဲ့ နဂါးပျံသိုင်းကွက်ကို ဘယ်သူ့ဆီက သင်ခဲ့တာလဲ၊ ရွှေလုံးသံလက်ဝါး ထုချန်နဲ့ မင်းနဲ့ ဘာတော်သလဲ"

အဘိုးကြီးက သံမှန်နှင့်ပြောနေသော်လည်း အတွင်းအားကောင်းမှုကြောင့် စူးရှကျယ်လောင်နေသည်။ သွေးလန့်ချောက်ချားဖွယ်ရာကောင်းသော အခြေအနေကဲ့သို့ ဘုမသိဘမသိရောက်ရှိနေသည့် ကွမ်လိန်နှင့် ရှမ်းဝေတို့၏ နားထဲသို့ ထိုအသံသည် လျှံကျနေသည်။

ရှမ်းဝေသည် အဘိုးကြီး၏မေးခွန်းကြောင့် မျက်နှာကွက်ခနဲပျက်သွား၏။ သို့သော် လူငယ်ပေမယ့် ဣန္ဒြေဆယ်နိုင်သည်။ သူက အဘိုးအိုအား ဖြစ်လာသည့်အခြေအနေကို ပြန်လည်ရှင်းပြလိုက်ပေသေးသည်။

"ကျွန်တော်ဆရာ ဘယ်သူဆိုတာ ခင်ဗျားသိဖို့ မလိုပါဘူး၊ လောလောဆယ်ကိစ္စက ကျွန်တော့်သခင်လေးဟာ သိုင်းလောကသားတစ်ယောက်မဟုတ်ဘူး၊ တောထဲတောင်ထဲ လျှောက်လည်ရင်းနဲ့ မျက်စိလည်ပြီး ဒီကိုရောက်လာတဲ့လူပဲ၊ ခင်ဗျားတို့ သိုင်းလောကရဲ့ ရန်ငြိုးကိစ္စတွေဟာ ကျွန်တော်တို့နဲ့ ဘာမှမဆိုင်ဘူး၊ သူတို့ကို ခင်ဗျား

သတ်တာဆိုရင်လည်း ကျွန်တော်တို့က ဘယ်သူ့ကိုမှ ပြန်ပြောမှာ မဟုတ်ပါဘူး"

အဘိုးကြီးက ပခုံးနှစ်ဖက်ကို တွန့်ပစ်လိုက်ပြီး တဟင်းဟင်း ရယ်လေသည်။

"မင်းစကားကို ငါလက်ခံပါတယ်၊ ငါ့အနေနဲ့လည်း မင်းကို မသတ်ချင်ပါဘူး၊ ဒါပေမဲ့ ..."

အဘိုးကြီးသည် စကားကိုဆုံးအောင်မပြောဘဲ လက်ကို မြှောက်လိုက်သည်။

ထိုအခါ လက်ထဲတွင်ရှိနေသော ကလောင်သွေးသည့် ကျောက်ပြားကလေးသည် ဝိုးခနဲမြည်ပြီး ရှမ်းဝေ၏မျက်နှာဆီ ပြေးဝင်သွားသည်။

ရှမ်းဝေသည် မှင်တက်ငေးကြောင်သွားရင်း စူးစူးရှရှအော် ပစ်လိုက်သည်။

သူ၏နာကျင်စွာအော်လိုက်သည့်အသံသည် ခြောက်မြောင့် အဆောင်အတွင်းမှနေ၍ ပြင်ပသို့လွင့်ပျံ့ထွက်သွားတော့၏။ သစ်ပင်တောတောင်များအကြားသို့ ပဲ့တင်သံများအဖြစ် ရောက်ရှိသွား၏။

အဘိုးကြီး၏ လျင်မြန်လှသော လျှပ်တစ်ပြက်တိုက်ကွက်ကို ရှမ်းဝေ မရှောင်တိမ်းနိုင်ခဲ့ပါ။

မရှောင်နိုင်သည့်အတွက် ရှမ်းဝေကို အပြစ်တင်၍မဖြစ်ပါ။ အဘယ်ကြောင့်ဆိုသော် ရှမ်းဝေသည် သမ္မာရင့်သိုင်းသမားကြီး တစ်ဦး မဟုတ်သောကြောင့်တည်း။



အသက်ဆယ့်ခြောက်နှစ်ခန့်မျှသာရှိသေးသည့် လူငယ်လေး တစ်ဦးသည် အသက်ငါးဆယ်ကျော် ခြောက်ဆယ်ခန့်ရှိသည့် အတွင်းအားကောင်းလှသော သိုင်းသမားကြီးတစ်ဦးအား အဘယ်မှာလျှင် တုဖက်ပြိုင်နိုင်ပါမည်နည်း။

ရှမ်းဝေ၏မျက်နှာတစ်ခုလုံး ရဲခနဲဖြစ်သွားရာမှ တစ်ကိုယ်လုံးပျော့ခွေသွားပြီး ဗိုင်းခနဲ လဲကျသွား၏။ ကွမ်လိန် အံ့အားသင့် မှင်တက်ငေးကြောင်နေ၏။ အဘိုးကြီးက ဘာမှမဖြစ်သလိုပြော၏။

"မင်းတို့က ကိုယ်နဲ့မဆိုင်တဲ့နေရာကို ရောက်လာတဲ့လူတွေပဲ၊ ဒီတော့ မရက်စက်ချင်ပေမယ့် ရက်စက်ရတော့မှာပါ၊ အစားမတော် တစ်လုတ်၊ အသွားမတော်တစ်လှမ်းဆိုတာ ဒါမျိုးပေါ့ကွာ ... ဟား ... ဟား"

သူ့လေသံနှင့် အပြုအမူက ထမင်းစားရေသောက်ကိစ္စမျိုး ပြုမူလိုက်သည်။

ကွမ်လိန်သည် အံကိုတင်းခနဲကြိတ်လိုက်ပြီး ရှမ်းဝေကို လှမ်းကြည့်လိုက်၏။ သွေးသံရဲရဲနှင့် ရှမ်းဝေသည် ရှုံ့မဲ့တွန့်လိမ်နေပြီး ညည်းညူနေ၏။ မျက်နှာပေါ်မှ စီးကျနေသော သွေးများသည် မြင်မကောင်းအောင်ဖြစ်နေ၏။

ရှမ်းဝေသည် ကလေးသာသာလူငယ်လေးသာ ဖြစ်၏။ သူ့ဘဝသည် ခုမှ ကြီးထွားမည့်ကြိုကာရှိသေးသည့်ဘဝ ဖြစ်၏။ ယခုသော် အတွင်းအားကြီးသူအဘိုးကြီး၏ မတရားရက်စက်မှု ခံလိုက်ရပြီး မချိမဆံ့ ခံစားနေရလေ၏။

ကွမ်လိန်သည် ကြည့်ရင်းကြည့်ရင်း ယူကျုံးမရဖြစ်လာ၏။

ထိုယူကျုံးမရမှုများက သူ၏ရင်ထဲမှ ဗီဇသတ္တိနှင့်ဒေါသများကို နှိုးဆွပေးလာ၏။

သည်မျှလူမဆန်သောလူကို သူ့တစ်သက်၌ မတွေ့မြင်ခဲ့ဖူး။ ထို့ကြောင့် မီးကျီးခဲများပမာ တရဲရဲတပြောင်ပြောင်ဖြစ်လာသည့် မျက်လုံးများဖြင့် လူမဆန်သော အဘိုးကြီးအား ရွံမုန်းစွာ စိုက်ကြည့်လိုက်၏။

အဘိုးကြီးသည် ကွမ်လိန် မခံမရပ်နိုင် ဒေါသဖြစ်လာသည်ကိုကြည့်ပြီး သရော်ပြုံးပြုံးလိုက်၏။ ထို့နောက် စွန်လက်သည်းကုတ်တိုက်ကွက်ကိုထုတ်ပြီး ရှေ့ကို တဖြည်းဖြည်းတိုးလာ၏။

ကွမ်လိန်သည် ရဲရင့်သူဖြစ်၏။ အဘိုးကြီး၏သိုင်းပညာသည် သူ့ထက် အဆပေါင်းများစွာသာသည်ကို ကောင်းစွာရိပ်မိ၏။ သည်အဘိုးကြီးကို ဤသို့တိုက်ခိုက်ခြင်းသည် ကျောက်တောင်ကို ဦးခေါင်းနှင့် ပြေးဆောင့်သလို ခံစားရမည်ဖြစ်ကြောင်း သူသိသည်။

သို့သော် သူ ဘေးအန္တရာယ်ကျရောက်မည့်အချိန်၌၊ ဝင်ရောက်ကာကွယ်ခဲ့သည့် ရှမ်းဝေ၏ကျေးဇူးကို သူမမေ့၍မရပေ။ မျိုးရိုးမြင့်မြတ်သော ကွမ်လိန်အဖို့ ယခုအချိန်အထိ မတိုက်ခိုက်ဘဲနေခြင်းအတွက် ရှက်စိတ်များ တဖွားဖွားပေါ်နေမိသည်။

"သူသေကိုယ်သေတိုက်ပွဲ"

ကွမ်လိန်က တီးတိုးရေရွတ်လိုက်သည်။ သူ ရှေ့သို့တစ်လှမ်းချင်း ထွက်လာ၏။



အဘိုးကြီးက မထီတရီပြုံးပြီး ရှေ့နောက်ဝဲယာကို ကြည့်လိုက်ပြန်သည်။

ထိုစဉ် မမျှော်လင့်သော ဖြစ်ရပ်ပေါ်ပေါက်လာသည်။

အဘိုးကြီးသည် ဘာကြောင့်မသိ။ မျက်နှာ ကွက်ခနဲပျက်သွားပြီး တုံ့ခနဲဖြစ်သွား၏။ သူ့မျက်နှာပေါ်တွင် ကြောက်ရွံ့မှုများလွှမ်းလာ၏။ နောက်သို့ ချက်ချင်းဆုတ်လိုက်၏။ ထို့နောက် သူ့ကိုပင်လှည့်မကြည့်တော့ဘဲ လှစ်ခနဲထွက်ပြေးလေသည်။ သူသည် အဘိုးကြီး၏အပြုအမူကိုကြည့်ပြီး ကြောင်ငေးငေးကြီး ဖြစ်နေသည်။

အဘိုးကြီးသည် လျင်မြန်စွာပြေးထွက်သွားရာ နောက်ဆုံးမြင်ကွင်းမှ ပျောက်ကွယ်သွားတော့သည်။

ကွမ်လိန်သည် သိုင်းလောကသား မဟုတ်ပေ။ ထို့ကြောင့် သိုင်းလောကသားတို့၏ အပြုအမူနှင့်အကျင့်စရိုက်များကို နားလည်ခြင်းမရှိပေ။ အဘိုးကြီး၏အပြုအမူသည် အဘယ်ကြောင့် ဤသို့ဖြစ်ရသည်ကို မစဉ်းစားတတ်အောင် ဖြစ်နေသည်။ သို့ရာတွင် ...

သူ့စိတ်ထဲ တစ်မျိုးကြီးခံစားလာရသည်။ သူ၏ မသိစိတ်က သူ့ကို တစ်စုံတစ်ခု သတိပေးလာသလို ထင်မြင်လာသည်။ ယခင်က ထိုသို့တစ်ကြိမ်တစ်ခါမှ မဖြစ်ဖူးခဲ့ပေ။ ထို့ပြင် သူ့နောက်ကျော၌ အလိုလိုယားယံသလို ဖြစ်လာသည်။ နောက်ကျော မလုံသလို ခံစားလာရသည်။

ထို့ကြောင့် နောက်လှည့်ကြည့်လိုက်သည်။

မြင်ကွင်းကြောင့် ခေါင်းနပန်းကြီးသွားရသည်။ တစ်ကိုယ်.

လုံးရှိ သွေးကြောများ ရပ်သွားသလား အောက်မေ့လိုက်မိသည်။

ကွမ်လိန်တစ်ယောက် မည်သည့်အရာကို တွေ့မြင်လိုက်ရလေသနည်း။ သူ တွေ့မြင်လိုက်ရသောအရာကား ...

အဆောင်တိုင်နီကြီးကို ကုတ်တွယ်ပြီး မတ်မတ်ကြီးသေနေသော အလောင်းကောင်၏ဦးခေါင်းသည် တဖြည်းဖြည်းထောင်လာနေလေ၏။

ကွမ်လိန် တုန်လှုပ်ချောက်ချားနေစဉ်မှာပင် ထိုအလောင်းကောင်က တိုင်ထဲတွင်မြုပ်နေသော လက်ချောင်းလေးများကို ဆွဲနုတ်လိုက်သည်ကို တွေ့ရပြန်သည်။

"ဟုတ်ပြီ ... ဟုတ်ပြီ ... သူ ... သူ ..."

ကွမ်လိန်သည် ယခုမှ ထိုလူကို လူသေကောင်မဟုတ်ဘဲ သတိမေ့သူတစ်ယောက်ဖြစ်မှန်း သဘောပေါက်လာသည်။

ကွမ်လိန်သည် ထိုလူ၏လှုပ်ရှားမှုကို မမှိတ်မသုန် စိုက်ကြည့်နေမိသည်။ ထိုလူသည် ပြင်းထန်သော ဒဏ်ရာရထားသူ ဖြစ်သဖြင့် တည်ငြိမ်စွာရပ်နိုင်ရန် ကြိုးစားနေသည်။

သူ၏ခေါင်းပေါ်မှ စီးကျနေသော သွေးစီးကြောင်းသည် မျက်ခုံးပေါ်မှနေ မျက်လုံးကိုဖြတ်ပြီး ပါးပြင်ထိအောင် စီးကျနေသည်။

သွေးစီးကြောင်းသည် တဖြည်းဖြည်းနှင့်မေးစေ့ထိအောင် စီးလာပြီး မုတ်ဆိတ်မွေးများနှင့် ရောထွေးသွားသည်။ ထိုလူသည် နှာတံပေါ်ပေါ် အသားဖြူဖြူနှင့် ချောမောသူတစ်ယောက်ဖြစ်ခြင်းကြောင့် လရောင်ဝိုးတဝါးအောက်၌ နတ်ရုပ်တစ်ခုနှင့်တူနေသည်။



ကွမ်လိန်သည် ပါးစပ်အဟောင်းသားဖြစ်နေပြီး ထိုသူ၏လှုပ်ရှားမှုကို ငေးကြည့်နေမိ၏။ ထိုသူသည် သက်လတ်ပိုင်းအရွယ်လောက်သာရှိသေး၍ တက်ကြွသောအရွယ်ပင်ဖြစ်လေသည်။

သူသည် ခေါင်းတွင် ဒဏ်ရာရထားသူဖြစ်သော်လည်း ရှုံ့မဲ့ညည်းတွားခြင်းမရှိ။ တိုင်ကို မှေးကိုင်ထားရင်းမှ အသက်ကို မှန်မှန်ရှူနေသည်။ အတန်ကြာမှ ပိတ်နေသောမျက်လုံးကို တဖြည်းဖြည်း ဖွင့်လာသည်။

ထိုအခါကျမှ လရောင်အောက်တွင် ပြောင်နေသော မျက်လုံးအစုံကို တွေ့လာရသည်။ ထိုသူ၏မျက်လုံးများသည် စောစောက ရှမ်းဝေအား ဒုက္ခပေးသွားသူ အဘိုးကြီး၏မျက်လုံးများထက် တောက်ပလွန်းချေသည်တကား။

ထိုလူ၏မျက်လုံးများသည် ပတ်ဝန်းကျင်ကို တဖြည်းဖြည်းချင်း အကဲခတ်လိုက်သည်။ ထို့နောက် ကွမ်လိန်ကို လှမ်းကြည့်ပြီး တဖြည်းဖြည်းလျှောက်လာသည်။

ကွမ်လိန်က ထိုလူကိုကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။ သူ့ကိုယ်သူလည်း အလွန်ရှုပ်ထွေးနေသော ပြဿနာကြားထဲသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သတိပြုမိလာသည်။

အဖြူရောင်အင်္ကျီနှင့် စာပေသမားသည် ကွမ်လိန်နှင့် နီးသည်ထက်နီးလာသည်။

ထိုအခါကျမှ လှမ်းနေသော ခြေလှမ်းကို တုံ့ခနဲရပ်လိုက်ပြန်ပြီး တစ်စုံတစ်ခုကို မျက်မှောင်ကြုတ်ပြီး စဉ်းစားနေပြန်သည်။

ထို့နောက် အရှုးတစ်ယောက်လို တတွတ်တွတ်ရေရွတ်နေပြန်သည်။

"ငါ ဘယ်သူလဲ"

ကွမ်လိန် အံ့ဩသွားသည်။

"ငါ ဘယ်သူလဲ"

အဖြူရောင်ဝတ်စုံဝတ် သိုင်းသမားသည် ခပ်ကြောင်ကြောင် အော်ဟစ်ပြန်သည်။ ထို့နောက် ...

"ငါ ဘယ်သူလဲ"

"ငါ ဘယ်သူလဲ"

"ငါ ဘယ်သူလဲ"

သူသည် ထပ်ကာထပ်ကာ အော်ဟစ်ပြန်တော့သည်။

အသံသည် တဖြည်းဖြည်း ပို၍ကျယ်လာသည်။ ထို့နောက် ကွမ်လိန်ကိုကျော်ပြီး အဆောင်အပြင်သို့ ခပ်ကြမ်းကြမ်း ထွက်သွားပြန်သည်။ ကျောက်လှေကားထစ်ပေါ် ရပ်မိသောအခါ စိတ်ရှုပ်စရာ ကောင်းအောင် အော်ဟစ်နေပြန်သည်။

"ငါ ဘယ်သူလဲ"

"ငါ ဘယ်သူလဲ"

"ငါ ဘယ်သူလဲ"

အသံသည် တဖြည်းဖြည်း ဝေးဝေးသွားရာမှ ရုတ်ခြည်း ပျောက်ကွယ်သွားပြန်သည်။

ကွမ်လိန်သည် အမှောင်ထဲတွင်ရပ်နေရင်းက ဘာကိုမှ စဉ်းစားမရဘဲ ဖြစ်နေသည်။ ရင်ထဲတွင် ဝမ်းနည်းကြေကွဲခြင်း၊ ယူကျုံး



မရခြင်း၊ စိတ်ထိခိုက်ခြင်း၊ အံ့ဩခြင်း၊ ထိတ်လန့်ကြောက်ရွံ့ခြင်း ... စသည့်ဝေဒနာများကို လျှပ်ပြက်သလိုခံစားနေရသဖြင့် တစ်ခေါင်းလုံး နောက်ကျိရှုပ်ထွေးနေသည်။

ထိုစဉ် ညည်းညူသံသဲ့သဲ့ပေါ်လာပြန်သည်။

ကွမ်လိန်သည် ထိတ်ခနဲဖြစ်သွားရာမှ အသံလာရာလှမ်းကြည့်လိုက်မိပြန်သည်။ အနီရောင်အင်္ကျီဝတ် အမျိုးသမီးနှင့် အမျိုးသားအနီးတွင် လဲကျနေသော ရှမ်းဝေသည် ငြိမ်သက်နေရာမှ လှုပ်လှုပ်လာသည်ကိုတွေ့ရသည်။

သို့သော် ...

ပေါ်လွင်နေသော နှာတံသည် ကျိုးကျေနေပြီး မျက်နှာပေါ်မှ အသားများဖွာလန်နေသည်မှာ အသည်းယားစရာ ကောင်းလှသည်။ စီးကျနေသောသွေးများသည် မျက်နှာတစ်ပြင်လုံး ဖုံးလွှမ်းနေသဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်။ သည့်ကြားထဲက မျက်လုံးကိုဖွင့်ပြီး အားယူပြုံးပြနေသည်မှာ ရင်နင့်စရာကောင်းလှသည်။

ကွမ်လိန်သည် ရှမ်းဝေ အသက်ရှင်နေသည်ကို သိလိုက်ရသဖြင့် ဝမ်းသာသွားမိပြန်သည်။ သို့သော် အရွယ်နှင့်မလိုက်အောင် ကျေးဇူးသိတတ်လွန်းသော ရှမ်းဝေ၏နောက်ဆုံးအခြေအနေကို တွက်မိလိုက်သဖြင့် ဝမ်းနည်းကြေကွဲလာပြီး မျက်ရည်များပင် တလိမ့်လိမ့်စီးကျလာသည်။

"ရှမ်းဝေ ... မင်း ... မင်းက ဘာဖြစ်လို့ ငါ့အသက်ကို ခုလိုကာကွယ်လိုက်ရတာ၊ ငါ့အသက်ဟာလည်း မင်းပေးတဲ့အသက်ပဲ ရှိပါ

တော့တယ်ကွာ၊ ငါ မင်းကျေးဇူးကို ဘယ်လိုဆပ်ရပါ့မလဲ"

ရှမ်းဝေသည် ကွမ်လိန်ကိုကြည့်ရင်း အားတင်းလျက်ပြုံးပြနေ၏။ ထို့နောက် ပြတ်တောင်းပြတ်တောင်းနှင့် မောလာပြန်သည်။

"သ ... သခင်လေးရဲ့ ကျေးဇူးဟာ ကျွန် ... ကျွန်တော်သေသွားတာတောင် ပေးဆပ်လို့ မကျေနိုင်သေးပါဘူးဗျာ၊ သခင်လေး တင်နေတဲ့ကျေးဇူးဟာ ကျွန်တော့်အသက်ထက် အများကြီးတန်ဖိုးကြီးခဲ့တာပါ၊ သခင်လေးသာ မကယ်ခဲ့ရင် ကျွန်တော်နဲ့မမကြီးဟာ နှင်းတောထဲမှာ ငေါ်ပြတ်အေးခဲပြီး သေခဲ့တာကြာခဲ့ပြီဗျာ"

မော်ရှမ်းဝေသည် နာကျင်သောဝေဒနာကြောင့် လွှန့်ခနဲ ဖြစ်သွားပြန်သည်။ သို့သော် မော်ရှမ်းဝေက သေမင်းကို အံတုပြီး စကားပြန်ဆက်သည်။

"အရေးကြီးတာက သခင်လေး အသက်ရှင်နေဖို့ပါပဲဗျာ၊ လူချင်းတူပေမယ့် တန်ဖိုးချင်းက ကွာခြားပါသေးတယ်၊ ကျွန်တော်ဆက်ပြီး အသက်ရှင်လို့ အများအကျိုးကို ဆောင်ရွက်နိုင်ခွင့်၊ တစ်ပါးသူကို ကူညီနိုင်ခွင့် နည်းပါးပါတယ်၊ သခင်လေးလိုလူမျိုး ဆက်ပြီး အသက်ရှင်နေရင် ..."

"စကားသိပ်မပြောပါနဲ့ရှင် ရှမ်းဝေရာ၊ မင်း ပြောတာတွေက အရေးကြီးတာ မဟုတ်ပါဘူး"

"အရေးကြီးတာပေါ့ သခင်လေးရာ၊ မေတ္တာတရားပြည့်ဝပြီး ရဲရင့်တဲ့လူမျိုးဟာ ဒီလောကမှာ အင်မတန် ရှားပါတယ်၊ သခင်လေးဟာ ဒီလိုလူမျိုးပါ၊ ကျွန်တော် သေရမှာမကြောက်ပါဘူး၊ ဒါပေမဲ့



စိတ်မဖြောင့်စရာလေးတွေရှိနေတော့ ..."

ကွမ်လိန်သည် မော်ရှမ်းဝေကိုကြည့်ပြီး ပြင်းထန်သော ဝေဒနာကို ခံစားနေရပြန်၏။ သို့သော် ... ဝမ်းနည်းကြေကွဲမှုကို ချုပ်တည်းပြီး ဖြည်းလေးစွာပြောဆိုလိုက်ပြန်သည်။

"မင်း ဘာကိုစိတ်မချဖြစ်နေတာလဲ ရှမ်းဝေ၊ မင်းရင်ထဲမှာရှိတာ အကုန်ပြောစမ်းပါ၊ ဘာမဆို လုပ်ပေးပါ့မယ်ကွယ် ... ပြော ... ပြော ...။

ပြီးတော့ မင်းဟာ ဒီဒဏ်ရာလောက်နဲ့ မသေနိုင်သေးပါဘူး။ အားတင်းစမ်းပါ၊ မင်းလိုစိတ်ကောင်းရှိတဲ့ လူတစ်ယောက် သေသွားရမယ်ဆိုရင် ဒီလောကကြီးဟာ တရားမျှတမှုမရှိတဲ့ လောကကြီးဖြစ်သွားမှာပေါ့ကွ"

ကွမ်လိန်စကားကြောင့် မော်ရှမ်းဝေပြုံးသွား၏။ ဝေဒနာကြောင့် အပြုံးသည် ပီသကြည်လင်ခြင်းမရှိ။ မော်ရှမ်းဝေသည် မျက်လုံးကို မှိတ်ပစ်လိုက်ရင်းမှ ဖြည်းဖြည်းချင်းပြော၏။

"ကျွန်တော် သေသွားရင် မမကြီးကို ကောင်းကောင်းစောင့်ရှောက်ပေးပါ သခင်လေး။ မမကြီးဟာ စိတ်ကောင်းရှိတဲ့ မိန်းကလေးပါ၊ ကျွန်တော် သူ့အတွက် စိတ်မချဘူး၊ သခင်လေး အိမ်ထောင်ပြုခဲ့ရင် သခင်လေးရဲ့ ဇနီးကိုပါ မမကြီးကို သနားကြင်နာဖို့ ပြောပေးစေချင်ပါတယ်"

မော်ရှမ်းဝေသည် စကားပြောနေရာမှ ခေတ္တတုံ့ဆိုင်းသွားသည်။ ထို့နောက် အားတင်း၍ ပြောချလိုက်ရသည့် လေသံဖြင့် ...

"ဟာကယ်လို့ သခင်လေးအနေနဲ့ နှစ်သက်တဲ့မိန်းမ မတွေ့သေးဘူးဆိုရင် မမကြီးကိုပဲ ယူလိုက်ပါဗျာ၊ ဒါမှ သူ … မမကြီးဟာ ကျွန်တော် … ကျွန်တော့်အပေါ်မှာ သိပ်ကောင်းခဲ့တဲ့သူပါ၊ ကျွန်တော်ကတော့ မမကြီးကို ထပ် … ထပ်တွေ့ရတော့မှာ မဟုတ်ပါဘူး"

ကွမ်လိန်သည် မော်ရှမ်းဝေ၏စကားများကို နားထောင်ရင်းက ဆို့နင့်လာသည်။ မျက်ဝန်းအိမ်မှ မျက်ရည်များပင် ပါးပြင်ပေါ်သို့ စီးကျလာပြီဖြစ်သည်။

သူသည် ဆို့နင့်ကြေကွဲနေသောကြောင့် ဘာစကားမှ မပြောနိုင်ဘဲဖြစ်နေသည်။

မော်ရှမ်းဝေသည် ကွမ်လိန်ကို စိုက်ကြည့်နေရင်းက ဆက်ပြောပြန်သည်။

"ကျွန် … ကျွန်တော် သခင်လေးကို အကူအညီတစ်ခု တောင်းချင်ပါတယ်၊ သခင်လေး သဘောတူမှာပါဗျာ"

"ဘာကူညီရမလဲ … ပြောပါ ရှမ်းဝေ … ငါ ကူညီပါ့မယ်"

သို့သော် မော်ရှမ်းဝေသည် စကားကိုဆက်မပြောနိုင်တော့ချေ။ ဆတ်ခနဲဖြစ်သွားရာမှ ဇက်ကျိုးကျပြီး ငြိမ်သက်သွားတော့၏။

"ရှမ်းဝေ … ရှမ်းဝေ"

ကွမ်လိန်သည် ထိတ်လန့်တကြား အော်ဟစ်ရင်း မော်ရှမ်း ဝေကို ပွေ့ထူလိုက်သည်။ ရှမ်းဝေသည် လောကကြီးကို ကျောခိုင်း သွားလေပြီ။

သူ၏ချစ်လှစွာသော မမကြီးကို ဤလောကကြီးထဲ၌ တစ်



ယောက်တည်း ထားပစ်ခဲ့လေပြီ။

ရှမ်းဝေ သေသွားပြီဖြစ်သော်လည်း သူ၏အပြုံးသည် မျက်နှာပေါ်၌ ထင်ဟပ်ကျန်နေဆဲဖြစ်သည်။ ထိုအပြုံးသည် ရိုးသားမှု၊ သစ္စာရှိမှုနှင့် မတရားမှုကို ဆန့်ကျင်ရဲသော အပြုံးဖြစ်၏။

ကွမ်လိန်သည် ရှမ်းဝေကို ဖက်ထားရင်းမှ ကြေကွဲစွာ ငိုနေမိသည်။

ပြင်းထန်သော ကြေကွဲမှုကြောင့် မျက်ဝန်းအိမ်မှ မျက်ရည်များသည် ကြမ်းခင်းပေါ်သို့ ပေါက်ခနဲ ပေါက်ခနဲ ကျနေသည်။

ကွမ်လိန်၏မျက်ရည်သည် ပျော့ညံ့သေးသိမ်သော ခံစားမှုကြောင့် ကျရသောမျက်ရည်မျိုး မဟုတ်။ ကမ္ဘာကြေသော်လည်း ဥဒါန်းမကြေသော မျက်ရည်မျိုးသာဖြစ်သည်။

သူသည် မည်မျှကြာအောင် ငိုနေမိမှန်းမသိ။ တစ်စုံတစ်ယောက်၏ လှုပ်ကိုင်ခြင်းကို ခံစားလိုက်ရမှ သတိပြန်ဝင်လာပြီး လှည့်ကြည့်လိုက်မိသည်။

ဘယ်အချိန်က ရောက်နေမှန်းမသိသော အကျီဖြူနှင့် သိုင်းသမားသည် စိတ်ရှုပ်ထွေးသောအမူအရာဖြင့် သူ့ကိုကြည့်နေသည်။

ထို့နောက် ပြတ်သားသောအသံဖြင့် တစ်လုံးချင်း မေးလာသည်။

"ငါဘယ်သူလဲဆိုတာ မင်းသိသလား"

ကွမ်လိန်က ခေါင်းခါပြလိုက်သည်။

"ခင်ဗျား ဘယ်သူလဲဆိုတာ ကျွန်တော် ဘယ်သိပါ့မလဲ၊

ခင်ဗျားတို့ကိစ္စနဲ့လည်း ဘာမှဆိုင်တာ မဟုတ်ဘူး"

အဖြူရောင်အင်္ကျီနှင့်သိုင်းသမားသည် ကြောင်တောင်

တောင်အမူအရာနှင့် ခေါင်းကို ခါယမ်းလိုက်ပြန်သည်။

"ဟုတ်တယ် ... မင်းနဲ့ ဘာမှမဆိုင်ဘူး၊ ဘာမှမဆိုင်ဘူး"

ထိုလူက စကားကိုရပ်ပစ်လိုက်ပြီး ဟိုကြည့်သည်ကြည့်

ကြည့်လိုက်ပြန်သည်။ ပြီးမှ ...

"ဒါဖြင့် ဘယ်သူနဲ့ဆိုင်သလဲ"

ကွမ်လိန် အံ့အားသင့်လာမိသည်။ ထိုလူ၏ဆန်းပြားသော

မေးခွန်းများကိုလည်း နားမလည်နိုင်အောင် ဖြစ်လာမိသည်။ သည်

လူ ဘယ်လိုလူစားမျိုးပါလိမ့်ဟူသော အတွေးလည်း ဝင်လာ၏။

"ခင်ဗျားကိစ္စ ဘယ်သူနဲ့ဆိုင်တယ်ဆိုတာ ကျွန်တော် ဘယ်

သိပါ့မလဲ"

အဖြူရောင်အင်္ကျီနှင့်သိုင်းသမားသည် ဆတ်ခနဲဖြစ်သွားပြီ

မှ လက်တစ်ဖက်ကို ဆန့်ထုတ်လိုက်ပြီး ကွမ်လိန်ကို ဆွဲမ,လိုက်သည်

"ငါ့ကိုယ်ငါလည်း မသိဘူး၊ မင်းကလည်း မသိဘူး၊ ဒီတော့

ဘယ်သူက သိသလဲ၊ ဒီမှာက ဘယ်နေရာကိုကြည့်ကြည့် အလောင်

ကောင်တွေချည်းပဲ၊ မင်းမှမသိဘူးဆိုရင် ဘယ်သူသိနိုင်မှာလဲ၊ ၄

အနေနဲ့ မင်းကိုမှ မမေးရင် ဘယ်သူ့ကို မေးရမှာလဲ"

အဖြူရောင်သိုင်းသမား၏ ဆုပ်ကိုင်ခြင်းကို ခံလိုက်ရသော

ကွမ်လိန် မကျေမနပ်ဖြစ်သွား၏။ အဖြူရောင်သိုင်းသမားက အား

ပါဆုပ်ကိုင်ထားသောကြောင့် အရိုးများ ကျိုးမတတ်နာကျင်နေသည်



အတင်းရုန်းကန်ပြီး ထွက်လိုသော်လည်း အဖြူရောင်သိုင်းသမား၏လက်က ပြုတ်ထွက်လို မာကျောနေသဖြင့် ရန်သူ့လက်ထဲမှ ရုန်းမထွက်နိုင်ဘဲ ဖြစ်နေသည်။ ထို့ကြောင့် ဒေါသကြီးစွာ အော်ပြောလိုက်တော့သည်။

"ခင်ဗျားက ကိုယ့်ကိုယ်ကိုယ်တောင် ဘယ်သူဘယ်ဝါမှန်း မသိအောင် ဖြစ်နေမှတော့ လောကကြီးထဲမှာ အသက်ရှင်နေလို့ ကော ဘာအကြောင်းထူးမှာလဲဗျ၊ ကျွန်တော့်သဘောပြောရရင်တော့ ခင်ဗျား အသက်ရှင်နေတာထက် သေလိုက်တာ ပိုကောင်းလိမ့်မယ်"

ကွမ်လိန်စကားကြောင့် အင်္ကျီဖြူသိုင်းသမား ခေါင်းငိုက်စိုက်ကျသည်။ ထို့နောက် ဝမ်းနည်းသော အသံမျိုးနှင့် တစ်လုံးချင်းပြောသည်။

"ဟုတ်တယ်၊ ကိုယ့်ကိုယ်ကိုယ် ဘယ်သူဘယ်ဝါမှန်း မသိဘဲ ဖြစ်နေမှတော့ အသက်ရှင်နေလို့လည်း ဘာအသုံးကျတော့မှာလဲ"

အင်္ကျီဖြူသိုင်းသမားသည် ကွမ်လိန်၏ လည်ကုပ်ကို ဆုပ်ထားသောလက်ကို ပြန်ရုပ်လိုက်သည်။

"ဟုတ်တယ် ဟုတ်တယ်...ငါသေသွားတာ ကောင်းတယ်"

ပြောပြောဆိုဆို တစ်ဖက်သို့ လှည့်ကြည့်လိုက်သည်။ ကြမ်းခင်းတွင် စိုက်နေသော သံတုတ်ကောက်တစ်ချောင်းကို တွေ့ရသည်။ ထိုနေရာသို့ လှစ်ခနဲခုန်သွားပြီး ဆွဲနှုတ်လိုက်သည်။ သူ ခုန်ပျံသွားပုံမှာ အလွန်တရာ ပေါ့ပါးလှသဖြင့် ကွမ်လိန်မှာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

လက်ထဲတွင် သံတုတ်ကောက် ပါလာသည်နှင့် ထိုလူသည်
ကွမ်လိန်အနီးသို့ ပြန်လျှောက်လာ၏။

ထို့နောက် သံတုတ်လှမ်းပေးရင်း ...

"ကဲ ... ကဲ ... မင်းပေးတဲ့အကြံအတိုင်း ငါသေပစ်လိုက်
မယ်၊ ဟောဒီသံတုတ်နဲ့ ငါ့ခေါင်းကို ရိုက်ခွဲလိုက်တော့၊ မသေမရှင်
တော့ မလုပ်နဲ့နော်၊ အသေသာ ရိုက်ပစ်လိုက်"

ကွမ်လိန်သည် သံတုတ်ကိုကြည့်ပြီး ကြောင်ငေးငေးဖြစ်သွား
သည်။

"ဒီလူဘယ်လိုလူလဲ၊ ရူးနေတဲ့လူများလား။ ကိုယ့်ကိုယ်ကိုယ်
မသိဘဲဖြစ်နေတာ ဘာဖြစ်လို့လဲ၊ ရူးတယ်ဆိုလည်း ဒီလောက်
အောင် ရူးဖို့မကောင်းပါဘူး"

ကွမ်လိန်တွေးနေစဉ် အကျီဖြူသိုင်းသမားက သူ့ကိုစို
ကြည့်နေသည်။ ထို့နောက် စကားကို ခပ်လေးလေးပြောလာပြ
သည်။

"ဒီသံတုတ်က မင်းအဖို့ တော်တော်လေးပေမယ့် စောစေ
က ရှန်းခဲ့တဲ့အားမျိုးနဲ့ဆိုရင် ကောင်းကောင်းရိုက်နိုင်ပါတယ်၊ ကဲ ..
အချိန်သိပ်ဆွဲမနေနဲ့၊ ရိုက်စရာရှိတာ မြန်မြန်ရိုက်လိုက်စမ်းပါ"

အကျီဖြူသိုင်းသမားက သံတုတ်ကို အတင်းထိုးပေးနေ၏
ကွမ်လိန်သည် တွန့်ဆုတ်ဖြစ်နေရာမှ ခေါင်းကို ခါယမ်းလိုက်သည်

"ဟင့်အင်း ... လူသတ်တဲ့အလုပ်ကို ကျွန်တော်မလုပ်ချ
ဘူး။ ကျုပ်က လူသတ်သမားမဟုတ်ဘူးဗျ၊ ခင်ဗျား တကယ်သေချ



နေရင် ကိုယ့်လက်နဲ့ကိုယ် ရိုက်ပြီးပဲ သေလိုက်ဗျာ"

"ဘာပြောတယ် ... စောစောကတော့ မင်းက ငါ့ကို သေဖို့
ပြောတယ်၊ ခုတော့ မင်းက ငါ့ကို မသတ်ချင်ပြန်ဘူး ... ဟုတ်လား၊
ငါက ငါ့ကိုယ်ငါရိုက်ပြီး သေရမယ် ... ဟုတ်လား၊ မင်းဟာ စကား
အမျိုးမျိုးပြောတဲ့ကောင်ပဲ၊ မင်း ငါ့ကိုမသတ်ရင် ငါက မင်းကိုသတ်
မယ်"

ကွမ်လိန် ဘာမှပြန်မပြောဘဲ ငြိမ်သွားသည်။

'ခုနက ငါရှန်းထွက်လိုက်တာကို အားဘယ်လောက်ရှိနေ
တယ်ဆိုတာ ကောင်းကောင်းသိနေတာပဲ၊ ဒီတော့ ဒီလူဟာ ရူးနေတဲ့
လူတော့ မဖြစ်နိုင်ဘူး၊ သူ ငါ့ကို သတ်ခိုင်းနေတာဟာ သူ့သိုင်းပညာ
ကို ပြချင်လို့များလား၊ ငါ့ပညာ ဘယ်လောက်ရှိတယ်ဆိုတာကို စမ်း
ချင်လို့များလား၊ သူ့ပညာက ငါ့ထက် အဆပေါင်းများစွာ ကောင်းနေ
တာပဲ၊ ဒီလူ့မှာ လျှို့ဝှက်ချက်ရှိရမယ်"

ကွမ်လိန်သည် တစ်စုံတစ်ခုကို အတွေးပေါက်သလိုဖြစ်လာ
သဖြင့် အကျီဖြူသိုင်းသမားကို လှမ်းကြည့်လိုက်သည်။

"ကဲ ... ခင်ဗျား တကယ်သေချင်နေတယ်ဆိုရင် ခင်ဗျားဆန္ဒ
အတိုင်း သတ်ပေးမယ်ဗျာ၊ ပေး ... သံတုတ်"

ကွမ်လိန်က ပြောပြောဆိုဆို သံတုတ်ကိုလှမ်းယူလိုက်
သည်။ ထို့နောက် နောက်ကို တဖြည်းဖြည်းချင်း မြှောက်တင်လိုက်
သည်။ သံတုတ်ကို တဖြည်းဖြည်း တမင်မြှောက်ခြင်းသာဖြစ်သည်။

အကျီဖြူသိုင်းသမားက မျက်စိမှိတ်ပြီး သေရန်စောင့်နေ

သည်။ ကွမ်လိနိ်သည် ထိုလူ၏အမူအရာကြောင့် ရွယ်ထားသော သံတုတ်ကို ရိုက်မချနိုင်ဘဲ ဖြစ်သွားသည်။

ထိုစဉ် ခေါင်းထဲသို့ အသိတစ်ခု လက်ခနဲဝင်လာသည်။ ငယ်စဉ်က ဖတ်မိသောစာအုပ်တစ်အုပ်ထဲမှ စာကြောင်းကလေးများကိုလည်း အမှတ်ရရ ဖြစ်လာသည်။

ဦးခေါင်းတွင် ဒဏ်ရာရသူသည် စိတ်မူမမှန်ဘဲ ဖြစ်နေတတ်သည်။ ပြင်းထန်သော တုန်လှုပ်ချောက်ချားမှုများနှင့် တွေ့ကြုံရသူတို့သည် ယင်းသို့ စိတ်မမှန်ဖြစ်တတ်သည်။ အချို့သည် အတိတ်ကို လုံးဝမေ့သွားတတ်သည်။

ကွမ်လိနိ်သည် ဖတ်ခဲ့ဖူးသော စာကြောင်းကလေးများကို ရေရွတ်ရင်း အင်္ကျီဖြူသိုင်းသမား၏ခေါင်းကို စိုက်ကြည့်နေမိသည်။ ခေါင်းပေါ်မှစီးကျနေသော သွေးများသည် ယခုတိုင် စီးကျနေဆဲရှိ၏။

"ဒီလူဟာ သူ့ခေါင်းပေါ်က ဒဏ်ရာကြောင့် သူ့အတိတ်ကို မေ့သွားတာများလား၊ ဒါမှမဟုတ် ကြောက်စရာကောင်းတဲ့ မြင်ကွင်းတွေကြောင့်များလား ... တစ်ခုခုပဲ၊ သူ့ကို သတ်ခိုင်းနေတာဟာ ငါ့ကို ပညာပြချင်လို့ မဟုတ်နိုင်ဘူး၊ သူဟာ တကယ်သေချင်နေတာပဲ ဖြစ်ရမယ်"

ကွမ်လိနိ်သည် အင်္ကျီဖြူသိုင်းသမားကိုငေးကြည့်ရင်း သနားစိတ်ဝင်လာသည်။

တကယ့်တကယ်၌လည်း အင်္ကျီဖြူသိုင်းသမားသည် ဘာမှနားမလည်သည့်ဟန် ရှိနေသည်။ သူ၏သေရေးရှင်ရေးသည်ပင်



သူနှင့်ဘာမှမဆိုင်သလို သဘောပေါက်နေဟန်ရှိသည်။ သူ့စိတ်ထဲ၌လည်း 'ရှင်နေတော့ကော ဘာအကျိုးထူးလာမှာမို့လဲ၊ သေတော့ကော ဘာအဆန်းမှတ်လို့လဲ' ... ဟု တွေးနေလေသည်။

ကွမ်လိနိကလည်း အင်္ကျီဖြူသိုင်းသမားကိုကြည့်ပြီး အတွေးမပြတ်အောင် ဖြစ်နေပြန်သည်။

'ရောင်စုံအင်္ကျီနဲ့အဘိုးကြီးက သိုင်းပညာအဆင့်မြင့်တဲ့လူပဲ၊ ဒီလိုလူက အင်္ကျီဖြူသိုင်းသမားကို တွေ့တာနဲ့ တစ်ချိုးတည်းထွက်ပြေးတာဟာ ဘာသဘောလဲ၊ ဖြစ်နိုင်တာက အင်္ကျီဖြူသိုင်းသမားဟာ သိုင်းလောကမှာ အတော်နာမည်ကျော်တဲ့ လူဖြစ်ရမယ်၊ ဒီတော့ သူ့ဘဝဟာ စိတ်ဝင်စားစရာကောင်းတဲ့ အဖြစ်တွေ အများကြီး ရှိလိမ့်မယ် ... ။

ဒါပေမဲ့ သူကတော့ သူ့ဘဝကို သူမေ့နေပြီး ခုလို အဖြစ်မျိုးရောက်ခဲ့တာဖြစ်ရမယ်၊ ဒါကြောင့် သူ့ဘဝကိုမပြောနဲ့ သူ့နာမည်ကိုတောင် သူမေ့နေခဲ့တာပဲ၊ ဒီအဖြစ်ဟာ ရင်နာစရာကောင်းတဲ့အဖြစ်ပဲ၊ ငါသာ သူ့လိုဘဝမျိုး ရောက်ခဲ့ရင်လည်း ခုလို အသတ်ခံရမယ့်ဘေးကို တွေးကြောက်နေမှာတော့ မဟုတ်ပါဘူး'

ကွမ်လိနိ်သည် အတွေးများပျံ့လွင့်နေရင်းက အင်္ကျီဖြူသိုင်းသမားကို ကရုဏာသက်လာသည်။ ထို့ကြောင့် ချိန်ရွယ်ထားသော သံတုတ်ကို အသာပြန်ချလိုက်သည်။

ဤတွင် သမံတလင်းနှင့်ထိသွားပြီးဒေါင်ခနဲမြည်သွားသည်။

ထိုအသံကြောင့် သေရန်စောင့်နေသော အင်္ကျီဖြူသိုင်း

သမားသည် ပိတ်ထားသောမျက်လုံးများကို ပြန်ဖွင့်လိုက်၏။

ကွမ်လိန်ကို ခပ်ကြောင်ကြောင်စိုက်ကြည့်သည်။ ထို့နောက် ...

"မင်းက သံတုတ်ကို ဘာဖြစ်လို့ ပြန်ချလိုက်တာလဲ၊ လုပ်စရာရှိတာ မြန်မြန်လုပ်စမ်းပါ"

အသံက မာသည်။ ကွမ်လိန်၏ အပြုအမူကို စိတ်ဆိုးသွားသည်။ မျက်နှာက သေခြင်းကို ဂရုမစိုက်သည့်ပုံ။

ကွမ်လိန်က သက်ပြင်းချပြီးပြောသည်။

"လူ့ဘဝဆိုတာ အလွန်ရခဲတဲ့ဘဝပဲ၊ လောကမှာ လူ့ဘဝထက် တန်ဖိုးရှိတဲ့အရာဆိုတာ မရှိဘူး၊ ခွဲခြားပြီး ပြောရမယ်ဆိုရင် လူဆိုးလူမိုက်အသက်ထက် သူရဲကောင်းတွေရဲ့အသက်ဟာ တန်ဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးရှိတယ်တဲ့ ...။

ခင်ဗျားက ကိုယ့်အကြောင်းကို မေ့နေရုံလေးနဲ့ ဘာဖြစ်လို့ သေချင်နေရတာလဲ၊ ကောင်းကောင်းမွန်မွန်ရှိနေတဲ့ အသက်တစ်သက်ကို အမှိုက်ပုံထဲက အမှိုက်စလို ဘာပြုလို့ သဘောထားနေရတာလဲ"

ကွမ်လိန်ပြောသမျှကို ဂရုစိုက်နားထောင်နေသော အကျိုဖြူသိုင်းသမားသည် မျက်နှာအမူအရာ ပြောင်းသွားပြန်လေသည်။

"မင်းပြောတာ ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ငါ့အနေနဲ့ဆက်ပြီး အသက်ရှင်နေလို့ ဘာများအကြောင်းထူးလာမှာမို့လဲ"

"လူတွေဟာ ကိုယ့်အသက်ကို တန်ဖိုးထားကြတာချည်းပဲ"

"မင်းဟာ စကားကိုအမျိုးမျိုးပြောနေတဲ့ကောင်ပဲ၊ စောစောကတော့ ငါအသက်ရှင်နေလို့ ဘာအကြောင်းထူးနေမှာလဲတဲ့၊ ခုတော့ လူ့အသက်ဟာ တန်ဖိုးရှိနေပြန်သတဲ့"



အကျိုဖြူသိုင်းသမားက ဒေါသသံနှင့်ပြောလာသည်။

ကွမ်လိန်က သူ့ကို အကဲခတ်နေရင်း စဉ်းစားနေပြန်သည်။

'ဒီလူဟာ ငါပြောခဲ့တဲ့စကားကို မှတ်မိနေသေးတာပဲ၊ သူဟာ အတိတ်ကို မေ့နေပေမယ့် ဒါကို သေသေချာချာ ပြန်ကုရင် ရနိုင်သေးတာပဲ၊ သူ့သိုင်းပညာအရ ဒီလူဟာ နာမည်ကြီး သိုင်းအကျော်အမော်တစ်ယောက်ဖြစ်မှာသေချာနေပြီ၊ သူ့ကိုသိတဲ့လူတွေ အတော်များများ ရှိနေမှာပဲ၊ သူ့အတိတ်ကို ပြန်ဖော်ပေးနိုင်ရင် တဖြည်းဖြည်း လူကောင်းတစ်ယောက် ပြန်ဖြစ်လာနိုင်တာပဲ'

ကွမ်လိန်သည် ရုတ်တရက်ဝင်လာသော အတွေးကြောင့် ထိုလူကို အကူအညီပေးရန် ဆုံးဖြတ်လိုက်မိသည်။ စိတ်ကောင်းရှိသူတိုင်းသည် ဒုက္ခရောက်နေသူတို့အား ကူညီလိုသော ဆန္ဒများဖြစ်ပေါ်မြဲဖြစ်သည်။

ကွမ်လိန်သည် ရှမ်းဝေအတွက် ခံစားနေရသော ဝေဒနာကို မေ့ပျောက်သလိုဖြစ်ပြီး အကူအညီပေးရန် လှမ်းပြောလိုက်မိသည်။

"ကျွန်တော်ဟာ လူတော်လူတတ်ကြီးတစ်ယောက်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ခင်ဗျားရဲ့ဒုက္ခကို အတတ်နိုင်ဆုံး အကူအညီပေးနိုင်ပါတယ်၊ ခင်ဗျားအနေနဲ့ ကျွန်တော့်ကို ယုံကြည်မှုရှိမယ်ဆိုရင် ခင်ဗျားမေ့နေတဲ့ အတိတ်ဘဝကို တစ်နှစ်အတွင်း သတိပြန်ရလ

အောင် လုပ်ပေးပါ့မယ်"

အင်္ဂျီဖြူသိုင်းသမားသည် ဆတ်ခနဲဖြစ်သွားပြီး ကွမ်လိန်၏ စကားကို စိတ်ဝင်စားလာသည်။

"မင်း တကယ်ပြောနေတာလား"

"တကယ်ပေါ့၊ ခင်ဗျားကိုလိမ်ပြောနေစရာအကြောင်းမရှိပါဘူး၊ ခင်ဗျားကို ကူညီဖို့အဆင်သင့် ရှိနေပေမယ့် သတိပေးဖို့တော့ အဆင်သင့်မရှိဘူး"

ကွမ်လိန်သည် စကားပြောနေရင်းမှ လက်ထဲမှသံတုတ်ကို အဆောင်အပြင်ဘက်သို့ လွှင့်ပစ်လိုက်သည်။

ထို့နောက် ရှမ်းဝေအနီးသို့ တိုးကပ်သွားသည်။

အင်္ဂျီဖြူသိုင်းသမားက သူ့ကိုကြည့်ပြီး ငြိမ်နေသည်။

ထို့နောက် ခေါင်းငိုက်စိုက်ချပြီး အတွေးနက်နေပြန်သည်။

ကွမ်လိန်က ရှမ်းဝေ၏အလောင်းကို မ,ချီလိုက်သည်။ တစ်နေ့လုံး ပေါ့ပါးသွက်လက်သော ရှမ်းဝေသည် ယခုခဏ၌ အသက်မဲ့သူဖြစ်နေပြီး လှုပ်ရှားမှုကင်းမဲ့နေချေပြီ။ ကွမ်လိန်သည် ရှမ်းဝေကိုချီလိုက်သဖြင့် ဆို့နင့်ကြေကွဲသောဝေဒနာက ရင်ထဲ၌ပြန်ပေါ်လာသည်။

အတန်ကြာမှ အဆောင်ထဲထွက်ပြီး ကျောက်လှေကားအတိုင်း ဆင်းလာသည်။ ဂေဟာခြံဝင်းကြီးတစ်ခုလုံးကား ပကတိငြိမ်သက်နေသည်။

ကောင်းကင်မှလမင်းကြီးသည်ပင် အနောက်ဘက်သို့ ရောက်ရှိသွားပြီဖြစ်သည်။



ကွမ်လိန်သည် ရှမ်းဝေကိုပွေ့ချီပြီး သစ်တောထဲသို့ တိုးဝင်သွားသည်။ ထို့နောက် ရှမ်းဝေကို မြေကြီးပေါ်တွင် ချထားလိုက်ပြီး သစ်ကိုင်းတစ်ကိုင်းကို ချိုးယူလိုက်သည်။ မြေအနေအထားကို ကြည့်ပြီးသည်နှင့် ကျင်းတူးခြင်းအလုပ်ကို လုပ်လေသည်။

မြေက မာလှသည်မဟုတ်သော်လည်း သစ်ကိုင်းက ပျော့နေသဖြင့် သစ်ကိုင်းကျိုးသွားလေသည်။ ထို့ကြောင့် ခါးကြားမှဓားကို ထုတ်ယူလိုက်ပြီး ဓားဦးနှင့်တူးဆွလိုက်ပြန်သည်။

ထိုအချိန်မှာပင် အင်္ဂျီဖြူသိုင်းသမားက အနီးသို့ ရောက်လာလေသည်။

"မင်း ဒီလိုတူးနေလို့ ဘယ်ခရီးရောက်ပါ့မလဲ၊ အလကား အချိန်ကုန်တာပေါ့ကွာ"

အင်္ဂျီဖြူသိုင်းသမားက သူ့စကားဆုံးသည်နှင့် ကွမ်လိန်လက်ထဲမှဓားကို လုယူလိုက်သည်။ ထို့နောက် ဓားကိုမြေကြီးထဲ ထိုးစိုက်လိုက်ပြီး မြေပြင်ကို ဓားနှင့်မွှေနှောက်တော့သည်။ ကွမ်လိန်မှာ အကြီးအကျယ်ထိတ်လန့်သွားသည်။

ဤကဲ့သို့ပြုလုပ်ရန် ကြီးမားသောအတွင်းအားရှိရမည်ကို သူသိ၍ဖြစ်သည်။ ကြီးမားသောအတွင်းအားဆိုသည်မှာ သာမန်အတွင်းအားထက် အဆပေါင်းများစွာသာလွန်သည့်အတွင်းအားကို ဆိုလိုသည်။

အင်္ဂျီဖြူသိုင်းသမားအဖို့မှာမူ ထိုအပြုအမူသည် ထမင်းစားရေသောက်အလုပ်ကို အလွန်လွယ်ကူပေါ့ပါးသောအလုပ် ဖြစ်နေ

ဟန်ရှိသည်။ ဆယ်ကြိမ်မျှ မွှေနှောက်ပြီးသောအခါ မြေကြီးများ မွမွ ကြေနေလေပြီ။

"ကဲ … ဒီမြေကြီးတွေကို လက်နဲ့ ယက်ထုတ်ပေတော့၊ မင်း မိတ်ဆွေကို ကောင်းကောင်းမြေမြှုပ်လို့ရပါပြီ"

ကွမ်လိန်က တစ်ခဏအတွင်း ကျင်းတစ်ခုဖြစ်အောင် လုပ်လိုက်သော အင်္ဂလိပ်ကျော်ဖြူသိုင်းသမားကို တအံ့တသြဖြစ်သွားပြီး စဉ်းစားလိုက်မိပြန်သည်။

ဒီလူ့သိုင်းပညာက တော်တော်အဆင့်မြင့်တာပဲ၊ ဒီလိုလူမျိုးကို ဘယ်လိုလူကများ ပြင်းထန်တဲ့ဒဏ်ရာရအောင် လုပ်နိုင်ခဲ့တာလဲ၊ သေနေတဲ့အလောင်းကောင်တွေ ရထားတဲ့ဒဏ်ရာတွေကလည်း တစ်ပုံစံတည်းချည်းပဲ၊ ဒီလူတွေကို အချိန်တိုတိုနဲ့ အကုန်သတ်သွားနိုင်တယ်ဆိုတော့ လူသတ်သမားဟာ တော်တော်ကြောက်စရာကောင်းတဲ့လူပဲ၊ သေနေတဲ့လူတွေဟာ ဘယ်လိုလူစားမျိုးတွေလဲ၊ တောထဲတောင်ထဲမှာ ကြီးမားတဲ့အဆောက်အအုံကြီးတွေဆောက်ပြီး လျှို့ဝှက်နေကြတာဟာ တော်တော်ဆန်းတဲ့အချက်ပဲ၊ ဒီဂေဟာကြီးရဲ့ အရှင်သခင်ဟာ သာမန်လူတော့ မဖြစ်နိုင်ဘူး … အဲဒီအရှင်သခင်ဟာ သေနေတဲ့လူတွေထဲမှာပါနေသလား၊ ဒီအင်္ဂလိပ်ကျော်ဖြူသိုင်းသမားကတော့ ဒီဂေဟာကြီးရဲ့ အရှင်သခင်ရဲ့ ဖိတ်ခေါ်ချက်ကြောင့် ရောက်လာတဲ့လူများလား၊ စားပွဲပေါ်မှာရှိနေတဲ့ လက်ဖက်ရည်ပန်းကန်လုံး ဆယ့်ခုနစ်လုံး၊ သေနေတဲ့လူက ဆယ့်ငါးယောက်၊ နှစ်ယောက်က ဘယ်ရောက်သွားကြသလဲ …။



ဒီနှစ်ယောက်ကိုရှာနိုင်မယ်ဆိုရင်တော့ ဒီကိစ္စရဲ့ လျှို့ဝှက်ချက်တွေ ပေါ်လာမှာအသေအချာပဲ၊ ဒါပေမဲ့ အဲဒီလူနှစ်ယောက်ကလည်း ဘယ်သူတွေမှန်းမသိဘူး၊ သူတို့နှစ်ယောက်ဟာ ထွက်ပြေးသွားကြတာလား၊ တစ်နေရာရာမှာ သွားသေနေသလား …။

အင်း … ကိစ္စကတော့ ခေါင်းရှုပ်စရာပဲ၊ ရှင်နေတဲ့လူကျတော့လည်း သူ့အတိတ်ကိုမေ့နေတယ်ဆိုတော့ …'

ကွမ်လိန်သည် စဉ်းစားရင်း ခေါင်းရှုပ်လာသဖြင့် သက်ပြင်းတစ်ချက် မှုတ်ထုတ်ပစ်လိုက်သည်။ ထို့နောက် ဒူးထောက်ထိုင်ကာ မြေကြီးများကို ယက်ထုတ်လေတော့၏။

အင်္ဂလိပ်ကျော်ဖြူသိုင်းသမားကမူ ကွမ်လိန်၏လုပ်ဆောင်ချက်များကို ငေးကြည့်နေ၏။

ကွမ်လိန်သည် ရှမ်းဝေအလောင်းကို မြှုပ်နှံလိုက်ပြီး မြေဖို့ပေးလိုက်သည်။ ထို့နောက် သူရေးထားသော ကဗျာစာရွက်များကို မီးရှို့လိုက်ပြီး မြေပုံပေါ်ကြဲချလိုက်သည်။

သူသည် ကြေကွဲသောစိတ်နှင့် မြေပုံကိုစိုက်ကြည့်နေရာမှ ရှမ်းဝေအတွက် ကလဲ့စားချေရန် ဆုံးဖြတ်လိုက်မိသည်။

"ရှမ်းဝေ … မင်းအတွက် ငါ ကလဲ့စားချေပေးပါ့မယ်ကွာ"

သူ့အသံက ဆို့နင့်မှုကြောင့် တုန်တုန်ယင်ယင်ဖြစ်နေသည်။

စင်စစ် သူသည် သိုင်းပညာသိပ်တတ်သူမဟုတ်။ သူ့ပညာနှင့် ရောင်စုံအင်္ကျီနှင့်အဘိုးကြီးကို ယှဉ်ရန်ဆိုသည်မှာ ဖြစ်နိုင်သောကိစ္စ မဟုတ်။ သို့သော် သူ့ဆုံးဖြတ်ချက်က ပြင်းထန်သည်။ ပြတ်သား

သည်။ နလုံးသည်းပွတ်မှလာသော ဆုံးဖြတ်ချက်ဖြစ်သည်။ နလုံးသားမှလာသော ဆုံးဖြတ်ချက်သည် ဦးနှောက်မှလာသော ဆုံးဖြတ်ချက်ထက် မာကျောပြင်းထန်သည်။

ထိုဆုံးဖြတ်ချက်၌ အမှားအမှန် ခွဲခြားမှုမရှိပေ။ ဆုံးဖြတ်ချက်အလိုက် အဆုံးတိုင်ဆောင်ရွက်သွားတတ်ပေသည်။

အင်္ဂလိပ်ဖြူသိုင်းသမားသည် အသံလုံးဝမထွက်ဘဲ ရပ်မြဲရပ်သွားနေသည်။ သူ့မျက်နှာပေါ်၌လည်း ကြေကွဲရိပ်များလွှမ်းနေသည်။ အချိန်အတော်ကြာသွားသောအခါမှ လေသံတိုးတိုးနှင့် မေးသည်။

"ငါတို့ ဘယ်ကိုသွားကြမလဲ"

ကွမ်လိန် ဘာဖြေရမှန်းမသိဖြစ်သွားသည်။

အင်္ဂလိပ်ဖြူသိုင်းသမားက သူနှင့်လိုက်ပြီး သူ့အတိတ်ကို သိလိုစိတ်များ ဖြစ်ပေါ်နေသည်။ အခက်အခဲကို ဖြေရှင်းရန်ကိစ္စကိုလည်း စိတ်ကူးနေသည်။ သူ့အတိတ်ကို ပြန်လည်တူးဖော်မည့်ကိစ္စ၌ ကွမ်လိန်၏အကူအညီလိုအပ်ကြောင်းကိုမူ အင်္ဂလိပ်ဖြူသိုင်းသမား သိရှိနေ၏။

ကွမ်လိန်သည် အင်္ဂလိပ်ဖြူသိုင်းသမား၏ဆန္ဒကို နားလည်နေသော်လည်း သူကိုယ်တိုင် ဘယ်သွားရမှန်းမသိဘဲ ဖြစ်နေသဖြင့် ခပ်



ငိုင်ငိုင်ဖြစ်နေသည်။ ထိုနောက် ရှမ်းဝေ၏မြေပုံအနီးမှခွာပြီး ရှေ့ကို လျှောက်ထွက်လိုက်သည်။

ထိုအချိန်မှာပင် အရက်ဦးရောင်ခြည်များ ဖြာကျလာသည်ကို တွေ့ရသည်။

## အခန်း (၃)

### ဓားဒေဝီ

သူတို့သည် စကြံလမ်းအတိုင်း ပြန်လျှောက်လာကြသည်။ ကွမ်လိန်သည် ပြန့်ကျဲနေသောအလောင်းကောင်များပြရင်းက အကျီဖြူသိုင်းသမားကို မေးလိုက်၏။

"ဒီအလောင်းတွေကို ခင်ဗျားသိသလား"

အကျီဖြူသိုင်းသမားက ခေါင်းကိုခါယမ်းပြီး ပြောသည်။

"ငါမသိဘူး"

ကွမ်လိန်က သက်ပြင်းတစ်ချက်ကို ဟင်းခနဲချလိုက်သည်။

"အင်း ... ကျွန်တော့်အမြင်ကတော့ ဒီလူတွေဟာ ခင်ဗျားရဲ့ မိတ်ဆွေတွေဖြစ်လိမ့်မယ်ထင်တယ်၊ ဘာပဲဖြစ်ဖြစ်လေ ... သူတို့ကို ဒီအတိုင်း ပစ်ထားလို့တော့ မကောင်းပါဘူး၊ ဒီလူတွေ အသေဆိုးနဲ့ သေနေတာကို သူတို့ရဲ့ သားမယားတွေသာသိရင် ဘယ်လောက်စိတ်ထိခိုက်လိမ့်မလဲ၊ သူတို့နာမည်တွေကို သိထားရင် သူတို့အိမ်သူအိမ်သားတွေကိုရှာပြီး အကြောင်းကြားချင်ပါတယ်၊ ဒါမှကောင်းကောင်းမွန်မွန်သဂြိုဟ်နိုင်မယ် မဟုတ်လား၊ ခုတော့ ..."

ကွမ်လိန်က စကားကိုရပ်ပစ်လိုက်သည်။

"မင်းပြောသလိုဆိုရင် ငါ့အိမ်သူအိမ်သားတွေကော ဘယ်



သူတွေများပါလိမ့်၊ ကိုယ့်ကိုယ်ကိုယ် ဘယ်သူဘယ်ဝါမှန်းမသိတာ တော်တော်ခက်တဲ့ကိစ္စပဲ၊ ငါ့မှာလည်း စဉ်းစားရလွန်းလို့ ဦးခေါင်းတောင် ပေါက်ထွက်မတတ်ဖြစ်နေပါပြီ"

စကားပြတ်သွားသည်နှင့် နှစ်ယောက်စလုံး ငြိမ်သက်သွားကြပြန်သည်။ အတန်ကြာမှ ကွမ်လိန်က အလောင်းကောင်မှ ပစ္စည်းများကို ဖြုတ်ယူလိုက်ပြီး ဝတ်ထားသောအကျီစများကို ချွတ်ယူလိုက်သည်။ ထို့နောက် သူတို့ကိုယ်ပေါ်မှပစ္စည်းများကို အကျီစများဖြင့် စုထုပ်လိုက်သည်။

ထိုပစ္စည်းများသည် အဖိုးထိုက်တန်ပစ္စည်းများ မဟုတ်သော်လည်း သက်ဆိုင်သူ ဆွေမျိုးများအတွက် တန်ဖိုးရှိသော အမှတ်တရပစ္စည်းများဖြစ်သည်။

ကွမ်လိန်၏သဘောက ထိုပစ္စည်းများကို သူတို့မိသားစုများ လက်ထဲသို့ ပြန်ရောက်စေလိုသည်။ ထို့ကြောင့် ယခုကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်သည်။

ကွမ်လိန်တို့သည် အလောင်းများကို မြှုပ်နှံသင်္ဂြိုဟ်ပေးလိုက်သည်။ ကိစ္စအားလုံးပြီးသွားသောအခါ နေမင်းကြီးသည် ခေါင်းပေါ်တည့်တည့်သို့ ရောက်နေပေပြီ။

အမည်နာမ,သိခွင့်မရသော လူသေအလောင်းများကို သင်္ဂြိုဟ်ပေးပြီးချိန်၌ သူတို့နှစ်ယောက်စလုံးသည် အလွန်ရင်းနှီးသော မိတ်ဆွေများကို မြှုပ်နှံပေးရသကဲ့သို့ ခံစားရသည်။

သူတို့နှစ်ယောက် စကားပင်မပြောနိုင်ကြ။

တစ်ယောက်သဘောကိုလည်း တစ်ယောက်က ပိုပြီးနားလည်လာကြသည်။ ယင်းအဖြစ်သည် ထူးခြားသောတွေ့ဆုံမှုနှင့် ကြီးမားသော ရင်းနှီးမှုအစပင် ဖြစ်တော့သည်။

ထိုနေရာမှ လျှောက်ထွက်လာကြသောအခါ ကွေ့ကောက်သောလမ်းကလေး ဆုံးသွားသည်နှင့် ဂေဟာခန်းမကြီးထဲသို့ ရောက်ရှိသွားကြလေသည်။

ကွမ်လိန်သည် အခြေအနေကို အကဲခတ်လိုက်ရာ မျက်စိမျက်နှာပျက်သွားရပြန်သည်။

အေးစိမ့်သောခံစားမှုကို ခံစားလိုက်ရပြီး ရင်တဒိတ်ဒိတ် ခုန်လာပြန်သည်။ ကြောက်ရွံ့စိတ်သည် ချက်ချင်းလွှမ်းမိုးလာပြီး ဘာစကားမျှမပြောနိုင်အောင် ဖြစ်သွားကြသည်။

အင်္ကျီဖြူသိုင်းသမားသည် ကွမ်လိန်နှင့်အတူ လျှောက်ကြည့်နေသော်လည်း ကွမ်လိန်ကဲ့သို့ ထူးခြားမှုများကို သတိမပြုမိ။ သူ့အဖို့ ဤခန်းမကြီးသို့ ယခုမှ ပထမဆုံးအကြိမ် ရောက်လာရသကဲ့သို့ ဖြစ်နေသည်။

နံရံတွင်ချိတ်ထားသော ပန်းချီကားချပ်များနှင့် ကျောက်စားပွဲကြီးတစ်ခု။ ထို့နောက် ကုလားထိုင်များ၊ ဟနေသော ပြတင်းတံခါး။

ကွမ်လိန်သည် အဘယ်ကြောင့် တအံ့တသြဖြစ်နေသနည်း။

အင်္ကျီဖြူသိုင်းသမားသည် ဘာတစ်ခုမျှ အဖြေမရဘဲဖြစ်နေသည်။

သို့သော် သူသာ အတိတ်ကိုသတိရနိုင်သူဖြစ်ပါက ကွမ်လိန်



အံ့သြသလို အံ့သြနေမည်မှာ ဧကန်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ကျောက်စားပွဲကြီးပေါ်တွင်ရှိနေသော လက်ဖက်ရည်ပန်းကန်လုံးများနှင့် ကရားအိုးကြီး မရှိတော့သောကြောင့်တည်း။

ကွမ်လိန်သည် အခြေအနေကို သင်္ကာမကင်း ဖြစ်လာသဖြင့် ရင်တထိတ်ထိတ် ဖြစ်လာတော့သည်။ လက်ဖက်ရည်ပန်းကန်လုံးများနှင့် ကရားအိုးကြီးကို မည်သူယူသွားလေသနည်း။

ပန်းကန်လုံးများထဲတွင် မည်သည့်လျှို့ဝှက်ချက်များ ရှိနေလေသနည်း။

သူက ခေါင်းရှုပ်ရှုပ်နှင့် ဂေဟာရှေ့သို့ ကြည့်လိုက်မိပြန်၏။ အဝင်ပေါက် ဝင်းတံခါးတွင်ရှိနေသော အလောင်းများကို တွေ့နေရပြန်သည်။ ထိုအလောင်းများ စုစုပေါင်း ဆယ်လောင်းမျှရှိသည်။

သူသည် ဘာမှမစဉ်းစားတော့ဘဲ အလောင်းများကို တစ်လောင်းပြီးတစ်လောင်း သယ်ယူလိုက်ပြီး ဂေဟာဘေးတွင် ရှိနေသော အခန်းတစ်ခုထဲ စုထားလိုက်သည်။ ကိစ္စတစ်ခု ပြီးသွားသောအခါမှ အင်္ကျီဖြူသိုင်းသမားကို လှမ်းမေးလိုက်သည်။

"ဒီခြံဝင်းထဲမှာ ကျွန်တော်တို့အပြင် တခြားလူတွေ ရှိနေသေးတယ်ထင်တယ်"

အင်္ကျီဖြူသိုင်းသမားက ခေါင်းကို ခါယမ်းလိုက်ပြီး ...

"ခုန ခြံဝင်းထဲလျှောက်ကြည့်ပြီးပါပြီ၊ ခြံထဲမှာ တို့နှစ်ဦးကလွဲပြီး အသက်ရှင်နေသူဆိုလို့ တစ်ယောက်မှမရှိပါဘူး"

ကွမ်လိန်သည် မျှော်လင့်ချက်များ ပျောက်ကွယ်သွားပြီဖြစ်သဖြင့် စိတ်ပျက်လက်ပျက်ဖြစ်သွားပြီး မည်းနက်နေသော တံခါးပေါက်မှနေ၍ အပြင်သို့ ထွက်လာခဲ့သည်။

ပတ်ဝန်းကျင်တွင် မြင့်မြင့်မားမားတည်ရှိနေသော တောင်တန်းများနှင့် စိမ်းညို့အုံ့ဆိုင်းနေ သော သစ်ပင်များကို တွေ့ရသည်။

ထို့နောက် လယ်ကွင်းထဲကို ကြည့်လိုက်မိပြန်သည်။ ပျိုးပင်ကလေးများသည် ထိုးထိုးထောင်ထောင်နှင့် အစီအရီရှိနေ၏။

သူငေးမောနေစဉ် ခေါင်းလောင်းသံတစ်သံကို ကြားလိုက်ရသည်။ ထိုအသံသည် လေထဲမှ လွင့်မျောလာသောအသံဖြစ်၍ လူကို မတွေ့ရ။

သူ့ရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး ကျောက်လှေကားထစ်ပေါ် ပြေးတက်ပြီး ကြည့်လိုက်သည်။

ထိုအခါ တစ်ဖက်ကမ်း ချောက်ကမ်းနဖူး၏ တံတားထိပ်တွင် ရပ်နေသော မိန်းမပျိုတစ်ယောက်ကို တွေ့ရသည်။ သူမသည် လက်သီးဆုပ်ခန့်ရှိသော ရွှေခေါင်းလောင်းတစ်ခုကို ကိုင်ပြီး အဆက်မပြတ်လှုပ်ယမ်းနေပြီး လက်တစ်ဖက်က ရှုပ်ပွနေသော ဆံပင်များကို သပ်တင်နေသည်။

သူမ၏မျက်လုံးအစုံသည် ထူးထူးခြားခြား ကြည်လင်ပြီး တောက်ပနေသည်။ သူမသည် ရွှေခေါင်းလောင်းကို လှုပ်ယမ်းနေရင်းက ကျောက်တုံးအိမ်ကလေးကို စိုက်ကြည့်နေသည်။ သူမသည် အခြေအနေကို မကျေနပ်ဟန်ဖြင့် ခပ်ကျယ်ကျယ်ရေရွတ်နေသည်။



"အင်း ... အဖြစ်ကတော့ တကယ့်ကို အံ့သြစရာပါပဲ၊ မီးလောင်ပြီးတဲ့ မီးပုံးကိုတောင် ဒီမှာ ချိတ်ထားတုန်းပါလား၊ ကေန္တ ဒီစစ်မိန်ဂေထဲက အစေခံတွေ အကုန်သေနေပြီလား"

မတ်တတ်ရပ်နေသောမိန်းမပျိုသည် ကောင်းကင်ထဲမှ တိမ်တိုက်တစ်ခုလို ထင်ထင်ရှားရှား ရှိနေသည်။ ပန်းလိုလှသော မိန်းမပျိုမို့ မြင်ရသူတိုင်း ငေးမောသွားလောက်သည်။ စကားသံက ငှက်ကလေးတစ်ကောင်၏တေးဆိုသံလို သာယာသည်။ ကွမ်လိန်သည် သူမကို ငေးကြည့်နေရင်း ဟာအံ့တသြဖြစ်နေ၏။

တစ်နေ့လုံး တစ်ညလုံး ထိတ်လန့်ချောက်ချားဖွယ်ရာများကိုသာ မြင်တွေ့ခဲ့ရသဖြင့် လှပသောမိန်းမပျိုကို တွေ့လိုက်ရသည့် ခဏ၌ ချမ်းမြေ့သလိုဖြစ်သွားသည်။ ကြောက်စရာကောင်းသော နေရာဒေသ၌ ရုတ်တရက်ပေါ်လာသော မိန်းမပျိုသည် ချမ်းမြေ့မှုကို ပေးစွမ်းမည့်သူလော၊ ထိတ်လန့်မှုကိုပေးစွမ်းနိုင်မည့်သူလော။

သည်အချက်ကိုမူ ကွမ်လိန် ဝေခွဲမရဘဲ ဖြစ်နေသည်။

အင်္ကျီဖြူသိုင်းသမားကား မည်သို့မျှ ထူးခြားဟန်မပြဘဲ ရှိနေသည်။

ကွမ်လိန်သည် ရပ်မြဲနေရာတွင် ရပ်မနေနိုင်တော့သဖြင့် မိန်းမပျိုရှိရာသို့ ဖြည်းဖြည်းလျှောက်သွားသည်။ သူ သစ်သားတံတားပေါ်သို့ ရောက်သွားချိန်တွင် တစ်ဖက်ကမ်းတံတားထိပ်မှ မိန်းမပျိုက တံတားအလယ်ရောက်ရှိလာပြီဖြစ်သည်။ ကွမ်လိန် ငေးကြည့်နေစဉ်မှာ မိန်းမပျိုက အနီးသို့ရောက်လာသည်။

"လမ်းနည်းနည်းဖယ်ပေးပါ"

မိန်းမပျိုက အသံစူးစူးနှင့်ပြောလာသည်။

တံတားအကျယ်သည် တစ်ပေကျော်ကျော်လောက်သာ ရှိသည်။ ထို့ကြောင့် လူတစ်ယောက်ချင်းသာ သွားနိုင်သည်။ အောက်တွင် မိတ်စောက်သောချောက်ရှိပြီး တောင်ကျရေက တဝေါဝေါစီးနေသည်။ အခြေအနေသည် လူနှစ်ယောက် ဘေးချင်းယှဉ်ရပ်၍ ရသည်မဟုတ်။

"မိန်းမပျိုက တော်တော်မာကျောတာပဲ၊ တံတားပေါ်ကို ငါ အရင်ရောက်နေမှန်းသိလျက်နဲ့ သူက ဘာကြောင့် တက်လျှောက်လာရတာလဲ၊ ပြီးတော့ ... သူက လမ်းဖယ်ခိုင်းနေပြန်သေးတယ်၊ သူက ဘာမို့လဲ"

ကွမ်လိန်က စိတ်အတွေးနှင့် မကျေမနပ်ဖြစ်နေမိသည်။ သူ မကျေနပ်သည်က စိတ်တွင်းမှသာရှိသည်။ မိန်းမပျို၏ မကျေနပ်ခြင်းက နှုတ်မှထွက်ပေါ်လာ၏။

"ရှင့်ကို လမ်းဖယ်ခိုင်းနေတာ မကြားဘူးလား"

"ကြားတယ်၊ ဒါပေမဲ့ ကျွန်တော်က ဘယ်လိုရှောင်ပေးရမှာလဲ"

"ရှင့်မှာ ဦးနှောက်မရှိဘူးလား၊ လာရာလမ်းကို ပြန်ဆုတ်ပေးပေါ့"

မိန်းမပျို၏စကားကြောင့် သူ့ရင်ထဲ ထောင်းခနဲဖြစ်သွားသည်။



"ဘယ်လို အမျိုးသမီးလဲ၊ တော်တော်မာကျောနေပါလား"

အသံသည် လည်ချောင်းထဲတွင်သာ ပျောက်ကွယ်သွားလေသည်။

မကျေနပ်သော်လည်း မိန်းမပျိုတစ်ယောက်နှင့် ရန်ဖြစ်နေရန်မသင့်ဟု ယူဆလိုက်ပြီး လာရာလမ်းကို ပြန်ဆုတ်ပေးလိုက်သည်။

အကျီဖြူနှင့်သိုင်းသမားသည် သူတို့နှစ်ယောက်ကို ကြည့်ပြီး ပြုံးနေသည်။

မိန်းမပျိုကလည်း သူနောက်ဆုတ်သွားသဖြင့် ကျေနပ်ဟန်ဖြင့် ပြုံးသွားသည်။ ထို့နောက် လက်ထဲမှ ခေါင်းလောင်းကို လှုပ်ယမ်းပြီး လျှောက်လာသည်။ မျက်လုံးကလည်း ဟိုဟိုသည်သည် ကြည့်ပြီး အကဲခတ်လာသည်။

သည်ဘက်ကမ်းသို့ရောက်သောအခါမှ တစ်ကိုယ်တည်း ရေရွတ်လိုက်ပြန်သည်။

"ဒီနေရာကလူတွေအားလုံး နားပင်းနေကြတယ် ထင်တယ်၊ ဓားဒေဝီရဲ့ခေါင်းလောင်းသံ ဒီလောက်မြည်နေတာကို ဘယ်သူမှ လာမကြိုကြပါလား"

မိန်းမပျို၏စကားကြောင့် ကွမ်လိန် စဉ်းစားမိပြန်သည်။

"နာမည်က ဓားဒေဝီတဲ့၊ ဓားဒေဝီဆိုတာ ဘယ်လိုမိန်းမစားမျိုးလဲ၊ ဒီဂေဟာရှင်ရဲ့ ဖိတ်ခေါ်ချက်ကြောင့် ရောက်လာကြတဲ့လူတွေပဲဖြစ်မယ်၊ ဒီတော့ ဒီကိစ္စတွေကို ဒီမိန်းမပျို ကောင်းကောင်းသိနိုင်လိမ့်မယ်၊ သူ့ကြည့်ရတာလည်း သိုင်းအကျော်အမော်တစ်ယောက်ရဲ့

ပုံပဲ၊ နောက်ဆုံး အကျီဖြူသိုင်းသမားကို ဘယ်သူဆိုတာ သိနိုင်လို့ မယ်ထင်တယ်၊ သူ့ကိုမေးကြည့်ရင် အချို့ကိုစွလေးတွေကို သိလာနိုင် မှာအမှန်ပဲ"

ကွမ်လိန်က အတွေးကိုဖြတ်ပြီး မိန်းမပျိုကိုမေးသည်။

"ဒီမှာ ... ခင်ဗျားဟာ စားဒေဝီလား"

"ဟင်း ... ဟင်း ... စားဒေဝီ ဘယ်သူဆိုတာ ရှင်မသိဘူး မဟုတ်လား"

မိန်းမပျိုက လက်ညှိုးနှင့် သူ့ကိုယ်သူထိုးပြလိုက်ပြီး ...

"မသိရင်မှတ်ထား ... စားဒေဝီဆိုတာ ရှင့်ရှေ့မှာ ရပ်နေတဲ့ ကျွန်မပဲ"

ကွမ်လိန်မှာ မျက်မှောင်ကြုတ်သွားမိ၏။ အဘယ်ကြောင့် ဆိုသော် မိန်းမပျိုသည် အလွန်ဆုံးရှိလှ ဆယ့်ခုနစ်နှစ်၊ ဆယ့်ရှစ်နှစ် လောက်သာ ရှိသေးသူဖြစ်သည်။ သည်ကြားထဲ သူ့ကိုယ်သူ စားဒေဝီ ဟု ဆိုနေသည်။

သို့သော် မိန်းမပျိုက ခပ်တည်တည်ပြောပြီး ဘာကို မှု မစိုက်သည့်ဟန်နှင့် လက်ထဲမှ ရွှေခေါင်းလောင်းကို အဆက် မပြတ်အောင် လှုပ်ယမ်းသည်။ သူမ၏မျက်လုံးသည် လက်နောက် ပစ်ရပ်နေသော အကျီဖြူသိုင်းသမားကို လှမ်းကြည့်လိုက်ပြီး ကွမ် လိန်ကို လှမ်းမေးသည်။

"ရှင်က ဘယ်သူလဲ၊ ဒီဂေဟာရဲ့သခင်ကို မြန်မြန်အကြောင်း မကြားဘဲ ဘာဖြစ်လို့ ရပ်နေရတာလဲ၊ သွား ... သွား ... ဝါဆန်းအဖွဲ့



က စားဒေဝီရောက်နေပြီလို့ စစ်မိန်ဂေဟာကလူတွေဟာ ဘာမှ စည်း ကမ်းရှိပုံမရဘူး။ အုလည်လည်ကိုမှ ဧည့်ကြိုနိုင်းရတယ်လို့"

မိန်းမပျိုက စကားပြောပြီးသည်နှင့် မိုးပေါ်ကို မော့ကြည့် နေသည်။ သူမ၏အမူအရာ စိတ်ပျက်နေပုံရသည်။ ကွမ်လိန်က သူမ ကိုကြည့်ပြီး တွေးနေ၏။

"ဒီနေရာဟာ သိုင်းလောကမှာ ကျော်ကြားနေတဲ့နေရာ တစ်ခုများလား၊ ငါ့အနေနဲ့ကတော့ သိုင်းလောကအတွေ့အကြုံမရှိ သေးလို့ စစ်မိန်ဂေဟာဆိုတာကို မကြားဖူးခဲ့တာပဲ၊ တကယ်လို့ ငါ့ ဆရာသာ ဒီမှာရှိနေရင် ဒီဂေဟာအကြောင်းကို ကောင်းကောင်းသိ နေမှာပဲ၊ သူက ဒီဂေဟာနဲ့တောင် သိချင်သိနေဦးမှာ၊ ဒါပေမဲ့ ဒီဂေ ဟာက အရှင်သခင်တွေက ဘယ်သူတွေလဲ"

ကွမ်လိန်က အတွေးကိုဖြတ်ပြီး မိန်းမပျိုကို လှမ်းမေးသည်။

"အမျိုးသမီး ... စစ်မိန်ဂေဟာရဲ့ အရှင်သခင်ဆိုတာ ဘယ် သူလဲ၊ သူ့ဧနီးကရော ..."

မိန်းမပျို အံ့သြသွားသည်။

"ဘာ စစ်မိန်ဂေဟာရဲ့ အရှင်သခင်ကိုတောင် မသိဘူးလား၊ စစ်မိန်ဂေဟာရဲ့ အရှင်သခင်ဆိုတာ ဝတ်ရုံနီလင်မယားပဲ"

ကွမ်လိန်က ခပ်ငေါ့ငေါ့ဖြင့် ဖြေသည်။

"ဒါတွေ ကျွန်တော်မသိဘူးဗျ"

"ရှင်မသိဘူး ... ဒါဖြင့် ရှင်က ဘယ်လိုလုပ်ပြီး ဒီစစ်မိန်ဂေ ဟာထဲ ရောက်နေရတာလဲ"

"ဒါကို ပြောရင်လည်း အရှည်ကြီးပဲဗျ"

"ကျွန်မဖြင့် အံ့ရော ... ဒီစစ်မိန်ဂေဟာကို ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်လို့ မရဘူးရှင့်၊ ခြေလှမ်းတစ်ချက် မှားတာနဲ့ အသက်ပါ ပါသွားမယ်"

"အင်း ... အင်း ... ခင်ဗျားပြောမှပဲ ကျွန်တော် သဘော ပေါက်လာတယ်၊ ခံ့ခံ့ညားညားပုံစံ သစ်လွင်တဲ့ အနီရောင်အဝတ်တွေ ကို ဝတ်ထားတဲ့ လင်မယားက ဒီစစ်မိန်ဂေဟာရဲ့ အရှင်သခင်တွေကိုး။ ဟုတ်ပြီ ... ဟုတ်ပြီ ... ယောကျ်ားလုပ်တဲ့လူက တော်တော်ဥပဓိရုပ် ကောင်းတဲ့လူပဲ၊ မိန်းမကလည်း ပန်းလိုလှတဲ့မိန်းမပဲ၊ သူတို့ဟာ ကျော်ကြားတဲ့ သိုင်းသမားတွေ မဟုတ်လား၊ ဒါပေမဲ့ သူတို့မရှိကြ တော့ဘူး၊ သူတို့ သေကုန်ကြပါပြီ"

'သူတို့ သေကုန်ကြပါပြီ' ... ဟူသောအသံသည် ဝမ်းနည်း သံပါနေသည်။

ကွမ်လိန်သည် စာပေသမားဖြစ်ခြင်းကြောင့် သာမန်လူနှင့် မတူဘဲ ခံစားမှုနက်ရှိုင်းသူ ဖြစ်သည်။ စစ်မိန်ဂေဟာမှလူများကို သိကျွမ်းခြင်းမရှိသော်လည်း သူတို့ သေဆုံးသွားကြသည်ကို ဝမ်းနည်း နေမိပြန်သည်။

ယခုတွေ့နေရသော မိန်းမပျိုသည် စစ်မိန်ဂေဟာ၏ မိတ် ဆွေဖြစ်နေပါက သူ့လိုပင် ဝမ်းနည်းသွားလိမ့်မည်ဟု ထင်မှတ်နေ သည်။ ထို့ကြောင့် ရင်ထဲမှ အပူလုံးကြီးကို မှုတ်ထုတ်လိုက်သကဲ့သို့ သက်ပြင်းကြီးချပြီး စကားဆက်လိုက်ပြန်သည်။



"ခင်ဗျားက ဒီဂေဟာရဲ့အရှင်သခင်တွေနဲ့ ဘာဖြစ်လို့ တွေ့ ချင်နေရတာလဲ၊ ခင်ဗျားနဲ့ ဒီလူတွေနဲ့ဟာ အသိမိတ်ဆွေတွေဖြစ်ကြ တယ်ဆိုရင်တော့ ..."

ကွမ်လိန် စကားမဆုံးခင်မှာပင် မိန်းမပျိုက မဲ့ရွဲ့ပြီး ဖြတ် ပြောသည်။

"ရှင်က သူတို့ကိုတောင် မသိဘဲနဲ့ ကျွန်မတွေ့ချင်တဲ့ကိစ္စကို ဘာဖြစ်လို့ သိချင်နေရတာလဲ၊ ရှင့်ကြည့်ရတာတော့ တော်တော်အူ တူတူနိုင်တဲ့လူပဲ"

မိန်းမပျိုက ဘုကျကျပြောပြီးသည်နှင့် ရှေ့ဆက်လျှောက် သွားသည်။

ကွမ်လိန်သည် မိန်းမပျို၏အပြုအမူကို ငေးကြည့်ပြီး ခပ် ကြောင်ကြောင်ကျန်ရစ်ခဲ့သည်။

သူသည် ရွှေမရှားငွေမရှား လူတစ်ယောက်ဖြစ်၍ မြို့ပေါ် တွင် မသိသူမရှိသလောက် ဖြစ်သည်။ လူတိုင်းလိုလိုကလည်း ရုပ် ရည်သွင်ပြင်သားနားသည့်သူ့ကို လေးလေးစားစားဆက်ဆံကြသည်။

စာပေသမားတစ်ယောက်ဖြစ်၍လည်း အပေါင်းအသင်း များ၏ အလေးထားမှုကို ခံခဲ့ရသူဖြစ်သည်။

ဝါသနာအရ သိုင်းပညာကို သင်ထားခဲ့သော်လည်း သိုင်း လောကအကြောင်းကို သိပ်သိသူမဟုတ်။ ယခုလို စစ်မိန်ဂေဟာ ရောက်မှ သိုင်းလောက၏အပြောကျယ်မှုကို နားလည်မှုရှိလ သည်။ ဖြစ်သည်။

သို့သော် ဤချောမောလှပ၍ နုနယ်ပျိုမျစ်သော မိန်းကလေးသည် သိုင်းလောကသားတစ်ယောက် ဖြစ်သည်ဟူသည့်အချက်ကိုမူ မယုံကြည်ဘဲ ဖြစ်နေသည်။

ကွမ်လိန်သည် မိန်းမပျိုအတွက် စိုးရိမ်စိတ်ဝင်လာသည်နှင့် ကမန်းကတန်း လှမ်းအော်လိုက်သည်။

"ဟေ့ ... အမျိုးသမီး ခဏနေဦး"

မိန်းမပျိုက ခြေလှမ်းကို တန့်ခနဲရပ်လိုက်ပြီး နောက်ပြန်လှည့်ကြည့်သည်။ ထိုအချိန်၌ သူမ၏မျက်လုံးအစုံသည် အရောင်တဖျပ်ဖျပ်တောက်နေသည်။ ထို့နောက် ဟင့်ခနဲအသံပြုလိုက်ပြီးလျှင်

"ရှင်က ဘာဖြစ်လို့ ခဏနေနိုင်းနေတာလဲ၊ ရှင်နဲ့ကျွန်မဟာ သိကြတဲ့လူတွေမဟုတ်ဘူးဆိုတာ နားလည်စမ်းပါ၊ ကျွန်မကို ထပ်ပြီး အနှောင့်အယှက်ပေးမယ်ဆိုရင်တော့ ရှင့်ကို ပညာပေးရလိမ့်မယ်"

မိန်းမပျိုက ကြမ်းတမ်းခက်ထန်စွာ ပြန်ပြောလေသည်။

ကွမ်လိန်သည် ပန်းနှစ်ဖက်ကို တွန့်သွားရင်းက မျက်နှာမဲ့သွားသည်။ သို့သော် သူသည် လူယဉ်ကျေးတစ်ယောက်၊ စာတတ်ပေတတ်တစ်ယောက်ဖြစ်၍ ကြမ်းတမ်းစွာ မဆက်ဆံပေ။

"ဒီမိန်းကလေးဟာ အရွယ်နဲ့မလိုက်အောင် ရိုင်းပျတဲ့ မိန်းကလေးပဲ၊ ဒီလိုမိန်းကလေးမျိုးနဲ့သာ အတူနေရမယ်ဆိုရင် သူ့ဒဏ်ကို ခွေ့နိုင်မှာ မဟုတ်ဘူး"

သည်။ ဟု တွေးလိုက်မိသည်။

ာက်ပြင် "အဲဒီလိုတော့ မပြောသင့်ဘူးဗျာ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကလည်း ခင်ဗျားကို နောက်ချင်တဲ့သဘောနဲ့ တားနေတာ မဟုတ်လို့ဘဲ"



မိန်းမပျို၏မျက်နှာတွင် ဒေါသရိပ်များလွှမ်းလာသည်။ ကွမ်လိန်က ဆက်ပြောသည်။

"ကျွန်တော်ပြောချင်တာကတော့ ခင်ဗျား စစ်မိန်ဂေဟာကို ရောက်လာတာဟာ ဒီဂေဟာရဲ့ အရှင်သခင်နဲ့ တွေ့ဖို့ဆိုရင်တော့ ခင်ဗျားရောက်လာတာဟာ သိပ်နောက်ကျသွားပြီလို့ ပြောချင်ပါတယ်"

ကြားရသောစကားကြောင့် မိန်းမပျိုသည် မျက်လုံးပြူးသွားသည်။

"ရှင့်စကားက ဘာစကားလဲ"

"ခင်ဗျား နားရှုပ်နေတယ်ထင်တယ်၊ ရှင်းရှင်းပြောရရင်တော့ စစ်မိန်ဂေဟာရဲ့ အရှင်သခင်လင်မယားနှစ်ယောက်စလုံးဟာ သေဆုံးသွားကြပါပြီ၊ ဒါကို စောစောကတည်းက ကျွန်တော် ရှင်းပြခဲ့ပါတယ်၊ ခင်ဗျားကသာ ကျွန်တော့်ကို အထင်သေးပြီး ကျွန်တော့်စကားကို မယုံတာပါ"

ကွမ်လိန်၏စကားမဆုံးမီမှာပင် ခပ်လှမ်းလှမ်းတွင် ရပ်နေသော မိန်းမပျိုက ကိုယ်ဖော့ပညာကိုသုံးပြီး အနားသို့ ရိပ်ခနဲရောက်လာသည်။

"ရှင်ပြောတာ အမှန်ပဲလား"

ကွမ်လိန်သည် ချက်ချင်းအဖြေမပေးနိုင်ဘဲ ဖြစ်သွားသည်။

မိန်းမပျိုရောက်လာပုံကိုကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ အဆင့်မြင့်ကိုယ်ဖော့ပညာကို တအံ့တသြဖြစ်သွားသည်။ မိန်းမပျို၏ကိုယ်ဖော့ပညာသည် မိမိထက် အဆများစွာ မြင့်မားကြောင်းလည်း သိရှိလိုက်သည်။

မိန်းမပျိုက ကွမ်လိန်ငိုင်နေသည်ကိုတွေ့ရသဖြင့် စိတ်မရှည်နိုင်တော့ဘဲ ထပ်မေးသည်။

"ဒီမယ် ... ကျွန်မမေးနေတာကို ရှင်မကြားဘူးလား၊ ခုနက ရှင်ပြောခဲ့တဲ့ စကားဟာ တကယ်ပဲလား"

"ကျွန်တော်ဟာ လူတွေရဲ့ သေရေးရှင်ရေးကိစ္စတွေကို နောက်ပြောင်ပြီး မပြောတတ်ပါဘူး"

"ဒါဖြင့် ရှင်က ဒီကိစ္စကို ဘယ်လိုလုပ်ပြီးသိနေတာလဲ၊ ရှင်ကိုယ်တိုင်တွေ့ခဲ့လို့လား"

ကွမ်လိန် သက်ပြင်းချပြီးပြောသည်။

"သူတို့ ဘာကိစ္စနဲ့ သေခဲ့ရတယ်ဆိုတာကိုတော့ မတွေ့ခဲ့ပါဘူး၊ သူတို့သေနေတာကိုတော့ တွေ့ခဲ့တယ်၊ ဒါကြောင့် သူတို့ကို မြေမြှုပ်ပေးခဲ့ပါတယ်"

သည်တစ်ကြိမ်တွင်တော့ မိန်းမပျိုသည် အမှန်တကယ်ပင် အံ့သြထိတ်လန့်သွားသည်။ ကွမ်လိန့်ကို ငေးကြည့်နေသည်။ ထို့နောက် ဝမ်းနည်းဟန်များပေါ်လာပြီး သက်ပြင်းချလိုက်ပြန်သည်။

ကွမ်လိန်သည် သူမကို စိုက်ကြည့်နေရင်းက အားပေးဟန်ပြောသည်။



"သေပြီးတဲ့လူဟာ ပြန်ရှင်လာရိုး ထုံးစံမရှိပါဘူး၊ လူတွေဟာ အရင်သေတာနဲ့ နောက်သေတာချည်းပါပဲ၊ သိပ်လည်း ဝမ်းနည်းမနေပါနဲ့ဗျာ"

ကွမ်လိန်သည် ဓားဒေဝီဆိုသူ၏ ဟိတ်ဟန်များကို မကျေမနပ်ဖြစ်ခဲ့မိသော်လည်း ယခုအခါ၌ စာနာစိတ်များ ပွားများနေမိပြန်သည်။ မိန်းမပျိုသည် ခေါင်းငိုက်စိုက်ကျသွားရာမှ ခပ်တိုးတိုးပြောလာသည်။

"စစ်မိန်ဂေဟာ သခင်နှစ်ယောက်စလုံး ပြိုင်တူသေသွားကြတာဟာ အံ့သြစရာကောင်းတဲ့အချက်ပဲ"

သူမသည် ခေါင်းငုံ့နေရာမှ ခေါင်းထောင်လာပြန်သည်။

"ရှင် သူတို့သေနေတာကို မြင်ခဲ့တွေ့ခဲ့တယ်ဆိုတော့ ဘယ်လိုသေသွားကြတယ်ဆိုတာ မသိဘူးလား"

"သိသလောက်ပြောရရင်တော့ သူတို့သေပုံက တော်တော်ကြောက်စရာကောင်းတဲ့ သေပုံသေနည်းပဲ၊ ဦးနှောက်ပိုင်းကို ပြင်းထန်တဲ့လက်ဝါးနဲ့ အရိုက်ခံရတာပဲ၊ သေနေတဲ့နေရာကတော့ ဒီဂေဟာကြီးရဲ့ အနောက်ဘက်မှာရှိတဲ့ ခြောက်ထောင့်အဆောင်ထဲမှာပါ"

မိန်းမပျိုသည် အလွန်အံ့သြသွားဟန်ဖြင့် မျက်လုံးပိုပြူးလာသည်။

"ရှင်ဆိုလိုတာက သူတို့လင်မယားနှစ်ယောက်စလုံးဟာ လက်ဝါးရိုက်ချက်ကို တစ်ပြိုင်တည်း အရိုက်ခံရတယ်လို့ ဆိုလိုတာလား"

ကွမ်လိန်က သက်ပြင်းချပြီး မျက်မှောင်ကြုတ်လိုက်သည်၊

မိန်းမပျိုက တစ်စုံတစ်ခုကိုသတိရပြီး ကမန်းကတန်း ထပ်ပြောသည်။

"နေဦး ... နေဦး ... ရှင်ပြောခဲ့တဲ့စကားက ရှေ့နောက်သိပ် မညီဘူး၊ ပထမဆုံး ရှင်ပြောခဲ့တာက စစ်မိန်ဂေဟာကိုတောင် မသိဘူးလို့ဆိုခဲ့တာပဲ၊ နောက်ပြီးတော့လည်း စစ်မိန်ဂေဟာက အရှင်သခင်ဆိုတာကိုလည်း ရှင်မသိလို့ ကျွန်မကိုမေးခဲ့တာပဲ၊ ခုတော့ ရှင်က သူတို့သေပုံသေနည်းကို အပ်ကျမပ်ကျ ပြောနေပြန်ပြီ၊ ရှင်ကိုယ်တိုင် မြေမြှုပ်ပေးလိုက်သေးသတဲ့၊ ကျွန်မကို လိမ်ဖို့ ကြိုးစားနေတာ မဟုတ်လား"

မိန်းမပျိုသည် ကွမ်လိန်ကို စိုက်ကြည့်နေရာမှ ခါးကြားမှ ဓားကို ရှမ်းခနဲ ဆွဲထုတ်လိုက်သည်။ ပြောင်လက်နေသောဓားသွားသည် ဝင်းခနဲဖြစ်သွားသည်။ ထိုဓားသည် ဓားရှည်တော့မဟုတ်၊ အသွားတစ်ပေခန့်သာရှိသော ဓားတိုတစ်လက်ပင်ဖြစ်သည်။ သူမသည် ဓားကိုတယမ်းယမ်းလုပ်နေရာမှ ကွမ်လိန်ကို ချိန်ထားသည်၊

"ရှင်က ဘယ်သူလဲ၊ ဒီကို ဘာလာလုပ်တာလဲ၊ မေးတာကို မှန်မှန်ဖြေ၊ လိမ်မယ်တော့မကြံနဲ့၊ တစ်ချက်တည်း အသက်ထွက်သွားမယ်၊ ကျွန်မကို လွယ်လွယ်နဲ့လိမ်လို့ရမယ် ထင်မနေနဲ့"

ကွမ်လိန် မျက်မှောင်ကြုတ်သွားသည်။ ဓားကို တယမ်းယမ်းလုပ်နေသည့် မိန်းမပျိုကို သူ မကြောက်ပါ။ ရဲရဲရင့်ရင့် ပြန်ပြောသည်။



"ကျွန်တော်ပြောခဲ့တဲ့ စကားတွေထဲမှာ လိမ်ညာမှုတစ်ခုမှ မပါဘူး၊ ကျွန်တော်ပြောတာကို မယုံဘူးဆိုရင်တော့ ကိုယ်တိုင်သာ သွားကြည့်ပေတော့၊ ယုံကြည်လွန်းတဲ့လူဟာ ကြီးမားသော ပခုံးသားကြီး ရှိသင့်တယ်လို့ စကားပုံရှိတယ်၊ အေး ... မယုံကြည်လွန်းတဲ့လူဟာလည်း ကြီးမားသောခြေဖဝါးရှိသင့်တယ်လို့ ကျွန်တော် ထင်တယ်"

ကွမ်လိန်က အရေးမစိုက်ဟန်နှင့်ပြောပြီး ရပ်နေရာမှလှည့်ထွက်သွားရန် ကြိုးစားလိုက်သည်။

ထိုစဉ် မိန်းမပျိုက ကွမ်လိန်၏လည်ပင်းထဲကို ဓားနှင့်လှမ်းထိုးလိုက်သည်။

ကွမ်လိန်သည် ထိတ်ခနဲ ဖြစ်သွားကာ အားကုန်အင်ကုန်သုံးပြီး နောက်သို့ ခုန်ဆုတ်လိုက်သည်။ ဤတွင် မိန်းမပျိုနှင့် ငါးပေအကွာသို့ ရောက်ရှိသွားသည်။

သူသည် အကျော်အမော်သိုင်းသမားတစ်ယောက် မဟုတ်သော်လည်း သုံးနှစ်လုံးလုံး သင်ကြားခဲ့သောပညာက ဤတွင်အသုံးတည့်သွားသည်။

သို့သော် မိန်းမပျိုက ငြိမ်ရပ်နေခြင်းမရှိဘဲ ခြေတစ်ဖက်ကို ဆတ်ခနဲဆောင့်ပြီး ခုန်ဝင်လာပြန်သည်။ တစ်ပြိုင်နက်တည်းတွင် သူမလက်ထဲမှ ဝင်းခနဲဖြစ်သွားပြန်ပြီး ဝုစ်ခနဲ ဝင်လာပြန်သည့် ဓားသွားသည် လျှပ်ပြက်သလိုဖြစ်သွားရာမှ လည်ပင်းပေါ် ဝဲကျလာသည်။

ကွမ်လိန်သည် မည်သို့ရှောင်ရှားရမှန်း မသိတော့ဘဲ မျက်လုံး

များ ပြာဝေသွားပြီး ထိတ်ခနဲဖြစ်သွားတော့သည်။

အင်္ကျီဖြူသိုင်းသမားသည် သူတို့နှစ်ယောက်၏ လှုပ်ရှားမှုကို သူနှင့်ဘာမျှမဆိုင်သကဲ့သို့ ငြိမ်ပြီး ရပ်ကြည့်နေသည်။

သူ၏မျက်နှာပေါ်တွင် မည်သည့်ခံစားချက်မျှ မရှိသည့်ပုံမျိုးဖြစ်နေသည်။ သူ့ရှေ့တွင်ဖြစ်ပျက်နေသော အရာအားလုံးသည် သူနှင့်ဘာမျှမဆိုင်သကဲ့သို့ သဘောထားနေဟန် ရှိသည်။

ကွမ်လိန်သည် လည်ပင်းပေါ်ဝဲလာသောဓားကို ကြည့်နေရာမှ လက်ထဲမှဓားကို ဖြစ်သလို လွှဲရှားလိုက်သည်။ စိတ်ထဲကမူ 'သေပြီ' ဟု သဘောထားလိုက်သည်။

သို့သော် မိန်းမပျိုထံမှ လျှပ်ပြက်သလို ဝင်လာသော ဓားသည် လည်ပင်းပေါ် ရောက်လုလုအချိန် ကျမှ ဆတ်ခနဲ ပြန်ရုပ်သိမ်းသွားသည်။ ဤကဲ့သို့ ပြန်လည်ရုပ်သိမ်းနိုင်ခြင်းကို သာမန်သိုင်းသမား မပြုလုပ်နိုင်ပေ။

ကွမ်လိန်သည် အေးခနဲခံစားလိုက်ရရာမှ အခြေအနေကို နားမလည်နိုင်အောင် ဖြစ်သွားပြန်သည်။

မိန်းမပျိုကို လှမ်းကြည့်လိုက်သောအခါ မိန်းမပျို၏ဓားက မြောက်နေဆဲရှိပြီး လက်တစ်ဖက်က လက်သီးဆုပ်ထားရင်း စိုက်ကြည့်နေသည်ကိုတွေ့ရသည်။ သူမ၏မျက်နှာပေါ်၌လည်း အံ့သြရိပ်များ လွှမ်းနေသည်ကိုတွေ့ရသည်။

သူမသည် ကွမ်လိန်ကိုစိုက်ကြည့်နေရာမှ စိတ်ပျက်သွားသောအမူအရာနှင့် ခေါင်းကိုခါယမ်းလိုက်သည်။



"ရှင်ဟာ တော်တော်အံ့သြစရာကောင်းတဲ့လူပဲ၊ ဘာမဟုတ်တဲ့ သိုင်းပညာလေးနဲ့ စစ်မိန်ဂေဟာကိုလာပြီး ဘာဖြစ်လို့ ဝင်ရှုပ်ချင်နေရတာလဲ"

မိန်းမပျို၏အသံက မာထန်နေသည်။

ကွမ်လိန်သည် ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွားသည်။ သူမဓားကို ပြန်ရုပ်သိမ်းသွားခြင်းသည် မိမိ၏သိုင်းပညာ ညံ့ဖျင်းနေသည်ကို တွေ့ရသောကြောင့်ဖြစ်မှန်း သဘောပေါက်လာသည်။ ထို့ကြောင့် ကျိတ်မနိုင်ခဲမရ ခံစားလိုက်ရသော ဝေဒနာကို ဖြေသိမ့်လိုက်ပြီး ဖြေရှင်းပြောကြားလိုက်သည်။

"ကျွန်တော်ဟာ ခင်ဗျားထင်သလို သိုင်းလောကသားတစ်ယောက် မဟုတ်ပါဘူး၊ ကျွန်တော်နဲ့ စစ်မိန်ဂေဟာနဲ့လည်း ဘာမှ ပတ်သက်မှု မရှိပါဘူး၊ တစ်ယောက်နဲ့တစ်ယောက်လည်း ဘယ်လို ရန်ငြိုးမှ ရှိကြသူတွေ မဟုတ်ပါဘူး။ ခင်ဗျားထင်သလို သိုင်းလောကသားတစ်ယောက် ဖြစ်နေရင်လည်း ခုလို လုပ်ကြံမှုမျိုးကို လုပ်မယ့် လူမျိုး မဟုတ်ပါဘူး"

ကွမ်လိန်က စကားကိုရပ်ပြီး မိန်းမပျိုကို လှမ်းကြည့်သည်။ မိန်းမပျိုက သူ့စကားကို အရေးတယူ နားထောင်ဟန်မရှိဘဲ ဟိုကြည့် သည်ကြည့်လုပ်နေသည်။ သူမ၏အမူအရာကြောင့် ကွမ်လိန် ဒေါသဖြစ်လာသည်။ သို့သော် ရင်ထဲက အရှက်နှင့်ဒေါသကို ချိုးနှိမ်ပြီး စကားကိုဆက်ပြောသည်။

"ကျွန်တော် ဒီရောက်လာတာက လမ်းမှားပြီးရောက်လာ

တာပါ၊ ဒါကြောင့် မိုးလည်းသိပ်ချုပ်နေတာနဲ့ အကူအညီတောင်းရအောင် ဝင်လာခဲ့တာပဲ၊ ဒါပေမဲ့ ဒီခြံဝင်းထဲဝင်မိတာနဲ့ ပြန့်ကျဲနေတဲ့ အလောင်းတွေကို တွေ့ရတော့တာပဲ၊ ကျွန်တော်ဟာ သူတို့နဲ့သိကျွမ်းသူတွေ မဟုတ်ပေမယ့် ပိုးစိုးပက်စက်သေနေကြတဲ့လူတွေကို ဒီအတိုင်းပစ်မထားရက်တာနဲ့ စေတနာထားပြီးမြေမြှုပ်ပေးလိုက်တာပဲ"

ကွမ်လိနှ်က စကားကိုရပ်ပြီး လှမ်းကြည့်သည်။

မိန်းမပျိုသည် ယခုမှစိတ်ဝင်စားလာဟန်နှင့် ရှေ့ဆက်ပြောလာမည့်စကားသံကို အာရုံစိုက်ပြီး နားစွင့်လာသည်။

ကွမ်လိနှ်သည် မိန်းမပျို၏ စိတ်ဝင်စားလာဟန်ကြောင့် စကားကိုပြန်ဆက်သည်။

"ဒါထက် ရှင်းအောင်ပြောရရင် ကျွန်တော့်အနေနဲ့ ဒီအဆောက်အအုံကြီးကို ဘာအဆောက်အအုံမှန်း မသိဘူး၊ ခင်ဗျားပြောမှ စစ်မိန်ဂေဟာဆိုတာ သိရတာ၊ ဒီဂေဟာရဲ့အရှင်သခင်ဆိုတာကိုလည်း သိတာမဟုတ်ဘူး"

မိန်းမပျိုသည် အခြေအနေကို သဘောပေါက်သွားဟန်နှင့် အမူအရာပျော့ပျောင်းလာသည်။

ကွမ်လိနှ်က စကားကို ဆက်ပြောပြန်သည်။

"ခင်ဗျားရဲ့စကားထဲမှာ စစ်မိန်ဂေဟာရဲ့ ဝတ်ရုံနီလင်မယားဆိုတာ ပါခဲ့တယ်မဟုတ်လား၊ ဒီတော့ ခင်ဗျားစကားကို မူတည်ပြီး ကျွန်တော်မြင်ခဲ့တာတွေ ပြန်စဉ်းစားလိုက်တော့ သေနေတဲ့လူတွေထဲမှာ အနီရောင်ဝတ်စုံဝတ်ထားတဲ့ မိန်းမတစ်ယောက်နဲ့ယောကျ်ားတစ်



ယောက်ကို ပြန်မြင်လာတယ် ...။

ဒီတော့ အဲဒီဝတ်ရုံနီနှစ်ယောက်ရဲ့ ပုံသဏ္ဍာန်ကိုကြည့်ပြီး သူတို့ဟာ ဒီဂေဟာကြီးရဲ့အရှင်သခင်တွေလို့ ယူဆလိုက်တယ် ... ကျွန်တော်ပြောတာ ရှင်းတယ်မဟုတ်လား ...။

ဒီအချိန်မှာ ခင်ဗျား ဖြုန်းခနဲ ရောက်လာတယ် ...ဒီတော့ ကျွန်တော့်စိတ်ထဲမှာ ခင်ဗျားဟာ ဒီဂေဟာရဲ့အရှင်သခင်တွေနဲ့ တစ်စုံတစ်ရာ ပတ်သက်လာလိမ့်မယ်လို့ ထင်လိုက်တယ်၊ ပြီးတော့ ဒီဂေဟာရဲ့အရှင်သခင်တွေနဲ့ ခင်ဗျားဟာ အတော်ရင်းနှီးတဲ့မိတ်ဆွေ ဖြစ်လိမ့်မယ်လို့ သဘောပေါက်လာတယ်၊ ဒီတော့ ဒီဂေဟာမှာဖြစ်ခဲ့တဲ့ အမင်္ဂလာသတင်းဆိုးကြီးကို ခင်ဗျားကြားသိတာနဲ့ သိပ်စိတ်ထိခိုက်သွားလိမ့်မယ်လို့လည်း သဘောပေါက်နေခဲ့တယ်၊ ဒါကြောင့်မို့ ..."

ကွမ်လိနှ်က စကားကို တစ်ဝက်တစ်ပျက်နှင့် ဖြတ်ထားလိုက်သည်။

မိန်းမပျိုသည် အလေးအနက် အာရုံစိုက်ပြီး နားထောင်နေရာမှ သက်ပြင်းကို ဟင်းခနဲချလိုက်သည်။

"ရှင်းပြီ ... ရှင်းပြီ ... ကျွန်မအနေနဲ့လည်း ဒီစစ်မိန်ဂေဟာရဲ့ အရှင်သခင်တွေနဲ့ သိကြတာမဟုတ်ပါဘူး။ သိုင်းလောကသား တစ်ယောက်အနေနဲ့တော့ သူတို့အကြောင်းကို သိနေတာတာပေါ့ရှင်၊ ကျွန်မ ခုလိုရောက်လာတာက သူတို့နဲ့ ဓားရေးယှဉ်ဖို့ ရောက်လာခဲ့တာပါ"

စောစောက အထင်မှားအမြင်မှားဖြစ်ခဲ့သည့်အတွက်လည်း

အားတုံ့အားနာဖြစ်လာသည်။ ပြဿနာတစ်ခု၏အရင်းအမြစ်နှင့် အချက်အလက်အပြည့်အစုံကို လေ့လာခြင်းမရှိဘဲ တစ်ချက်တည်း တစ်ကွက်တည်းကြည့်ပြီး ဆုံးဖြတ်လိုက်ခြင်းသည် အမှန်ထက် အမှားသို့သာ ဦးတည်တတ်ကြောင်းလည်း သဘောပေါက်လာသည်။

ကွမ်လိန်၏အမူအရာနှင့် မျက်လုံးများကိုကြည့်ပြီး ရိုးသားသူတစ်ယောက်မှန်း နားလည်လာသည်။ မိမိကို လိမ်ညာနေခြင်း မဟုတ်ကြောင်းကိုလည်း သဘောပေါက်လာ၏။

သူ၏အကြောင်းပြချက်များသည် ဖြစ်နိုင်သောအချက်များ ဖြစ်သည်ဟုလည်း ယုံကြည်လာသည်။ ထို့ကြောင့် ရန်လိုသောစိတ်များ ကွယ်ပျောက်သွားပြီး ပျော့ပျောင်းလာလေသည်။

"သိုင်းလောကမှာ ဝတ်ရုံနီလင်မယားဆိုတာ ကျော်ကြားထင်ပေါ်နေတဲ့လူတွေပဲ၊ သူတို့ရဲ့ 'ဝတ်ရုံနီဓားသုံးချက်' ဆိုတာ သိုင်းလောကမှာ နာမည်ကြီးနေတဲ့ ဓားကွက်တွေပဲ၊ ခုတော့ ကြည့်စမ်း ... ဘယ်သူမှမထင်နိုင်တဲ့အဖြစ်မျိုးနဲ့ သူတို့သေသွားကြပါပကောလား ...။

ကျွန်မ သူတို့ကိုလိုက်ရှာနေတာကြာပြီ၊ ဘယ်မြို့ဘယ်နေရာမှာမှ ရှာမတွေ့ခဲ့ဘူး၊ ဒါဟာ ကျွန်မအတွက်တော့ ကံဆိုးတဲ့အချက်ပဲ၊ တပင်တပန်း ရှာလာခဲ့ရသမျှ ဓားတစ်ကွက်တောင် စမ်းခွင့်မရဘူး ... ဟင်း"

မိန်းမပျိုက စိတ်ပျက်ဝမ်းနည်းစွာ ပြောကြားနေသည်။ ဤတွင်မှ ကွမ်လိန်သိတော့သည်။ သူမ ဝမ်းနည်းနေခြင်းမှာ ဝတ်ရုံနီ



လင်မယားကို ခင်မင်၍မဟုတ်ဘဲ သူမနှင့် သိုင်းပညာမစမ်းသပ်ရဘဲ သေသွားခြင်းကြောင့်ဖြင်ကြောင်းကိုတည်း။

ထို့ကြောင့် ကွမ်လိန် အံ့ဩသွားသည်။ လောကတွင် ဤလို မိန်းမပျိုလည်း ရှိနေပါကလား ဟု မှတ်ချက်ချလိုက်မိလေသည်။

စင်စစ် ကွမ်လိန်သည် ဤသို့မှတ်ချက်ချခြင်းမှာ သူသည် သိုင်းလောကသားအများစု အရေးတကြီး ဦးထိပ်ထားကြသည့်အရာမှာ သူတို့၏သိုင်းပညာသာ ဖြစ်လေသည်။

မိန်းမပျိုသည် ဘာကိုသဘောကျသွားသည်မသိ။ ဟက်ခနဲ ပြုံးသွားပြန်သည်။ ထို့နောက် လက်ထဲမှဓားကို ဓားအိမ်ထဲသို့ ပြန်လည်သိမ်းဆည်းလိုက်ပြီး ကွမ်လိန်ကို လှမ်းပြောလိုက်လေသည်။

"ကိစ္စတစ်ခုကတော့ ရှင်းသလိုလိုဖြစ်သွားပါပြီ၊ ရှင့်ကိုတော့ ကျွန်မ စကားနည်းနည်းပြောချင်ပါတယ်၊ ရှင့်ကြည့်ရတာ သိုင်းပညာလေးမတောက်တခေါက်နဲ့ တော်တော် လက်တည့်စမ်းချင်နေပုံရတယ်၊ ရှင်တတ်ထားတဲ့ပညာက အတော့်ကို ညံ့ဖျင်းနေပါသေးတယ်။

သိုင်းလောကဆိုတာ အသက်ပေးပြီးနေထိုင်ရတဲ့ လောကပါ၊ ပြီးတော့ ဦးနှောက်ထဲကလည်း လူကဲခတ်လို့ မကောင်းသေးဘူး၊ ဒါကြောင့် ကျွန်မရင်ထဲက ခံစားချက်တွေကို ရှင်မမှန်းဆနိုင်ဘဲ ဖြစ်နေတာပေ့ါ၊ ဒီတော့ ရှင် ..."

ကွမ်လိန်သည် မိန်းမပျို၏စော်စော်ကားကား နှိမ့်ချစကားကြောင့် ဒေါသထောင်းခနဲထွက်သွားသည်။ ထို့ကြောင့် သူမစကားကိုဆုံးအောင် နားမထောင်ဘဲ ဖြတ်ပြောလိုက်လေသည်။

"ဒီမှာ ခင်ဗျားကို ကျုပ်တစ်ခုပြောမယ် ... ကျုပ် သိုင်းပညာနိမ့်ကျတာကို ဝန်ခံတယ်၊ ဒါပေမဲ့ သိုင်းပညာမြင့်မားတာနဲ့ လူလူချင်းစာနာထောက်ထားတတ်တဲ့ အသိရှိတာ တခြားစီဗျ၊ သိုင်းပညာမတတ်လို့ သတ္တိမရှိဘူးမထင်နဲ့၊ ကျုပ်က အသက်ထက် အရှက်ကိုပိုပြီးဂရုစိုက်တယ်၊ ကျုပ်ကို အကြောင်းမဲ့ လာစော်ကားလို့ကတော့ ကျုပ်ထက် ပညာအဆတစ်ရာကျော်ပါစေ ... ကျုပ်က မမှုဘူး"

မိန်းမပျိုသည် ကြားရသောစကားကြောင့် တအံ့တသြဖြစ်သွားသည်။

သူမသည် ဘဝတစ်လျှောက်လုံး၌ ကိုယ့်ကိုယ်ကိုယ်သာ ဂရုစိုက်ခဲ့ပြီး အများ၏အလေးထား ဂရုစိုက်မှုကိုခံယူခဲ့သူ ဖြစ်သည်။ သူမကိုယ်တိုင်ကမူ တစ်ဖက်သား၏အရေးကိစ္စများကို ဂရုစိုက်သူမဟုတ်ခဲ့။

အတ္တကြီးသူ၊ မာနကြီးသူဟု ဆိုလျှင်မှားမည်မဟုတ်။ တစ်ပါးလူကို ဖိနှိပ်ချုပ်နှိမ်သော ပြောဆိုမှု၊ ပြုမူမှုများကို လုပ်လေ့ရှိသော်လည်း သူ့အပေါ် မလေးမစားမရိုမသေလုပ်လာလျှင်ကား သည်းခံစိတ် ရှိလှသူ မဟုတ်။ သူ့ကိုမထီမဲ့မြင်ပြုခဲ့ပါက ထိုလူကို ရန်ရှာတတ်သော အနိုင်ကျင့်တတ်သော ဗီဇစရိုက်ရှိသူဖြစ်သည်။

သူမဘဝ၌ လူအတော်များများကို အရှက်ခွဲခဲ့ဖူးသော်လည်း အရှက်ကွဲခံရသူများသည် သူမကို ဘယ်သူမျှ ဆန့်ကျင်ခြင်း မပြုခဲ့ကြ။ အားလုံးလိုလို ရေငုံနှုတ်ပိတ်ပြီး ခေါင်းငုံ့သွားကြသည်ချည်းဖြစ်သည်။ ဤအချက်ကပင် သူမ၏မာနကို မီးလောင်ရာ လေပင့်



လုပ်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ယခုမူ ဤသို့မဟုတ်။ ကွမ်လိန်၏မကျေမနပ်တုံ့ပြန်မှုကို ကြားနေရပြီ ဖြစ်၏။ ထို့ကြောင့် တစ်ကြိမ်တစ်ခါမျှ မခံစားခဲ့ရဖူးသော ဝေဒနာတစ်ခုကို ခံစားလာရသည်။

ကွမ်လိန်သည် သူမကို ဂရုမစိုက်ဟန်နှင့် သူပြောစရာရှိသည်များကို ရဲရဲဖွင့်ချနေ၏။

"ခင်ဗျားကို အကြောင်းစုံရှင်းပြနေတာဟာ ကိုယ့်ကိုယ်ကိုယ်ကာကွယ်နေတာ မဟုတ်ဘူး၊ ခင်ဗျားကိုပြောပြချင်လွန်းလို့ ပြောပြနေတာလည်း မဟုတ်ဘူး၊ ကျွန်တော့်ဘဝမှာ ဘယ်သူ့ကိုမှ လိမ်ညာခဲ့ခြင်း မရှိခဲ့ဘူး၊ ဒါကြောင့်မို့ အကြောင်းရင်းအမှန်တွေကို ပြောပြခဲ့တာပဲ၊ အခု ကျွန်တော့်မှာ ပြောစရာစကားကုန်သွားပြီ၊ ယုံတာမယုံတာတော့ ခင်ဗျားရဲ့စိတ်နှလုံးပေါ်မှာ မူတည်ပါတယ်၊ ကျုပ်က အသက်ထက် အရှက်ကို ဦးစားပေးခဲ့တယ်လို့ဆိုခဲ့တယ်၊ အဲဒီအချက်ကိုတော့ ခင်ဗျား ယုံအောင်သက်သေပြနိုင်ပါတယ်"

ကွမ်လိန်သည် စကားဆုံးသွားသည်နှင့် ဓားအိမ်ထဲပြန်၍ ထည့်ထားသော ဓားကို ရှပ်ခနဲ ဆွဲထုတ်လိုက်သည်။

မိန်းမပျိုသည် လေးနက်သောစကားသံများကို နားထောင်ရင်းက ဘာပြန်ပြောရမှန်း မသိအောင်ဖြစ်သွားသည်။

ထိုစဉ် ကွမ်လိန်မျက်လုံးကို မှိတ်ပစ်လိုက်ပြီး လက်ထဲမှ ဓားကို မြှောက်တင်လိုက်သည်။

ထို့နောက် ကိုယ့်လည်ပင်းကိုယ်ဖြတ်ရန် ဟန်ပြင်လိုက်သည်။

မိန်းမပျိုသည် မမျှော်လင့်သောအဖြစ်ကြောင့် ထိတ်ခနဲ ဖြစ်သွားပြီး ရှေ့ကို ရိပ်ခနဲတိုးသွားသည်။

မိန်းမပျို၏လှုပ်ရှားမှုသည် လျှပ်ပြက်သလို မြန်ဆန်လှသော်လည်း ကွမ်လိန်၏လှုပ်ရှားမှုကို လိုက်၍မမီချေ။ ကွမ်လိန်က ထိုသို့ပြုလုပ်လိမ့်မည်ဟု မထင်မှတ်သောကြောင့်ပေတည်း။

သို့သော် ကွမ်လိန်ဓားကို မြှောက်တင်လိုက်စဉ်၌ သူ့ဘေးမှ အဖြူရောင်အရိပ်တစ်ရိပ်သည် လှစ်ခနဲ လှုပ်ရှားသွားခဲ့သည်။

ထို့ကြောင့် ကွမ်လိန်၏ဓားကိုင်လက်သည် ထုံကျဉ်သောဝေဒနာကို ခံစားလိုက်ရပြီး ဓားသွားသည် လည်ပင်းနှင့်တစ်လက်မလောက်အကွာ၌ တန့်ခနဲရပ်သွားသည်။ သူ့လက်,မလှုပ်ရှားနိုင်ဘဲ ဖြစ်နေသည့်အချိန်တွင် မိန်းမပျိုက အနီးသို့ရောက်လာပြီး သူ့လက်ကောက်ဝတ်ကို ဖျပ်ခနဲ ဆုပ်ကိုင်လိုက်တော့သည်။

မိန်းမပျိုက သူ့အား စော်ကားနှိမ့်ချသည်ဟု ယူဆလိုက်မိသည်။ အရှက်ကြီးသူဖြစ်၍ အရှက်နှင့်အသက်ကိုလဲရန် ကြံစည်လိုက်သော်လည်း ထမြောက်အောင်မြင်ခြင်းမရှိဘဲ ဖြစ်သွားရသည်။

ထိုစဉ် ကွမ်လိန်၏ဓားကိုင်လက်ချောင်းလေးများသည် ခံစားမှုမဲ့သလိုဖြစ်သွားပြီး ကွေးရာမှ ဆန့်ထွက်လာသည်။ ထို့ကြောင့် မြည်နေသောဓားသည် ကိုယ်နှင့်ကပ်ပြီး ပြုတ်ကျသွားသည်။ ဓားရိုးသည် ကျောက်တုံးတစ်တုံးပေါ်သို့ ကျသွားသဖြင့် ဒေါင်ခနဲမြည်သွားပြီး ဓားရိုးတွင် ထပ်ထားသောပုလဲလုံးပါ ကွာကျသွားသည်။ ပုလဲလုံးကလေးသည် အရှိန်နှင့် လွင့်သွားရာမှ ချောက်ထဲသို့ကျသွားသည်။



ကွမ်လိန် မျက်လုံးပွင့်လာသောအခါ မိန်းမပျို၏ ရွှန်းလဲ့တောက်ပသော မျက်လုံးအစုံကို အရင်ဆုံးတွေ့လိုက်ရသည်။

သူမ၏မျက်လုံးသည် အံ့သြသော၊ ထူးခြားသော ရှုပ်ထွေးသော အရိပ်အယောင်များ လွှမ်းနေသည်။

ကွမ်လိန်သည် ယခုမှ တအံ့တသြဖြစ်သွားပြန်သည်။ မိန်းမပျိုကို စိုက်ကြည့်လိုက်သည်။ စိတ်ထဲတွင် ဓားကိုင်လက်တစ်ခုလုံး ထုံကျင်ကိုက်ခဲသွားပုံ၊ လုံးဝလှုပ်မရအောင်ဖြစ်သွားပုံ၊ နောက်မှ နာကျင်မှုများ ပျောက်သွားပုံ စသည်တို့ကို သတိရလာသည်။ တစ်ချိန်တည်းတွင်. လက်ကောက်ဝတ်မှ နူးညံ့သောအတွေ့အထိတစ်ခုကို ခံစားလာမိသည်။

အခြေအနေကိုရိပ်စားမိလာသဖြင့် အာခေါင်များ ခြောက်ကပ်ပြီး စကားမပြောနိုင်အောင် ဖြစ်သွားသည်။ လက်ကောက်ဝတ်ဆီမှတင်လာသော အတွေ့အထိသည် နှလုံးသားတိုင်ရောက်လာပြီး ရင်တဒိတ်ဒိတ်ခုန်လာသည်။

"ခင်ဗျား ... ခင်ဗျားက ဘာဖြစ်လို့ ကျွန်တော့်အသက်ကို ကယ်နေတာလဲ"

ကွမ်လိန် ဗလုံးဗထွေးနှင့်ပြောသည်။

မိန်းမပျိုသည် ယခုမှ သူ့အဖြစ်ကို သူသတိရလာပြီး ရှက်စိတ်မွန်တက်လာပြီး မျက်နှာတစ်ပြင်လုံး ပန်းနုရောင် သမ်းသွားသည်။ တစ်ပြိုင်နက်တည်းတွင် ကွမ်လိန်၏ လက်ကောက်ဝတ်ကို လွှတ်ပေးလိုက်ပြီး မျက်နှာချသွားသည်။

ထိုအချိန်မှာပင် သူမနောက်ကျောဘက်မှ အေးစက်စက်အသံ ပေါ်လာသည်။

"မင်းက ဘာဖြစ်လို့ သေချင်နေတာလဲ၊ ငါ့ကိစ္စကို လုပ်မပေးဘဲ သေသွားလို့မဖြစ်သေးဘူးကွ"

ကွမ်လိန်သည် ခုမှ သက်ပြင်းရှည်ကြီးချပစ်လိုက်သည်။ ခုနက သူ့လက်တစ်ဖက်လုံး ထုံကျဉ်ကိုက်ခဲသွားခြင်းသည် အကျီဖြူသိုင်းသမား၏လှုပ်ရှားမှုကြောင့်ဖြစ်ကြောင်း သဘောပေါက်လာသည်။

အကျီဖြူသိုင်းသမား၏သိုင်းပညာသည် လျှို့ဝှက်နက်နဲလှပြီး အံ့ဩဖွယ်ကောင်းသောအဆင့်သို့ရောက်နေကြောင်း သတိပြုလာသည်။ ထို့ကြောင့် ရှုပ်ထွေးနေသော စိတ်နှလုံးသည် ကြည်ကြည်လင်လင် ဖြစ်လာသည်။ မိန်းမပျိုသည် ယခုမှ အကျီဖြူသိုင်းသမားကို သတိပြုမိလာသည်။ ထို့ကြောင့် ...

'ဒီလူ့ကို ဘာဖြစ်လို့ သတိမထားမိခဲ့ပါလိမ့်' ဟု တွေးလိုက်မိသည်။

ယခုမှ ပန်းနုရောင်သမ်းနေသော မျက်နှာပြင်သည် ရဲခနဲနီတက်လာသည်။

မိန်းမပျိုသည် ယခင်က မရှိခဲ့သည့်စိတ်ဓာတ်များ ဝင်နေခဲ့သည်။ သူ့ကိုယ်သူ နားမလည်နိုင်အောင် ဖြစ်လာသည်။

သူ့ရင်သည် ကွမ်လိန်၏ လက်ကောက်ဝတ်ကို ကိုင်ခဲ့စဉ်ကလည်း တဒိတ်ဒိတ်ခုန်နေခဲ့သည်။ ကွမ်လိန် သူ့ကိုယ်သူ သေကြောင်းကြံခဲ့သည်ကိုလည်း စိုးရိမ်စိတ်ဖြစ်ပေါ်ခဲ့သည်။



ယခု အဖြူရောင်အကျီနှင့်လူကို တွေ့လိုက်ရသောအခါ၌လည်း ရှက်စိတ်မွှန်နေပြန်သည်။

ကွမ်လိန်ကို စတွေ့စဉ်ကလည်း ဘာကြောင့်ရယ်မသိ ထိတ်ခနဲဖြစ်သွားခဲ့သည်။ ပထမဆုံးစကားပြောစဉ်ကလည်း ပြောမပြတတ်သောဝေဒနာတစ်ခုကို ခံစားခဲ့ရသည်။

ယင်းအဖြစ်၊ ယင်းခံစားမှုသည် မည်သည့်အကြောင်းကြောင့် ဖြစ်ပေါ်နေရသနည်း။ မိန်းမပျိုသည် အဖြေရှာမရ၊ စိတ်ရှုပ်ထွေးလာသည်။ ကိုယ့်ကိုယ်ကိုယ်လည်း အံ့ဩနေသည်။

"ဘာဖြစ်တာလဲ ... ဘာဖြစ်လို့လဲ"

သည်မေးခွန်းများကို သူမ မဖြေနိုင်ပေ။ သူမသည် တိကျသောအဖြေကို မစဉ်းစားနိုင်ဘဲ ခေါင်းရှုပ်လာသည်။

သူမသည် ကွမ်လိန်နှင့် စတွေ့ကတည်းက အမည်မဖော်နိုင်သော နှလုံးသားခံစားမှုများကို အံ့ဩဖွယ်ခံစားရသော်လည်း သူမ၏ပင်ကိုဘဝင်မြင့်မှုနှင့် မာနခက်ထန်မှုတို့က ထိုခံစားမှုများကို ဖုံးကွယ်ထားရန် ကြိုးစားခဲ့သည်။

သူမရင်ထဲတွင် သန္ဓေတည်စပြုနေသော အကြင်နာတရားများကို ခက်ထန်မာကျောသည့်စိတ်ဖြင့် ဖျက်ဆီးပစ်ရန် ကြိုးစားခဲ့သည်။ သို့သော် သူမ၏ဦးနှောက်ထဲမှ စိတ်ဆန္ဒများသည် နှလုံးသားခံစားမှု၏အနိုင်ယူခြင်းကို ခံလိုက်ရသည်။

ထို့ကြောင့် သူမစိတ်ထဲ ရှုပ်ထွေးနေပြီး အကျီဖြူသိုင်းသမားကိုသာ လှမ်းကြည့်လိုက်မိတော့သည်။

ထိုအခါ ထူးခြားသော အာရုံခံစားမှုကို ခံစားလိုက်ရပြန်သည်။

အကျီဖြူသိုင်းသမား၏မျက်နှာသည် ကျောက်သားလို ဖြူဆွတ်ပြီး လေးနက်တည်ကြည်နေသော်လည်း တစ်ခုခုလိုနေသလို ခံစားနေရသည်။ ထိုလူသည် လူစင်စစ်ဖြစ်ပါသော်လည်း သက်ဝင်လှုပ်ရှားနေသော လူနှင့်မတူဘဲ ကျောက်ရုပ်တစ်ခုနှင့် တူနေသည်ဟု ပင် ထင်နေမိသည်။

မိန်းမပျိုသည် အကျီဖြူသိုင်းသမားကို စိုက်ကြည့်နေရင်းက တစ်စုံတစ်ခုကို သဘောပေါက်လာပြီး မပြုံးချင်ဘဲ ပြုံးလိုက်သည်။

"ဒီလူ့မျက်နှာဟာ သက်ရှိလူနဲ့ လုံးလုံးမတူဘူး၊ ဟိုလူ ေးကို ခွဲထုတ်လိုက်တုန်းက အနီးဆုံးဖြစ်တဲ့ငါက အရင်လှုပ်ရှားခဲ့တာပဲ၊ ဒါတောင် ငါ သူ့ကိုမဟန့်တားနိုင်ခဲ့ဘူး။ ဒီအကျီဖြူနဲ့လူက ငါ့ထက် ခြေတစ်လှမ်းစောပြီးရောက်လာခဲ့လို့ ဟိုလူမသေတာဘဲ၊ ဒီလူဟာ ဘယ်သူလဲ၊ သူ့ပညာကတော့ အထက်တန်းကျပြီး အဆင့်မြင့်နေတာပဲ၊ ဒါပေမဲ့ သူ့အမူအရာကတော့ ဘာကိုမှသိနားလည်မှုမရှိတဲ့ ကျောက်ရုပ်လိုပဲ"

မိန်းမပျိုသည် တအံ့တဩနှင့်တွေးနေသည်။ အကျီဖြူသိုင်းသမားမှာလည်း ငြိမ်သက်နေသည်။ ကွမ်လိန်ကလည်း လုံးဝ မလှုပ်ရှား။

ထိုပတ်ဝန်းကျင်သည် ချောက်ချားဖွယ်ကောင်းအောင် ငြိမ်သက်တိတ်ဆိတ်နေသည်။



နေမင်းကြီးသည် အနောက်ဘက်သို့ အနည်းငယ် တိမ်းစောင်းသွားပြီဖြစ်၏။ ရွှေရောင်တောက်နေသော အလင်းရောင်သည် ခပ်လှမ်းလှမ်းတွင်ရှိနေသော တောင်တန်းကြီးပေါ်သို့ ရွှေရည် ဖျန်းသလို ဖြာကျနေသည်။ ဖြူဖွေးလှသော တိမ်စိုင်တိမ်ခဲများသည် လေအဟုန်ကြောင့် တရိပ်ရိပ်ပြေးလွှားနေကြသည်။

မိန်းမပျိုသည် ငြိမ်နေရာမှ အခြေအနေကို အကဲခတ်လိုက် ပြန်သည်။ ထိုအခါ အကျီဖြူသိုင်းသမားက ကွမ်လိန်ကို စိုက်ကြည့်နေ သည်ကို တွေ့ရသည်။

ထိုစဉ် ...

မီးခိုးအရင့်ရောင် အဝတ်အစားနှင့် လူနှစ်ယောက်သည် ကျောက်တုံးအိမ်ကလေး၏အနောက်ဘက်တွင်ရှိသော သစ်ပင် တစ်ပင်သို့ လျှပ်ပြက်သလို ပြေးကပ်သွားကြ၏။ ထိုလှုပ်ရှားမှုကို ငြိမ်သက်နေသည့်လူသုံးယောက် မမြင်လိုက်ကြချေ။

မဝေးမနှောင်းပင် ထိုသစ်ပင်အနီးမှ လေတိုးသံထွက်ပေါ် လာပြီး အရာဝတ္ထုတစ်ခုသည် တန်းခနဲပြေးလာသည်။ ထိုအရာဝတ္ထု သည် နေရောင်အောက်၌ မည်းနက်သောပစ္စည်းကလေးကိုးခု ဖြစ်နေသည်။

မိန်းမပျိုသည် အတွေးကမ္ဘာထဲတွင် နစ်မျောနေရာမှ ဆတ်ခနဲဖြစ်သွားပြီး မျက်နှာပျက်သွားသည်။ သူမသည် နှစ်အတော် ကြာ လေ့ကျင့်ခဲ့သောပညာကြောင့် လက်နက်ပုန်းများဝင်လာပြီ ဖြစ်ကြောင်း သိလိုက်သည်။

လက်နက်ပုန်းများသည် ကိုးခုတိတိရှိပြီး သူမ၏ကျောတွင်ရှိသော သွေးကြောခုနစ်ခုကို တိုက်ခိုက်လိုက်ကြောင်းလည်း သတိထားလိုက်မိသည်။ ထိုလက်နက်ပုန်းများသည် မည်သည့်အရာများဖြစ်ကြောင်း၊ လက်နက်ပုန်းပိုင်ရှင်သည် ထိပ်တန်းရောက် သိုင်းသမားဖြစ်ကြောင်း ရိပ်စားမိလိုက်သည်။

ထို့ကြောင့် အသိကလေး ဝင်းခနဲဖြစ်သွားသည်နှင့် အထိတ်တလန့် ခုန်ပေးလိုက်သည်။ သူမ၏လှုပ်ရှားမှုသည် အလွန်လျင်မြန်လှသဖြင့် အစိမ်းရောင်ငှက်ကလေးပျံသွားသလား ထင်မှတ်လိုက်ရသည်။

ဤတွင် လက်နက်ပုန်းများက သူမရပ်နေရာမှ ကျော်သွားပြီး ငိုင်နေသောအင်္ကျီဖြူသိုင်းသမားနှင့် ကွမ်လိန်ဆီ ပြေးဝင်သွားသည်။

မိန်းမပျိုသည် လေထဲတွင်ရှိနေရာမှ အောက်သို့ ငုံ့ကြည့်လိုက်သောအခါ လက်နက်ပုန်းများကို တွေ့မြင်လိုက်ရသဖြင့် မျက်နှာပျက်သွားသည်။

ကွမ်လိန်၏ပညာသည် ဤလက်နက်ပုန်းများကို ရှောင်တိမ်းနိုင်လိမ့်မည် မဟုတ်ဟုလည်း တွေးထင်လိုက်မိသည်။ သူမကိုယ်တိုင်ကလည်း လေထဲတွင်ရှိနေသဖြင့် ထိုလက်နက်ပုန်းများ၏အပြေးနှုန်းကို ဟန့်တားကာကွယ်နိုင်မည့် အခြေအနေမဟုတ်။

"ရှောင်လိုက်"

ထို့ကြောင့် အထိတ်ထိတ်အလန့်လန့် အော်ဟစ်လိုက်မိ၏။



သို့သော် ...

အင်္ကျီဖြူသိုင်းသမားက မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်ပြီးနောက် သူ့လက်ကို လျှပ်တစ်ပြက်လှုပ်ရှားကာ ယမ်းခါပစ်လိုက်သည်။

မိန်းမပျိုသည် သူ့ခြေထောက်အောက်မှ အအေးလှိုင်းရိုက်ခတ်မှုကို ခံစားလိုက်ရသဖြင့် လှမ်းကြည့်လိုက်သောအခါ အရှိန်ပြင်းစွာ ပြေးဝင်သွားသော လက်နက်ပုန်းကလေးများသည် နောက်ကြောင်းသို့ ပြန်ကွေ့ပြီး လွင့်စဉ်သွားကြ၏။ ထိုအချိန်တွင် မြေပြင်မှ ဖုန်မှုန့်များ လွင့်ပျံတက်လာသည်ကို တွေ့လိုက်ရသည်။

မိန်းမပျိုသည် လေထဲတွင် ကျွမ်းပစ်လိုက်ရင်းက ကျောက်တုံးအိမ်အနောက်ဘက်ရှိ သစ်ပင်အုပ်ထဲသို့ လှမ်းကြည့်လိုက်မိ၏။ ဤတွင် မီးခိုးရင့်ရောင်အဝတ်အစားနှင့် လူနှစ်ယောက်သည် ငှက်ကလေးနှစ်ကောင် ပျံပြေးကြသကဲ့သို့ တောင်အောက်သို့ ပြေးဆင်းသွားကြသည်ကို တွေ့လိုက်ရလေသည်။ ကွမ်လိန်သည် ငိုင်နေရာမှ ခေါင်းထောင်ထလာသည်။

ယခုခဏအတွင်း ဖြစ်ပွားသွားသည့် ကိစ္စကြီးကိုပင် သူနှင့် ဘာမှမပတ်သက်သကဲ့သို့ ခပ်အေးအေးပင် ကြည့်နေသည်။ သေခြင်းရှင်ခြင်းသည် သူ့အတွက် လှုပ်ရှားစရာမဟုတ်တော့ဟု ယူဆနေသလား မပြောတတ်ပါပေ။

ထိုအချိန်မှာပင် လေထဲတွင်ဝဲနေသော မိန်းမပျိုသည် မြေပြင်သို့ ပြန်ကျလာ၏။

သို့သော် ... သူမသည် ရပ်တန့်မနေတော့ဘဲ လွှားခနဲ လွှားခနဲ ခုန်ပစ်လိုက်သည်။ ထို့နောက် တောင်အောက်သို့ ပြေးဆင်းသွားသော လူနှစ်ယောက်နောက်သို့ တရကြမ်းပြေးလိုက်သွားတော့သည်။

အဖြူရောင်ဝတ်စုံဝတ်သိုင်းသမားသည် ဘာမှမဖြစ်သကဲ့သို့ ရပ်မြဲတိုင်း ရပ်နေပြီး မိန်းကလေးကို လှမ်းကြည့်နေသည်။ သူ့အနေဖြင့် ကျောက်တုံးအိမ်အနောက်ရှိ သစ်တောထဲမှ လှုပ်ရှားမှုကို မတွေ့မိသကဲ့သို့ရှိနေသည်။

မိန်းကလေးသည် အတော်ဝေးဝေးရောက်သွားသောအခါမှ အနည်းငယ်လှုပ်ရှားလာသည်။ မကြာခင်မှာပင် မြေပြင်ကို ခြေနှင့်ဆောင့်ပြီး လွှားခနဲခုန်ထွက်သွားသည်။ ထိုလူ ခုန်ပျံပြေးထွက်သွားပုံသည် လေထဲတွင် လွင့်မျောနေသော မီးခိုးငွေ့လိုဖြစ်နေသည်။

မကြာခင်မှာပင် မိန်းကလေးနှင့် အဖြူရောင်အင်္ကျီ သိုင်းသမားပါ သစ်တောမှ ကွယ်ပျောက်သွားကြသည်။

ကွမ်လိန်သည် သူတို့နှစ်ယောက်ပျောက်ကွယ်သွားပုံကို ငေးကြည့်နေရာမှ အတော်ကြာအောင် ငိုင်နေမိသည်။ စိတ်ထဲ၌လည်း ကိုယ့်ကိုယ်ကိုယ် မကျေနပ်သလို ရှေရွှတ်နေမိသည်။

"ကွမ်လိန် ... ကွမ်လိန်၊ တစ်နေ့တစ်ရက်ဆိုတဲ့ အချိန်အတောအတွင်းမှာ မင်းအတွက် စိတ်ညစ်စရာတွေ၊ ထိတ်လန့်စရာတွေ၊ ဝမ်းနည်းစရာတွေ၊ အရှက်ခွဲခံခဲ့ရတာချည်းပါပဲလား၊ ပြီးတော့ မင်း သံယောဇဉ်ကြီးလှတဲ့ ရှမ်းဝေလေးဟာလည်း မင်းအတွက်နဲ့



အသေဆိုးသေခဲ့ရပြီ မဟုတ်လား၊ ဒါတွေဟာ ဘယ်သူ့အမှားတွေလဲ ဟင်၊ ဘယ်သူ့အမှားတွေလဲ"

ကွမ်လိန်သည် ကြေကွဲဆို့နင့်စိတ်နှင့် ကောင်းကင်ကြီးကို မော်ကြည့်လိုက်မိပြန်သည်။ ကြည်လင်သန့်ရှင်းနေသော ကောင်းကင်ပြင်တွင် တိမ်တိုက်တစ်ခု ရွေ့လျားနေသည်ကို တွေ့ရသည်။ ထိုတိမ်တိုက်သည် မကြာမီမှာပင် မျက်စိရှေ့မှ ပျောက်ကွယ်သွားပြန်သည်။

"အင်း ... ငါ့ခေါင်းထဲက စိတ်ရှုပ်ထွေးစရာတွေဟာ ဒီတိမ်တိုက်ကြီး ပျောက်ကွယ်သွားသလို မြန်မြန်ဆန်ဆန်ပျောက်ကွယ်သွားရင် သိပ်ကောင်းမှာပဲ"

စင်စစ် စစ်မိန်ဂေဟာတွင်ဖြစ်ပွားခဲ့သော လူအမြောက်အမြား သေဆုံးခြင်းသည် သူနှင့် ဘာမှပတ်သက်သည်မဟုတ်။ သို့သော် ... အသွားမတော်တစ်လှမ်း ဆိုသကဲ့သို့ နေရင်းထိုင်ရင်း ရှုပ်ထွေးသော ပြဿနာကြီးထဲသို့ ဝင်လာမှန်းမသိ ဝင်လာခဲ့ခြင်းသည် သူ့ကံကြမ္မာဟု ဆိုရမည်လား မသိပေ။ သူ့ထက်ပို၍ ကံဆိုးသူကား ရှမ်းဝေဖြစ်သည်။

ရှမ်းဝေသည် ဘုမသိဘမသိ အချောင်သေခဲ့ရ၏။ သည်အကြောင်းကိုတွေးမိလျှင် ကမ္ဘာမကျေသော ဒေါသများ ဖြစ်ပေါ်လာရသည်။ ထို့ကြောင့် မပြေနိုင်သော ရန်ငြိုးကို ပေးဆပ်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။

သို့သော် ... ထိုကိစ္စကို ဆောင်ရွက်လုပ်ကိုင်ရန်မှာကား လွယ်ကူသော အလုပ်မဟုတ်။ သူ့အတွေ့အကြုံ၊ သူ့သိုင်းပညာက

စာဖွဲ့လောက်အောင် ကောင်းသည်မဟုတ်။ သာမန်လူတစ်ယောက်ထက် သာသည်ဆိုသော သိုင်းပညာမျှသာ ရှိသည်။ သိုင်းလောကထဝင်ဆံ့နိုင်ဖို့ဆိုသည်မှာ ဖြစ်နိုင်လှသည်မဟုတ်။ သူ့ပညာကလေးဖြင့်လျှို့ဝှက်နက်နဲသောပြဿနာကို ဖြေရှင်းနိုင်ဖို့ဆိုသည်မှာ အသူတရနက်သောချောက်ထဲ ဆင်းရသည်ထက်ပင် ခက်လှသည် မဟုတ်ပါလား။

ပြီးတော့ ...

ဘာမဟုတ်သည့် မိန်းကလေးတစ်ယောက်၏ အထင်သေးသံ၊ ပြက်ရယ်ပြုသံ၊ အရှက်တကွဲအကျိုးနည်းဖြစ်အောင် ရှုပ်ချသံ ... စသည်တို့သည်လည်း အသည်းထဲစွဲမြဲနေဆဲရှိသည်။

ကွမ်လိန်သည် စိတ်ရှုပ်ထွေးစွာ ရပ်နေရင်းက ဘာဆက်လုပ်ရမှန်းမသိဘဲ ဖြစ်နေသည်။

စောစောက အနားတွင်ရှိနေသော မိန်းမပျိုနှင့် အင်္ကျီဖြူသိုင်းသမားတို့မှာလည်း ဘယ်ရောက်သွားကြလေပြီမသိ။ သူတို့နောက်လိုက်သွားရကောင်းမလား၊ သည်မှာဘဲ ရပ်စောင့်နေရကောင်းမလား၊ စိတ်ထဲတွင် ဒွိဟဖြစ်နေပြန်သည်။

“ငါက သူတို့ကို ဘာကိစ္စ စောင့်နေရမှာလဲ”

ကွမ်လိန်သည် ရပ်နေရာမှ ရှေ့ကို လှမ်းလိုက်လေသည်။ ထို့နောက် ချောင်းကူးတံတားလေးပေါ် လျှောက်လာပြီး တစ်ဖက်ကမ်းသို့ ရောက်လာသည်။ လမ်းလျှောက်ရင်းကလည်း တတွတ်တွတ် ရေရွတ်နေမိပြန်သည်။



“စစ်မိန်ဂေဟာမှာဖြစ်ပွားခဲ့တဲ့ကိစ္စကြီးဟာ ကြောက်စရာကောင်းအောင် ရှုပ်ထွေးနေတဲ့ ပြဿနာကြီးပဲ၊ ငါ့အရည်အချင်းလောက်နဲ့ ဒီအရှုပ်အထွေးကြီးကို ဘယ်တော့မှ ဖြေရှင်းနိုင်လိမ့်မယ် မထင်ဘူး၊ အရေးကြီးတာက ကိုယ့်အရည်အချင်းကို အစစမြင့်တက်သွားအောင် ကြိုးစားရလိမ့်မယ်၊ တကယ့်တကယ်ကျတော့ ဒီကိစ္စကြီးဟာ ငါနဲ့ ဘာမှဆိုင်တာမဟုတ်ဘူး၊ တစ်ခုတော့ရှိတယ်၊ ဒီကိစ္စကြီးနဲ့ဆက်သွယ်ပြီး ငါ့ညီလေးလို ချစ်ခင်တဲ့ ရှမ်းဝေသေသွားတာဟာ မကျေနပ်စရာအချက်ပဲ၊ ဒါပေမဲ့ လောလောဆယ်မှာတော့ ဒီကိစ္စတွေကို ခေတ္တခဏ မေ့ထားရဦးမှာပဲ”

ပါးစပ်ကသာ မေ့ထားရဦးမည်ဟု ရေရွတ်နေမိသော်လည်း ထိုကိစ္စသည် နှလုံးသည်းပွတ်ထဲ၌ ရှင်သန်နေဆဲရှိသည်။

ကွမ်လိန်သည် တဖြည်းဖြည်းလျှောက်လာရင်း တောင်တစ်တောင်၏ ထောင့်ချိုးတစ်ခုသို့ ရောက်လာသည်။

ဝင်လုဆဲဆဲနေမင်း၏ရောင်ခြည်သည် သစ်ရွက်ကြိုသစ်ရွက်ကြားမှတစ်ဆင့် ရွှေရောင်တန်းများလို ဝင်းနေသည်။ တောတန်းလျှို့မြောင်ကို ဖြတ်တိုက်လာသော လေပြည်သည် သိမ်မွေ့စွာတိုးဝှေ့နေသည်။ ဆည်းဆာ၏အလှသာတည်း။

## အခန်း (၄)
## လမ်းတွင်ဆုံသည့် ဧည့်သည်များ

သဘာဝအလှတွင် နစ်မျောသွားမိသော ကွမ်လိန်သည် သောကများ ပြေလျော့သွားသလို ခံစားနေရပြန်သည်။ ထိုစဉ် ဒေါက်ခနဲ ဒေါက်ခနဲ မြည်သွားသောအသံကြောင့် ကိတ်ခနဲဖြစ်သွားမိပြန်သည်။ အသံသည် သံ,သံချင်း ရိုက်ခတ်သံလိုလို၊ သစ်သားချောင်းနှင့်ကျောက်တုံး ရိုက်မိသလိုလို ဖြစ်နေသည်။

အရဲကိုး၍ ရှေ့သို့တိုးသွားမိသောအခါ အဖြစ်မှန်ကို သေသေချာချာမြင်တွေ့လိုက်ရတော့သည်။

လှမ်းထားဆဲ ခြေတစ်ဖက်သည် ရှေ့ကို တိုးမသွားတော့ဘဲ အလိုလို ရပ်လိုက်မိလျက်သား ဖြစ်သွားသည်။

လူတစ်ယောက် ... သူ့ရှေ့ခပ်လှမ်းလှမ်းမှာ တည်တည်ငြိမ်ငြိမ် ရပ်နေသောလူတစ်ယောက်။ ထိုလူသည် စုတ်ပြတ်ညစ်နွမ်းနေသော အဝတ်အစားများကို ဝတ်ဆင်ထားသည်။ ခေါင်းသည် ငှက်တစ်ကောင်နှင့်တူနေပြီး ခပ်ကြီးကြီးဖြစ်သည်။

ကိုယ်လုံးမှာ ထင်းတစ်ချောင်းလို ပိန်ပြားနေပြီး ခြေထောက်က ကိုယ်နှင့်မလိုက်အောင် ကြီးနေသည်။ ခြေတစ်ဖက်မှာ အကောင်းပကတိမဟုတ်ဘဲ ကျိုးနေသဖြင့် သံတုတ်ကောက်တစ်ခုကို ချိုင်းတွင်



ညှပ်ထားပြီး ခြေကြီးကိုထောက်ထားလျက်ရှိသည်။ ဆံပင်သည် ရှုပ်ပွမွေလိမ်နေသည်။ မျက်လုံးအစုံကား လူနှင့်မလိုက်ဖက်အောင် အရောင်တလက်လက် တောက်နေသည်။ သူသည် ကွမ်လိန်ကို မမှိတ်မသုန် စိုက်ကြည့်လျက် ရှိနေသည်။

ကွမ်လိန်သည် ထိုလူကိုကြည့်နေရင်း တစ်စုံတစ်ရာကို သတိရလိုက်သဖြင့် ဆတ်ခနဲတွန့်သွားပြီး ခေါင်းနပန်း ကြီးလာလေသည်။

ဦးနှောက်ထဲတွင် စစ်မိန်ဂေဟာကြီး၏အနောက်ဘက် ဆောင်ထဲမှ ခြေတစ်ဖက်ကျိုးအလောင်းကို သတိရလာသည်။ ထိုအလောင်းကောင်ကို သူသေသေချာချာ မှတ်မိနေသည်။ ထိုအလောင်းဘေးကြမ်းခင်း သမံတလင်းထဲသို့ စိုက်နစ်နေသော အနက်ရောင်တုတ်ကောက်ကိုလည်း ပြန်ပြီးမြင်ယောင်လာသည်။ ထိုလူ၏ အလောင်းကို သေသေချာချာ မြှုပ်နှံပေးခဲ့သည်ကိုလည်း ပြန်ပြီး မြင်ယောင်လာသည်။ ထိုလူ၏အလောင်းကို သေသေချာချာမြှုပ်နှံ ပေးခဲ့သည်ကိုလည်း ကောင်းကောင်းမှတ်မိနေသည်။

သွေးများပေကျံနေ သော ခြေတစ်ဖက်ကျိုး၏မျက်နှာနှင့် ယခု သူ့ရှေ့တွင်ရပ်နေသော တုတ်ကောက်နှင့်ခြေတစ်ဖက်ကျိုးသည်

ကွမ်လိန်ဆက်မတွေးရဲ တော့။ ရင်ထဲတွင် သွေးခုန်နှုန်းများ မြန်လာပြီး ကြောက်ရွံ့ထိတ်လန့်လာသည်။

ရှေ့တွင်ရပ်နေသော ခြေတစ်ဖက်ကျိုးကြီးက သူ့အရိပ် အကဲကို မျက်ခြည်မပြတ်စိုက်ကြည့်နေပြီး ဖြူဖွေးသောသွား ပေါ်

အောင် ရယ်သွမ်းသွေးလိုက်သည်။ ထို့နောက် ...

"မင်း ... ဘယ်ကလာတာလဲ"

အသံက တိုးသယောင်ရှိသော်လည်း စူးရှပီသသည်။ စကားကို တစ်လုံးချင်း ပြောသောကြောင့် အသည်းယားစရာကောင်းသည်။ စကားလုံးများသည် စူးရှသောအသံဖြင့် နားထဲသို့ ဝင်လာပြီး အသည်းထဲသို့ စိုက်နစ်သွားသလို ခံစားလိုက်ရသည်။ ကွမ်လိန်က ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီး အနောက်ဘက်သို့ လက်ညှိုးညွှန်ပြလိုက်သည်။

"ကောင်းတယ် ... ကောင်းတယ်"

ခြေတစ်ဖက်ကျိုးကြီးသည် စကားကိုတိုတိုပြောပြီး ချိုင်းကြားမှ သံတုတ်ကောက်ကို ခေါက်ခနဲမြည်အောင် လှုပ်ရှားလိုက်သည်။ ထိုနောက် ကွမ်လိန်ဘေးမှ လွှားခနဲကျော်တက်သွားပြီး တဒေါက်ဒေါက်မြည်အောင် လျှောက်သွားလေတော့သည်။

ကွမ်လိန်သည် ထိုလူ၏အပြုအမူကို မလှုပ်မယှက် ရပ်ကြည့်နေရင်းက စောစောက အတွေးကို ပြန်ဆက်လိုက်သည်။

"အင်း ... ခုမှပဲ ရှင်းသွားတော့တယ်၊ ငါမြှုပ်ပေးခဲ့တဲ့ ခြေတစ်ဖက်ကျိုးကြီးဟာ ဘယ်ဘက်ခြေထောက်ကျိုးနေတဲ့လူပဲ၊ ခုတွေ့ရတဲ့ သူတောင်းစားက ညာခြေထောက်ကျိုးနေတဲ့လူပဲ"

ကွမ်လိန်သည် ယခုမှ ရင်ထဲတွင်တစ်ဆို့နေသော အလုံးကြီး ပြုတ်ကျသွားပြီး သံသယရှင်းသွားတော့သည်။ သို့သော် သံသယတစ်ခုရှင်းသွားသည်နှင့် အတွေးတစ်ခုက ဝင်လာပြန်လေသည်။



"သူတို့နှစ်ယောက်ရဲ့ ကွဲပြားခြားနားမှုကို သတိမပြုနိုင်ခဲ့ရင် ကိစ္စက ရူးသွားနိုင်တဲ့ကိစ္စပဲ၊ ဒီခြေကျိုးနှစ်ယောက်ဟာ ဘာဖြစ်လို့ ဒီလောက်တောင် ရုပ်ချင်းဆင်နေရတာလဲ၊ ဧကန္တ သူတို့နှစ်ယောက်ဟာ အမြွှာညီအစ်ကိုများ ဖြစ်နေကြသလား"

"ဒီလူက ကမန်းကတန်း ထွက်သွားတာ စစ်မိန်ဂေဟာကို သွားတာပဲဖြစ်ရမယ်၊ ဒီတော့ စစ်မိန်ဂေဟာမှာ ဖြစ်ပွားခဲ့တဲ့ အရေးအခင်းကြီးကို ပြောပြမှဖြစ်လိမ့်မယ်၊ သေသွားတဲ့ခြေကျိုးဟာ ဒီလူနဲ့ ညီအစ်ကိုတော်ဖြစ်နေရင်း မြှုပ်ထားတဲ့အလောင်းကို သူ့လက်ထဲ ပြန်အပ်လိုက်ရမယ်၊ ဒါမှ ..."

စာနာစိတ်ကြီးမားသော ကွမ်လိန်သည် စိတ်ညစ်စရာများကို မေ့ပျောက်သလို ဖြစ်သွားပြန်ပြီး ထွက်ခွာသွားသော ခြေကျိုးကို အကူအညီပေးရန် စဉ်းစားနေမိသည်။

တကယ်ပြန်လှည့်ပြီး ကြည့်လိုက်သောအခါ စောစောက ခြေကျိုးကို အရိပ်အယောင်ပင် မတွေ့ရတော့။

သို့သော် တောင်တစ်ဖက်မှ လွင့်ပျံလာသော ချိုင်းထောက်အသံကိုကား တဒေါက်ဒေါက် ကြားနေရသည်။

"ခြေတစ်ဖက်ကျိုးကြီး လျှောက်သွားတာ သိပ်မြန်ပါလား၊ သူ့ကိုမီအောင် ဘယ်လိုလုပ်လိုက်ရပါ့မလဲ"

"သေသွားတဲ့ ခြေတစ်ဖက်ကျိုးကြီးကိုယ်ပေါ်မှာ ဘာပစ္စည်းမှ မရှိပါဘူး၊ ကြေးဝါးပိုက်ဆံပြား တစ်တွဲကလွဲပြီး အရေးကြီးတာဆိုလို့ ဘာမှမရှိဘူး၊ ဒီကြေးဝါပိုက်ဆံတွဲကို တကူးတက

လိုက်မပေးလည်း ကိစ္စရှိမယ် မဟုတ်ပါဘူး ...

"သူ့သွားပုံမျိုးနဲ့ဆိုရင် ခဏလေးနဲ့ ပြန်ရောက်လာနိုင်တာပဲ၊ ငါ့ခြေလှမ်းက အလွန်ဆုံးသွားနိုင်လှ အရှေ့တောင်ပေါ်ရောက်နိုင်ရုံလောက်ပဲ၊ သူပြန်လှည့်လာရင် ငါ့ကိုမီနိုင်ပါတယ်၊ အဲဒီအခါကျမှ အကြောင်းစုံကို ဖွင့်ပြောလိုက်တော့မယ်"

ကွမ်လိန်သည် ကိုယ့်အတွေးနှင့်ကိုယ် ဆုံးဖြတ်ချက်ချလိုက်ပြီး ခပ်သုတ်သုတ် လျှောက်လှမ်းလာခဲ့ပြန်သည်။

အတော်လှမ်းလှမ်းသို့ရောက်သောအခါ နဖူးပေါ်တွင် စိမ့်နေသော ချွေးသီးများကို လက်တစ်ဖက်နှင့် သုတ်ပစ်လိုက်ပြီး သက်ပြင်းတစ်ချက်ကို ဟူးခနဲ မှုတ်ထုတ်လိုက်သည်။

သူသည် တစ်ညလုံးနှင့်တစ်နေ့လုံး ပင်ပန်းခဲ့သမျှကို ဗိုက်ထဲက တကြွတ်ကြွတ်မြည်နေသလို ခံစားနေရသည်။ စိတ်လှုပ်ရှားမှု အမျိုးမျိုးဖြစ်ပေါ်ခဲ့၍ သိသိသာသာနွမ်းလျနေသည်။

သို့သော် အားတင်းပြီး လျှောက်မြဲလျှောက်နေမိသည်။

တောင်တစ်တောင်ကို ကွေ့ပတ်လိုက်မိသောအခါတွင် အလွန်လှပသော တောင်ကြီးတစ်တောင်ကို တွေ့မြင်ရပြန်၏။ ထိုတောင်သည် မနေ့ကတွေ့ခဲ့သော တောင်ကြီးဖြစ်သည်ကို ကောင်းကောင်းမှတ်မိနေသည်။

တောင်ပေါ်လမ်း၏ ကွေ့တစ်ကွေ့ကို ချိုးလိုက်မိသောအခါ မမျှော်လင့်သော အဖြစ်အပျက်နှင့် ကြုံရပြန်တော့၏။

ကွမ်လိန်သည် မြင်ကွင်းကြောင့် ထိတ်ခနဲဖြစ်သွားပြီး



လှမ်းလက်စခြေလှမ်းကိုပင် တန့်ခနဲ ရပ်ပစ်လိုက်မိသည်။

မြင်ကွင်းက ...

သစ်ပင်ရိပ်အောက်၌ အနွေးထည်များ ဝတ်ထားသည့် ယောကျ်ားကြီးရှစ်ယောက် ရပ်နေသည်။ သူတို့အားလုံးသည် ဓားများကို နောက်ကျောတွင် ကိုယ်စီကိုယ်စီ သိုင်းလွယ်ထားကြသည်။

ထူးခြားသည့်အချက်မှာ သူတို့မျက်နှာပေါ်တွင် စိုးရိမ်သောကရောက်နေသော အမူအရာများ ရှိနေခြင်းပင် ဖြစ်ပေသည်။

အထူးသဖြင့် ရှေ့ဆုံးမှာရပ်နေသော ပုပုဝဝကြီးသည် မျက်စိမျက်နှာပျက်ဖြစ်နေပြီး တောင်ပေါ်လမ်းကို လည်တဆန့်ဆန့် ကြည့်နေ၏။ သူတို့သည် တစ်စုံတစ်ယောက်ကို စောင့်မျှော်နေဟန်ရှိပြီး တစ်စုံတစ်ယောက်အတွက် စိုးရိမ်နေဟန်ရှိနေလေသည်။

ကွမ်လိန်သည် ငြိမ်ရပ်နေရင်းက ...

"ဒီလူတွေက စစ်မိန်ဂေဟာမှာဖြစ်ပျက်ခဲ့တဲ့ အဖြစ်ဆိုးကြီးနဲ့ ပတ်သက်နေတဲ့ လူတွေများလား"

ဟု တွေးလိုက်သည်။

မကြာမီမှာပင် ရှေ့ဆုံးတွင်ရပ်နေသော ပုပုဝဝလူကြီးက ကွမ်လိန်ကိုလှမ်းကြည့်ပြီး ခပ်သုတ်သုတ် လျှောက်လာသည်။

ထိုလူကြီး၏အမူအရာသည် လေးစားမှုရှိသောအမူအရာ ဖြစ်သည်။ ကွမ်လိန်က ထိုလူကြီးကိုကြည့်ပြီး အတွေးပေါက်နေသည်။

"လူကြီးက စစ်မိန်ဂေဟာမှာ ဖြစ်ပျက်နေတဲ့ကိစ္စတွေကို စုံစမ်းတော့မယ်ထင်တယ်၊ သူတို့ရပ်တွေကတော့ တကယ့်လူဆိုး

လူမိုက်ကြီးတွေရဲ့ ရုပ်သဏ္ဌာန်တွေပဲ၊ သေသွားတဲ့ အလောင်းတွေထဲက ဘယ်အလောင်းကောင်နဲ့များ ပတ်သက်နေကြသလဲ"

ကွမ်လိန်တွေးနေစဉ် ပုပုဝဝလူကြီးက အနီးသို့ရောက်လာသည်။ ရှေ့ဆင့်နောက်ဆင့်မှာပင် သူတို့ထဲမှ လူတစ်ယောက်ပါ ထပ်ရောက်လာသည်။

နှစ်ယောက်စလုံးသည် အနီးတွင်ရပ်နေသည်နှင့် ခါးကို ကိုင်းညွတ်ပြီး အရိုအသေပေးလာသည်။ ကွမ်လိန်သည် တအံ့တဩ ဖြစ်သွားရာမှ ထိုလူနှစ်ယောက်ကို လက်နှစ်ဖက်ဆုပ်ပြီး ဂါရဝ ပြန်ပြုလိုက်သည်။

လူကြီးနှစ်ယောက်စလုံးသည် အနီးတွင်ရပ်နေသည်နှင့် ခါးကိုကိုင်းညွတ်ပြီး အရိုအသေပေးလာသည်။ ကွမ်လိန်သည် တအံ့တဩဖြစ်သွားရာမှ ထိုလူနှစ်ယောက်ကို လက်နှစ်ဖက်ဆုပ်ပြီး ဂါရဝပြုလိုက်သည်။ လူကြီးနှစ်ယောက်သည် ကွမ်လိန်၏ခါးတွင် ချိတ်ထားသော ဓားမရှိတော့သည့် ဓားအိမ်ကို ဝေ့ခနဲကြည့်လိုက်ပြီးသည်နှင့် မေးခွန်းထုတ်လာကြသည်။

"ညီလေး ... စစ်မိန်ဂေဟာက ပြန်လာတာလား"

ကွမ်လိန် အဖြေမပေးနိုင်ခင်မှာပင် ညာဘက်တွင် ရပ်နေသောလူက စကားဆက်လာသည်။

"ကျွန်တော့်နာမည်က ရိကျင်ပါ၊ လောပုတောင်က နံပါတ်ခုနစ်အဆင့်ရှိတဲ့ တပည့်တစ်ယောက်ပါပဲ၊ ကျွန်တော်တို့ရဲ့ ဆရာဖြစ်တဲ့ အဖွဲ့တူဦးလေးနှစ်ယောက်ဟာ စစ်မိန်ဂေဟာရဲ့ သခင်ကြီး



လုံလျောက်ရဲ့ ဖိတ်ခေါ်မှုကြောင့် လောပုကနေပြီး ဒီကိုရောက်လာကြပါတယ်၊ ကျွန်တော်တို့လည်း သူတို့နဲ့အတူ လိုက်လာကြခဲ့ကြတဲ့ လူတွေပါပဲ၊ ဒါပေမဲ့ စစ်မိန်သခင်ကြီး အပြစ်တင်မှာစိုးတာနဲ့ ဒီကပဲ စောင့်နေခဲ့ကြပါတယ်၊ ဒီအတွက် မလေးမစားလုပ်ရာကျနေတယ်ဆိုရင် ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်"

ကွမ်လိန်သည် ကြားရသောစကားကြောင့် အခြေအနေကို သဘောပေါက်သွားသည်။ ထို့ကြောင့် ဘာစကားမျှပြန်မပြောသေးဘဲ ငြိမ်ရပ်မြဲရပ်နေလိုက်သည်။

စိတ်ထဲ၌ကား ...

သူတို့က ငါ့ကို စစ်မိန်ဂေဟာကလူလို့ ထင်နေကြတာကိုး။ ဒါကြောင့်မို့ ငါ့ကို လေးလေးစားစားနဲ့ တရိုတသေလုပ်နေကြတာပဲ။ သူတို့ဝတ်စားထားတဲ့ အဝတ်အစားတွေကတော့ တော်တော် အထက်တန်းကျတဲ့ အဝတ်အစားတွေပဲ။ သာမန်လူတွေ မဟုတ်တာတော့ သေချာနေပြီ။ ဒါပေမဲ့ သူတို့တွေ စစ်မိန်ဂေဟာကို သိပ်လေးစားနေပုံက ကြောက်ရွံ့မှုကိုပြတဲ့ လေးစားပုံမျိုးပဲ။ မဟုတ်မှလွဲရော ဝတ်ရုံနီလင်မယားဟာ သူတို့ထက် အများကြီး အဆင့်မြင့်နေတာ သေချာပြီဟု တွေးလိုက်မိသည်။

ရိကျင်အမည်ရှိသောလူသည် ကွမ်လိန်ကိုကြည့်ပြီး အခြေအနေကို နားမလည်သလို ဖြစ်နေသည်။ အတော် ကြာမှ ...

"မနေ့ညက ကျွန်တော်တို့အားလုံး တောင်ခြေကို ရောက်ခဲ့ကြပါတယ်၊ ကလေးအိပ်ချိန်ရောက်တော့ ကျွန်တော်တို့ရဲ့ ဆရာ

အဖွဲ့က ဦးလေးနှစ်ယောက်ဟာ ကျွန်တော်တို့ကို တောင်ခြေမှာစောင့်နေခိုင်းပြီး သူတို့က တောင်ပေါ်ကို တက်သွားခဲ့ကြပါတယ်၊ ခုအချိန်ဟာ ဘယ်လိုပဲဖြစ်ဖြစ် ပြန်ရောက်ဖို့ကောင်းနေပါပြီ၊ ကျွန်တော်တို့လည်း ရောက်ချိန်တန်လျက်နဲ့ ပြန်ရောက်မလာကြလို့ အရဲစွန့်ပြီး တောင်ပေါ်ကို တက်လာကြတာပါ၊ ကျွန်တော်ရောက်ရှိနေတဲ့နေရာကတော့ စစ်မိန်ဂေဟာရဲ့ ကန့်သတ်နယ်မြေ မဟုတ်သေးပါဘူး၊ ကျွန်တော်တို့အနေနဲ့ ကန့်သတ်နယ်မြေထဲကို ခြေတစ်လှမ်းမှ ကျူးကျော်ခြင်း မရှိသေးပါဘူး၊ အစ်ကိုလေးဟာ စစ်မိန်ဂေဟာက ဆင်းလာတဲ့လူဆိုရင် ကျေးဇူးပြုပြီး ကျွန်တော်တို့ရဲ့ အဖွဲ့တူဦးလေးနှစ်ယောက်ကို အကြောင်းကြားပေးစေချင်ပါတယ်"

ကွမ်လိန်သည် စစ်မိန်ဂေဟာ၏ အာဏာစက်ကျယ်ပြန့်ပုံကို တဖြည်းဖြည်းသိလာသည်။ ပထမတစ်ကြိမ်၌ ဓားဒေဝီထံမှ တစ်စွန်းတစ်စ သိရှိခဲ့ရသည်။ ယခုတစ်ကြိမ်၌ စိုးရိမ်သောကဖြင့် စောင့်နေကြသည့် လူများထံမှ တစ်စွန်းတစ်စသိရှိခဲ့ရ၏။

စစ်မိန်ဂေဟာသည် ကန့်သတ်နယ်မြေဖြစ်သတဲ့။ ကန့်သတ်နယ်မြေထဲ ခြေတစ်လှမ်းကျော်လျှင် အသက်ပါသွားနိုင်သတဲ့။ ဩဇာအာဏာကြီးမားသော စစ်မိန်နယ်မြေနှင့် စစ်မိန်ဂေဟာသည် ယခုအချိန်၌ အလောင်းကောင်များ ပြည့်နှက်နေသည့် သင်္ချိုင်းကုန်းအဖြစ်သို့ ပြောင်းလဲနေပေပြီ။

ကွမ်လိန်သည် ကျောက်ရုပ်ကြီးလို ငြိမ်ပြီးရပ်နေရင်းက သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။



"အစ်ကိုကြီးတို့ရဲ့ဆရာအဖွဲ့တူဖြစ်တဲ့ ဦးလေးတွေက ဘယ်သူတွေများလဲဗျာ၊ နာမည်ကိုပြောပြနိုင်ရင် ပြောပြစေချင်ပါတယ်"

အနွေးထည်နှင့်ပုပုဝဝလူကြီးသည် မျက်ခုံးနှစ်ဖက်မြင့်တက်သွားပြီး အုံ့ညှိရိပ်များ ယှက်သမ်းသွားသည်။ ထို့နောက် မျက်မှောင်ကုပ်သွားပြီး ကွမ်လိန်ကို အကဲခတ်လာသည်။

နှစ်ယောက်စလုံးသည် သူတို့၏ဆရာ ဦးလေးနှစ်ယောက်ကို မသိဘဲဖြစ်နေသည့် ကွမ်လိန်အား နားမလည်နိုင်ဘဲဖြစ်နေသည်။

ဝဝပုပုလူကြီးသည် ရိကျင်ကို မျက်ရိပ်ပြလိုက်ပြီး ဦးညွှတ်ပြီး ပြောလာပြန်သည်။

"ကျွန်တော်တို့ဟာ လောပုကလာခဲ့တဲ့လူတွေပါ၊ ကျွန်တော်တို့ရဲ့ အဖွဲ့တူဦးလေးနှစ်ယောက်ကို သိုင်းလောက,ကလူတွေက ရောင်စုံအကျီဓားနှစ်လက်လို့ခေါ်ကြတယ်၊ နာမည်ရင်းကတော့ ဝမ်ခါနဲ့ ခွန်ကျုံလို့ ခေါ်ပါတယ်၊ ညီလေးဟာ စစ်မိန်ဂေဟာက ဆင်းလာတဲ့လူဆိုရင်တော့ သူတို့နှစ်ယောက်ကို တွေ့ခဲ့မှာအမှန်ပါပဲ"

ဝဝပုပုလူကြီးသည် စကားကို လေးလေးစားစားပြောနေသော်လည်း စိတ်နှလုံးထဲ၌ကား ကွမ်လိန်အပေါ် သင်္ကာမကင်းဖြစ်လျက် ရှိနေချေပြီ။

ကွမ်လိန်သည် ငြိမ်ပြီးနားထောင်နေရာမှ ပထမဆုံး အကြိမ်အဖြစ် တွေ့မြင်ခဲ့ရသော ကျောက်တုံးအိမ်ကလေးထဲမှ လူနှစ်ယောက်ကို ဖျတ်ခနဲ သတိရသည်။

ထိုလူနှစ်ယောက်သည် ယခုတွေ့မြင်နေရသော လူများကဲ့သို့ အနွေးထည်များကို ဝတ်ထားကြသူများဖြစ်ပြီး လက်ဆွဲမီးအိမ်ကလေး တင်ထားသော စားပွဲအောက်တွင် လဲကျနေသူများဖြစ်သည်။

"မှတ်မိပြီ မှတ်မိပြီ၊ ခင်ဗျားတို့ရဲ့ အဖွဲ့တူဦးလေးနှစ်ယောက်ဆိုတာ အနွေးထည်ဝတ်ထားတဲ့လူနှစ်ယောက်မဟုတ်လား၊ ကိုယ်လုံးကိုယ်ထည် တောင့်တင်းကြံ့ခိုင်ပြီး ပုပုဝဝတွေပဲလေ၊ အရွယ်ကတော့ လူလတ်ပိုင်းရွယ်ပေါ့ ... ဟုတ်တယ် မဟုတ်လား"

အနွေးထည်ဝတ်နှင့် လူနှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် အဓိပ္ပာယ်ပါသောမျက်လုံးများနှင့် ကြည့်လိုက်မိကြသည်။

ကွမ်လိန်အပေါ် မယုံသင်္ကာဖြစ်မှုများ ပို၍ပြင်းထန်လာကြသည်။ ပို၍ သံသယဖြစ်လာကြသည်။ စင်စစ် 'ရောင်စုံအကျီဓား နှစ်လက်' အမည်ရ သိုင်းဆရာကြီးနှစ်ယောက်သည် သိုင်းလောက၌ ကျော်ကြားထင်ရှားလှသောသူများ ဖြစ်ကြသည်။ နာမည်ကျော် လောပုသိုင်းအဖွဲ့မှ ခေါင်းဆောင်များဖြစ်၍ မသိသူမရှိ။

ကွမ်လိန်ကား ထိုလူနှစ်ယောက်ကို လုံးဝသိရှိဟန်မတူ။ ထိုအတွက် အံ့သြစရာလည်း မရှိချေ။ သူသည် သိုင်းလောကသား မဟုတ်ပေ။ အခြေအနေမကောင်းမှန်း ရိပ်စားမိလိုက်ကြသော အနွေးထည်ဝတ်လူနှစ်ယောက်သည် သူ့ကို မျက်စိဒေါက်ထောက်ကြည့်ကာ စဉ်းစားနေကြသည်။

"ဒီသူငယ်လေးက ဝတ်ရုံနီလင်မယားရဲ့ တပည့်အစစ်မှ



ဟုတ်ရဲ့လား၊ စစ်မိန်ဂေဟာရဲ့ မျိုးဆက်ဆိုရင် ရောင်စုံအကျီဓား နှစ်လက်ဆိုတာ မသိနိုင်စရာမရှိဘူး"

တွေးသာနေရသည်။ နှစ်ယောက်စလုံး လှုပ်လှုပ်ရှားရှား မလုပ်ရဲသေး။

ကွမ်လိန်၏ ပြောပုံဆိုပုံကလည်း သူတို့အဖွဲ့တူ ဦးလေးနှစ်ယောက်ကို ဂရုမစိုက်ဟန်ပေါ်နေသည်။ သူ၏လှုပ်ရှားပြုမူနေပုံက ထူးခြားသောအသွင်ဆောင်နေသဖြင့် သိုင်းအကျော်အမော်တစ်ဦးတစ်ယောက်၏တပည့်ဖြစ်နိုင်သည်ဟု ယူဆနေကြသည်။ ထို့ကြောင့်လည်း မချေမငံရိုင်းရိုင်းစိုင်းစိုင်းပြုမူခြင်း မလုပ်ရဲဘဲရှိနေကြသည်။

ကွမ်လိန်က သေချာသည်ထက် သေချာအောင် ရိုးသားသောအမူအရာနှင့် ထပ်မေးလိုက်ပြန်သည်။

"ခင်ဗျားတို့ရဲ့ အဖွဲ့က ဦးလေးတွေက ဒီနှစ်ယောက်တည်းလား"

ရီကျင်က ဝင်ဖြေသည်။

"ဟုတ်ပါတယ်"

ထို့နောက် စကားကိုဖြတ်လိုက်ပြီး ပြန်ဆက်ပြောသည်။

"ညီလေးက စစ်မိန်ဂေဟာကလူ ဟုတ်ပါတယ်နော်၊ နာမည်က ဘယ်လိုခေါ်ပါသလဲ၊ ပြောပြနိုင်မယ်ဆိုရင် ပြောပြပါ၊ အဆင်ပြေမယ်ဆိုရင် ကျွန်တော်တို့အဖွဲ့တူ ဦးလေးနှစ်ယောက်ကို အကြောင်းကြားပေးစေချင်ပါတယ်"

အနွေးထည်ဝတ် လူနှစ်ယောက်က ကွမ်လိန်ကိုကြည့်ပြီး

အမြေကို စောင့်လိုက်ကြသည်။ ကွမ်လိန်က စိတ်မချမ်းသာဖွယ် မြင်ကွင်းကို သတိရပြီး သက်ပြင်းချလိုက်မိသည်။

"ရှင်းရှင်းပြောရရင်တော့ ကျွန်တော်က စစ်မိန်ဂေဟာကလူ မဟုတ်ပါဘူး၊ ဒါပေမဲ့ … ခင်ဗျားတို့ရဲ့ သိုင်းအဖွဲ့တူဦးလေးနှစ်ယောက်ရဲ့အခြေအနေကိုတော့ ကောင်းကောင်းကြီး သိခဲ့ပါတယ်"

ပြောသာပြောရသည်။ ကွမ်လိန်သည် သူ့စကားကို သိပ်မမှန်သလိုခံစားနေရသည်။ အဘယ်ကြောင့်ဆိုသော် … သူသည် ဤလူများ၏အဖွဲ့တူဦးလေးနှစ်ယောက်၏အလောင်းကို တွေ့ရှိခဲ့ရုံမျှသာရှိပြီး အခြားမည်သည့်အကြောင်းအရာကိုမှ မသိခဲ့သောကြောင့်တည်း။

အနွေးထည်နှင့်လူနှစ်ယောက်သည် သူ့စကားကို ဂရုစိုက်ပြီး နားထောင်နေကြသည်။

"အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ ခင်ဗျားတို့ စိတ်မကောင်းဖြစ်သွားကြလိမ့်မယ်ထင်တယ်၊ ကျေးဇူးပြုပြီး စိတ်ကိုထိန်းပြီး နားထောင်စေချင်ပါတယ်"

ကွမ်လိန်သည် အစအဆုံး ရေလည်အောင်ပြောပြချင်သော်လည်း ဘာက,စပြီး ဘယ်လိုပြောရမှန်း မသိသဖြင့် ထစ်ထစ်ငေါ့ငေါ့ဖြစ်နေသည်။

အနွေးထည်နှင့် လူနှစ်ယောက်ကား ရင်ထဲတွင် ထိတ်သွားကြပြီး မျက်လုံးပြူးလာကြသည်။ နှစ်ယောက်စလုံး ပြိုင်တူမေးလိုက်ကြသည်။



"ကျွန်တော်ရဲ့အဖွဲ့တူ ဦးလေးနှစ်ယောက် ဘာဖြစ်သွားကြလို့လဲ"

"အင်း … ပေးရမယ့်သတင်းကတော့ စိတ်မကောင်းစရာသတင်းပဲ၊ ခင်ဗျားတို့ရဲ့ ဆရာဦးလေးနှစ်ယောက်ဟာ စစ်မိန်ဂေဟာထဲမှာ အသတ်ခံလိုက်ကြရပြီ"

အနွေးထည်နှင့်လူနှစ်ယောက်သည် နွေခေါင်ခေါင်မိုးကြိုးပစ်လိုက်သလား အောက်မေ့လိုက်ကြသည်။ ကွမ်လိန်စကားအဆုံးတွင် ထိတ်ခနဲဖြစ်သွားကြ၏။ သွေးရောင်လွှမ်းနေသည့် မျက်နှာများသည်ပင် သွေးဆုတ်သွားပြီး ဖြူဖပ်ဖြူရော်ဖြစ်သွားကြသည်။ သူတို့သည် ရပ်နေရာမှ ရှေ့ကို တစ်လှမ်းတိုးလာပြီး …

"ဒီစကားက တကယ်ပဲလား"

ကွမ်လိန်က ခေါင်းညိတ်ပြပြီး ဆက်ပြောသည်။

"တကယ်ပေါ့ဗျာ၊ ကျွန်တော့်အနေနဲ့ ခင်ဗျားတို့ကို ညာပြောစရာအကြောင်းမရှိပါဘူး။ ကျွန်တော်ကိုယ်တိုင် အဲဒီလူနှစ်ယောက်ကို မြေမြှုပ်ပေးခဲ့ရတာပါ"

အနွေးထည်ဝတ် လူနှစ်ယောက်၏ မျက်လုံးများသည် ကြောက်စရာကောင်းအောင် အရောင်တောက်ပသွားကြ၏။ ထို့နောက် နှစ်ယောက်စလုံးက ကွမ်လိန်ကို စားတော့မလို ဝါးတော့မလိုဟန်မျိုးဖြင့် စိုက်ကြည့်လိုက်ကြသည်။

ရီကျင်က သူ့ဘေးမှလူကို တံတောင်နှင့်တွတ်ပြီး အချက်ပေးလိုက်သည်။ တစ်ပြိုင်နက် ခါးကြား မှဓားများကို ရွှမ်းခနဲ

ရှမ်းခနဲ ဆွဲထုတ်လိုက်ကြသည်။ ဓားရောင်များသည် အစိမ်းနုရောင် အလင်းတန်းများဖြစ်သွားပြီး ဝင်းဝင်းလက်လက် ဖြစ်သွားကြသည်။

သူတို့နှစ်ယောက်၏လှုပ်ရှားမှုများသည် သွက်လက်လျင်မြန်လှသည်။ သိုင်းလောက၏ ထိပ်တန်းရောက်ပုဂ္ဂိုလ်များ မဟုတ်ကြသော်လည်း အလွန်အဆင့်မြင့်သူများ ဖြစ်ကြသည်။ ကွမ်လိန်ထက်မူ ကောင်းစွာအဆင့်မြင့်သည်။

ဤစစ်မိန်ဂေဟာတောင်သို့ သူ စတင်ရောက်ရှိလာသည့်အချိန်မှစ၍ ယခုအထိ သူတွေ့ရှိခဲ့ရသူများနှင့်ပတ်သက်၍ တစ်ယောက်မှ ဘဝင်မကျစရာလို ဖြစ်နေသည်။ ရောင်စုံအင်္ကျီဝတ် အဘိုးကြီးသည် ရှမ်းဝေကို အကြောင်းမဲ့သတ်သွားခဲ့သည်။ စစ်မိန်ဂေဟာအကြောင်း ပြန်လှန် ပြောပြနိုင်သည့် အကျီဖြူသိုင်းသမားက အတိတ်မေ့နေသည်။ စစ်မိန်တောင်ပေါ်၌ တွေ့ဆုံခဲ့ရသော တစ်ဦးတည်းသော မိန်းကလေး ဓားဒေဝီသည် ခက်ထန်မာကျောစွာဆက်ဆံ၏။ အဆိပ်လက်နက်ပုန်းဖြင့် ချောင်းမြောင်းလုပ်ကြံသူနှစ်ဦးကလည်း ရှိကြသေးသည်။

ယခု ...

ကွမ်လိန် ဒေါသထောင်းခနဲထွက်လာသည်။

"ခင်ဗျားတို့က ဘာလုပ်ကြတာလဲ"

ရီကျင်က ရှေ့ကို တစ်လှမ်းတိုးလာပြီး ခပ်မာမာပြောလာသည်။

"ငါတို့ရဲ့ အဖွဲ့တူ ဦးလေးတွေက ဘယ်လိုသေခဲ့ကြတာလဲ၊



ဘယ်သူက သတ်လိုက်တာလဲ၊ စစ်မိန်ဂေဟာထဲကလူတွေအကုန်သေကြပြီးလား၊ မင်းအနေနဲ့ ငါတို့ရဲ့အဖွဲ့တူ ဦးလေးတွေကို ဘာဆိုင်လို့ ပစ်ပေးခဲ့ရတာလဲ၊ မင်းကကော ဘယ်ကလူလဲ၊ ငါမေးတာကို ကောင်းကောင်းမွန်မွန်မဖြေရင် မင်းကို ဘယ်အဖွဲ့ကလူဖြစ်ဖြစ် ခွင့်လွှတ်မှာ မဟုတ်ဘူး"

လျှပ်ပြက်သလိုမေးလာသော မေးခွန်းများကြောင့် ကွမ်လိန် အူကြောင်ကြောင်ဖြစ်သွားသည်။ ကျွန်တော်နှင့်ခင်ဗျားဟူ၍ သုံးနှုန်းနေရာမှ မင်းနှင့်ငါဟူသော စကားလုံးများကို ပြောပြီး သုံးစွဲလာသောကြောင့်လည်း ကွမ်လိန်ရင်၌ အောင့်သက်သက်ဖြစ်သွားသည်။

စေတနာထားပြီး ပြောပြခဲ့သည်ကိုပင် ရန်လိုသောအမူအရာများ ပြလာသောကြောင့် ဒေါသထွက်လာသည်။ ထို့ကြောင့် တဝင်းဝင်းတလက်လက်ဖြစ်နေသော ဓားများကိုပင် ဂရုစိုက်ခြင်းမရှိတော့ဘဲ ခပ်မာမာပြန်၍ ပြောလိုက်တော့သည်။

"ခင်ဗျားတို့နဲ့ ကျွန်တော်တို့ဟာ ဘယ်တုန်းကမှ သိကျွမ်းခဲ့သူတွေ မဟုတ်ပါဘူး၊ ရန်ငြိုးဆိုတာ ဝေလာဝေးပဲ၊ စေတနာနဲ့ ပြောပြတာကိုတောင် ခင်ဗျားတို့က ရန်မူချင်နေတဲ့လူတွေပဲ၊ ကျွန်တော်ပြောတာကို မယုံဘူးဆိုရင် ကိုယ်တိုင်သွားကြည့်ကြပေါ့၊ စစ်မိန်ဂေဟာထဲမှာ အသက်ရှင်နေတဲ့လူဆိုလို့ တစ်ယောက်မှမရှိဘူးဆိုတာ တွေ့ကြရလိမ့်မယ်"

ကွမ်လိန်၏စကားသံ ဆုံးသွားသောအခါ လှုပ်လှုပ်ရှားရှား

ဖြစ်နေသည်။ သို့သော် သူတို့သည် ကွမ်လိန်ကို လုံးဝဘဝင်မကျသေးချေ။

"ခဲနဲမမ်းပါဦး။ မင်းက တို့ကို ဒီလိုပြောရဲရအောင် ဘယ်အဖွဲ့ကမို့လို့လဲ"

"ဘယ်အဖွဲ့ကမှ မဟုတ်ဘူး"

"ဘယ်အဖွဲ့ကမှမဟုတ်ဘဲနဲ့ ငါတို့ကို ဒီလိုပြောရဲသလား"

"မပြောရဲရအောင် ခင်ဗျားတို့က ယမမင်းရဲ့ စေတမန်တွေမို့လို့လား"

ကွမ်လိန်၏စကားက သူတို့၏ဒေါသကို ဖောက်ခွဲပစ်လိုက်သလို ဖြစ်သွားသည်။

"မင်း ... မင်း ဘာပြောတယ်"

ကွမ်လိန်သည် ဤတစ်ချိန်၌လည်း ပွဲကြီးပွဲကောင်း တွေ့ရပြန်ပြီဟု ထင်မှတ်လိုက်၏။ ဤလူများ၏ပုံစံသည် သူ့ထက် သိုင်းပညာကောင်းပုံရသည်မှာ အမှန်။ သို့သော် သူက ထိုလူများကို မကြောက်သည်ကလည်း အမှန်ဖြစ်၏။ သေခြင်းတရားကိုသော်မှ မကြောက်သူသည် အဘယ်အရာကို ကြောက်ရွံ့ရမည်နည်း။

ကွမ်လိန် စကားပြန်ပြောရန် ဟန်ပြင်လိုက်စဉ်မှာပင် အခြားတစ်ယောက်၏အသံကို ကြားလိုက်ရလေ၏။

"ဟေ့ ... မင်းတို့ ဘာဖြစ်နေကြတာလဲ"

ရုတ်တရက်ပေါ်လာသောအသံကြောင့် အနွေးထည်ဝတ်နှစ်ယောက်စလုံး ထိတ်ခနဲ ဖြစ်သွားကြသည်။ အသံလာရာသို့ ကြည့်လိုက်သောအခါ လူရိပ်များ ရှုပ်ရှုပ်ထွေးထွေးဖြစ်သွားသည်ကို တွေ့လိုက်ကြရသည်။



မကြာမီမှာပင် ကွမ်လိန်၏ရှေ့သို့ အပြာရောင် ဝတ်ရုံဝတ်ထားသည့် အဘိုးကြီးလေးယောက်လာကြသည်။ တစ်ချိန်တည်းတွင် သူတို့၏မျက်လုံးများက ကွမ်လိန့်ကိုယ်ပေါ် ကျရောက်လာကြသည်။

ကွမ်လိန် အံ့အားသင့်နေစဉ်မှာပင် သူတို့လေးဦးက ပြိုင်တူမေးလာကြသည်။

"ခုနက ... မင်းဘာပြောလိုက်တာလဲ"

အနွေးထည်ဝတ်နှစ်ယောက်သည် အဘိုးကြီးလေးယောက်ကို တွေ့ရသည်နှင့်ငြိမ်ကျသွားကြသည်။ အတန်ကြာမှ ဒီကျင်က ခြောက်ကပ်သောလေသံနှင့် လှမ်းပြောသည်။ သူ့အသံက အသက်မပါ။

"ဘယ်သူတွေများလည်းမှတ်တယ်.ဟူတန်းအဖွဲ့က ဆရာတွေကိုး၊ ဆရာတို့ကြားကြတယ် မဟုတ်လား၊ စစ်မိန်ဂေဟာမှာ ရှိနေတဲ့လူတွေ သေကုန်ပြီတဲ့"

ဒီကျင်က အာခြောက်သွားသလို ချောင်းတစ်ချက် ဟန့်လိုက်သည်။ ပြီးမှ စကားကိုပြန်ဆက်သည်။

"ဝါမေပုရှမ်း၊ စစ်မိန်ဂေဟာက ဝတ်ရုံနီ၊ ထုံနန်က ဂုသိုး၊ ကျိုထန်အဖွဲ့ဝင် ကုန်စွန်းညာခြေ၊ တိုက်ရှင်က ချိုင်ဗ၊ ရှောင်လင်က ကျာစ၊ လောပုက ရောင်စုံအကျီဓားနှစ်လက် သူတို့အားလုံး တစ်ပြိုင်တည်း သေကုန်ကြပြီတဲ့၊ ဆရာတို့ စဉ်းစားကြည့်စမ်းပါ ... ဒီသတင်းက ရယ်စရာ ကောင်းမနေဘူးလား .. ဟား .. ဟား .. ဟား"

ရီကျင်က လှောင်ပြောသံနှင့်ရယ်သည်။ သို့သော် သူ့ရယ်သံက အသက်မပါ။ ခြောက်ကပ်ကပ်နှင့် ဟန်လုပ်ရယ်မှန်း သိသာသည်။ အသံက ကြည်မြခြင်းမရှိဘဲ တုန်လှုပ်ဟန်ပါနေ၏။

ကွမ်လိန်ပြောသည့် စစ်မိန်ဂေဟာမှ ပြဿနာများကို ပါးစပ်ကသာ မယုံဘူး ပြောနေသော်လည်း သူတို့၏စိတ်နှလုံးထဲ၌ ယုံကြည်စိတ်များ ဖြစ်ပေါ်နေကြသည်။

အဘိုးကြီးလေးယောက်က ရီကျင်ပြောလာသောစကားကို ဂရုတစိုက်နားထောင်ကြသည်။ ထိုစဉ် သူတို့လေးယောက်ထဲမှ တစ်ယောက်က လေသံမှန်မှန်ဖြင့် စကားဆိုလာသည်။

"တို့ကလည်း ဘယ်သူတွေများလဲလို့ လက်စသတ်တော့ ရီကျင်နဲ့ ဖေကျင်တို့ကိုး၊ စစ်မိန်ဂေဟာက တွေ့ဆုံပွဲကို မင်းတို့ဆရာလည်း ရောက်လာတယ်လား"

ရီကျင်သည် လက်ထဲမှဓားကို နောက်ကျောတွင် ဝှက်ကွယ်လျက် မချိုမြိန်ပြုံးကာ ပြန်ပြောသည်။

"ဒီတစ်ခါ တွေ့ဆုံပွဲကိုတော့ ကျွန်တော်တို့ရဲ့ဆရာကြီး ရောက်မလာခဲ့ပါဘူး၊ သူ့ကိုယ်စား အဖွဲ့တူဦးလေးနှစ်ယောက်သာ ကျွန်တော်တို့နဲ့အတူ ထွက်လာခဲ့ကြတာပါ၊ ကျွန်တော်တို့ရောက်လာတာကိုက စောပြီးရောက်လာတာပါ"

ရီကျင်က စကားဆုံးသွားသည်နှင့် ဖေကျင်ဆိုသူက ဝင်ပြောသည်။

"ကျွန်တော်တို့တွေ ... ဆရာဦးလေးနှစ်ယောက်ကို လိုက်



ပို့တုန်းမှာ ထုံနန်တောင်က ဝုသိုးရယ်၊ စစ်ချွမ်းဝါပေါင် အဆိပ်ခုနစ်မျိုးညီနောင်ရယ်၊ ရှောင်လိန်ကျောင်းက တပ်မော်ကျော်င်းဆောင်မှာနေတဲ့ တရုတ်ဆရာကြီးနှစ်ဦးရယ် ...

ခေါင်းဆောင်ကြီး တိုက်ရှင်ချိုင်ဝှရဲ့လက်အောက်မှာရှိတဲ့ ရဲလေးဖော်အုပ်စုထဲက ပုဝှနဲ့ဆန်ဆိုတဲ့ရဲဖော်နှစ်ယောက်ရယ်၊ ပြီးတော့ ကျိုထန်အမြွာထဲက ကုန်စွန်းညာခြေတို့နဲ့ တွေ့ခဲ့ကြပါတယ်၊ သူတို့တွေက စစ်မိန်ဂေဟာကို ရောက်သွားလောက်ကြပါပြီ၊ ခုတစ်ခါဆရာတို့ပါရောက်လာကြပြီဆိုတော့ ဟူတန်းအဖွဲ့ချုပ်ခေါင်းဆောင်ကြီးလည်း စစ်မိန်ဂေဟာကို ရောက်နေလောက်ပြီလို့ ထင်မိပါတယ်"

ဖေကျင်က စကားကိုရပ်ပြီး ကွမ်လိန်ကို လှမ်းကြည့်၏။ ထို့နောက် ခြောက်ကပ်နေသောအသံနှင့် မရယ်ချင့်ရယ်ချင်ရယ်သည်။ ပြီးမှ ကွမ်လိန်ကိုကြည့်၍ ပြောလေ၏။

"ကျွန်တော်ပြောပြတဲ့လူတွေဟာ ဘယ်လောက်အဆင့်ရှိကြတဲ့လူတွေလည်းဆိုတာ ဆရာတို့သိပြီးသားပါ၊ ဒါကို ဒီက ညီလေးက စစ်မိန်ဂေဟာမှာရှိနေတဲ့ လူတွေအားလုံး သေကုန်ကြပြီဆိုတော့ ကြားရတဲ့သတင်းက ရယ်စရာကောင်းမနေဘူးလား၊ ဒီသတင်းစကားကို သိုင်းလောက,တစ်ခုလုံးမှာရှိနေတဲ့ သိုင်းသမားတိုင်းဟာ ဘယ်လိုမှ ယုံမှာမဟုတ်ပါဘူး"

ကွမ်လိန် စိတ်တိုလာသည်။ ဒေါသလည်း ပိုထွက်လာ၏။ ထို့ကြောင့် ...

"ကျွန်တော်က အမှန်ကို အမှန်အတိုင်း ပြောနေတဲ့လူပါဗျာ၊

ယုံတာမယုံတာကတော့ ခင်ဗျားတို့ကိစ္စပါ၊ ကျွန်တော့်အနေနဲ့ ခင်ဗျားတို့ကို အတင်းအဓမ္မ အယုံနိုင်းနေတာ မဟုတ်ပါဘူး"

ကွမ်လိန်က ခပ်မာမာပြောပြီးသည်နှင့် ပြန်ငြိမ်နေလိုက်သည်။

ကွမ်လိန်သည် ဖေကျင်ပြောသွားသည့်စကားများကို သေသေချာချာနားထောင်ခဲ့ပြီးပြီဖြစ်၍ အခြေအနေများကို ဆက်စပ်ပြီး စဉ်းစားနေမိသည်။

စစ်မိန်ဂေဟာ ဘေးတံခါးမှနေ၍ စကြီလမ်းအတိုင်း လျှောက်လှမ်းခဲ့စဉ် ခြောက်ထောင့်အနီးတွင် တွေ့ခဲ့ရသော အလောင်းများကို အာရုံယူပြီး ပြန်တွေးနေမိသည်။

"ရှိကျင်ပြောတဲ့ ရဲနှစ်ဖော်ဆိုတာ ခြောက်ထောင့်အဆောင်နားမှာတွေ့ခဲ့တဲ့ လူလတ်ပိုင်းအရွယ် ခပ်ဝဝနဲ့ ဓားကို တစ်ယောက်က ဘယ်ကကိုင်ပြီး တစ်ယောက်က ညာကကိုင်ထားတဲ့သူနှစ်ယောက်ပဲ ဖြစ်မယ် ... သူတို့နှစ်ယောက်လက်ထဲက ဓားနှစ်ချောင်းထပ်ပြီး ကျနေပုံဟာ ရန်သူကိုအတူတွဲပြီး တိုက်ခိုက်ခဲ့ကြတဲ့ပုံသဏ္ဌာန်ပဲ၊ ကျောက်တုံးအိမ်ကလေးထဲက စားပွဲနားမှာ သေနေတဲ့ လူနှစ်ယောက်ကတော့ လောပုရောင်စုံဓားနှစ်လက်ဆိုတာ သေချာသွားပြီ ...။

ခြောက်ထောင့်အဆောင်နားက စကြီလမ်းပေါ်မှာ သေနေတဲ့ အပြာရောင်အဝတ်နဲ့ အဘိုးကြီးသုံးယောက်ကတော့ ဟူတန်းအဖွဲ့က ဆရာကြီးတွေဖြစ်မယ်၊ တရုတ်အဘိုးကြီးကတော့ တပ်မော်ကျောင်းဆောင်က တရုတ်အဘိုးကြီးတွေပဲ၊ အဆောင်ထဲက အကျီဝတ် အမျိုးသမီးနဲ့ အမျိုးသားကတော့ စစ်မိန်ဂေဟာရဲ့ အရှင်သခင် လင်မယားဆိုတာ သေချာသွားပါပြီ ...။



အမည်းရောင်အကျီနဲ့ ဝိန်ဝိန်ရှည်ရှည် အဘိုးကြီးကတော့ ထုံနန်တစ်ကိုယ်တော် သူတောင်းစားဖြစ်မယ်၊ စုတ်ပြတ်ပေနေတဲ့ ခြေကျိုးသူတောင်းစားကြီးကတော့ ကျိထန်အမြွာထဲက ကုန်စွန်းညာခြေ ဖြစ်နိုင်တယ်၊ စောစောက အမာရွတ်လက်မှာတွေ့ခဲ့ရတဲ့ ခြေကျိုးသူတောင်းစားကြီးကတော့ ကျိထန်အမြွာထဲက တစ်ယောက်ပဲ ဖြစ်မယ်၊ သူလာတာ နောက်ကျသွားလို့ သေဘေးက လွတ်နေတာ ဖြစ်မယ်"

ကွမ်လိန်သည် ရှည်ရှည်လျားလျား မှန်းဆနေရာမှ ဟိုဟိုသည်သည်ကြည့်လိုက်သည်။ ထို့နောက် ...

"ဒါပေမဲ့ စမ်းချွမ်းဝါမေက အဆိပ်ခုနစ်မျိုးညီနောင်ဆိုတာ ဘယ်သူတွေဖြစ်မလဲ၊ ဟိုအတိတ်မေ့နေတဲ့ အကျီဖြူသိုင်းသမားများလား။ သူ့ကိုယ်ပေါ်မှာတော့ ကျားသစ်သားရေလက်နက်အိတ်မတွေ့မိဘူး၊ နောက်တစ်ယောက်ယောက်ပဲဖြစ်မယ်၊ အဲဒီတစ်ယောက်က ဘယ်သူဖြစ်နိုင်သလဲ"

ကွမ်လိန်သည် တွေးခေါ်စဉ်းစားမှုတွင် ဝါသနာထုံသူဖြစ်သဖြင့် ဖေကျင်နှင့် ဝတ်ရုံပြာဝတ်ဆင်သည့် အဘိုးကြီးများ၏ စကားများကို ဆက်စပ်ပြီး အမျိုးမျိုးတွေးခေါ်ကြည့်သည်။

ဖေကျင်သည် ငြိမ်ပြီးရပ်နေသော ကွမ်လိန်ကိုကြည့်ပြီး အသံထွက်အောင် ရယ်ပစ်လိုက်သည်။

ကွမ်လိန်က လှမ်းကြည့်သောအခါ ခနဲ့သလိုပြောလာသည်။

"ညီလေး ... မင်းပြောတဲ့စကားတွေက ယုံနိုင်စရာမရှိတဲ့ စကားတွေပဲ၊ ငါ့ညီက ဦးနှောက်ကောင်းတဲ့လူမှ ဟုတ်ရဲ့လား၊ စိတ်ထဲ ထင်ရာမြင်ရာတွေ လျှောက်ပြောနေတာများလား၊ ဟား ... ဟား"

ကွမ်လိန်သည် စောစောကထက် ပိုပြီးဒေါသထွက်လာ၏။

ခပ်ကြမ်းကြမ်းပြောရန် ရည်ရွယ်လိုက်သော်လည်း ပြောချင်သောစကားသည် အပြင်သို့ထွက်မလာဘဲ လည်ချောင်းထဲတွင်သာ တစ်ဆို့ဆို့ကြီးဖြစ်နေသည်။

ထိုစဉ် ပိန်ရှည်ရှည်အဘိုးကြီးတစ်ယောက်က အေးစက်စက် လေသံနှင့် ဝင်ပြောသည်။

"မင်းတို့နှစ်ယောက်စလုံး ပြောနေတဲ့စကားတွေဟာ အဓိပ္ပာယ်ရှိတဲ့စကားတွေချည်းပါပဲ၊ ဒါပေမဲ့ စစ်မိန်ဂေဟာကို ရောက်နေတဲ့လူတွေဟာ နှယ်နှယ်ရရပုဂ္ဂိုလ်တော့ မဟုတ်ဘူး၊ ဒီတော့ ဒီလူတွေအားလုံး သေသွားကြပြီဆိုတာ မယုံနိုင်စရာသတင်းပါ၊ ဒီသတင်းဟာ သိုင်းလောကထဲ ပျံ့နှံ့သွားရင် ထိတ်လန့်ချောက်ချားမှုကြီး ဖြစ်သွားမှာ အမှန်ပဲ"

ရှိကျင် အဘိုးကြီးသုံးယောက်ဘက်သို့ လှည့်ကာ ...

"ကျွန်တော်ပြောချင်တာက ဒီက ညီတော်မောင်ရဲ့စကားကို ယုံပြီး စစ်မိန်ဂေဟာထဲ ဝင်စစ်ဆေးဖို့မဖြစ်နိုင်ဘူးဆိုတဲ့ အချက်ပါပဲ၊ သူပြောတဲ့အတိုင်း အားလုံးသေကုန်ရင်တော့ စစ်မိန်ဂေဟာရဲ့ အရှင်သခင်တွေက ကျွန်တော်တို့တစ်တွေကို ကောင်းကောင်းကြီး



စိတ်ဆိုးကြလိမ့်မယ်၊ သူတို့စိတ်ဆိုးအောင် ကျွန်တော်တို့ မလုပ်ရဲပါဘူး"

ပိန်ပိန်ရှည်ရှည်အဘိုးအိုက ခေါင်းညိတ်ရင်း ...

"မှန်တယ် ... ဒီကိစ္စကို အရမ်းဆုံးဖြတ်လို့ မဖြစ်ဘူး၊ ချင့်ချင့်ချိန်ချိန်လုပ်ကြရမှာပဲ၊ သူပြောတာ အမှန်ပဲဆိုရင်တော့ ရောင်စုံအကျီ ဓားနှစ်လက်နဲ့ ကျူပ်တို့အဖွဲ့တူ အစ်ကိုတော်သုံးယောက်ဟာ တကယ် သေသွားပြီလို့ ယူဆလိုက်ကြရုံပေါ့၊ ဒီလိုမှမဟုတ်ဘဲ လိမ်ညာပြော နေတာတွေဆိုရင်တော့ အဲဒီအခါကျမှပဲ ညှိနှိုင်းလုပ်ကိုင်ကြတာပေါ့"

အရပ်ရှည်ရှည်နှင့်အဘိုးကြီးက စကားကိုတစ်လုံးချင်းပြောပြီး ရူးစမ်းသောမျက်လုံးများဖြင့် ကွမ်လိန်ကို ကြည့်နေသည်။

သူ့ပုံစံက စိတ်လှုပ်ရှားမှုမရှိသည့်ပုံစံမျိုး၊ အရာရာကို သွေးအေးအေးလုပ်ကိုင်တတ်သည့်ပုံမျိုး။ ထိုအချိန်တွင် ရှိကျင်နှင့်ဖေကျင်တို့အနီးသို့ ရောက်ရှိနေကြပြီဖြစ်သော ရောင်စုံအကျီနှင့် လူကြီးငါးယောက်သည် ထိတ်လန့်တုန်လှုပ်သွားပြီး မတည်မငြိမ် ဖြစ်သွားကြသည်။

အရပ်ရှည်ရှည်နှင့်အဘိုးကြီးသည် ဟူတန်းအဖွဲ့မှ ဆရာကြီး တစ်ဦးဖြစ်သည်။ လန်လျူဆရာကြီး၏ လက်အောက်တွင်ရှိသော လက်ထောက်ခေါင်းဆောင်လေးယောက်အနက်မှ တစ်ယောက်ဖြစ်ပြီး သူက တခြားလေးယောက်တစ်ဖွဲ့ကို ဦးဆောင်ရသည်။

အဘိုးကြီး၏ရာထူးအဆင့်အ တန်းသည် စစ်မိန်ဂေဟာသို့ ပထမဆုံးရောက်ရှိသွားခဲ့သော 'ဟူတန်း ဈိုင်းသုံးကောင်' ဘွဲ့ရ

အဘိုးကြီးသုံးယောက်ထက်အဆင့်မြင့်သူ မဟုတ်သော်လည်း သိုင်းလောကတွင် ထင်ရှားသူဖြစ်သည်။

ကွမ်လိန်သည် အခြေအနေကို မမိုတ်မသုန်ကြည့်နေရာမှ တဖြည်းဖြည်း စိတ်ရှုပ်လာမိသည်။ မနေ့ညကတည်းက တွေ့ကြုံခဲ့ရသော ထိတ်လန့်ချောက်ချားဖွယ်ရာအဖြစ်များသည် မပြီးဆုံးနိုင်သေးဘဲဖြစ်နေသည်ကို သဘောပေါက်လာသည်။ သို့သော် ကျောပေါ်သို့ရောက်ရှိနေပြီဖြစ်သော ပြဿနာအထုပ်အပိုးကြီးကို ပစ်ချခဲ့ဖို့ဆိုသည်ကလည်း ဖြစ်နိုင်သောကိစ္စ မဟုတ်တော့။

"ဘာ ... အကျီဖြူသိုင်းသမား ... ဟုတ်လား"

သူ့စကားကို နားထောင်နေကြသူများသည် အကျီဖြူ သိုင်းသမားအကြောင်းကိုကြားသည်နှင့် မျက်စိပျက်မျက်နှာပျက် ဖြစ်သွားကြသည်။

အမြဲလိုလို စိတ်ထိန်းချုပ်နိုင်ဟန်ရှိသော အပြာရောင်ဝတ်ဆင်ထားသည့် ပိန်ရှည်ရှည်အဘိုးကြီးပင်လျှင် စိတ်လှုပ်ရှားပုံရသည်။ တစ်ခဏအတွင်းမှာလည်း သူ၏အပြုံးများ ပျောက်ကွယ်သွားသည်။

ကွမ်လိန်သည် ပြောင်းလဲသွားသည့်အခြေအနေကို တအံ့တသြဖြစ်သွားသော်လည်း ပြောလက်စ,စကားကို ခပ်ဖြည်းဖြည်းဆက်ပြောသည်။ ရုတ်တရက်ရောက်ပြီး ရုတ်တရက်ပျောက်သွားသော လူတစ်ယောက်အကြောင်းကို ရောက်လာသောအခါ ရိကျင်စကားဖြတ်ပြီး ဝင်ပြောသည်။

"အဲဒီလူရဲ့ဓားမှာ ကျားသစ်သားရေနဲ့လုပ်ထားတဲ့ အိတ်



တစ်လုံး ရှိနေသလား"

"မရှိပါဘူး"

ကွမ်လိန်က ခေါင်းခါပြီးပြောသည်။

အကျီစိမ်းနှင့်မိန်းမပျို့အကြောင်းသို့ရောက်သောအခါ ဖေကျင်က ဖြတ်မေးပြန်သည်။

"သူက ဝါဆန်းခွေရှအဖွဲ့ကလား"

ကွမ်လိန်က ခေါင်းခါသည်။ ထို့နောက် အဖြစ်အပျက်အလုံးစုံကို အကုန်ပြောပြသည်။ ထိုသို့ပြောကြားရာ၌ အကျီဖြူသိုင်းသမားအတိတ်မေ့နေခြင်းကိစ္စကိုမူ ထည့်မပြောဘဲချန်ထားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ကွမ်လိန်၏အသည်းနှလုံးထဲ၌ အကျီဖြူသိုင်းသမားအပေါ်၌ အလိုလိုနေရင်းမှ ထောက်ထားသည့်စိတ်ဓာတ်များ ပေါ်နေသောကြောင့်တည်း။

ကွမ်လိန်၏ပြောစကားများသို့ အာရုံစိုက်ပြီး နားထောင်နေကြသော ရောင်စုံအကျီဝတ်များနှင့်အပြာရောင်ဝတ်ရုံဝတ်ဆင်သည့်အဘိုးကြီးလေးယောက်သည် အတော်စိတ်လှုပ်ရှားသွားကြသည်။

ကွမ်လိန်က စကားရပ်ပြီးကြည့်လိုက်သောအခါ၌ သူ့စကားကို နားထောင်နေခဲ့သောလူစုသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မှင်တက်နေကြသည်။ သူတို့သည် အချိန် အတော်ကြာသည်အထိ စကားတစ်ခွန်းမျှ မပြောကြဘဲ ငြိမ်နေကြသည်။ သူတို့ဘာသာသူတို့ စဉ်းစားတွေးတောနေကြလေပြီ။ ကွမ်းတစ်ယာညက်ခန့်မျှ ကြာသွားသောအခါ ရိကျင်က စတင်၍ ငြိမ်သက်မှုကို

ဖျက်ဆီးပစ်လိုက်သည်။ သူပြောသည့်စကား၌ အထူးအဆန်း မပါလှချေ။

"ဒီကညီလေး ပြောခဲ့တာတွေဟာ အတော်စိတ်လှုပ်ရှားစရာ ကောင်းတဲ့ အဖြစ်အပျက်တွေပဲ၊ ဒါပေမဲ့ ဒီကိစ္စကို အမှန်ပါလို့ ဝေခွဲလို့ မရသေးဘူး"

"ကျွန်တော့်အနေနဲ့ လောလောဆယ်မှာ ဘယ်လိုမှ မဆုံးဖြတ်တတ်သေးပါဘူး၊ ဆရာတို့ကတော့ ကျွန်တော့်ထက် အမြော်အမြင်ကြီးရှိတဲ့လူပဲ၊ ဆရာတို့စိတ်ထဲမှာ ဆုံးဖြတ်ချက်တစ်ခုခုတော့ ရှိနေမှာပါပဲ၊ ဒီတော့ ခုကိစ္စကို ဆရာတို့ပဲ ဦးဆောင်စေချင်ပါတယ်"

"အင်း ... ကြားခဲ့ရတာတွေကတော့ ရှုပ်ထွေးတဲ့ပြဿနာပဲ၊ ထူးလည်းထူး၊ ဆန်းလည်းဆန်းတဲ့အဖြစ်ပေပဲ၊ ကျုပ်တို့အနေနဲ့ အဲဒီပြဿနာကို အဖြူအမည်းဝေခွဲလို့မရသေးပါဘူး၊ ကျုပ်တို့မှာ ဆုံးဖြတ်နိုင်တဲ့ အချက်အလက်တွေလည်း မရှိပါဘူး၊ ဒီတော့ ဒီကိစ္စကို မင်းပဲ ဆုံးဖြတ်ချက်ချပါ"

ရီကျင်က အဖြေမပေးနိုင်ဘဲ အဘိုးကြီးများကို ငေးကြည့်နေမိသည်။ ပိန်ပိန်ရှည်ရှည်အဘိုးကြီးက သူ့စကားပြန်ဆက်သည်။

"ကျုပ်တို့အနေနဲ့ အခုကိစ္စမှာ မင်းတို့က ကျုပ်တို့ထက်ပိုပြီး နားလည်ကြလိမ့်မယ်လို့ ယူဆထားပါတယ်၊ ဒီစစ်မိန်ဂေဟာရဲ့ ဖိတ်ကြားချက်ဟာ အဖွဲ့ချုပ်တွေနဲ့ အနီးစပ်ဆုံး လူတွေကိုသာ ဖိတ်ထားတာဆိုတော့ မင်းတို့ရဲ့ဆရာတွေ ဘာကိစ္စကြောင့် ဒီကိုရောက်ရှိလာကြတယ်ဆိုတာ မင်းတို့ အတော်အသင့်တော့ ရိပ်မိကြမှာပဲ"



ကွမ်လိန်သည် သူ့ရှေ့တွင် ပြောသမျှကို ငြိမ်ပြီးနားထောင်နေမိသည်။

သို့သော် စစ်မိန်ဂေဟာတွင်ဖြစ်ပွားသည့်ပြဿနာ၏ အရင်းအမြစ်ကို ယခုတိုင်မသိရသေး။ သူ့ကိုယ်သူ အန္တရာယ်စက်ကွင်းထဲ ဝင်မိနေပြီဟုတော့ သိမြင်နေသည်။ သူသည် သိုင်းအဖွဲ့အသီးသီး၏ ပစ်မှတ်တစ်ခုအဖြစ် အလိုလိုနေရင်း ကျရောက်လာပြီဖြစ်ကြောင်းကိုမူ သူကောင်းစွာ နားလည်လာမိလေ၏။

ထို့ကြောင့် မေးခွန်းပေါင်းမြောက်များစွာကို သေသေချာချာ ဖြေကြားခဲ့ရသည့်အခြေအနေသို့ရောက်ရှိခဲ့ခြင်းမဟုတ်ပါလား၊ ရှေ့ဆက်၍လည်း မည်မျှစစ်ကြောမေးမြန်းကြဦးမည် မသိချေ။

ဤသိုင်းသမားကြီးများကြား၌ အမေးအဖြေလုပ်နေရခြင်းအတွက် တစ်ခုတော့ သူကျေနပ်မိသည်။ သိုင်းသမားကြီးများ အပြန်အလှန် ပြောနေကြသည့် စကားများထဲ၌ အကျော်အဖြူသိုင်းသမား သို့မဟုတ် အတိတ်မေ့နေသော သိုင်းသမား၏ အတိတ်အစအနများကို ရိပ်မိသိရှိလာနိုင်ခြင်းပေတည်း။

အကျော်အဖြူသိုင်းသမား၏အတိတ်ဘဝအကြောင်းသိရှိလျှင် သူ ပေးထားသည့်ကတိကို ကျေပွန်စွာဆောင်ရွက်ပေးနိုင်ရန် အလွန်လွယ်ကူသွားပေပြီ။ သို့သော် တစ်ချက်သူမေ့လျော့နေသည်မှာ သူသည် ဤလူများအကြား၌ အချိန်မရွေး အသတ်ခံရနိုင်သည်ဆိုသည့် အချက်ကိုတည်း။

အဖြစ်အပျက်အလုံးစုံကို ဆက်စပ်တွေးတောနေရာမှ ဝါမေ

ပုရှမ်းဆိုသူသည် အဆိပ်ခုနစ်မျိုးညီနောင်ထဲမှဖြစ်ကြောင်း သဘော ပေါက်လာသည်။

ထိုစဉ် တလိပ်လိပ်တက်လာသော တိမ်မည်းညိုကြီးများ ကြောင့်လည်းကောင်း၊ အချိန်လင့်လာခြင်းကြောင့်လည်းကောင်း၊ တဖြည်းဖြည်းမှောင်စပြုလာလေပြီ။ သစ်တောပတ်ဝန်းကျင်တစ်ခု လုံးသည် ခပ်မှောင်မှောင် ဖြစ်သွား၏။

တောင်ပေါ်လမ်း သစ်ပင်အောက်တွင်ရှိနေကြသော သိုင်းသမားတို့သည် ဘာစကားမျှ မပြောနိုင်ကြဘဲ အတွေးကိုယ်စီနှင့် ငြိမ်နေကြသည်။

ကျေးငှက်အော်သံ၊ စမ်းရေစီးသံနှင့် သစ်ရွက်ချင်း သစ်ခက် ချင်း ရိုက်ခတ်နေသံများ သည် ပျင်းရိစရာကောင်းလာသည်။

ရီကျင်နှင့်ဖေကျင်သည် တစ်ယောက်ကိုတစ်ယောက် လှမ်း ကြည့်လိုက်ပြီး မျက်လုံးများဖြင့် မေးခွန်းထုတ် တိုင်ပင်နေကြသည်။

အချိန်အနည်းငယ်ကြာသွားမှ ရီကျင်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည်။

“စစ်မိန်ဂေဟာအရှင်သခင်က ကျွန်တော်တို့ရဲ့ဆရာကို ဖိတ် ခေါ်တာနဲ့ပတ်သက်လို့ ကျွန်တော်တို့လည်း သေသေချာချာ မသိလှ ပါဘူး၊ ပျောက်ကွယ်နေတာကြာပြီဖြစ်တဲ့ အဖိုးတန်ပစ္စည်းတစ်ခုနဲ့ ပတ်သက်နေတာလောက်ပဲ သိတယ်၊ ဒီကြားထဲမှာ သိပ်ကြီးကျယ်တဲ့ ပြဿနာတစ်ခု ရှိနေတယ်ဆိုတာကိုတော့ ရိပ်မိခဲ့ပါတယ်၊ ဒါပေမဲ့ ဘယ်လိုပြဿနာမျိုးဆိုတာကိုတော့ သိမထားပါဘူး၊ ဒီအကြောင်း



ကို ဖိတ်စာထဲမှာလည်း ဖော်ပြမထားပါဘူး”

ဝိန်ဝိန်ရှည်ရှည်အဘိုးကြီးက ခေါင်းညိတ်ပြီး ဆက်ပြောလာ သည်။

“ဟုတ်တယ် … ဟုတ်တယ်၊ ကျုပ်ကိုယ်တိုင်လည်း ဒါကို အံ့ဩမိပါတယ်၊ ဖြစ်ပေါ်နေတဲ့ကိစ္စနှစ်ခုထဲက တစ်ခုဟာ အဖွဲ့ချုပ် သိုင်းသမားတွေအပေါ် ပြဿနာတက်မလာသင့်ဘူးလို့ ယူဆထားမိ တယ်၊ ကျုပ်လည်း အဲဒီနှစ်ခုထဲက တစ်ခုကို ဘာအကြောင်းမှန်း မသိရသေးဘူး၊ ကျုပ်တို့ဆရာကလည်း ဖိတ်စာရကတည်းက တစ်ခု ကတော့ တော်တော်ထူးတဲ့ကိစ္စဖြစ်မှာပဲလို့ ပြောခဲ့တယ်၊ ခု အခြေ အနေအတိုင်းဆိုရင်တော့ ကျုပ်တို့ဆရာပြောတာ မှန်နေပြီလို့ ယူဆ ရလိမ့်မယ်”

ဟူတန်းအဖွဲ့မှ ကျန်အဘိုးကြီးသုံးယောက်တို့သည် ဝိန်ဝိန် ရှည်ရှည်အဘိုးကြီးပြောသမျှကို နားထောင်နေရင်း ခေါင်းတညိတ် ညိတ် လုပ်နေကြသည်။

ရီကျင်နှင့်ဖေကျင်အနားတွင် ရှိနေကြသော ရောင်စုံအင်္ကျီ နှင့် လူများကလည်း အခြေအနေကို ငြိမ်ပြီး လေ့လာနေကြသည်။ သူတို့၏ခေါင်းဆောင်များပြောနေသမျှကို တစ်ခွန်းတစ်ပါဒမျှ ဝင် ရောက်စွက်ဖက်ခြင်း မပြုကြ။ သူတို့တွင် ထိုသို့ဝင်ရောက်ပြောဆိုခွင့် လည်း မရှိကြ။

ရီကျင်က မျက်လုံးနှစ်ဖက်ကို မြှင့်တင်ပြီး ထပ်ပြောသည်။

“ကျွန်တော်တို့အံ့ဩနေတာက စစ်မိန်ဂေဟာ တွေ့ဆုံပွဲမှာ

ဝှမ်ဆန်အဖွဲ့က ဇွေရှုး ထင်ချန်းအဖွဲ့က ချင်းလိနဲ့ ခွန်လျူနဲ့ ဝမ်ကွမ်းတို့ ရောက်မလာကြတာကိုပါပဲ၊ သူတို့အဖွဲ့တွေကို တမင်မဖိတ်ဘဲ ချန်ထားတာလား၊ ဒါမှမဟုတ် သူတို့က အင်အားနည်းနေလို့ တမင်မလာဘဲနေတာလားဆိုတာ စဉ်းစားရမယ်၊ အဲ ... သိုင်းလောကတစ်ခုလုံးက မျက်မှန်းကျိုးနေတဲ့လူကတော့ ဘယ့်နှယ် ဘယ့်နှယ် ရောက်လာခဲ့ရတာလဲ၊ စဉ်းစားစရာကောင်းတာက စစ်မိန်ဂေဟာကို ရောက်လာတဲ့သူအားလုံး သေပြီး သူတစ်ယောက်ကတော့ မသေဘဲ ကျန်နေတယ်ဆိုတော့ ..."

ရှိကျင်က စကားကိုဆုံးအောင်မပြောဘဲ ရပ်ပစ်လိုက်သည်၊ ကွမ်လိန်သည် ကြားရသောစကားကြောင့် စိတ်လှုပ်ရှားသွားသည်။

သည်လူပြောတဲ့လူဟာ အကျိုဖြူသိုင်းသမားလား။

အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် အဘိုးကြီးက သူ၏ ထင်မြင်ယူဆချက်ကို ပြောပြသည်။

"ကျုပ်အမြင်ကတော့ အဆိပ်ခုနစ်မျိုးညီနောင်ကို ဗိုပြီး မသက်ဘူး၊ ဒီလောက် ကြီးကြီးကျယ်ကျယ်ဒုက္ခပေးနိုင်တာ သူတို့ပဲ ရှိတယ်"

သူသည် စကားပြောရင်း ကွမ်လိန်ကို လှမ်းကြည့်သည်။

"ဒီက မောင်ရင်လေး ပြောစကားအရဆိုရင်တော့ တံတားအနီးမှာ အပစ်ခံရတဲ့ လက်နက်ပုန်းပိုင်ရှင်ကတော့ ဝါမေအဖွဲ့က ပုရှမ်းပဲ ဖြစ်ရမယ်၊ အဲဒီလက်နက်ပုန်းဟာ လက်နက်ခုနစ်မျိုးထဲက အဆိပ်သိပ်ပြင်းတဲ့ ဟောဟိုနတ်အဆိပ်အပ်ပဲ"



ရှိကျင်က ...

"ဆရာတို့ပြောတာ သေချာလှချည်လား၊ ဒီလိုတော့ တပ်အပ်စွပ်စွဲလို့ ဖြစ်မယ်မထင်ဘူး၊ အထောက်အထား လိုတယ် ... အထောက်အထား"

ဝိနိဝိနိရှည်ရှည်အဘိုးကြီးက အားပါးတရရယ်ပြီး ...

"ဟား ... ဟား ... ဟား ... ဟောဒီက မောင်ရင်လေးရဲ့ အိမ်စေမိတ်ဆွေဟာ အသတ်ခံရတယ် မဟုတ်လား၊ ဒီလိုဖြစ်ပြီးမှ လက်နက်ပုန်းနဲ့ လုပ်ကြံမှု ထပ်ပေါ်လာတယ်ဆိုတော့ ပုရှမ်းမှ ပုရှမ်းပဲဖြစ်ရမယ်၊ သူ ဒီလိုလုပ်တာဟာ စစ်မိန်ဂေဟာမှာ ဖြစ်ပွားခဲ့တဲ့ကိစ္စကြီးကို ဘယ်သူမှန်းမသိအောင် နှုတ်ပိတ်ပစ်တဲ့သဘောပဲ"

အဘိုးကြီး၏စကားကို ဖေကျင်က အလေးအနက်စဉ်းစားပြီး စောဒကတက်သည်။

"အခြေအနေတွေက အတော့်ကို စဉ်းစားရကျပ်တာပဲ၊ ဆရာ့ကို ပြောသလိုဆို ပုရှမ်းဟာ သိပ်စွမ်းတဲ့ပုဂ္ဂိုလ်ဖြစ်နေပြီ၊ ဒါပေမဲ့ ... ဝတ်ရုံနီလင်မယားရယ်, ကုန်စွန်းညာခြေရယ်, ဟူတန်းဗျိုင်းသုံးကောင်ရယ်, နောက်ပြီး ... အဆင့်မြင့်သိုင်းသမားအားလုံးကို သတ်နိုင်ဖို့ဆိုတာကလည်း တကယ်တော့ လွယ်တဲ့ကိစ္စမဟုတ်ပါဘူး၊ အခုတော့ ထိပ်သီးအားလုံး သေနေကြတယ်ဆိုတော့"

ဝိနိရှည်ရှည်အဘိုးကြီးသည် မျက်မှောင်ကြုတ်ပြီး နားထင်ကို လက်ညှိုးနှင့်ထောက်ကာ စဉ်းစားနေသည်။

ထို့နောက် ... တီးတိုး ရေရွတ်နေလေသည်။

"ဒါဆိုရင် သူများလား"

"မောင်ရင်လေး ... မောင်ရင်လေးအနေနဲ့ အကြောင်းစုံကို ပြောပြတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်၊ သေဆုံးသွားတဲ့ လူတွေကိုလည်း အပင်ပန်းအဆင်းရဲခံပြီး မြေမြှုပ်သင်္ဂြိုဟ်ပေးတဲ့ အတွက် ချီးကျူးဂုဏ်ပြုပါတယ်၊ မောင်ရင်လေးရဲ့ စေတနာကို သိုင်းလောကသားတွေကလည်း သဘောကျမှာ အမှန်ပါပဲ၊ ခုလို ကောင်းမှုပြုခဲ့တဲ့အတွက် နောင်တမလွန်ကျရင် နတ်စည်းစိမ်ကို ခံစားရလိမ့်မယ်"

ကွမ်လိန် အံ့သြသွားသည်။ ပြေပြစ်သောဆက်ဆံမှုကို အရိုသေဆုံး၊ အလေးစားဆုံး တုံ့ပြန်ရန် သူအသင့်ဖြစ်သွားသည်။

"ကိစ္စမရှိပါဘူး ဘဘကြီးခင်ဗျာ၊ ဒီလိုကိစ္စမျိုးဟာ မကူညီရင် မဖြစ်တဲ့ကိစ္စမျိုးပါ၊ ဒီလောက် ရေးကြီးခွင်ကျယ်လုပ်ပြီး ချီးကျူးစရာ မလိုပါဘူး"

ကွမ်လိန်၏စကားဆုံးသည်နှင့် အဘိုးကြီးက လေးနက်သောမျက်နှာဖြင့် ခပ်တိုးတိုးမေးသည်။

"မောင်ရင့်ကို ကျုပ်တစ်ခုမေးချင်တယ်"

"မေးပါခင်ဗျာ ... ကျွန်တော်သိသမျှတော့ မခြွင်းမချန်ဖြေပါ့မယ်"

"အလောင်းတွေမြေမြှုပ်တော့ အားလုံးကို ဒီအတိုင်းပဲ မြှုပ်လိုက်သလား"

"ဘာကိုဆိုလိုတာပါလဲခင်ဗျာ၊ အလောင်းတွေအားလုံးကို



တော့ မြှုပ်ပေးလိုက်တာပါပဲ"

"ဪ ... ကျုပ်သိချင်တာက ဒီလိုပါ၊ အလောင်းတွေဆီက များ အမှတ်တရပစ္စည်းတစ်ခုခု သိမ်းများထားမိသလားလို့ပါ"

"ဪ ဒါလား ...သိမ်းထားပါတယ် ...သိမ်းထားပါတယ်"

သူသည် ခေတ္တမျှတုံ့ဆိုင်းသွားသည်။ ထို့နောက် ချက်ချင်းပင် အပြည့်အစုံ ရှင်းပြမိလေသည်။

"ကျွန်တော် သူတို့အိတ်ထဲကပစ္စည်းတွေကို အကုန်လုံးလိုလို ထုတ်ယူထားပါတယ်၊ ဒီပစ္စည်းတွေကို သေသူနဲ့ပတ်သက်တဲ့လူတွေကို ပေးချင်လို့ပါပဲ၊ ကျွန်တော့်သဘောထားကို ခင်ဗျားတို့အားလုံး သိလိမ့်မယ်ထင်ပါတယ်၊ ဒါကို ခင်ဗျားတို့က ..."

ကွမ်လိန်စကားမဆုံးသေးခင်မှာပင် အဘိုးကြီးက လက်တစ်ဖက်ကို ခါယမ်းလိုက်ပြီး ...

"ကျုပ်တို့ကို အထင်မလွဲမနေပါနဲ့ မောင်ရင်၊ ကျုပ်တို့ ခုလို မေးမိတာက မောင်ရင့်ကို မယုံကြည်လို့ မေးတာမဟုတ်ပါဘူး၊ မောင်ရင်ဟာ ရိုးသားတယ်၊ စိတ်ထားကောင်းမွန်တဲ့ သူငယ်တစ်ယောက်မှန်း ကောင်းကောင်းသိပါတယ်၊ ဒါပေမဲ့ ..."

အဘိုးကြီးက စကားပြောရင်း ထူးထူးခြားခြား ပြုံးသည်။

ပြီးမှ ...

"ကျုပ်တို့အနေနဲ့ သိချင်တာကလေးတွေ ရှိနေလို့ မေးမိတာပါ၊ မောင်ရင့်အနေနဲ့ အဲဒီပစ္စည်းတွေဟာ ဘယ်လိုပစ္စည်းတွေဆိုတာ ပြောပြစေချင်ပါတယ် ...။

ခုလိုတောင်းဆိုမိတာက အခွင့်အရေးယူလွန်းရာတော့ ကျနေတာ အမှန်ပါပဲ၊ ဒါပေမဲ့ ကျုပ်တို့မှာက နောက်ပိုင်းမှာ ကိစ္စတွေ သိပ်အရေးကြီးနေလို့ ကြုံတုန်းမေးမိတာပါ မောင်ရင်"

အဘိုးကြီးက ချိုသာသောအပြုံး၊ ယဉ်ကျေးသိမ်မွေ့သော အမူအရာဖြင့် ကျိုးကျိုးနွံနွံပြောသည်။

ကွမ်လိန်သည် သိုင်းလောကသားမဟုတ်သဖြင့် သိုင်းလောကသားတို့၏လျှို့ဝှက်သော စိတ်ခေတ်ကို မသိရှိပေ။ ယဉ်ကျေးသိမ်မွေ့စွာ မေးခွန်းထုတ်နေသည့် အပြာရောင်ဝတ်စုံဝတ်ဆင်ထားသည့် အဘိုးကြီး၏မေးခွန်းများကိုလည်း သံသယမရှိပေ။ ရိုးရိုးသားသားသိလို၍ မေးမြန်းနေခြင်းသာဖြစ်သည်ဟု သူအထင်ရှိသည်။ ထို့ကြောင့် ...

"ဒီပစ္စည်းတွေဟာ သူတို့ဆွေမျိုးတွေအတွက် အများကြီး တန်ဖိုးရှိမယ်ဆိုတာ ကျွန်တော် ကောင်းကောင်းကြီး ရိပ်စားမိပါတယ်၊ ဒါကိုသိလို့ ဒါတွေကို ကျွန်တော် တကူးတကန့် သိမ်းဆည်းခဲ့တာပေါ့"

ထိုစကားကို ကြားလိုက်ရသောအခါ ရီကျင်နှင့်ဖေကျင်တို့သည် တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်လိုက်ကြလေသည်။ ထိုအချက်ကို ကွမ်လိန် သတိမပြုမိပေ။ သူသည် အပြာရောင်ဝတ်စုံဝတ်ဆင်ထားသည့်အဘိုးကြီးများကိုသာ ဦးတည်၍ရှင်းပြနေ၏။

"သေဆုံးသူတွေဆီက ရခဲ့တဲ့ ပစ္စည်းတွေဟာ သိပ်ပြီး ထူးလှတယ်တော့ မဟုတ်ပါဘူး၊ တိကျအောင်ပြောရင်တော့ ထိုက်ရှင်



နှစ်ယောက်အိတ်ထဲက ပုလဲတစ်တွဲ၊ ရှောင်လင်အရက်အဘိုးကြီးနှစ်ယောက်ဆီက ပုရပိုက်နှစ်စုံ၊ ဟူတန်းဗျိုင်းသုံးကောင်ဆီ တရားစာရေးထားတဲ့စာလိပ်တစ်လိပ်၊ အမည်းရောင်အင်္ကျီနဲ့အဘိုးကြီးဆီက ကိုယ်ပေါ်ဝှက်ထားတဲ့ စာတစ်လိပ် ... အားလုံးထဲမှာ ဝှက်ထားတဲ့စာသာ နည်းနည်းထူးခြားပါတယ်၊ ဒီပြင်တော့ ဘာမှမတွေ့ခဲ့ပါဘူး"

ကွမ်လိန်စကားဆုံးသောအခါ ဝတ်ရုံပြာဝတ်ဆင်ထားသည့် အဘိုးကြီးများရော၊ ရီကျင်တို့ပါ မျှော်လင့်ချက်များ ကုန်ဆုံးပျောက်ကွယ်သွားသကဲ့သို့ စိတ်ပျက်သည့်အမူအရာများဖြစ်ပေါ်သွားသည်။

ကွမ်လိန်သည် အချိန်အတော်ကြာအောင် ငြိမ်ပြီးစဉ်းစားနေရာမှ တစ်စုံတစ်ခုကို သတိရလာပြီး ရုတ်တရက်လှမ်းပြောသည်။

"ကျန်သေးတယ် ... ကျန်သေးတယ် နောက်တစ်ခု၊ ကုန်စွန်းညာခြေထောက်ထဲက ကြေးပြားတွဲတစ်တွဲ ... အဲဒီကြေးပြားတွဲက တော်တော်ဟောင်းနေတဲ့ပစ္စည်း၊ ဒါပေမဲ့ ..."

ဝတ်ရုံပြာဝတ်ဆင်ထားသည့် အဘိုးကြီးများအုပ်စုနှင့် ရီကျင်ဖေကျင်တို့သည် ရုတ်တရက်ဝုန်းခနဲ ခုန်လိုက်ကြ၏။ မြွေတစ်ကောင်ကို နင်းမိလုဆဲဆဲ ရုတ်တရက်မြင်လိုက်ရသဖြင့် လန့်ခုန်သူနှင့် ပမာတူနေ၏။

"အဲဒီကြေးပြားတွဲက ဘယ်မှာလဲ"

အားလုံးက ယိမ်းတိုက်ထားသလို တစ်ပြိုင်တည်း မေးလာသည်။ သူတို့မေးလိုက်သည့် အသံသည် ပေါင်းစည်းသွားပြီး တောထဲတောင်ထဲ၌ ပဲ့တင်ထပ်သွားလေတော့၏။

အလွန်တရာ ဣန္ဒြေဆည်နိုင်သည့် အဘိုးကြီးပင်လျှင် သူ၏ စိတ်လှုပ်ရှားမှုကို မထိန်းသိမ်းနိုင်တော့သဖြင့် အလောတကြီးဖြစ် လာသည်။

“အဲဒီကြေးပြားတွဲက အဝါရောင်ကြိုးနဲ့တွဲထားတဲ့ ကြေးပြားတွေမဟုတ်လား၊ ကြေးပြားတွေက သုံးစွဲနေကျကြေးပြားတွေထက် နည်းနည်းကြီးနေတယ် မဟုတ်လား”

ကွမ်လိန် တအံ့တသြဖြစ်သွားသည်။

သူတွေ့ခဲ့သောကြေးပြားတွဲသည် ဟောင်းနွမ်းနေသော ပစ္စည်းသာ ဖြစ်သည်။ သုံးစွဲ၍ရသောပစ္စည်းမလည်းမဟုတ်။

သို့သော် ထိုကြေးပြားကြောင့် သိုင်းသမားများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်ကို နားမလည်နိုင်အောင် ဖြစ်သွားသည်။ သူ ဘယ်လို နားလည်နိုင်ပါ့မလဲလေ။ သူ သိုင်းလောကသားမှ မဟုတ်ဘဲကိုး။

ကွမ်လိန် ဝိုဝိုးအံ့သြနေသည့်အချက်ကား သာမန်ကြေးတွဲသည် အမည်းရောင်ကြိုးကိုသာ တွဲထားလေ့ရှိသည်။ ယခုအဘိုးကြီးကမူ သူရယူခဲ့သော ကြေးပြား၏အနေအထားနှင့် တွဲချည်ထားသော အဝါရောင်ကြိုးနှင့်ပင် တစ်အစ်သေချာ ပြောခြင်းဖြစ်သည်။

သူပြောပုံက ထိုပစ္စည်းကို မြင်ဖူးထားပုံမျိုး ဖြစ်ပေသည်။ ကွမ်လိန် တွေးသည်။

ဒီလူတွေ ဒီလောက်တောင် လှုပ်လှုပ်ရှားရှားဖြစ်နေကြတာဟာ ကြေးပြားတွဲထဲမှာ အရေးကြီးတဲ့ လျှို့ဝှက်ချက်တွေ ရှိနေလို့



များလား။ ဒီကြေးပြားတွဲဟာ မနေ့ကဖြစ်ပွားခဲ့တဲ့ အရေးအခင်းကြီးနဲ့ တိုက်ရိုက်ပတ်သက်နေလို့လား။

ကွမ်လိန်ခေါင်းပေါက်အောင် စဉ်းစားလိုက်သော်လည်း ပြဿနာအဖြေရှာမတွေ့။

ထို့ကြောင့် ခေါင်းညိတ်ပြလိုက်ပြီး မရဲတရဲဖြေသည်။

“ဘဘကြီးပြောတဲ့အတိုင်း မှန်ပါတယ်၊ ကြေးပြားတွေတွဲထားတာက အဝါရောင်ကြိုးနဲ့ပါ၊ ကြေးပြားအရေအတွက်ကတော့ ဆယ်ပြားကျော်ကျော်ပဲ ရှိပါတယ်”

ကွမ်လိန်သည် သူ့ရှေ့ရှိ လူအားလုံး၏မျက်နှာပေါ်တွင် ဝမ်းသာသောအရိပ်များပြေးသွားသည်ကို တွေ့ရသည်။

သူတို့၏အမူအရာသည် ပျောက်ဆုံးနေသော ရတနာကို ပြန်တွေ့နေရသကဲ့သို့ ဖြစ်နေကြသည်။

ဟောင်းနွမ်းနေသော ကြေးပြားတွဲသည် အဖိုးတန်သော ကျောက်မျက်ရတနာထက်ပင် တန်ဖိုးကြီးနေပြီလား။

ပိန်ပိန်ရှည်ရှည်အဘိုးကြီး၏ လက်တစ်ဖက်သည် တဖြည်းဖြည်းနှင့် ခါးကြားမှ ဓားရိုးပေါ်ရောက်သွားသည်။ သူသည် မျက်တောင်လုံးဝမခတ်တော့ဘဲ ကွမ်လိန်ကိုစိုက်ကြည့်နေ၏။

ထို့နောက် သူ့နှုတ်မှ မာကျောသော အသံပေါ်လာသည်။ စောစောကလေသံနှင့် ယခုလေသံသည် မုန်တိုင်းနှင့်လေပြည်လေညင်းကဲ့သို့ ကွာခြားလှချေတကား။

“ဒီကြေးပြားတွဲဟာ သိပ်အရေးကြီးတဲ့ကြေးပြားတွဲပဲ၊

ဒီပစ္စည်းကို မောင်ရင့်ဆီမှာထားလို့မဖြစ်ဘူး၊ ကျုပ်ကိုပေး"

"နေဦး"

ရီကျင်နှင့်ဖေကျင်တို့က မိုးခြိမ်းသလို လှမ်းအော်သည်။

"မင်းတို့က ဘာဖြစ်တာလဲ"

အဘိုးကြီးက ဓားရိုးကိုဆုပ်ကိုင်ပြီးပြောသည်။

ငြိမ်သက်နေသောအခြေအနေသည် မုန်တိုင်းအမွှေခံရသော ပန်းခင်းကဲ့သို့ ဖရိုဖရဲ ပျက်စီးသွားလေ၏။ ကျန်ဝတ်ရုံပြာဝတ် အဘိုးကြီးသုံးယောက်ကလည်း သူတို့၏ဓားရိုးများကို အသင့်ဆုပ်ကိုင်လိုက်ကြသည်။

ရီကျင်က မရယ်ချင့်ရယ်ချင်ရယ်လိုက်ပြီး ..

"ဆရာတို့က ဟူတန်းတောင်မှာ တိတ်ဆိတ်ကင်းငြိမ်းခြင်းနဲ့ တရားထိုင်ကြတဲ့လူတွေပဲ၊ ဘာဖြစ်လို့ ဒီကြေးပြားတွဲတွေကို လိုချင်ကြရတာလဲ၊ ကျွန်တော်တို့ဆီမှာ ထားတာက ပိုပြီးသဘာဝကျပါတယ်ဗျာ"

အဘိုးကြီးက အေးစက်စက်ပြောလေ၏။

"ရီကျင်နဲ့ဖေကျင်တို့က သိုင်းပညာသိပ်ကောင်းတာတဲ့ လူတွေလို့ ပြောသံကြားဖူးပါတယ်၊ ဒါပေမဲ့ ကျုပ်တို့ကတော့ ဒီကိစ္စကို သိပ်မယုံပါဘူး"



# အခန်း (၅)

## လျှို့ဝှက်ပစ္စည်းအတွက်တိုက်ပွဲ

ရီကျင်ကော၊ ဖေကျင်ပါ မျက်နှာပျက်သွားကြသည်။

တစ်ပြိုင်နက်တည်းတွင် သူတို့နောက်တွင်ရပ်နေကြသော သိုင်းသမားများကို အချက်ပြလိုက်သည်။

ဤတွင် ရောင်စုံအင်္ကျီဝတ်ထားကြသော သိုင်းသမားများ၏ လက်သည် ဓားရိုးပေါ်သို့ ဖျတ်ခနဲရောက်သွားကြပြီး ဟူတန်းအဖွဲ့သားလေးယောက်ကို ဝိုင်းလိုက်ကြသည်။

အခြေအနေသည် ပြဿနာတက်တော့မည့်အခြေအနေဖြစ်သည်။ ပိန်ပိန်ရှည်ရှည်အဘိုးကြီးက ခပ်အေးအေးပြောလာသည်။

"မင်းတို့အနေနဲ့ ကြေးပြားတွဲကိုရဖို့ မျှော်လင့်မနေစမ်းပါနဲ့၊ အကောင်းဆုံးကတော့ အေးအေးဆေးဆေးနေတာသာ အကောင်းဆုံးပါ"

တစ်လျှောက်လုံး နူးညံ့သိမ်မွေ့ခဲ့သော အဘိုးကြီး၏အသံသည် ယခုခက်ထန်၍ ဒေါသသံ၊ ခြိမ်းခြောက်သံပါလာသည်။ တပြုံးပြုံးလုပ်နေခဲ့သောမျက်နှာပေါ်တွင် အပြုံးဟူ၍ လုံးဝမရှိတော့။

ကွမ်လိန် ပါးစပ်အဟောင်းသားဖြစ်နေစဉ်မှာပင် ရီကျင်၏ဒေါသသံပေါ်လာသည်။

"ဘယ်အရာမဆို အလွယ်တကူဖြစ်လာလေ့မရှိပါဘူး ဆရာတို့ရဲ့"

ရီကျင်က ပြောပြောဆိုဆို ဓားကိုဆွဲထုတ်လိုက်သည်။

ထိုအချိန်မှာပင် ရွှမ်းခနဲ ရွှမ်းခနဲအသံများ ထွက်လာပြီး ဓားရောင်များ ဝင်းလက်သွားသည်။

"ကဲ ... ပြောနေကြာတယ်၊ ငါ တစ်ကနေ ငါးအထိရွတ်မယ်၊ ငါးရောက်လို့ မင်းတို့အားလုံး နောက်ဆုတ်မသွားဘူးဆိုရင် ငါ့ကို အဆိုးမဆိုကြနဲ့တော့"

အဘိုးကြီးက ရီကျင်နှင့်ရောင်စုံအကျီဝတ်လူသိုက်ကို စိုက်ကြည့်လိုက်သည်။ ထို့နောက် ...

"တစ်"

"နှစ်"

နှစ်ဟူသော အသံဆုံးသည်နှင့် ရီကျင်က မာန်တင်းသံပေးပြီး သူ့ဓားကို ဝှစ်ခနဲလှုပ်ရှားလိုက်သည်။ ဓားဦးသည် အပေါ်သို့ မြောက်တက်သွားရာမှ အဘိုးကြီး၏လက်ပေါ် လျှပ်ပြက်သလို ရောက်လာပြီး အားပါပါဆွဲဖြတ်လိုက်သည်။

ထိုအချိန်တွင် ဖေကျင်က သူ့လက်ထဲမှဓားကို ဆန့်တန်းလိုက်ပြီး ကွမ်လိန်ကို ခုန်အုပ်လိုက်သည်။

သူ့နောက်တွင် ရပ်နေကြသော ရောင်စုံအကျီဝတ်လူကြီးများသည် ရှေ့ဆင့်နောက်ဆင့်လှုပ်ရှားလာကြပြီး အဘိုးကြီးသုံးယောက်ကို ဝင်တိုက်ကြသည်။



လောပုဓားသမားခုနစ်ယောက်၏ လှုပ်ရှားမှုသည် အံ့ဩစရာကောင်းအောင် မြန်နေသည်။ ထို့ကြောင့်လည်း 'လောပုရောင်စုံအကျီ' ဟု နာမည်ကျော်နေခြင်းဖြစ်သည်။

သူတို့လှုပ်ရှားမှုမြန်သကဲ့သို့ ဟူတန်းအဘိုးကြီးလေးယောက်၏လှုပ်ရှားမှုကလည်း ကြောက်စရာကောင်းအောင် မြန်နေသည်။ ဟူတန်းအဖွဲ့ဆိုသည်မှာ နယ်နယ်ရရအဖွဲ့ မဟုတ်ချေ။

ဟူတန်းအဖွဲ့၏ဓားရောင်များသည် အလင်းတန်းကြီးများဖြစ်ပေါ်နေပြီး သက်တန့်ရောင်စုံ ဖြစ်ပေါ်နေသဖြင့် ထူးဆန်းသည်နှင့်အမျှ လှို့ဝှက်နက်နဲနေသည်။

ရီကျင်နှင့်ဖေကျင်တို့သည် ကြောက်စရာကောင်းသော ဓားကွက်များကို ထုတ်သုံးနေကြသော်လည်း အဘိုးကြီးလေးယောက်၏ ဓားရောင်တန်းကို ထိုးဖောက်နိုင်ခြင်းမရှိကြ။ ဓားဓားချင်း ထိခိုက်မိသဖြင့် ထန်ခနဲ ထန်ခနဲမြည်သွားသောအသံသည် နားကွဲမတတ်ဆူညံနေသည်။

ထိုစဉ် ဝိန်ဝိန်ရှည်ရှည်ခေါင်းဆောင်အဘိုးကြီးက ရှေ့ကိုဖျတ်ခနဲခုန်တိုးပြီး ရန်သူကိုတိုက်စစ်ဆင်သည်။ တစ်ပြိုင်တည်းတွင် နောက်တွင်ကျန်ရစ်ခဲ့သော အဘိုးကြီးသုံးယောက်ကလည်း ဝုန်းခနဲခုန်ဝင်လာပြီး လေးဦးပေါင်းတိုက်ကွက်ကို တရကြမ်းအသုံးချလာ၏။

ထိုတိုက်နည်းသည် အဘိုးကြီးလေးယောက်၏ လက်ရွေးစင်တိုက်ကွက်ဖြစ်ပြီး ဆယ်နှစ်ကျော်ကျော် အသုံးချခဲ့ပြီးသော တိုက်ကွက်ဖြစ်သည်။

ယင်းတိုက်ကွက်သည် ဟူတန်းအဖွဲ့၏ နာမည်ကျော် တိုက်ကွက်ဖြစ်ပြီး 'ကျိုကုန်းလင်ဝမ်' တိုက်ကွက်ဟုခေါ်သည်။ ထိုတိုက်ကွက်ကြောင့်ပင် အဘိုးကြီးလေးယောက်တို့သည် ဟူတန်းငှက် လေးကောင်ဟူ၍ အမည်ရရှိခဲ့ခြင်း ဖြစ်ပါလေသည်။

ရှိကျင်နှင့်ဖေကျင်တို့ ဦးဆောင်သော လောပုရောင်စုံအကျီအဖွဲ့သားများသည် သိုင်းကွက်ပေါင်း ဆယ့်ငါးကွက်မျှ တိုက်ခိုက်ပြီးသည်နှင့် နောက်ဆုတ်လိုက်ကြရသည်။

သူတို့နှစ်ယောက်အနေဖြင့် ဤမျှအခြေအနေ ဆိုးဝါးလာလိမ့်မည်ဟု မတွက်မိကြချေ။ ထို့ကြောင့် သူတို့ စိတ်ပူလာကြသည်။

စင်စစ် သူတို့လူစုသည် ခေသူများမဟုတ်။ လောပုရောင်စုံအကျီအဖွဲ့တွင် အဆင့်ရှစ် ရထားသူများသာ ဖြစ်သည်။ သူတို့သည် သိုင်းလောက၌ ကျော်ကြားထင်ရှားလှသော သိုင်းကွက်များကို ထုတ်သုံးခဲ့ကြသော်လည်း ဟူတန်းငှက်လေးကောင်၏ ဓားလေးချောင်းတိုက်ကွက်ကို မယှဉ်သာဘဲဖြစ်နေသည်။

ရှိကျင်နှင့်ဖေကျင်သည် ဟူတန်းငှက်လေးကောင်နှင့် တစ်ယောက်ချင်းယှဉ်ပါက ယခုကဲ့သို့ အခြေအနေဆိုးမည် မဟုတ်။ ယခုမူ ဆယ်နှစ်ကျော်ပူးပေါင်းလေ့ကျင့်ထားသည့် ပူးပေါင်းတိုက်ကွက်၏ ဒဏ်ကို အလူးအလဲခံနေရတော့သည်။

လောပုအဖွဲ့သားများသည် ပူးပေါင်းတိုက်ကွက်ကို လေ့ကျင့်ထားခြင်းမရှိသဖြင့် အဘိုးကြီးလေးယောက်တိုက်ခိုက်မှုကို ကြံ့ကြံ့ခံ မခုခံနိုင်ပေ။



ရှိကျင်နှင့်ဖေကျင် တို့သည် အခြေအနေမဟန်မှန်း သဘောပေါက်လာကြသဖြင့် ကျယ်ကျယ်လောင်လောင် ဟစ်လိုက်ကြလေသည်။

"ပျားဝါ ... ဆုတ်"

နှစ်ယောက်စလုံး အော်ရင်းဟစ်ရင်း နောက်သို့ ခြေနှစ်လှမ်းစီ ဆုတ်သွားကြသည်။ ထို့နောက် မျက်နှာချင်းဆိုင်အနေအထားမှ နောက်သို့ ဖျတ်ခနဲလှည့်ပတ်လိုက်ကြသည်။

ဤတွင် ဟူတန်းအဘိုးကြီးလေးယောက်ကို ကျောပေးလိုက်သည့်အနေအထားသို့ ရောက်သွားသည်။ တစ်ပြိုင်တည်းတွင် ကိုယ်ကို တစောင်းလှည့်ပြီး တိုက်ကွက်သစ်များ ထုတ်လာကြသည်။

ဓားရောင်များသည် ဝင်းခနဲ ဝင်းခနဲ ဖြစ်သွားပြီး အပူလှိုင်းများ အော်မြည်လာသည်။

ဟူတန်းအဖွဲ့သည် ကျောပေးထားသော ရှိကျင်နှင့် ဖေကျင်တို့ကိုကြည့်ပြီး တအံ့တဩဖြစ်သွားကြသည်။ သူတို့၏အနေအထားသည် မှုမှန်သော အနေအထားမဟုတ်သဖြင့် ဘာအကွက်လဲဟူ၍ပင် တွေးနေကြသည်။

သိုင်းလောက၌ ရန်သူကို မျက်နှာချင်းမဆိုင်ဘဲ ကျောပေးတိုက်ခိုက်ခြင်းသည် အန္တရာယ်များသော တိုက်နည်းဖြစ်၍ အသုံးပြုသူ မရှိသလောက်ဖြစ်သည်။

ဟူတန်းငှက်လေးကောင်သည် ရှိကျင်တို့နှစ်ယောက်ကို ကြည့်ပြီး ...

"ဒီကောင်ဖွေ ရှုံးနေကြပြီ"

ဟု ခပ်တိုးတိုးပင် ရေရွတ်သည်။

ထိုအချိန်မှာပင် ရီကျင်နှင့် ဖေကျင်တို့၏ တိုက်ကွက်များက ကြောက်စရာကောင်းအောင် လှုပ်ရှားလာကြသည်။

အဘိုးကြီးလေးယောက် မင်တက်မိနေကြစဉ်မှာပင် ရီကျင်တို့က အဘိုးကြီးလေးယောက်၏သိုင်းကွက်များကို ဖရိုဖရဲဖြစ်သွားအောင် လုပ်ပစ်လိုက်ကြသည်။

တစ်ပြိုင်နက်တည်းတွင် ရီကျင်ထံမှ 'ပျား၀ါ ...ဆုတ်'ဟူသော အော်သံထွက်လာပြန်သည်။ အော်သံပျောက်သွားသည်နှင့် ရီကျင်နှင့် ဖေကျင်တို့က လက်ထဲမှဓားကို အဘိုးကြီးများထံသို့ ဝှစ်ခနဲ ပစ်လွှတ်လိုက်ကြပြီး လှုကဘေးဘက်သို့ လွှားခနဲခုန်ထွက်သွားကြသည်။

ဓားနှစ်ချောင်းသည် လေးညို့မှပစ်လွှတ်လိုက်သော မြားကဲ့သို့ လေးကိုခွင်းပြီး အဘိုးကြီးများထဲသို့ ပြေးဝင်သွားတော့သည်။

ဤအကွက်သည် ဖေကျင်တို့၏ လက်ရွေးစင် ပျား၀ါဆုတ်တိုက်ကွက် ဖြစ်သည်။ ပျား၀ါ၏အဆိပ်သည် မြွေဆိပ်ထက် ပြင်းထန်သော အဆိပ်ဖြစ်သကဲ့သို့ ဤတိုက်ကွက်သည် လောပုရောင်စုံအကျီအဖွဲ့၏ အရက်စက်ဆုံး၊ ကြောက်စရာအကောင်းဆုံး တိုက်ကွက်ဖြစ်သည်။

သို့သော် ပျား၀ါ၏အဆိပ်သည် တစ်ကြိမ်သာ ထုတ်သုံးနိုင်သကဲ့သို့ ဤတိုက်ကွက်သည်လည်း တစ်ကြိမ်သာ ထုတ်သုံးနိုင်သော



တိုက်ကွက်ဖြစ်သည်။

ယင်းတိုက်ကွက်သည် ဓားကို အဆုံးရှုံးခံပြီး တိုက်ရသော တိုက်ကွက်ဖြစ်သဖြင့် ပဝါကို လွှတ်လိုက်ပြီးသည်နှင့် ပြေးရန်ပြင်ရသည်။ တိုက်ကွက်တစ်မျိုးဖြစ်သည်။

ပျား၀ါ ဆုတ်တိုက်ကွက်နှင့် အနိုင်ယူရသော ပွဲပေါင်းကားမနည်းလှတော့။

ရီကျင်နှင့်ဖေကျင်တို့သည် အဘိုးကြီးများကို ရှေ့ည်တိုက်နေပါက နောက်ဆုံးတွင် မိမိတို့သာ အသက်ဆုံးရှုံးကြရမည်ကို တွက်ဆမိလိုက်ကြသဖြင့် ပျား၀ါဆုတ်တိုက်ကွက်ကို ထုတ်သုံးလိုက်ခြင်းသာ ဖြစ်သည်။

ဟူတန်းငှက်လေးကောင်သည် မမျှော်လင့်သောတိုက်ကွက်ကြောင့် မျက်လုံးပြူးသွားကြသည်။

ထိုစဉ် ငှက်ပြာနှင့်ငှက်ဖြူ အမည်ရထားသော အဘိုးကြီးနှစ်ယောက်က ရှေ့တစ်လှမ်းတိုးပြီး လက်ထဲမှဓားကို တရကြမ်း ဝှေ့ယမ်းလိုက်သည်။

"ဩော် ... လောဘ ... လောဘ ...တယ်ကြောက်စရာကောင်းပါကလား"

ထိုအချိန်မှာပင် တိုက်ပွဲနှင့်မလှမ်းမကမ်း သစ်တောထဲမှ သံဝေဂအသံကို ကြားလိုက်ရသည်။ တစ်ပြိုင်နက်တည်းတွင် ထိုသစ်တောအုပ်ထဲမှ အရာဝတ္ထုတစ်ခုသည် ဝူးရှသောအသံမြည်ပြီး လေထုကို ဖောက်ထွက်လာသည်။

ချက်ချင်းဆိုသလိုပင် အရာဝတ္ထုတစ်ခုနှင့်တစ်ခု ပြင်းထန်စွာ ရိုက်မိသံသည် ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းသွားလေသည်။

ထိုအသံရပ်သွားသည်နှင့် မြားလိုပြေးလာသော ဓားနှစ်ချောင်းသည် အရာဝတ္ထုတစ်ခုနှင့်အတူ အဘိုးကြီးလေးယောက်ရှေ့၌ ပြုတ်ကျလာသည်။

ယင်းအဖြစ်အပျက်သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အချိန်အတွင်းဖြစ်ပွားသွားခြင်းသာဖြစ်သည်။

ထို့နောက် တရားရွတ်ဆိုသံနှင့် မီးခိုးရောင်ဝတ်စုံဝတ်ထားသော တရုတ်အဘိုးကြီးရောက်လာပုံသည် သစ်တောအုပ်ထဲမှ ပျံလွှားငှက်ကလေး ပျံထွက်လာသကဲ့သို့ ရိပ်ခနဲရောက်လာခြင်းဖြစ်သည်။

ထိုအချိန်မှာပင် ရောင်စုံအင်္ကျီနှင့်လူနှစ်ယောက်သည် ဆန့်ကျင်ဘက်နေရာတွင်ရှိသော သစ်တောထဲသို့ လှစ်ခနဲ ပြေးဝင်သွားကြသည်။ ထိုလူနှစ်ယောက် ပျောက်ကွယ်သွားသည်နှင့် ငေးနေကြသော ရောင်စုံအင်္ကျီဝတ် လူငါးယောက်တို့သည် ထိုလူနှစ်ယောက်နောက်သို့ တရကြမ်း ပြေးလိုက်သွားကြသည်။ ထိုခဏအတွင်းမှာ လောပုအဖွဲ့သားများ လုံးဝပျောက်ကွယ်သွားကြတော့၏။

ဟူတန်းငှက်လေးကောင်အဖွဲ့ရ အဘိုးကြီးလေးယောက်သည် ထူးခြားသောအဖြစ်ကြောင့် ငေးကြောင်ကြောင်ဖြစ်နေကြသည်။

သူတို့ရှေ့တွင် ပိန်ရှည်ရှည်တရုတ်အဘိုးကြီးတစ်ယောက် ရပ်နေသည်ကိုတွေ့နေရသည်။



သူတို့လေးယောက်၏နောက်တွင် ရပ်နေသော ကွမ်လိန်သည်လည်း ပါးစပ်အဟောင်းသား၊ မျက်လုံးအပြူးသားဖြစ်နေသည်။

မြေကြီးပေါ်တွင် ဇီကျင်နှင့်ဖေကျင်တို့ ပစ်လွှတ်လိုက်သော ဓားနှစ်ချောင်းသည် တစ်လုံးကြီး တစ်လုံးသေးပြုလုပ်ထားသည့် ပုတီးကြီးနှင့်စွပ်မိပြီး တလက်လက်ဖြစ်နေသည်။

ဟူတန်းငှက်လေးကောင်၏မျက်လုံးများသည် ပိန်ရှည်ရှည် အဘိုးကြီးကို ကျေးဇူးတင်သောမျက်လုံးများဖြင့် လှမ်းကြည့်လိုက်သည်။

ထိုစဉ် ငှက်ပြာအဖွဲ့ရ အဘိုးကြီးက လှမ်းပြောသည်။

"ဆရာကြီးရဲ့ ထူးခြားဆန်းကြယ်တဲ့ပုတီးနဲ့ ခုလို အကာအကွယ်ပေးခဲ့တာကို ကျေးဇူးတင်လို့မဆုံးပါဘူး ဆရာကြီး"

ငှက်ပြာအဘိုးကြီး၏စကားဆုံးသွားသည်နှင့် အဘိုးကြီးလေးယောက်စလုံးက ထိုတရုတ်အဘိုးကြီးကို ဦးညွှတ်ပြီး ဂါရဝပြုလိုက်ကြသည်။

မျက်ခုံးရှည်ရှည် တရုတ်အဘိုးကြီးက အားရပါးရ ပြုံးလိုက်ပြီး ပုတီးကို ပြန်ကောက်ယူလိုက်သည်။

"ကျုပ်နဲ့ခင်ဗျားတို့က တစ်လှေတည်းစီး တစ်ခရီးတည်းသွားကြတဲ့ ခရီးသည်တွေပဲ၊ ဒီတော့ သာမန်လူတွေလို အရိုအသေပြုဖို့ မလိုလှပါဘူး"

ထိုတရုတ်အဘိုးကြီး၏အသံသည် စမ်းရေစီးသံလို ငြိမ့်ငြိမ့်အေးအေးနှင့် သာယာနာပျော်ဖွယ်ရှိသည်။ သူ့အသံကို သတိထား

ကြည့်ပါက အတွင်းအားအဆင့်မြင့်မားကြောင်း သိသာလှသည်။ ငှက်ပြာအဘိုးကြီးက နှစ်လိုသောအမူအရာနှင့်ပြုံးပြီး ခါးညွတ်၍ ပြောသည်။

"ဆရာကြီးရဲ့သဘောထားကို ကျွန်တော်တို့လေးစားပါတယ်၊ ကျွန်တော်တို့အနေနဲ့ ဆရာကြီးလို လူမျိုးကိုတော့ ဘယ်နေရာရောက်ရောက် အရိုအသေပေးမှာပါပဲ"

ငှက်ပြာအဘိုးကြီးသည် စကားကိုရပ်လိုက်ပြီး တစ်စုံတစ်ခုကို စဉ်းစားဟန်ပြုလိုက်သည်။ ပြီးမှ စကားကို ပြန်ဆက်သည်။

"ကျွန်တော်တို့မသိလို့တစ်ခုလောက်မေးပါရစေ ဆရာကြီး၊ ဆရာကြီးရဲ့ အံ့မခန်းတဲ့ သိုင်းစွမ်းအားကိုမြင်တွေ့ရလို့ ဆရာကြီးဟာ ကောက်ဟောင်ရှောင်စစ်တောင်ကုန်းမှာရှိတဲ့ ရှောင်လင်ကျောင်းက လောဟန့်အဆောင်မှာနေထိုင်တဲ့ ခေါင်းဆောင်မုကျူးမဟုတ်လား"

တရုတ်အဘိုးကြီးက တည်ငြိမ်သော အမူအရာနှင့် ပြုံးပြသည်။

"သိုင်းလောကမှာ နာမည်ကြီးနေရာက ဟူတန်းအဖွဲ့မှာ လူတော်တွေ အတော်များတယ်တဲ့၊ ဒီသတင်းဟာ လက်တွေ့မှာ တကယ်မှန်နေတာပဲ၊ ကျုပ်ကို မြင်ရုံနဲ့ ဘယ်သူဘယ်ဝါမှန်း တပ်အပ်သေချာခန့်မှန်းချက်ပေးနိုင်တာဟာ သိုင်းလောကအတွေ့အကြုံ ဘယ်လောက်များတယ်ဆိုတာကို ဖော်ပြလိုက်တာပဲ၊ ဒါကြောင့်လည်း ဟူတန်းအဖွဲ့သားတွေ နာမည်ကျော်ကြားနေခဲ့တာပဲ"

ကွမ်လိန်သည် မုကျူးဆရာကြီးကိုကြည့်ရင်း လေးစားစိတ်



နှင့် တုန်လှုပ်နေသည်။

ဓားနှစ်လက်ကို ပုတီးတစ်ကုံးနှင့် ဟန့်တားထားလိုက်ခြင်းသည် ကိုယ်တွေ့မဟုတ်ပါက ယုံကြည်နိုင်ဖွယ်ရာ မဟုတ်။ ယခုမှ မထင်မှတ်သော စွမ်းအားကို အံ့သြဖွယ်မြင်တွေ့နေရသည်။

မုကျူးသည် ရှောင်လင်ကျောင်းက ခေါင်းဆောင်ဖြစ်သည်ကို ယခင်က ကြားသိဖူးကြသော်လည်း ကိုယ်တွေ့မြင်ဖူးခြင်းမရှိကြပေ။ ထို့ကြောင့် တအံ့တသြ အားလုံးငေးကြည့်နေမိကြသည်။

မုကျူးဆရာကြီးသည် သိုင်းလောက၌ ကြာမြင့်သော ကာလများကတည်းက နာမည်ကြီးနေခဲ့သူဖြစ်သည်။

သိုင်းလောကဟူသည် အပြင်ပန်းအားဖြင့် တည်ငြိမ်ဟန်ရှိနေသော်လည်း အတွင်းပိုင်းကိုဝင်ကြည့်ပါက အလွန်ရှုပ်ထွေးပွေလီပြီး ကြောက်စရာကောင်းလှသည်။ သွေးထွက်သံယိုဖြစ်မှု ဆိုသည်မှာ ထမင်းစားရေသောက်သဘောမျှသာ ဖြစ်နေသည်။

ဒါကို ကွမ်လိန်တစ်ယောက် တစ်စတစ်စ နားလည်သလို ဖြစ်လာသည်။

သိုင်းလောကတွင် ထင်ရှားကျော်ကြားနေသော သိုင်းသမားအတော်များများ ရှိနေသည်။ ထိုလူများ၏ အမည်ရှေ့၌လည်းကောင်း၊ နောက်၌လည်းကောင်း ဆန်းပြားသော ဝိသေသများလည်း တပ်ထားလေ့ရှိသည်။

မုကျူးကား ရှောင်လင်ကျောင်း၌ရှိသော လောဟန့်ဆောင်ကို အုပ်ချုပ်သူဖြစ်သည်။ ရှောင်လင်ကျားဝါကြီး၏ အငယ်ဆုံး

အဖွဲ့တူ ညီဖြစ်သည်။ သိုင်းလောက၌ ကျော်ကြားသော ဆရာကြီး တစ်ပါးပင်ဖြစ်သည်။

ကွမ်လိန့်သည် ထိုအမည်ကို ကြားဖူးသူမဟုတ်သဖြင့် တအံ့တသြဖြစ်ကာ ထူးခြားစွာ ခံစားနေရသည်။ ငှက်ပြာအဘိုးကြီးက မုကျူးကိုကြည့်ပြီး လေးလေးစားစားပြောသည်။

"ဆရာကြီးရဲ့ ထင်ရှားကျော်ကြားမှုဟာ နှစ်ပေါင်းလေးဆယ် ကျော်ခဲ့ပါပြီ၊ ကျွန်တော်တို့အနေနဲ့ ဆရာကြီးနာမည်ဘွဲ့ကို ကြားဖူးနေပေမယ့် ရုပ်သဏ္ဍာန်ကိုတော့ ခုမှပဲ မြင်တွေ့ဖူးပါတယ်၊ သိုင်းသမားတိုင်းဟာ ဆရာကြီးရဲ့ ပုတီးနှစ်ကုံးအသံကို ကြားရုံနဲ့ ထွက်ပြေးကြရတာချည်းပါပဲ"

ငှက်ပြာအဘိုးကြီး၏စကားကြောင့် မုကျူး ပြုံးသွားသည်၊

မုကျူးသည် လွန်ခဲ့သော နှစ်လေးဆယ်ကျော်ကတည်းက ကျော်ကြားသူဖြစ်သော်လည်း သိုင်းလောကထဲသို့ မဆင်းဘဲနေနေသည်မှာ အတော်ကြာပြီဖြစ်သည်။ ရက်စက်သောမာကျူးကို သိုင်းသမားတိုင်း ကြောက်ရွံ့ခဲ့ကြရသည်။ ရက်စက်မှုကြောင့် အလွန်နာမည်ကြီးလှသော်လည်း အဖွဲ့ချုပ်ကြီး၏ချစ်ခင်မှုကို ရရှိထားသဖြင့် အဖွဲ့ထဲမှ နှင်ထုတ်ခြင်းမခံရဘဲရှိခဲ့သူ ဖြစ်သည်။ ထိုအချက်ကို ကောင်းကောင်းသိထားသော ငှက်ပြာအဘိုးကြီးက ရိုသေစွာဆက်ဆံနေခြင်းဖြစ်သည်။

မုကျူးက အေးစက်စက်ရယ်လိုက်ပြီး ဖြည်းညင်းစွာ ပြောလေ၏။



"ကျုပ်ရဲ့ပုတီးဟာ ကြောက်စရာကောင်းတာ မှန်ပေမယ့် လို့ ငှက်ကြေးပြားတွဲလောက် အဖိုးမတန်လှပါဘူး၊ ကျုပ် ခုလို သိုင်းလောကထဲ ဆင်းလာတဲ့အကြောင်းကို မိတ်ဆွေတို့ သိကြပါသလား"

ဟူတန်းငှက်လေးကောင်သည် ထိတ်ခနဲဖြစ်သွားကြသည်။ ကွမ်လိန်က ငြိမ်ပြီးတွေးသည်။

"အင်း ... ဒီဆရာကြီးရောက်လာတာကလည်း ငါ့အိတ်ထဲမှာ ရှိနေတဲ့ ကြေးပြားတွဲကြောင့် ရောက်လာတာပါလား"

ငှက်ပြာအဘိုးကြီးက စိတ်ကိုထိန်းပြီး အတတ်နိုင်ဆုံးပြုံး၍ ပြောသည်။

"ဆရာကြီး စစ်မိန်ဂေဟာကို ရောက်လာတာဟာ လောကီရေးကိစ္စကြောင့် မဟုတ်ဘူးလို့ ထင်မိပါတယ်"

ငှက်ပြာအဘိုးကြီးက စကားကိုပိတ်၍ ပြောသည်။ ဆရာကြီး၏သဘောထားကို ရိပ်စားမိထားသဖြင့် ရင်တွင်း၌ သွေးခုန်နှုန်းက တဒိန်းဒိန်းမြည်နေသည်။ မုကျူးက အေးစက်စက်ရယ်မောလိုက်သည်။

"ဟဲ ... ဟဲ ... မိတ်ဆွေတို့က ကျုပ်ကို ရှခင်းကြည့်ဖို့လာတယ် ထင်နေသလား၊ တစ်လောကလုံးမှာ သာယာလှပတဲ့နေရာတွေ အများကြီးပါ၊ ရှောင်လင်ကျောင်းကြီးကနေ ဒီထိအောင်လာခဲ့ရတာဟာ နည်းတဲ့ခရီးပြင်း မဟုတ်ပါဘူး၊ ဒီလောက်ခရီးကိုလာခဲ့တာဟာ ရှုခင်းကြည့်ဖို့ ဖြစ်နိုင်ပါ့မလား"

ငှက်ပြာအဘိုးကြီးမျက်နှာ ကွက်ခနဲပျက်သွားသည်။

လာမည့်ဘေး ပြေးတွေ့ဆိုသလို မမေးလိုသည့်မေးခွန်းကို တိုက်ရိုက်မေး ချလိုက်ရသည်။

"ဒါဖြင့် ဆရာကြီး ဒီကိုရောက်လာခဲ့တာ ဘာကိစ္စကြောင့် ပါလဲ"

မုကျူးဆရာကြီး၏ မျက်နှာပေါ်မှ အပြုံးသည် ရုတ်ခြည်း ပျောက်ကွယ်သွားသည်။ ထိုနောက် လေးနက်တည်ကြည်သော မျက်နှာထားနှင့် ပြောကြားလာသည်။

"ကျုပ် ဘာကြောင့် ရောက်လာရတယ်ဆိုတာကို အဘိုးကြီး နားလည်ပါတယ်၊ ကျုပ်အနေနဲ့ အထူးတလည် ရှင်းပြနေဖို့ မလိုပါဘူး။ ဒါပေမဲ့ ပိုပြီးရှင်းအောင် ပြောရမယ်ဆိုရင် လျှို့ဝှက်ကြေးပြားတွဲဆိုတာ အဖိုးတန်ရတနာတစ်ပါးပဲ၊ ဒါကို သိုင်းသမားတိုင်း လိုချင်နေကြတယ်၊ မိတ်ဆွေတို့အနေနဲ့ အဲဒီပစ္စည်းကို ကျုပ်ဆီမှာထားတာက ပိုကောင်းပါလိမ့်မယ်၊ နောက် ..."

မုကျူးက စကားကိုခေတ္တရပ်တန့်ပြီးမှ ခပ်ဖြည်းဖြည်း ပြောသည်။

"အင်း ... ပြောရရင် လောပုရောင်စုံအကျီအဖွဲ့သားတွေ ထွက်ပြေးသွားကြပေမယ့် မိတ်ဆွေတို့ကိုတော့ လုံးလုံးကျေနပ်ကြမှာ မဟုတ်ပါဘူး၊ ဒီတော့ မိတ်ဆွေတို့အနေနဲ့ ဒီလျှို့ဝှက်ကြေးပြားတွဲကို အရှည်သဖြင့် ထိန်းသိမ်းနိုင်ဖို့ဆိုတာ ဖြစ်နိုင်တဲ့ကိစ္စ မဟုတ်ပါဘူး။ မိတ်ဆွေတို့အနေနဲ့ ဒီပစ္စည်းကို ရသွားရင် ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ခံစားကြရမှာ သေချာပါတယ်"



ကွမ်လိန်က သက်ပြင်းတစ်ချက် ဟင်းခနဲချလိုက်သည်။

"လက်စသတ်တော့ မုကျူးလည်း သိုင်းပညာလောဘ တက်နေတဲ့ ပုဂ္ဂိုလ်ပဲကိုး"

သူသည် မကျေမနပ်တွေးနေရင်း ဟူတန်းအဘိုးကြီးလေး ယောက်ကို လှမ်းကြည့်သည်။ အဘိုးကြီးလေးယောက်၏မျက်နှာ များ ဖြူဖပ်ဖြူရော်ဖြစ်နေပြီး တစ်စုံတစ်ခုကို စိုးရိမ်နေဟန်ရှိသည်။

ထိုစဉ် ငှက်ပြာအဘိုးကြီးက မရယ်ချင့်ရယ်ချင် ရယ်လိုက် သည်။ ပြီးမှ..

"ဆရာကြီးဟာ သိုင်းလောကမှာ အင်မတန် ကျော်ကြားတဲ့ ပုဂ္ဂိုလ်ပါ၊ သိုင်းပညာအဆင့်အနေနဲ့လည်း ကျုပ်တို့ထက် အများကြီး သာပါတယ်၊ ဒါကြောင့် ကျုပ်တို့အနေနဲ့ ဆရာကြီးကို လေးစားပြီးသားပါ၊ ကျုပ်တို့ကို စောစောကလို အကူအညီပေးခဲ့ရင်လည်း လျှို့ဝှက် ကြေးပြားတွဲကို ဆရာကြီးနဲ့ ပြိုင်ပြီးရယူဖို့ စိတ်မကူးပါဘူး"

ငှက်ပြာအဘိုးကြီးက မုကျူးကိုပြောရင်း ကျန်သုံးယောက် ကို လှည့်ပြောလိုက်သည်။

"ကဲ ... ကျုပ်တို့ ဒီမှာဆက်နေလို့အပိုပဲ ... သွားကြစို့"

ကွမ်လိန်သည် ဟူတန်းအဘိုးကြီးများ၏အပြုအမူကို အတော်အံ့သြသွားသည်။ စောစောက သူ့ရဲကောင်းလေးယောက် ပမာ မာထန်ခဲ့သော အဘိုးကြီးလေးယောက်တို့သည် ယခုကောင်ခြံကြောင်ရှေ့ရောက်နေသော ကြွက်များကဲ့သို့ ငြိမ်သက်သွားကြသည် မှာ ရယ်စရာပင်ကောင်းနေသည်။ တူတန်းငှက်လေးကောင်က

မုကျူးအား အလွယ်တကူ အရှုံးပေးကြသည်မှာ မယုံကြည်နိုင်စရာ ဖြစ်နေတော့သည်။

မုကျူးက အဘိုးကြီးလေးယောက် နောက်ဆုတ်သွားသည်ကို ငြိမ်သက်စွာပင် ကြည့်နေသည်။ သူ့မျက်နှာ၌ ထူးခြားသော အမူအရာဟူ၍ ဘာမျှမရှိချေ။ ဟူတန်းငှက်လေးကောင် သည်အတိုင်း လုပ်ရမည်သာ ဖြစ်သည်ဟု ကြိုတင်တွက်ဆထားပုံရသည်။

ကွပ်လိန်ကား အခြေအနေကို နားမလည်ဘဲဖြစ်နေသည်။ ဟူတန်းငှက်လေးကောင်၏သိုင်းပညာသည် အတော်အဆင့်မြင့်လှ၏။ ပြီး ... သူတို့က လေးယောက်၊ မုကျူးဆိုသည်က တစ်ဦးတည်း။ ပြီးတော့ အားကောင်းမောင်းသန်မဟုတ်။ ဝိန်ခြောက်နေသည့် တရုတ်အဘိုးကြီး။ ဒါကို ဟူတန်းငှက်လေးကောင်က ဘာကြောင့် ကြောက်ရသနည်း။

နောက်ဆုတ်သွားသော ဟူတန်းငှက်လေးကောင်းသည် မုကျူးအား ခါးညွတ်၍ အရိုအသေပေးလိုက်ကြသည်။ မုကျူးက သူတို့ကိုစိုက်ကြည့်ရင်း ကျေနပ်စွာပြုံးလိုက်သည်။

ထို့နောက် သူ့မျက်လုံးက ကွမ်လိန်အပေါ် ကျရောက်လာသည်။ ထိုစဉ် ...

ဟူတန်းငှက်လေးကောင်က လျှပ်ပြက်သလို လှုပ်ရှားလိုက်ကြသည်။ သူတို့လက်ထဲမှ ဓားလေးချောင်းသည် ဝင်းခနဲလက်ခနဲဖြစ်သွားပြီး မုကျူး၏ခန္ဓာကိုယ်ပေါ် ဝဲကျလာသည်။

ကွမ်လိန်မှာ အလန့်တကြားအော် ဟစ်လိုက်မိတော့၏။



မုကျူးကား လုံးဝလှုပ်ရှားခြင်းမပြုဘဲ ရပ်မြဲရပ်နေဆဲရှိသည်။ သူ၏အဖြူရောင်သမ်းနေသော မျက်ခုံးမွေးရှည်ကြီးများသည် ကြို့သွားသည်။

တစ်ပြိုင်နက်တည်းတွင် သူ၏ဝိန်သွယ် သော ကိုယ်ခန္ဓာက ရိပ်ခနဲဖြစ်သွားပြီး ညာဘက်လက်တွင်မှ ပုတီးကြီးသည် နဂါးကြီးတစ်ကောင် လှုပ်ရှားသကဲ့သို့ လှုပ်ရှားလာသည်။ ဟူတန်းငှက်လေးကောင်၏ လက်ထဲမှဓားများသည် ရှုပ်ယှက်ခတ်သွားပြီး ကိုယ့်ကိုယ်ကိုယ် ပြန်တိုက်ခိုက်သလို ဖြစ်သွားကြလေသည်။

မုကျူး၏လက်ထဲမှ ပုတီးတွဲသည် တစ်မုဟုတ်ချင်း ကျာပွတ်ရှည်ကြီးအဖြစ်သို့ ပြောင်းလဲသွားသည်။ အရှည်သည် နှစ်ကိုက်မျှ ရှိနေသဖြင့် ဟူတန်းငှက်လေးကောင်မှာ ယောက်ယက်ခတ်သွားသည်။

အဘိုးကြီးလေးယောက်သည် မုကျူး၏လှုပ်ရှားမှုကို ထိတ်လန့်သွားပြီး နောက်သို့ခုန်ဆုတ်လိုက်ကြ၏။

သို့တိုင် ငှက်ပြာအမည်ရှိ အဘိုးကြီးနှင့် ငှက်ဖြူအမည်ရှိ အဘိုးကြီးတို့က သိုင်းကွက်သုံးကွက်စီ တိုက်ခိုက်ခဲ့ကြသေးသည်။ ဟူတန်းငှက်လေးကောင်အနက် ငှက်ဖြူအဘိုးကြီးသည် ငှက်ပြာအဘိုးကြီးထက် သိုင်းပညာပိုကောင်းသည်။

ငှက်ဖြူအဘိုးကြီးက အားကုန်သုံးပြီး ပြန်တိုက်နေသဖြင့် သူ၏သိုင်းစွမ်းရည်ကို ကောင်းကောင်းမြင်နေရသည်။ ထို့ကြောင့် ကျန်အဘိုးကြီးသုံးယောက်က အားတက်သွားကြပြီး မုကျူးအား

ကြောက်စရာကောင်း လောက်အောင် ဝိုင်းဝန်းတိုက်ခိုက်ကြမြန်တော့သည်။

သို့တိုင် မုကျူးက သူတို့လေးယောက်၏ တိုက်ခိုက်မှုများကို ပျံလွှားငှက်ကလေး ဝဲပျံနေသကဲ့သို့ ပေါ့ပေါ့ပါးပါးရှောင်တိမ်းပေးနေသည်။ မုကျူးမီးခိုးရောင်ဝတ်ရုံက တဖျပ်ဖျပ်လွင့်နေပုံ ဝို၍ကြည့်ကောင်းသည်။

ကွမ်လိန်သည် သည်းထိတ်ရင်ဖိုတိုက်ပွဲကိုကြည့်ရင်း မုကျူး၏သိုင်းစွမ်းရည်ကို တအံ့တဩ ဖြစ်နေသည်။

"အင်း ... မုကျူးဟာ တကယ်တော်တဲ့ပုဂ္ဂိုလ်ပဲ၊ ငါ့ဆရာပြောခဲ့တဲ့အတိုင်း သိုင်းဘုရင်လိုလူမျိုးဆိုတာ ဒါမျိုးပဲဖြစ်မယ်၊ သိုင်းလောကသားတွေထဲမှာ ဒီလောက်အဆင့်မြင့်တဲ့ သိုင်းပညာကို တတ်ကျွမ်းသူ ရှိလိမ့်မယ်လို့ မထင်ခဲ့မိတာဟာ ငါ့အမှားပဲ၊ ကြည့်စမ်း ... သူတို့သိုင်းပညာက တကယ့်နတ်ဝိဇ္ဇာတွေလား အောက်မေ့ရတယ်၊ ဓားကိုင်ထားတဲ့ အဘိုးကြီးလေးယောက်ဟာ မုကျူးကို ခုထက်ထိနိုင်အောင် မတိုက်နိုင်ကြသေးဘူး"

ထိုစဉ် မုကျူး၏သတိပေးသံကြီးက ဟိန်း၍ထွက်လာလေသည်။

"ဟေ့ ... မင်းတို့တွေ ခုထိ ထွက်မသွားကြသေးဘူးလား၊ တော်ကြာကျရင် ငါ့ကိုအဆိုးမဆိုနဲ့နော်"

မုကျူးက အော်ဟစ်ပြောရင်း လက်ထဲမှ ပုတီးကြီးကို တရကြမ်းဝှေ့ယမ်းလေတော့ရာ ပုတီးကြီးသည် နဂါးကြီးတစ်ကောင်



သောင်းကျန်းနေသကဲ့သို့ ကြောက်မက်ဖွယ်ရာ လှုံ့သည် လျှပ်ပြက်သူ၏ပုတီးသည် ရှည်လိုက်တိုလိုက်၊ ရှည်လိုက်တိုလိုက်ယည် ငါးပေခန့်အဖုံဖုံပြောင်းလဲနေ၏။

ဟူတန်းငှက်လေးကောင်ဘွဲ့ရ အဘိုးကြီးငေ ဟင်ခနဲဖြစ်နေ မုကျူး၏ပုတီးကိုပင် ထိအောင်မတိုက်နိုင်ပေ။ သို့ ရှောင်စုံအကျိုယောက်က မုကျူးကို အလွယ်တကူ အရှုံးမပေးလိုခဲ့သည်။

မနိုင်မှန်းသိလျက်က တရကြမ်းတိုက်နေကြသည်။ သိုင်းခြင်းမှာ လှို့ဝှက်ကြေးပြားတွဲကို တပ်မက်သည့် လောဘမခန်း တိုက်နေခြင်းကြောင့်ပင်တည်း။ ဘ်အထိပ်သို့

မုကျူးကို ရတ်တရက်တိုက်ခွင့်ရစဉ်က ဟား အကြောင်းသော်လည်း သူနိုင်ကိုယ်နိုင် တိုက်မိကြသောအခါ ဒြင်နာသောကျောင်း၏၌ ပညာစွမ်းကို အထင်မသေးရဲကြတော့။ မုကျူးက

ရှောင်လင်ကျောင်း လောဟန့်အဆောင်ေ နိုင်ခဲ့သဖြင့် သိုင်းပညာသည် ဟူတန်းအဖွဲ့၏ဒုတိယအဆင့်ရှိ နှစ်ကောင်၊ ဗျိုင်းသုံးကောင်နှင့် ငှက်လေးကောင်တို့ခြင်းထန်ပြီး ကောင်းကောင်းကြီး ချေဖျက်နိုင်စွမ်း ရှိနေသည်။ မုကျ ကြီးတစ်ကောင်လို တဟူးဟူးလှုပ်ရှားနေသဖြင့် မီးခိုးရောင်သော သာ တရိပ်ရိပ်တွေ့ နေရသည်။ ဖြတ်သား

ဟူတန်းငှက်လေးကောင်၏ ဓားလေးချောင်း လက်ခနဲဖြစ်နေသော်လည်း စိတ်ပုတီး၏ ရစ်ပတ်မှုကို အ. ဟား ... ခံနေရသည်။

ကြောက်စရာ အဘိုးကြီးသည် အခြေအနေဆိုးလာသဖြင့် စိုးရိမ်
သည်။ ၌။ ထို့ကြောင့် ကျန်သုံးယောက် အချက်ပေးလိုက်ပြီး
သို့ တရကြမ်း ဇွတ်ယမ်းလိုက်၏။ ခြေထောက်ကလည်း
ပျံလွှားငှက် ပြင်သို့ တဖြည်းဖြည်းရွှေ့လျားလိုက်သည်။ သူတို့သည်
သည်။ မုက ပွဲစက်ကွင်းထဲမှ လွတ်ထွက်သွားလိုနေသည်။
ကောင်းသ စ် ဟူတန်းစားသိုင်းကွက်များထဲတွင် 'ကျိုတူလင်ဝှမ်'
သည် အကျော်ကြားဆုံးဖြစ်သည်။
၏သိုင်းစွမ်း ိုင်းကွက်သည် အလွန်အကွက်စိပ်ပြီး ယင်ကောင်
င်လျှင် လွတ်အောင်ဖြတ်သွားနိုင်ခြင်းပင် မရှိချေ။
ပြောခဲ့တဲ့ သော် မုကျူး၏သိုင်းကွက်က ပို၍အစွမ်းထက်နေလေ
လောက

ကျွမ်းသူ င်းကွက်ပေါင်းသုံးဆယ်ကျော်လာသောအခါ ပုတီးနှင့်ဓား
သူတို့သိုင် ပါလာသည်။
ဓားကိုင် ပြူအဘိုးကြီး၏ဓားကိုင်လက်သည် ထုံကျဉ်ကိုက်ခဲသွား
အောင် မကိုင်နိုင်ဘဲ ဖြစ်သွားသည်။ ကိုယ်ကိုတစ်ပတ်လှည့်ပြီး
ဉ်မှာပင် ဒေါင်ဟူသောအသံပေါ်လာပြီး ဓားသည် လက်
သည်။ ွက်သွားသည်။
း မြေကြီးပေါ်ပြုတ်ကျသွားချိန်၌ ငှက်ပြူ၏တံတောင်
တော်က မခံမရပ်နိုင်အောင် ကိုက်ခဲသွားပြီး တုန်တုန်ယင်ယင်
ည်။
ကြမ်း က်ပြူအဘိုးကြီးအိုသည်ပင်လျှင် မုကျူး၏ ထိပ်တန်းသွေး



ကြောဖိတ်မှုကို ခံလိုက်ရချေပြီ။ မုကျူး၏ လှုပ်ရှားမှုသည် လျှပ်ပြက်သလို မြန်ဆန်လှသည်။ သူ၏ခြေလှမ်းတစ်လှမ်းသည် ငါးပေခန့်ရောက်နေသည်။

ကွမ်လိန်သည် တိုက်ပွဲကိုကြည့်ရင်း ဟာခနဲ ဟင်ခနဲဖြစ်နေသည်။ သူသည် ဟူတန်းငှက်လေးကောင်နှင့် လောပုရောင်စုံအကျိုအဖွဲ့တို့ တိုက်ခိုက်ကြစဉ်ကလည်း တအံ့တသြဖြစ်နေခဲ့သည်။

ယခုမူ ထိုအကြိမ်ကထက် ပိုပြီးအံ့သြမိလာသည်။ သိုင်းပညာမတောက်တစ်ခေါက်သင်ဖူးသော်လည်း ယခုလို အံ့မခန်း တိုက်ပွဲမျိုးကို ကြုံဖူးခြင်းမရှိသဖြင့် အံ့သြခြင်းသည် အထွတ်အထိပ်သို့ရောက်နေသည်။ သူ့အဖို့ ဘယ်သူနိုင်နိုင် ဘယ်သူရှုံးရှုံး အကြောင်းမဟုတ်သော်လည်း ဟူတန်းအဘိုးကြီးများကို သနားကြင်နာသောသဘောထားမရှိဘဲ ဖြစ်နေသည်။ ရှောင်လင်ဆရာကြီး မုကျူးကတစ်ကွက်တည်းနှင့် ငှက်ပြူအဘိုးကြီး၏ဓားကို ရိုက်ထုတ်နိုင်ခဲ့သဖြင့် လက်ဖျားခါ ချီးကျူးလိုက်မိလေသည်။

တိုက်ပွဲသည် ကြောက်စရာကောင်းအောင် ဖြင်းထန်ပြီးအကြိတ်အနယ်ဖြစ်နေသည်။

ထိုစဉ် လမ်းဘေးသစ်ပင်တစ်ပင်ပေါ်မှ ကျယ်လောင်သောယေသံတစ်သံပေါ်ထွက်လာသည်။ တစ်ဆက်တည်းတွင် ဖြတ်သားကြည်လင်သော စကားသံပါထွက်လာသည်။

"တယ်ပြီး ရယ်စရာကောင်းတဲ့တိုက်ပွဲပါလား ... ဟား ... ဟား"

ကြားရသောအသံကြောင့် မုကျူးမျက်နှာ ကွက်ခနဲ ပျက်၍သွားသည်။ အဘယ်ကြောင့်ဆိုသော် ရယ်သံရှင်၏ အတွင်းအားသည် ကြောက်ခမန်းလိလိ ပြင်းထန်ပြည့်ဝလှကြောင်း ရိပ်မိလိုက်သောကြောင့်တည်း။

"ဘယ်သူလဲကွ"

မုကျူးက အော်ရင်းတိုက်ပွဲတွင်းမှ သူ၏ပုတီးကြီးကို ရုပ်သိမ်းလျက် ခုန်ဆုတ်သွား၏။ မီးခိုးရောင်ဖျိုင်းကြီး လေထဲသို့ ပျံတက်သွားသလား အောက်မေ့လိုက်ရသည်။

ဟူတန်းအဘိုးကြီးလေးယောက်သည် ရုတ်တရက်ပြောင်းလဲသွားသောအဖြစ်ကြောင့် လက်ထဲမှဓားများကို ပြန်ရုပ်လိုက်ကြသည်။

ထိုအချိန်မှာပင် လမ်း ဘေးသစ်ပင်ပေါ်မှ လူတစ်ယောက် ခုန်ဆင်းလာသည်ကို တွေ့ကြရလေသည်။ သစ်ပင်ပေါ်မှဆင်းလာသူသည် ငှက်တစ်ကောင်ကဲ့သို့ ပေါ့ပါးညင်သာစွာ ဆင်းသက်လာသည်။ ထိုလူ၏လှုပ်ရှားမှုသည် အလွန်ပေါ့ပါးသွက်လက်လှသဖြင့် ထိပ်တန်းရောက်ကိုယ်ဖော့ပညာရှင်မှန်း သိသာလှသည်။

ကွမ်လိန်သည် တစ်သက်တစ်ကိုယ်မတွေ့ရခဲ့ဖူးသော ကိုယ်ဖော့ပညာကို ပါးစပ်အဟောင်းသားနှင့်ငေးကြည့်နေမိသည်။

ကွမ်လိန်တစ်ယောက်တည်း အံ့သြငေးမောနေသည် ထင်ပါသလား။ သိုင်းလောက၌ အတော်အတန် အဆင့်မြင့်နေပြီဖြစ်သော ဟူတန်းငှက်လေးကောင်ပင်လျှင် ထိုမြင်ကွင်းကို ကြည့်လျက် အာမေဋိတ်သံများ ထွက်သွားကြရသည်။



မြေပြင်သို့ ပြန်ကျလာသူကိုကြည့်ရင်း ...

ကျိုထန်ညီနောင်ထဲက တစ်ယောက်ဟု ရေရွတ်လိုက်မိကြသည်။

မုကျူးသည်လည်း တအံ့တသြဖြစ်သွား၏။ သူသည် နှစ်ပေါင်း သုံးဆယ်ကျော်၊ လေးဆယ်အတွင်း၌ သိုင်းအကျော်အမော်များစွာကို တွေ့ခဲ့ဖူးသော်လည်း ယခုတွေ့ရသောလူ၏ သိုင်းပညာမျိုးကိုကား မတွေ့ကြုံဖူးခဲ့။ အလွန်အထက်တန်းကျသော သိုင်းပညာရှင်မှန်း သိလိုက်သည်။ ရင်ထဲတွင် ထိတ်ခနဲဖြစ်၍သွားသည်။ ထိုလူ၏ပညာစွမ်းသည် မိမိထက်ပင်တော်နေသည်ဟု ခံစားလိုက်မိသည်။

ကွမ်လိန်က သစ်ပင်ပေါ်မှဆင်းလာသူကို သေသေချာချာ ကြည့်နေမိသည်။ ထိုလူသည် စုတ်ပြတ်ညစ်နွမ်းနေသောအင်္ကျီကို ဝတ်ထားပြီး ဆံပင်က ကျိုးကန်းသိုက်လို ရှုပ်ပွနေသည်။ လက်ထဲမှာလည်း သံချိုင်းထောက် (သံတုတ်ကောက်) တစ်ခုကို ဆုပ်ကိုင်ထားလျက်ရှိသည်။

စောစောက ကွမ်လိန်တွေ့ခဲ့သော ထူးဆန်းသည့် ခြေကျိုးအဘိုးကြီးပင်ဖြစ်တော့သည်။ သစ်ပင်ရိပ်အောက်တွင် ရပ်နေသော ထိုလူ၏မျက်လုံးအစုံသည် နီရဲတောက်ပနေသည်။ သို့သော် ပါးစပ်က ရယ်ပြီးပြောနေသည်။

"သိပ်ရယ်စရာကောင်းတယ်"

သူ၏ရယ်သံနှင့် အေးစက်စက်အမူအရာသည် ကွမ်လိန်ကို တွန့်ခနဲဖြစ်သွားစေသည်။

ထိုလူ၏အမူအရာသည် တစ်ခဏအတွင်းမှာပင် အမူအရာ အမျိုးမျိုးပြောင်းလဲနေသည်။ တင်းမာခက်ထန်နေပုံ၊ အေးစက်စက် ရယ်လိုက်ပုံ၊ တစ်စုံတစ်ရာအတွက် ဝမ်းနည်းသွားပုံတို့သည် လျှပ်ပြက်သလိုဖြစ်ပေါ်နေသည်။

အတန်ကြာမှ ကျယ်လောင်စွာ အော်ရယ်လိုက်ပြန်သည်။

သူ၏ရယ်သံကြောင့် ဟူတန်းငှက်လေး ကောင်နှင့် မုကျူးပါ တပ်မိ၍ မျက်နှာပျက်သွားကြပြန်သည်။

ထိုစဉ် ငှက်ပြာအဘိုးကြီးက မျက်စိတစ်ချက်ဝေ့ကြည့်ပြီး သူ၏အဖွဲ့တူညီအစ်ကိုများကို မျက်ရိပ်ပြလိုက်ပြီး အဓိပ္ပာယ်ပါသော အကြည့်နှင့် ကြည့်လိုက်ကြသည်။

မုကျူးက လက်ကိုခါပစ်လိုက်ရာ ပုတီးသည် လက်ကောက်ဝတ်ထဲသို့ ပြန်ရောက်သွားသည်။

ကွမ်လိန်သည် လည်ချောင်းထဲ ယားကျိကျိဖြစ်လာသဖြင့် တိုးတိုးလေးချောင်းဆိုးလိုက်သည်။ သူ့အဖို့ အံ့သြစရာများကို တစ်ခုပြီးတစ်ခု တွေ့နေရသည်။

ဟူတန်းအဘိုးကြီးလေးယောက်နှင့် မုကျူးတို့သည် အဘိုးကြီးကို ကြောက်နေကြလေပြီ။ ဤခြေကျိုးအဘိုးကြီးကို နာမည်ကျော် ဟူတန်းငှက်လေးကောင်နှင့် မုကျူးတို့က အဘယ်ကြောင့် ဤမျှကြောက်ရွံ့နေရသနည်း။

ခြေကျိုးအဘိုးကြီး၏သိုင်းပညာသည် သူတို့ အားလုံးထက် ကြောက်စရာကောင်းနေသလော။



သူ ပထမမြင်တွေ့လိုက်ရသော ကိုယ်ဖော့ပညာ၏ အဆင့်မြင့်ပုံအရ အခြားသိုင်းပညာ၌လည်း အဆင့်မြင့်နိုင်ကြောင်း တွေးဆနိုင်သည်။

ထိုစဉ် မုကျူးက ခပ်အေးအေးလှမ်းပြောသည်။

"ကျုပ်က ဘယ်သူများလဲလို့ လက်စသတ်တော့ ကျန်လုအဖွဲ့ရဲ့ခေါင်းဆောင် ကုန်စွန်းဘယ်ခြေကိုး။ ခုတွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

မုကျူးသည် အသံကိုလေရှည်ဆွဲပြီး အတွင်းအားထုတ်၍ ပြောနေ၏။ စကားအဆုံး၌ ရယ်လိုက်သောအသံကြောင့် ကွမ်လိန်မှာ အတော်ကလေးနားအူသွားရသည်။

ကွမ်လိန်မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။

"ဒီလူက ကျန်လုအဖွဲ့ကြီးရဲ့ခေါင်းဆောင်ဆိုပါလား"

ကွမ်လိန်သည် သိုင်းလောကတွင် နုစပ်သူမဟုတ်၍ တအံ့တသြဖြစ်သွားပြန်သည်။

ကျန်လုသိုင်းအဖွဲ့ကြီးသည် နှစ်တစ်ရာကျော်အောင် ထင်ရှားကျော်ကြားခဲ့သော သိုင်းအဖွဲ့ကြီးဖြစ်သည်။

ကျိုထန်ညီနောင်အမည်ရထားသည့် ကျန်လုအဖွဲ့ခေါင်းဆောင် ကုန်စွန်းဘယ်ခြေသည် မုကျူးကိုကြည့်ပြီး တဟားဟားရယ်လိုက်သည်။

သူသည် တစ်ကိုယ်လုံး လှုပ်နေအောင် ရယ်နေသဖြင့် ရှပ်မှနေသော ဆံပင်များသည် တလှုပ်လှုပ်ဖြစ်နေသည်။

လက်ထဲမှ သံတုတ်ကောက် (ချိုင်းထောက်) ကမူ မြေကြီးပေါ်တွင် နိုင်မြဲစွာ တည်ရှိနေသည်။

ကွမ်လိန်သည် ခြေကျိုးအဘိုးကြီးကို အကဲခတ်ပြီး တွေးလိုက်ပြန်သည်။

“ငါမြေမြှုပ်ပေးခဲ့တဲ့ ကျိထန်အဘိုးကြီးဟာ ကျိထန်ညီနောင်ထဲက တစ်ယောက်များလား၊ အဲဒီလူဟာ ကုန်စွန်းညာခြေများလား”

ကွမ်လိန်သည် စိတ်ထဲတွင် တအံ့နွေးနွေးဖြစ်နေရာမှ သက်ပြင်းတစ်ချက်ကို ဟင်းခနဲချလိုက်သည်။

သည်အတိုင်းဆိုလျှင် ယခု တွေ့နေရသော ကုန်စွန်းဘယ်ခြေနှင့် သေဆုံးသွားသောအဘိုးကြီးသည် ကျိထိန်ညီနောင်ဖြစ်နိုင်သည်မှာ သေချာသလောက်ဖြစ်နေသည်။ သည်သို့ဆိုလျှင် သေဆုံးသွားသည့် ကုန်စွန်းညာခြေ၏သိုင်းပညာသည်လည်း မတွေးရဲအောင် အဆင့်မြင့်မည်မှာ သေချာနေသည်။

မုကျူးက လက်အုပ်ချီပြီး ငြိမ်သက်စွာရပ်နေသည်။

ကုန်စွန်းဘယ်ခြေ၏ရယ်မောသံသည်လည်း တဖြည်းဖြည်းနှင့် ပျော့ကျလာသည်။

သို့သော် ... စကားသံကမူ ထွက်လာနေပေသေးသည်။

“ရယ်စရာကောင်းတယ် ... ရယ်စရာသိပ်ကောင်းတယ်”

## အခန်း (၆)

### အစစ်တစ်ခု၊ အတုကိုးခု

မုကျူးသည် သိုင်းဘုရင်ဟုခေါ်လောက်အောင် တော်သူတတ်သူဖြစ်သော်လည်း ကုန်စွန်းဘယ်ခြေရှေ့တွင်မူ ကြီးစွာအမူအရာပျက်နေသည်။

ကွမ်လိန်သည် စာတတ်ပေတတ်ဖြစ်ရာ ထိုအချက်ကိုကြည့်ရုံနှင့် ကုန်စွန်းဘယ်ခြေ၏ သိုင်းပညာစွမ်းကို ခန့်မှန်းနိုင်ခဲ့၏။ မုကျူးကို သိုင်းဘုရင်ဟုခေါ်လျှင် ကုန်စွန်းဘယ်ခြေကို သိုင်းဧကရာဇ်ဟုခေါ်ရမည်ဖြစ်ကြောင်း အတွေးဖြင့် ပိုင်းခြားနိုင်ခဲ့သည်။

သို့သော် ... မုကျူးသည် ဣန္ဒြေပြန်ဆည်ပြီး ကုန်စွန်းဘယ်ခြေကို တန်းတူသမားအဖြစ် ဆက်ဆံပြောဆိုလေ၏။

“တစ်ယောက်နဲ့တစ်ယောက် ဆယ်နှစ်ကျော် မတွေ့ကြရတာတောင် မင်းရဲ့အခြေအနေဟာ ဘာမှပြောင်းလဲမှုမရှိပါလား၊ ခုလိုကျန်းကျန်းမာမာတွေ့ရတဲ့အတွက် ကျူပ်ဝမ်းသာပါတယ်၊ ခုချိန်မှာ မင်းက ဘာတွေမကျေမနပ်ဖြစ်နေတာလဲဆိုတာ ကျုပ်မသိဘူး၊ ဘာကိုရယ်စရာကောင်းနေတာလဲ”

မုကျူး၏စကား ဆုံးသွားသည်နှင့် ကုန်စွန်းဘယ်ခြေ၏ ရယ်သံလည်း ရပ်သွားသည်။

ကုန်စွန်းဘယ်ခြေသည် မုကျူးကိုကြည့်နေရင်းမှ ဟူတန်းအဘိုးကြီးလေးယောက်ကို ကြည့်လိုက်ပြန်သည်။

နီရဲတောက်ပြောင်နေသော မျက်လုံးအစုံသည် ဖွင့်လိုက်ပိတ်လိုက်ဖြစ်နေရာမှ မုကျူးကိုယ်ပေါ်သို့ ကျရောက်သွားပြန်သည်။

မုကျူးက လုံးဝဂရုစိုက်ဟန်မရှိချေ။

"ဟား ... ဟား ... အဘိုးကြီးနဲ့ ကျုပ်တို့ မတွေ့ကြတာဟာ ဆယ်နှစ်လောက်ရှိတာ အမှန်ပါပဲ၊ ဒါပေမဲ့ ... အဘိုးကြီးရဲ့စိတ်နေစိတ်ထားကလည်း လွန်ခဲ့တဲ့ ဆယ်နှစ်ကအတိုင်းပါပဲလား၊ ပုံကတော့ ခုမှ အိမ်ထဲက အိမ်ပြင်ထွက်လာတဲ့ ကလေးတစ်ဦးလိုပါလား၊ ဟား ဟား ... ဒါဟာ ထူးလည်းထူးဆန်းပြီး ရယ်လည်း ရယ်စရာကောင်းတဲ့ ကိစ္စပဲ"

ကုန်စွန်းဘယ်ခြေက စောစောက မုကျူးပြောသလို လေရှည်ဆွဲပြီး လှုပ်ပြောသည်။

ကွမ်လိန်သည် သိုင်းသမားအရင့်အမာကြီးများ၏ အထေ့အငေါ့များကို မျက်လုံးအဝိုင်းသားဖြင့် နားထောင်နေလေသည်။

မုကျူး မျက်နှာပျက်သွား၏။ မျက်နှာကြီး နီရဲလာလေ၏။

ထိုစဉ် ကုန်စွန်းဘယ်ခြေက ဟူတန်းအဘိုးကြီးလေးယောက်ကို လှမ်းကြည့်လိုက်ပြန်သည်။

"ဟူတန်းသိုင်းအဖွဲ့ကြီးဟာ နာမည်ကြီးသိုင်းအဖွဲ့ကြီးတစ်ဖွဲ့ပဲ၊ နာမည်ကြီးသလောက် စည်းကမ်းလည်း အင်မတန်ကြီးတာပဲ၊ ဒါတောင် ရှောင်လင်အဘိုးကြီးနဲ့ ရန်ဖြစ်နေကြတယ်ဆိုတော့ ...



ဟား ... ဟား ... တော်တော့်ကို ရယ်စရာကောင်းနေတဲ့ကိစ္စပဲ"

ကုန်စွန်းသည် လှောင်သလို ပြောနေရာမှ ဒေါသထွက်လာပြန်သည်။

"ဒါပေမဲ့ ခင်ဗျားတို့သိဖို့က ခင်ဗျားတို့လုနေတဲ့ပစ္စည်းဟာ ဘယ်သူ့ပစ္စည်းဆိုတာ သိရဲ့လား"

မုကျူးသည် ထိတ်ခနဲဖြစ်သွားရာမှ ခပ်ဆတ်ဆတ်ပင် ပြောသည်။

"လောကမှာ အမြဲထာဝရ ပုဂ္ဂလိကပစ္စည်းဆိုတာ ရှိတာမှ မဟုတ်ဘဲ၊ ဒီပစ္စည်းကို မင်းတို့လည်း သူများဆီက ရယူထားတာပဲ၊ ဒီတော့ ကျုပ်တို့ကလည်း မင်းတို့ဆီက လုယူရမှာပဲ၊ ဒါကို မတရားသဖြင့် ယူထားတယ်လို့ ဘယ်သူကမှ မပြောနိုင်ဘူး"

"ဟား ... ဟား ... ရယ်စရာကောင်းတယ်၊ ရယ်စရာကောင်းတယ်"

ကုန်စွန်းဘယ်ခြေက တစ်ကိုယ်လုံးတုန်ခါသွားအောင် ရယ်ပစ်လိုက်သည်။ ပြီးမှ ...

"ကောင်းတယ် ... ကောင်းတယ်၊ မီးခိုးရောင်ဝတ်စုံဝတ်တဲ့ အဘိုးကြီးက အခြားအဘိုးကြီးဆီကပစ္စည်းကို လုမလို့တဲ့ ... ဟား ... ဟား"

ကုန်စွန်းဘယ်ခြေက ပြောလိုက်၊ ရယ်လိုက်၊ ဒေါသဖြစ်လိုက် လှုပ်နေသည်။ ထိုသို့လှုပ်နေရာမှ သူသည် ကွမ်လိန်ကို လှမ်းကြည့်လိုက်သည်။

"ငါ့ညီကုန်စွန်းကို စစ်မိန်ဂေဟာမှာ မြှုပ်ထားခဲ့တဲ့လူဟာ မင်းလား၊ မင်းပဲဖြစ်မှာပါလေ၊ ကဲ ... ကဲ ... ဒီလောက်တော့ ငါ လူကဲခတ်တတ်ပါတယ်"

ကြားရသောစကားကြောင့် ဟူတန်းအဘိုးအိုလေးယောက်သည် ဆတ်ခနဲဖြစ်သွားကြသည်။ မုကျူးသည် မျက်လုံးပြူးသွားသည်။

"ကုန်စွန်းညာခြေ သေသွားပြီ"

သူတို့အားလုံး တအံ့တသြ ရေရွတ်လိုက်မိကြသည်။ ကွမ်လိန်က ကုန်စွန်းဘယ်ခြေကိုကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ ... ကျွန်တော် မြေမြှုပ်ပေးခဲ့ပါတယ်"

ကုန်စွန်းဘယ်ခြေ၏ရင်ထဲမှ ကြေကွဲမှုသည် မျက်နှာပေါ်တွင် အရိပ်ထင်နေသည်။

သူဟန်လုပ်၍ ရယ်မောနေသော်လည်း သူ့မျက်နှာပေါ်က ကြေကွဲမှုများကို ရယ်မောခြင်းက ဖုံးလွှမ်းနိုင်စွမ်းမရှိဘဲဖြစ်နေသည်။

ကွမ်လိန်သည် ကုန်စွန်းဘယ်ခြေ၏အဖြစ်ကို ကြည့်ပြီး စိတ်မကောင်းဖြစ်သွားသည်။

ထို့ကြောင့် သက်ပြင်းချပြီး အေးအေးလေးပြောလိုက်သည်။

"မမျှော်လင့်ဘဲ ကြုံကြိုက်ခဲ့တာနဲ့ မြင်မကောင်းရှုမကောင်း ဖြစ်နေတဲ့ ဆရာကြီးကုန်စွန်းကို ကျွန်တော် မြှုပ်နှံပေးခဲ့ပါတယ်၊ ဆရာကြီးကိုယ်ပေါ်ကရခဲ့တဲ့ ပစ္စည်းကိုလည်း သက်ဆိုင်သူကို ပြန်ပေးဖို့ ရည်ရွယ်ပြီးသားပါ၊ ခုတော့ သေဆုံးသွားတဲ့ဆရာကြီးနဲ့ သက်ဆိုင်သူကို တွေ့နေရပြီဖြစ်လို့ အဲဒီပစ္စည်းကို ပြန်ပေးပါ့မယ်ခင်ဗျာ"



ကွမ်လိန်က စာနာစိတ်နှင့် ရိုးရိုးသားသား ပြောသည်။

"ကောင်းတယ် ... ကောင်းတယ်၊ ပေးစရာရှိတာပေး၊ ငါလည်း ဒီထက်ပိုပြီး မရယ်ချင်တော့ဘူး၊ လောဘဇောများ တယ်ပြီး လူကိုရယ်ရစေတာပဲ"

ကွမ်လိန်က ဖြန့်ထားသော လက်ဝါးကို စိုက်ကြည့်လိုက်သည်။ စိတ်ထဲ၌ဖြူဖွေးသန့်စင်သော လက်ဝါးဖြစ်လိမ့်မည်ဟု ထင်နေသော်လည်း လက်တွေ့၌ မည်းကြုတ်ပိန်ကပ်နေသော လက်ဝါးဖြစ်နေသဖြင့် စိတ်ပျက်သလိုဖြစ်သွားသည်။ ကုန်စွန်းညာခြေ၏လက်သည် အခြားအဘိုးကြီးများ၏လက်နှင့် ဘာမျှခြားနားခြင်းမရှိလှချေ။

ကွမ်လိန်သည် မိမိ၏ကလေးကလားစိတ်ထားကို ချက်ချင်း သတိပြုမိလိုက်သည်နှင့် ကိုယ့်ကိုယ်ကိုယ်ရှက်သွားမိ၏။ သေရေးရှင်ရေးတမျှ အရေးကြီးနေသောအချိန်၌ လက်၏သန့်ရှင်းစင်ကြယ်ခြင်း၊ ညစ်ပတ်မည်းညစ်ခြင်းကို ဂရုစိုက်သင့်ပါသလော။ သူသည် ရင်ခွင်ထဲထည့် ထားသော အိတ်ကလေးတစ်အိတ်ကို ကပျာကယာ ထုတ်ယူလိုက်သည်။

ဟူတန်းအဘိုးကြီးလေးယောက်နှင့် မုကျူးတို့သည် ကွမ်လိန်၏ အမူအရာကိုကြည့်၍ စိတ်ဓာတ်ကျသွားကြ၏။

သို့သော် ... သူတို့၏မျက်လုံးများကမူ ကွမ်လိန်လက်ထဲမှ အိတ်ကလေးပေါ်သို့ စူးစိုက်ကျရောက်နေကြသည်။

ကွမ်လိန်က အိတ်ထဲမှပစ္စည်းကို ဆွဲထုတ်လိုက်သောအခါ

ကြေးပြားတွဲတစ်ခု ပါလာသည်ကို တွေ့ကြရသည်။

"လှို့ဝှက်ကြေးပြားတွဲ"

ဟူတန်းအဘိုးကြီးလေးယောက်၏နှုတ်မှ အာမေဋိတ်သံများ ပြိုင်တူထွက်လာသည်။

လှို့ဝှက်ကြေးပြားတွဲဟူသည် အဘယ်နည်း။

ကြေးပြားများကို အဝါရောင်ကြိုးတစ်ချောင်းဖြင့် တွဲထားခြင်း ဖြစ်၍ ကြေးပြားတွဲဟု ခေါ်တွင်ခြင်းဖြစ်ပါ၏။ သို့သော် တစ်ခုထူးခြားသည်မှာ လက်ရှိသုံးစွဲနေသည့် ကြေးပြားများထက် ကြီးနေသည့်တစ်ချက်သာ ကွာခြားသွားသည်။ ထိုအချက်မှလွဲ၍ အခြားထူးခြားမှုမရှိပါ။

လူအားလုံးသည် ကွမ်လိန်လက်ထဲမှ ကြေးပြားတွဲကို စိုက်ကြည့်နေကြ၏။ ကြေးပြားအဝိုင်း ကြီးသည်မှအပ အခြားဘာမျှထူးခြားချက်မရှိသော ကြေးပြားတွဲကြီးကို တပ်မက်စွာ စူးစိုက်ကြည့်နေကြပါ၏။

စိတ်ထဲ၌ တအံ့တဩဖြစ်နေရင်းက ကြေးပြားတွဲကို ကုန်စွန်းဘယ်ခြေလက်ထဲသို့ လှမ်းထည့်လိုက်သည်။

"အဘပြောတဲ့ ကြေးပြားတွဲ ဟုတ်မဟုတ် သေသေချာချာ စစ်ဆေးကြည့်ပါ အဘ"

ကုန်စွန်းဘယ်ခြေသည် ကြေးပြားတွဲကိုကိုင်ရင်း ခပ်ငိုင်ငိုင်ကြီးဖြစ်နေသည်။ သူ့စိတ်ထဲတွင် ကြေကွဲခြင်း၊ ဆို့နင့်ခြင်း စသည့်ခံစားချက်များ ရောပြွမ်းနေသည်။



မုကျူးသည် ကုန်စွန်းဘယ်ခြေ၏လက်ထဲမှ ကြေးပြားတွဲကို အလိုရမ္မက်ကြီးစွာ စိုက်ကြည့်နေရင်း စိတ်လှုပ်ရှားလာ၏။ ထို့နောက် ခြေလှမ်းကို တစ်လှမ်းချင်းလှမ်းပြီး ရှေ့ကိုတိုးသွားနေသည်။

ကုန်စွန်းဘယ်ခြေသည် မုကျူးတိုးကပ်လာသည်ကို သိဟန်မရှိချေ။ သူ့လက်ထဲမှ ကြေးပြားတွဲကြီးကိုသာ စူးစူးစိုက်စိုက် ကြည့်နေ၏။

ဟူတန်းအဘိုးကြီးလေးယောက်တို့၏ လက်ချောင်းသည် ဓားရိုးပေါ်သို့ တစ်ပြိုင်နက်ရောက်သွားပြီး တင်းတင်းကျပ်ကျပ်ကြီး ဆုပ်ကိုင်လိုက်ကြသည်။

သူတို့၏မျက်လုံးများသည်လည်း အလိုရမ္မက်ဇောကြောင့် မီးတောက်နေသလား ထင်ရသည်။ သူတို့သည်လည်း ကြေးပြားတွဲပေါ် အာရုံရောက်နေကြပြီး ခြေထောက်ကို ရွှေ့လျားလာနေကြသည်။

သူတို့သည် ကုန်စွန်းဘယ်ခြေ၏သိုင်းပညာကို လိုက်မမီမှန်း သိနေကြသော်လည်း 'လှို့ဝှက်ကြေးပြားတွဲ' ၏ညို့အား က သူတို့ကို ဆွဲခေါ်လျက်ရှိနေသည်။

ထိုကြေးပြားတွဲသည် သိုင်းလောကသားတို့အား အလိုရမ္မက်ကြီးစေပြီး ကြောက်ရွံ့စိတ်ကိုပင် ဖုံးလွှမ်းနိုင်စွမ်းရှိကြောင်း ကွမ်လိန် မျက်မြင်ကိုယ်တွေ့မြင်နေရချေပြီ။ ထို့ကြောင့် သူသည် အခြေအနေကို အသက်ပင်မရှူနိုင်ဘဲ ငေးကြည့်နေမိသည်။

မုကျူးသည် တဖြည်းဖြည်းနှင့် ကုန်စွန်းဘယ်ခြေအနီးသို့ ရောက်ရှိသွားပြီဖြစ်သည်။

ဟူတန်းအဘိုးကြီးလေးယောက်တို့သည်လည်း ကုန်စွန်းဘယ်ခြေအနီးသို့ တဖြည်းဖြည်းနီးကပ်လာချေပြီ။

မကြာမီ သွေးစွန်းတိုက်ပွဲကြီး ဖြစ်ပွားပေတော့မည်။

လူ့လောက၌ ဥစ္စာသည် အသက်ဖြစ်၏။ ဥစ္စာပစ္စည်း တိုးပွားစေရန် မတရားမှုမှန်သမျှ ပြုလုပ်ကြ၏။

သိုင်းလောက၌မူ ဥစ္စာသည် ခြေနင်းသဲမှုန်ဖြစ်၍ ပညာသည်သာ သူတို့၏အသက်ဖြစ်၏။

သိုင်းပညာတိုးပွားရန်အတွက်ဆိုလျှင် သူတို့၏တစ်သက်တာမက ဆယ်သက်ပင်ပေး၍ လေ့လာဆည်းပူးရန်ဝန်မလေးကြပေ။

မည်သည့်မတရားမှုကိုမျှ ပြုမူရန်လည်းဝန်မလေးကြပေ။ ထိုပညာလောဘကြောင့် သိုင်းလောကကြီးတစ်ခုလုံး သွေးညှီနံ့များ ဖုံးလွှမ်းနေခဲ့ရခြင်း ဖြစ်ပါလေ၏။

ယခုလည်း ... ကွမ်းလိနိသည် မကြာမီတုန်လှုပ်ချောက်ချားဖွယ်ကောင်းသော တိုက်ပွဲကြီးဖြစ်ပွားလာလေတော့မည်ကို ရိပ်စားမိလိုက်သဖြင့် ရင်တထိတ်ထိတ် ဖြစ်လာသည်။ ထိုစဉ် ...

"ဟား ... ဟား ... ဟား"

ကုန်စွန်းဘယ်ခြေက ကိုယ်ကိုဆတ်ခနဲလှည့်လိုက်ပြီး ကျယ်လောင်စွာ ရယ်မောလိုက်သည်။ သူ့ရယ်သံသည် လှောင်သံအပြည့်ပါနေ၏။

ကုန်စွန်းဘယ်ခြေ၏လက်ထဲမှ ကြေးပြားတွဲကို လုယူရန် တဖြည်းဖြည်း ချဉ်းကပ်သွားကြသည့် ဟူတန်းအဘိုးကြီးလေးယောက်



နှင့် မုကျူးတို့သည် တန့်ခနဲ ရပ်သွားကြလေသည်။ ကုန်စွန်းဘယ်ခြေသည် အားရပါးရရယ်နေရင်း မုကျူးထံသို့ ကြေးပြားတွဲကို လှမ်းပစ်ပေးလိုက်သည်။

မုကျူးသည် ယောင်ကန်းကန်းဖြင့် ကြေးပြားတွဲကို လှမ်းယူလိုက်ရသည်။ သူအလွန်လိုချင်လှသည့် ကြေးပြားတွဲကို ဤမျှ လွယ်ကူစွာ လက်ခံရရှိလိမ့်မည်ဟု လုံးဝမထင်မှတ်ခဲ့ချေ။ ထို့ကြောင့် အိပ်မက်ရာမှရရှိသော ပစ္စည်းတစ်ခုကို ပစ္စုပ္ပန်လောက၌ စမ်းသပ်ကိုင်တွယ်လိုက်ရသကဲ့သို့ ယောင်ကန်းကန်းဖြစ်နေခဲ့ရသည်။

"ဟား ... ဟား ... ဟား ... ခင်ဗျားတို့က ဒီကြေးပြားတွဲကို သိပ်လိုချင်နေကြတယ် မဟုတ်လား၊ ဟား ... ဟား ... ခင်ဗျားတို့ သက်စွန့်ဆံဖျား လိုချင်နေကြတဲ့ပစ္စည်းကို ကျုပ်ကလည်း မမက်ပါဘူးဗျာ၊ ဟား ... ဟား ... ယူသွား ... ယူသွား ... ခေါင်းပေါ်တင်ပြီး ယူသွားကြတော့"

သို့သော် သူတို့စိတ်ထဲ၌ ကုန်စွန်းဘယ်ခြေ ရူးသွပ်သွားပြီဟု ထင်မှတ်လိုက်ကြသည်။

သိုင်းသမားတိုင်း တပ်မက်မောလှသည့် ကြေးပြားတွဲကို အဖိုးမသိသူက လိုသဘောထားနေသည်မှာအံ့သြစရာကောင်းနေသည်။

မည်ကဲ့သို့ဖြစ်သနည်း။ သိုင်းလောက၏ မကိုင်နိုင်သရဖူအဖြစ် သတ်မှတ်ထားသည့် ကြေးပြားတွဲသည် ကုန်စွန်းဘယ်ခြေ၏လက်ထဲ၌ ဘာမှအဖိုးမထိုက်တန်တော့သည့် ခုံဖိနပ်စုတ်ဖြစ်သွားလေသလော။

တစ်မုဟုတ်ချင်း ပြောင်းလဲသွားသော အခြေအနေကြောင့် ကွမ်လိန်မှာ ရူးချင်သလိုလိုဖြစ်သွားသည်။ သူ့မျက်စိရှေ့မှာပင် လော ပုရောင်စုံအဖွဲ့သားတို့နှင့် ဟူကာန်းငှက်လေးကောင်တို့သည် ဤကြေး ပြားတွဲအတွက် အသေအကြေ တိုက်ခိုက်ခဲ့ကြပြီး ဖြစ်သည်။ ထို့ နောက် ဟူတန်းအဘိုးကြီးလေးယောက်နှင့် မုကျူးတို့သည်လည်း ကြောက်ခမန်းလိလိ တိုက်ခိုက်ခဲ့ပြီးပြီ။

သို့ပါလျက် ကုန်စွန်းဘယ်ခြေက ထိုပစ္စည်းကို မုကျူးကို အလွယ်တကူပေးလိုက်ခြင်းအတွက် ကွမ်လိန် မည်သို့မျှ နားမလည် နိုင်ဘဲ ဖြစ်နေရသည်။

စိတ်ထားနူးညံ့၍ သိမ်မွေ့အေးဆေးသော ကွမ်လိန်အဖို့ တစ်ရက်ဆိုသောအချိန်အတွင်း တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များ သည် ထိတ်လန့်ဖွယ်ကောင်းသလောက် ရှုပ်ထွေးပွေလီလွန်းနေသည်။

ထိုဖြစ်ရပ်ထဲမှ ရုန်းထွက်ချင်စိတ်ပေါ်နေသော်လည်း ရုန်း ထွက်မရသည့်အခြေအနေဖြစ်နေသဖြင့် ကွမ်လိန် ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်နေမိသည်။

ထိုကိစ္စ၏နောက်ကွယ်၌ မည်မျှဆိုးဝါးသော အဖြစ်အပျက် များ ပေါ်ပေါက်လာလိမ့်ဦးမည်ကို တွေးပင်မတွေးရဲတော့ချေ။ သိုင်း လောက,က အတွေ့အကြုံ လုံးဝမရှိသေးသည့် ကွမ်လိန်အဖို့ တွေ့ သမျှ မြင်သမျှ အထူးအဆန်းချည်းသာ ဖြစ်နေတော့သည်။ ထိုစဉ် ကုန်စွန်းဘယ်ခြေ၏ ရယ်မောသံက ကျယ်ကျယ်လောင်လောင် ထွက်လာပြန်သည်။



"ဟား ... ဟား ... ရယ်စရာကောင်းတယ်၊ အခုမှ ပိုပြီး တောင် ရယ်စရာကောင်းလာသေးတယ်၊ ဟူတန်းငှက်လေးကောင်နဲ့ ရှောင်လင်စိတ်ပုတီးတို့ဟာ သိုင်းလောကမှာ ကျော်ကြားနေတာ လည်း နှစ်ပေါင်းမနည်းတော့ပါဘူး ...

"ဒါတောင် လျှို့ဝှက်ကြေးပြားနဲ့ ပတ်သက်တဲ့စကားကို တောင် မကြားဖူးကြဘူးဆိုတော့ ဟား ... ဟား ... သိပ်ရယ်စရာ ကောင်းနေပြီ"

ကုန်စွန်းဘယ်ခြေက စကားကိုရပ်လိုက်ပြီး အားလုံးကို ဝေ့ ကြည့်လိုက်၏။ ပြီးမှ စကားကိုပြန်ဆက်သည်။

"ရယ်စရာကောင်းတယ်၊ ဟူတန်းငှက်လေးကောင်နဲ့ ရှောင် လင်စိတ်ပုတီးတို့က ဘာမှတန်ဖိုးမရှိတဲ့ ကြေးပြားတွဲအတွက် သူသေ ကိုယ်သေ တိုက်ကြသတဲ့၊ ဟား ... ဟား ... ခင်ဗျားတို့ ဦးနှောက်ရှိဖို့ ကောင်းတယ်၊ ဒီကြေးပြားဟာ တကယ်တန်ဖိုးရှိတဲ့ ကြေးပြားတွဲဆို ရင် ကုန်စွန်းညာခြေ သေသွားတာနဲ့ ကြေးပြားတွဲဟာ သူ့ကိုယ်ပေါ် မှာ ကျန်နေခဲ့ပါ့မလားဗျ"

ကုန်စွန်းဘယ်ခြေသည် အရယ်ရပ်ပြီး မုကျူးနှင့် ဟူတန်း အဘိုးကြီးလေးယောက်တို့ကို တစ်ချက်ကြည့်လိုက်ပြန်၏။ ထိုလူများ ယောင်ကန်းကန်း ကြောင်စီစီဖြစ်နေပုံကို တွေ့ရသော်အခါ ပို၍ စိတ် ကျေနပ်သွားသလို တဟားဟားရယ်ရင်း သူ့စကားကို ဆက်ပြန်၏။

"ဟား ... ဟား ... ဟား ... ပြီးတော့ သိုင်းလောက အကြောင်း ဘာမှနားမလည်တဲ့ လူငယ်လေးဆီမှာ ရှိနေတဲ့ပစ္စည်း

ဟာ တကယ့်အဖိုးထိုက် အဖိုးတန်ပစ္စည်း ဖြစ်နိုင်ပါ့မလား၊ ဒါကို နည်းနည်းလေးတောင် မစဉ်းစားနိုင်ကြဘူးဆိုတော့ အကျော်အမော် သိုင်းဆရာကြီးတွေရဲ့ ဦးနှောက်တွေက နည်းနည်းတော့ ပျက်စီး ယိုယွင်းနေပြီလို့ ဆိုရတော့မှာပဲ၊ ရှောင်လင်ပုတီးဟာ သိုင်းလောကမှာ သိပ်တော်တဲ့ပုဂ္ဂိုလ်ကြီးလို့ ကျော်ကြားနေနေတာဟာ လက်တွေ့မှာ အလကားဖြစ်နေပါလား ... ဟား ... ဟား ... ဟား"

ကုန်စွန်းဘယ်ခြေ၏စကားကြောင့် မုကျူးမှာ မျက်နှာတစ်ပြင်လုံး ရဲတက်လာသည်။

မုကျူးသည် ဒေါသထွက်ထွက်နှင့် ကြေးပြားကို ဖြုတ်လိုက်ပြီး ကြေးပြားတစ်ပြားကို လက်ချောင်းနှစ်ချောင်းနှင့် ဖိညှပ်လိုက်သည်။ ကြေးပြားသည် အံ့သြစရာကောင်းအောင် နှစ်ပိုင်းပြတ်သွားပြီး ကြေးပြားထဲမှ အစိမ်းရောင်အဝတ်စလေး လွင့်ကျလာသည်။

ဟူတန်းငှက်လေးကောင်သည် ထိတ်ခနဲဖြစ်သွားကြပြီး ဖျတ်ခနဲခုန်လာကြသည်။ တစ်ပြိုင်နက်တည်းတွင်မူ မုကျူးလက်ထဲမှ လွင့်ကျလာသောပိတ်စကို လှမ်းဆွဲလိုက်ကြသည်။ သို့သော် မုကျူးက လက်ဝါးတစ်ဖက်နှင့်လှမ်းတွန်းလိုက်ပြီး ကျန်တစ်ဖက်က ပိတ်စကို ဖမ်းယူထားလိုက်သည်။

အဖြစ်အပျက်သည် လျှပ်ပြက်သလို မြန်ဆန်လှသည်။

မုကျူးသည် ပိတ်စကို ဖမ်းယူပြီးသည်နှင့် နောက်သို့ ခုန်ဆုတ်သွားသည်။ သူ၏ကိုယ်ဖော့ပညာ ချီးကျူးစရာကောင်းသည်။

ဟူတန်းငှက်လေးကောင်က ပိတ်စကို အာသာငမ်းငမ်းနှင့်



လှမ်းကြည့်နေကြသည်။ သို့သော် ကိုယ်ထိလက်ရောက်တားမြစ်ရန် သူတို့အစွမ်းမဲ့နေသည်။

ကွမ်လိန်သည် ပြောင်းလဲသွားသော အဖြစ်အပျက်ကို တအံ့တသြဖြစ်နေသည်။ တောကြီးမျက်မည်းထဲရောက်သွားသည့်ကလေးငယ်လိုဖြစ်နေသည်။ သူတို့ထဲ၌ ပြုံးနေနိုင်သူမှာ တစ်ယောက်တည်းသာရှိသည်။ သူက ကုန်စွန်းဘယ်ခြေဖြစ်သည်။

သူ့ရှေ့မှ အဖြစ်များကို ခပ်အေးအေးပင် ကြည့်နေသည်။ ထိုသို့ဖြစ်လာလိမ့်မည်ဟု သူသိနေပုံရနေသည်။ မျှော်လင့်ထားသလိုဖြစ်နေသဖြင့်လည်း စိတ်ကျေနပ်ပုံရသည်။

မုကျူးသည် ညာဘက်လက်ဖြင့် ကြေးပြားတွဲကို ဆုပ်ကိုင်ထားပြီး ဘယ်လက်က ပိတ်စကလေးကို ကိုင်ထားသည်။ သူသည် လက်ထဲမှ ကြေးပြားများနှင့် ပိတ်စကိုစိုက်ကြည့်ရင်းက သက်ပြင်းတစ်ချက် ဟင်းခနဲချလိုက်သည်။ ထို့နောက် ကြေးပြားတွဲနှင့် ပိတ်စကို မြေကြီးပေါ်သို့ ပစ်ချလိုက်သည်။

"သွားလေရော့ကွာ"

ကုန်စွန်းက သဘောကျသွားဟန်နှင့် တဟားဟားအော်ရယ်၏။ ထိုစဉ် ဟူတန်းငှက်လေးကောင်ထဲမှ ငှက်ပြာအဘိုးကြီးက ငှက်ဖြူအဘိုးကြီးကို လှမ်းကြည့်လိုက်သည်။

ထို့နောက် နှစ်ယောက်ပြိုင်တူ ရှေ့ကိုတိုးသွားကြပြီး ကြေးပြားတွဲနှင့် ပိတ်စကလေးကို ဓားဖြင့် ဆတ်ခနဲ ကော်ယူလိုက်သည်။

သည်တစ်ကြိမ်တွင်တော့ သူတို့ကို မည်သူမျှမတားဆီးတော့ပေ။

မုကျူးသည် ကုန်စွန်းဘယ်ခြေကို မကျေမနပ်ကြည့်လိုက်သည်။ ထို့နောက် ရပ်နေရာမှ ချာခနဲလှည့်ပြီး အဝေးသို့ ပြေးထွက်သွားသည်။ လူ ပျောက်ကွယ်သွားသောအခါ ကုန်စွန်းဘယ်ခြေသည် စိတ်လွတ်ကိုယ်လွတ် တဟားဟားအော်ရယ် ပြန်လေသည်။

"ဟား ... ဟား ... ဟား ... မုကျူးကို ငါ အရှုံးလို့ အောက်မေ့ခဲ့တာ၊ ဒီလေးယောက်က မုကျူးထက်တောင် ရှုံးနေကြပါကလား ဟား ... ဟား ... ဟား ... ပုစွန်ဦးနှောက်နဲ့လူတွေပဲ"

ငှက်ပြာအဘိုးကြီးနှင့် ငှက်ဖြူအဘိုးကြီးတို့သည် ကုန်စွန်းဘယ်ခြေ၏စကားကြောင့် မုကျူးကဲ့သို့ ယောင်ကန်းကန်းဖြစ်သွားကြသည်။ ဘယ်လိုလုပ်ရမလဲ။ ပိတ်စကိုပြန်ချရမလား၊ ထပ်ပြီးစစ်ဆေးရမလား ထပ်ပြီးစစ်ဆေးရင်တော့ ကုန်စွန်းဘယ်ခြေက ထပ်လှောင်ဦးမှာပဲဟု တွေးနေသည်။ မကြာမီ ...

"ဟင်း"

သက်ပြင်းချသံကြီးမှာ စည်းဝါးကိုက်ထားသည့်အလား တစ်ပြိုင်တည်းပေါ်ထွက်လာသည်။ ဟူတန်းအဘိုးကြီးလေးယောက်၏ သက်ပြင်းချသံများသာတည်း။

အိပ်မက်ထဲမှရရှိထားသော ရွှေတုံးကြီးသည် အိပ်ရာမှ လန့်နိုးလာသောအခါ လက်ထဲ၌လုံးဝမရှိ။ ဗလာချည်းသာဖြစ်နေသကဲ့သို့ သူတို့နှလုံးသားထဲမှ မျှော်လင့်ချက်များသည်လည်း ရွှေတုံးကြီး ပျောက်ကွယ်သကဲ့သို့ ပျောက်သွားလေတော့သည်။

နှစ်ပေါင်းများစွာကတည်းက ကျော်ကြားထင်ရှားနေသော



သို့ငှက်ကြေးပြားတွဲထဲမှ ပိတ်စကလေးသည် ပြောင်ချောကြီးဖြစ်နေပြီး မည်သည့်စာလုံးမျှ မရှိဘဲဖြစ်နေသည်။

ငှက်ပြာအဘိုးကြီးနှင့် ငှက်ဖြူအဘိုးကြီးတို့သည် ကြေးပြားအတွဲနှင့် ပိတ်စကလေးကို ဆုပ်ကိုင်ထားရာမှ တစ်ဖက်သို့ ချာခနဲလှည့်သွားပြီး အဝေးသို့ ပြေးထွက်သွားကြလေတော့သတည်း။

ကုန်စွန်းဘယ်ခြေက အဘိုးကြီးလေးယောက်၏ကျောပြင်ကို ငေးကြည့်နေရင်း တဟားဟားအော်ရယ်နေ၏။ ပါးစပ်ကလည်း အရှုံးတွေဟု ရေရွတ်လိုက်သေးသည်။

ကွမ်လိန်ကမူ သူ့ရှေ့ရှိ အဖြစ်အပျက်များကို လုံးဝသဘော မပေါက်ဘဲ ဖြစ်နေသည်။ အဘယ်ကြောင့် အရင့်အမာ သိုင်းသမားကြီးများ စိတ်ပျက်လက်ပျက် ပြေးထွက်သွားကြရပါသနည်း။

ကုန်စွန်းဘယ်ခြေနှင့် မျက်လုံးချင်း ဆုံမိလိုက်သောအခါ ကုန်စွန်းဘယ်ခြေ၏မျက်လုံးထဲ၌ ဝမ်းနည်းရိပ်များ ယှက်သမ်းနေသည်ကို သတိပြုမိသည်။

စောစောက ရယ်မောလှောင်ပြောင်ပြီး ပြုံးရွှင်နေမှုများသည် ဘယ်ဆီရောက်သွားမှန်းမသိအောင် ကွယ်ပျောက်သွားကြသည်။

ကွမ်လိန်သည် စာနာထောက်ထားစိတ်နှင့် တစ်စုံတစ်ရာ ပြောရန်ကြံမိသော်လည်း ဘာပြောရမှန်းမသိဘဲ ဖြစ်နေလေသည်။

ကုန်စွန်းဘယ်ခြေက သံတုတ်ကောက် (ချိုင်းထောက်) ကို ဆတ်ခနဲထောက်လိုက်ပြီး အနီးတွင်ရှိသော ကျောက်တုံးကြီးတစ်တုံး

ပေါ်သို့ ထိုင်ချလိုက်သည်။

သူ့ပုံစံသည် ယခုမှ စိတ်ရောလူပါ ပင်ပန်းနွမ်းလျှဟန် ပေါက်လာသည်။ တစ်ခဏအတွင်းမှာပင် အိုစာသွားသလို ဖြစ်သွားပြီး ဝမ်းနည်းမှုများကို ဖုံးမရအောင် ဖြစ်လာသည်။ ဟန်ဆောင်စရာ မလိုအပ်တော့သောကြောင့် သက်ပြင်းပူကြီးတစ်ချက်ကို ဟူးခနဲ မှုတ်ထုတ်လိုက်သည်။ ပြီးမှ ကွမ်လိန်ကို လှမ်းမေးသည်။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ကျွန်တော့်နာမည် ကွမ်လိန်ပါ"

"ဩော် ... မင်းနာမည်က ကွမ်လိန်တဲ့လား၊ အေး ... အေး လာ ... လာ ... ငါ့ဘေးမှာ လာထိုင်၊ ငါ မင်းကို မေးစရာရှိနေလို့"

စောစောက အလွန်ကြမ်းကြုတ် ခက်ထန်ထန်ပေါက်နေသော ကုန်စွန်းဘယ်ခြေသည် ယခုခဏ၌ အလွန်နူးညံ့သော လူတစ်ယောက်ဖြစ်သွားပြန်၏။ သူ၏လေသံသည် ပျော့ပျောင်းညင်သာနေသည်။

ကွမ်လိန်သည် ယခုမှ ကုန်စွန်းကိုလေးစားဟန် ပေါ်လာသည်။ သူ၏အသံသည် ညွတ်နူးခင်မင်ဖွယ်ကောင်းသော အသံဖြစ်သည်ဟု ခံစားလာမိသည်။

လူတစ်ယောက်၏ ဂုဏ်သိက္ခာနှင့် ကြည်ညိုလေးစားဖွယ်သောအရာများသည် ရုပ်သဏ္ဌာန်လှပခြင်းမဟုတ်ဘဲ ပီယဝါစာ သာယာညင်းပျောင်းသော စကားသံသာဖြစ်သည်ဟု ကွမ်လိန် တွေးလာသည်။



ကွမ်လိန်သည် ဘာစကားမျှမပြောတော့ဘဲ ကုန်စွန်းဘေးတွင် ဝင်ထိုင်လိုက်သည်။

ချစ်ခြင်း၊ မုန်းခြင်းဟူသည် ရုပ်သဏ္ဌာန်ထက် အမူအကျင့်ပေါ်မူတည်ကြောင်းလည်း သတိပြုမိလာသည်။

သူ့အနေနှင့်လည်း ကုန်စွန်းဘယ်ခြေထံမှ သိလိုသည်များရှိနေသဖြင့် စကားထဲမှ ဗဟုသုတယူရန်၊ လေ့လာမှတ်သားရန် စိတ်ကူးလိုက်သည်။ လောလောဆယ်၌ လျို့ဝှက်ကြေးပြားတွဲရဲ့ လျို့ဝှက်ချက်၊ စစ်မိန်ဂေဟာ၏လျို့ဝှက်ချက်၊ အကျိုးပြုသိုင်းသမား၏ လျို့ဝှက်ချက် စသည်တို့ကို သိလိုစိတ်ဖြစ်ပေါ်နေသည်။

ကုန်စွန်းဘယ်ခြေသည် သစ်ပင်ကြားမှ ဖောက်ဝင်လာသော နေရောင်အလင်းတန်းလေးကို အတော် ကြာကြာ စိုက်ကြည့်နေရာမှ ကွမ်လိန်ဘက်သို့ ဆတ်ခနဲ လှည့်လိုက်ပြီး တရစပ်မေးလာသည်။

"ကွမ်လိန် ... မင်းက တောင်ပေါ်ကို ဘယ်တုန်းက ရောက်နေတာလဲ၊ စစ်မိန်ဂေဟာထဲကိုကော ဘယ်အချိန်က ရောက်သွားတာလဲ၊ အဲဒီမှာ ဘယ်သူတွေကို တွေ့ခဲ့တယ်၊ ဒီလိုလာခဲ့တဲ့ကိစ္စက ဘာကိစ္စလဲ"

ကွမ်လိန်က ကုန်စွန်းဘယ်ခြေ၏မေးခွန်းများကို တစ်ခုချင်း တစ်ခုချင်း ဖြေလိုက်သည်။ ယခုအခါ ဖြေကြားပုံက ဟူတန်း တစ်ယောက်ကို ဖြေကြားခဲ့သည်ထက်ပိုပြီး သွက်လက်နေသည်။

မိမိအား လေးစားစွာ မေးမြန်းစုံစမ်းလာလျှင် မည်သူမဆို စေတနာအပြည့်အဝနှင့် ဖြေကြားပေလိမ့်မည်။

ကုန်စွန်းဘယ်ခြေက ကွမ်လိန်ပြောသမျှ အာရုံစိုက် နား ထောင်နေသည်။ ကိုယ်တွေ့မျက်မြင်မဟုတ်၍လည်း ကြားရသမျှကို အားမလိုအားမရဖြစ်နေပြီး သက်ပြင်းကိုသာ တဟင်းဟင်းချနေ သည်။

သူသည် ကျန်လုသိုင်းအဖွဲ့ကြီး၏ အဖွဲ့ဝင်ဖြစ်ခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်သည်။ ထို့ကြောင့်လည်း ခေါင်းဆောင် အဆင့်သို့ပင် ရောက်ရှိနေပြီဖြစ်သည်။ သူ့ကျန်လုသိုင်းအဖွဲ့သည် ကျိုထန်၌တည်ထောင်ထားရှိကြောင်း သိုင်းလောကသားတိုင်း သိရှိ ကြပေသည်။

သူရောက်ရှိလာသည်မှာ စစ်မိန်ဂေဟာ၏ဖိတ်စာကြောင့် ရောက်ရှိလာခြင်းပင်ဖြစ်သည်။ တကယ်ရောက်ရှိလာသောအခါ စစ်မိန်ဂေဟာ၌ မကြုံစဖူးသောအဖြစ်ဆိုးကို တွေ့ရကြားရတော့ သည်။

သူ့အရင်ရောက်ရှိခဲ့သော အမြွာညီလေး ကုန်စွန်းညာခြေ ပင် ရန်သူ၏သတ်ဖြတ်ခြင်းကို ခံလိုက်ရပြီဖြစ်သည်။ သူ အလွန် ချစ်သော၊ အလွန်သံယောဇဉ်ကြီးသော ညီလေးကုန်စွန်းသေဆုံးရ ခြင်းသည် သူ၏နှလုံးသည်းပွတ်များ ကြေကွဲသလိုခံစားရတော့သည်။

သူ တောင်ပေါ်ကို တက်လာစဉ်က လမ်းခုလတ်တွင် ကွမ် လိန်ကို တွေ့ခဲ့သော်လည်း ထိုအဖြစ်ကိုမသိခဲ့။

ကွမ်လိန်ကိုလည်း သိုင်းပညာ လုံးဝမတတ်ဟုထင်ခဲ့သည်။ ထိုကဲ့သို့သော လူငယ်ကလေးမျိုးက စစ်မိန်ဂေဟာမှ ပြန်လာနိုင်



သည်ဆိုခြင်းအတွက်လည်း တအံ့တသြပင်ဖြစ်ခဲ့မိသေးသည်။

စစ်မိန်ဂေဟာသို့ရောက်ရှိသွားသောအခါ စစ်မိန်ဂေဟာ ထဲ၌ လူတစ်ယောက်မျှမရှိဘဲဖြစ်နေသည်။ ဟိုဟိုသည်သည်လျှောက် ကြည့်မိသောအခါမှ အခန်းတစ်ခန်းထဲတွင် လူသေအလောင်းမြောက် မြားစွာကို တွေ့ခဲ့ရသည်။

ထို့နောက် အသစ်လုပ်ထားသော အုတ်ဂူတစ်ခုနှင့် သူ့ညီ ကုန်စွန်းဘယ်ခြေ၏ သံတုတ်ကောက်ကို ပိုင်ရှင်မဲ့အဖြစ် တွေ့ခဲ့ရ သည်။

ယင်းကြောင့် စစ်မိန်ဂေဟာထဲ၌ ကြောက်စရာကောင်းသော တိုက်ပွဲကြီးဖြစ်ပွားခဲ့သည်ကို ရိပ်မိခဲ့သည်။

ထို့နောက် စိတ်ပျက်လက်ပျက်နှင့် လာလမ်းအတိုင်း ပြန် လာခဲ့ရာ ဟူတန်းအဘိုးကြီးလေးယောက်၊ မုကျူးနှင့် ကွမ်လိန်တို့ ပြောဆိုနေကြသည်ကို ကြားသိခဲ့ရပြီး အဘိုးကြီးလေးယောက်နှင့် မုကျူးတို့ တိုက်ခိုက်ကြသောအခါမှ သစ်ပင်ပေါ်မှ ဆင်းလာခဲ့ခြင်း ဖြစ်သည်။

ထိုစဉ်က သူ၏ ဝမ်းနည်းကြေကွဲနေပုံကို ဖုံးကွယ်ပစ်ပြီး သိုင်းသမားအရင့်အမာကြီးများ ရန်ဖြစ်နေခြင်းကို ရယ်ရယ်မောမော လုပ်နေခဲ့သည်။ ယခုမှ ချုပ်တည်းထိန်းထားသမျှ ကြေကွဲမှုကို ဖြေ လွှတ်လိုက်ပြီဖြစ်၍ မျက်နှာပေါ်တွင် ဆွေးရိပ်များယှက်သမ်းလာ၏။

သူသည် ကွမ်လိန်၏စကား ဆုံးသွားသည်အထိ ငြိမ်သက် စွာ နားထောင်နေခဲ့၏။

တဖြည်းဖြည်းနှင့် သစ်တောပတ်ဝန်းကျင်သည် အလင်းရောင်များ ဖျော့ကျသွားပြီး အမှောင်ရိပ်များ ယှက်သမ်းလာသည်။

သို့တိုင် ကြေးဝါးရောင်ကြေးပြားသည် မြေကြီးပေါ်တွင် တလက်လက်ဖြစ်နေဆဲရှိနေသည်။ အစိမ်းရောင်ပိတ်စကလေးသည် မြေပေါ်၌ကျနေ၏။

ကုန်စွန်းဘယ်ခြေသည် သက်ပြင်းတစ်ချက်ကို ဟင်းခနဲ ချလိုက်ပြီး လက်ထဲမှသံတုတ်ကောက်ကို အားနှင့်ဆောင့်ပစ်လိုက်သည်။ ထိုအခါ ဒေါင်ခနဲမြည်သွားသောအသံက ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းသွားသည်။ မြေကြီးပေါ်မှ ကျောက်စကလေးများသည် သံတုတ်ဒဏ်ကြောင့် မွခနဲဖြစ်သွားပြီး လွင့်စဉ်သွားကြသည်။ သူသည် ယှဉ်ကျူးမရမှုနှင့် ဒေါသများကို ဤနည်းဖြင့် ဖြေဖျောက်ခြင်းဖြစ်ပါသည်။

ကျောက်စကလေးများ လွင့်စဉ်သွားကြသော်လည်း သူ့ရင်ထဲမှ ဝမ်းနည်းကြေကွဲမှုသည် လွင့်စဉ်ကြေပျက်သွားခြင်းမရှိဘဲ တည်မြဲလျက်သာရှိသည်။ ကွမ်လိန်က သူ့ကိုငေးကြည့်ပြီး သူ့ရင်ထဲ၌ မရှင်းသည့် အချက်များကို မေးလိုက်သည်။

“ကျွန်တော် ကြားသိခဲ့ရတဲ့အထဲမှာ မရှင်းတာတွေရှိနေတယ် အဘ၊ စစ်မိန်ဂေဟာရဲ့ အရှင်သခင်ဖိတ်ခေါ်ခဲ့တဲ့ကိစ္စမှာ တချို့တစ်ဝက်က လှို့ဝှက်ကြေးပြားတွဲနဲ့ ပတ်သက်နေသတဲ့၊ အဲဒါကို အဘအနေနဲ့ ကျွန်တော့်ကို ရှင်းမပြနိုင်ဘူးလား၊ ဒီကြေးပြားတွဲဟာ ဘာဖြစ်လို့ တန်ဖိုးကြီးနေရတာလဲ၊ ဘာဖြစ်လို့ လူတကာက လိုချင်နေတာလဲ”



ကုန်စွန်းဘယ်ခြေ၏မျက်လုံးအစုံသည် မြေကြီးပေါ်မှ ကြေးပြားတွေပေါ်သို့ ရောက်သွားသည်။ ထို့နောက် ထိုင်နေရာမှ ဆတ်ခနဲထလိုက်ပြီး ကြေးပြားတွေရှိရာနေရာရောက်သွား၏။ အနီးသို့ရောက်သည်နှင့် ကြေးပြားတွေကို သံတုတ်ကောက်နှင့် ရိုက်ပစ်လိုက်ပြီး သက်ပြင်းချလိုက်သည်။ အတန်ကြာမှ ညည်းညူသံနှင့် ပြောသည်။

“တကယ်ဂြိုဟ်မွှေတဲ့ကြေးပြားတွေပါလား”

ထို့နောက် ကျောက်တုံးကြီးရှိရာသို့ ပြန်လျှောက်လာပြီး ထိုင်ချလိုက်သည်။ သောကလေပူကို မှုတ်ထုတ်လိုက်ပြီးသည်နှင့် စကားကိုဆက်ပြောသည်။

“လူကလေး ... ဒီကြေးပြားတွေကြောင့် လူပေါင်းမြောက်မြားစွာက အသက်ပေးခဲ့ရပြီကွယ့်”

ကုန်စွန်းဘယ်ခြေ၏အသံက ဝမ်းနည်းကြေကွဲစွာ ထွက်ပေါ်လာသည်။ ကွမ်လိန်က ...

“ဟုတ်ကဲ့ ... ဒီကြေးပြားတွေရဲ့ နောက်ကွယ်မှာ အင်မတန်ကြေကွဲစရာဇာတ်လမ်းတွေရှိမယ်လို့ ကျွန်တော့်စိတ်ထဲမှာ ထင်နေပါတယ်၊ အဘပြောမယ်ဆိုရင်တော့ ကျွန်တော့်အတွက် ဗဟုသုတရှိလိမ့်မယ်လို့ ထင်ပါတယ်”

ကုန်စွန်းဘယ်ခြေသည် ကွမ်လိန်၏စကားကို နားထောင်ရင်း အဝေးဆီသို့ မျှော်ငေးကြည့်နေ၏။ ပြီးမှ ...

“အိမ်း ... ကောင်းပြီ၊ ငါ့ညီရဲ့အလောင်းကို မြေမြှုပ်ပေးခဲ့တဲ့ ဟိုသိုင်းသမားကြီးတွေ၊ ဟူတန်းမင်းရဲ့ ကျေးဇူးကို ပြန်ဆပ်တဲ့အနေနဲ့ ဟို သိုင်းသမားကြီးတွေ၊ ဟူတန်း

အဘိုးကြီးတွေ အသေအလဲလိုချင်နေကြတဲ့ ဒီကြေးပြားတွေရဲ့ အတိတ်ဇာတ်ကြောင်းကို ငါပြောပြမယ်"

"ကျေးဇူးကြီးလှပါတယ်ခင်ဗျာ ... ဒီကြေးပြားတွေရဲ့ကိစ္စကို ကျွန်တော် သိပ်စိတ်ဝင်စားပါတယ်"

"ကောင်းပြီ သေသေချာချာနားထောင် ... လွန်ခဲ့တဲ့ နှစ်ပေါင်း တစ်ရာကျော်လောက်က သိုင်းလောကမှာ လူထူးလူဆန်းတစ်ယောက် ပေါ်ပေါက်ခဲ့တယ်၊ ဘာဖြစ်လို့ လူထူးလူဆန်းလို့ ဆိုရသလဲဆိုတော့ သူဟာ ဆယ်နှစ်အတွင်း သိုင်းလောကထဲက ထိပ်သီးဆိုတဲ့ အကျော်အမော်အားလုံးကို အနိုင်ယူခဲ့လို့ပဲ"

သိုင်းလောကသားမဟုတ်သည့် ကွမ်လိန်ပင်လျှင် ထိတ်လန့်သွားမိသည်။

"ဘုရားရေ ဆယ်နှစ်တည်းနဲ့ သိုင်းဧကရာဇ်ဖြစ်သွားတယ် ... ဟုတ်လား၊ ကျွန်တော့်ကျတော့ သုံးနှစ်လောက် သိုင်းပညာသင်ခဲ့ဖူးပေမယ့် ဘဘကြီးတို့ရဲ့ သိုင်းပညာနဲ့စာရင် မိုးနဲ့မြေလောက် ကွာခြားနေတာပဲ"

ကုန်စွန်းက ဆက်ပြောသည်။

"သူ့ရဲ့ကျော်ကြားမှုက သိုင်းလောကတစ်ခုလုံး ပြောင်းဆန်စေတာပဲ၊ သိုင်းလောကသားတွေက သူ့ကို ဖိန့်ဖိန့်တုန်အောင် ကြောက်ခဲ့ရတယ်၊ ဒီသိုင်းဧကရာဇ်ကြီးဟာ သေဆုံးသွားခဲ့တာ ကြာပါပြီ၊ ဒါပေမဲ့ သူပိုင်ပစ္စည်းတစ်ခုကတော့ အခုအချိန်ထိ ကျော်ကြားဆဲပဲ ရှိပါသေးတယ်"



ကွမ်လိန်က ထောက်ပေးလိုက်၏။

"အဲဒီပစ္စည်းဟာ အခုကြေးပြားတွေပဲ ဖြစ်လိမ့်မယ်နဲ့တူတယ်"

ကုန်စွန်းသည် ကွမ်လိန်၏စကားကို နားမထောင်ချေ။ သူပြောလိုရာကိုသာ ဆက်၍ပြောသည်။

"အထီးကျန်ဘဝဆိုတာ အတော်ကြောက်စရာကောင်းတယ်၊ အဲဒီလူထူးလူဆန်းဟာ သိုင်းပညာမှာတစ်ဖက်ကမ်းခတ် တော်လွန်းတဲ့အတွက် သူ့ကို ပြိုင်ရဲတဲ့လူမရှိတော့ဘူး။ ဒီမှာတင် သူဟာ အထီးကျန်ဖြစ်ရတော့တာပဲ"

ကွမ်လိန်က ...

"ဘဘရယ် ... ဒါကိုတော့ အထီးကျန်လို့ပြောနိုင်မယ် မထင်ပါဘူး၊ သိုင်းလောကမှာ သူက အတော်ဆုံးပဲ၊ ဒီတော့ အမော်ဆုံး အပျော်ဆုံး ဖြစ်ရမှာပေါ့"

ကုန်စွန်းက ဦးခေါင်းကို လေးပင်စွာခါယမ်းရင်း ...

"မင်းက အပေါ်ယံတွေးတာကိုး၊ အပေါ်ယံတွေးရင်တော့ ပျော်စရာပါပဲ၊ တကယ်တော့ ဒီလိုမဟုတ်ဘူးကွ၊ သူ့ရဲ့စွမ်းဆောင်ရည်က အမြင့်မားဆုံးဖြစ်နေတယ်၊ နောက်ပြီး သူက စိတ်မထင်ရင် မထင်သလို လုပ်တတ်တယ်၊ ဒီတော့ သူ့ကို 'ချစ်ကြောက်' မဖြစ်ဘဲနဲ့ 'ရွံကြောက်' ကြီး ဖြစ်လာတယ်"

ကွမ်လိန် ငေး၍နားထောင်နေမိသည်။

"ဩော် ... သိုင်းပညာမှာ ထူးချွန်တော့လည်း တကယ်ဒုက္ခရောက်ရတာပါကလား"

ဟုတွေးနေမိ၏။ ကုန်စွန်းက သူ့စကားကို ဆက်ပြန်သည်။

"လူတိုင်းလူတိုင်း သူ့ကိုကြောက်ကြတယ်၊ ဘယ်လောက် ကြောက်ကြသလဲဆိုရင် သူ့ဆီမှာ တပည့်ခံချင်တဲ့လူ မရှိတော့ဘူး၊ သူ့ကို မိတ်ဆွေအဖြစ် ဆက်ဆံတဲ့လူလည်း မရှိတော့ဘူး၊ သူ့အသံ သူ့အရိပ်ရှိတဲ့ နေရာတိုင်းမှာ အကြောက်တရားချည်း ဖုံးလွှမ်းနေ တော့တာပဲ"

ကွမ်လိန် စကားမထောက်တော့ပေ။ ငြိမ်သက်စွာသာ နား ထောင်တော့သည်။

"ကြာတော့ သူဟာ လောကကြီးထဲမှာ တစ်ယောက်တည်း ဖြစ်လာတယ်၊ သူဟာ လောကကြီးကို ငြီးငွေ့လာတယ်၊ မိတ်ဆွေ လည်းမရှိ၊ ရန်ဘက်လည်းမရှိနဲ့ ကြီးမားတဲ့ကျော်ကြားမှုက သူ့ကို အထီးကျန်ဖြစ်အောင် တွန်းပို့ခဲ့တယ်၊ ဒါကြောင့်မို့ အဖြစ်တိုင်း အဖြစ် တိုင်းမှာ ဘက်နှစ်ဘက်ရှိတယ်လို့ ပြောကြတာပဲ၊ အကောင်းအဆိုး၊ အကျိုးအပြစ်ဆိုတာ နေရာတိုင်းမှာယှဉ်တွဲနေတာပဲ၊ သူဟာ သိုင်း ပညာနဲ့အကျော်ကြားဆုံး ဖြစ်ခဲ့တယ်၊ ဒါက အကောင်းပေါ့၊ ဒီကျော် ကြားမှုကပဲ သူ့ကို အကျော်ကြားဆုံးဖြစ်စေခဲ့တယ်၊ ဒါကတော့ အဆိုးတရားပေါ့လေ"

ကျိထန်ညီနောင်ဖြစ်သည့် ကုန်စွန်းဘယ်ခြေနှင့် ကုန်စွန်း ညာခြေတို့သည် အမြွှာညီအစ်ကိုအရင်းဖြစ်ကြပြီး ယခုအခါ ညီဖြစ် သော ကုန်စွန်းညာခြေ သေဆုံးသွားပြီဖြစ်၍ အထီးကျန်ဘဝ၏ ဝေဒနာကို ပို၍သိရှိလာခဲ့သည်။



သူသည် ညီငယ်ဖြစ်သော ကုန်စွန်းညာခြေနှင့် မည်သည့် အခါကမျှ မခွဲခဲ့ဖူးချေ။ ယခုသော်ကား ရှင်သေမင်းက သူတို့ညီ အစ်ကိုအား ခွဲပစ်ခဲ့ချေပြီ။ ထို့ကြောင့် သူ၏အသည်းနှလုံးများ၌ ဆွေး မြည့်ကြေကွဲသော အထီးကျန်ဝေဒနာကို ခံစားနေရချေပြီ။

ကွမ်လိန်သည် ကုန်စွန်းဘယ်ခြေ၏ဝေဒနာကို ရိပ်စားမိ သဖြင့် နှစ်သိမ့်မှုပေးလိုသည်။ သို့သော် မည်သို့နှစ်သိမ့်ပေးရမှန်း မသိသဖြင့် တိတ်ဆိတ်စွာပင် ထိုင်နေရလိုက်ရတော့သည်။

ကုန်စွန်းက သက်ပြင်းချပြီး ဆက်ပြောသည်။

"ဒီလူဟာ အင်မတန်ရဲရင့်တဲ့လူဖြစ်ပြီး သိုင်းအကျော်အမော် အားလုံးကို နိုင်ခဲ့တဲ့လူဖြစ်ပေမယ့် သူ မနိုင်တာတစ်ခုတော့ ရှိခဲ့တယ်"

"ဗျာ ... သူ မနိုင်ခဲ့ဘူး ... ဟုတ်လား"

"ဟုတ်တယ်၊ သူဟာ 'ဇရာ' ကိုတော့ မနိုင်နိုင်ခဲ့ပါဘူး။ အသက်ကြီးရင့်လာတဲ့နောက်ပိုင်းမှာတော့ သူ့ပညာတွေကို အမွေ ပေးချင်တဲ့ဆန္ဒ ဖြစ်ပေါ်လာတယ်၊ ဒါပေမဲ့ သူ့ဆီမှာ တပည့်တစ် ယောက်မှ မရှိဘူး၊ လက်တို့လက်တောင်းခိုင်းနိုင်တဲ့ တပည့်မျိုးတော့ ရှိကောင်းရှိမှာပေါ့၊ ဉာဏ်ရည်ထက် အစွမ်းထက်တဲ့ တပည့်မျိုးတော့ သူ့မှာရှိဟန်မတူဘူး။ ဒါကြောင့်လည်း သူ့သိုင်းပညာတွေကို လျှို့ဝှက် ရေးသားပြီး ကြေးပြားတွေထဲ ထည့်ပစ်ခဲ့တာပဲ"

ကွမ်လိန်တစ်ယောက် လိပ်ပတ်လည်သွားချေပြီ။ ရောင်စုံ အကျီအဖွဲ့သားများ၊ ဟူတန်းအဘိုးကြီးများနှင့် မုကျူးတို့ အဘယ် ကြောင့် ဤကြေးပြားတွဲကို အသေအလဲ လိုချင်နေကြောင်း ကွမ်လိန်

နားလည်သွားခဲ့ရသည်။ ကွမ်လိန်က ...

"စောစောက ကြေးပြားတွဲဟာ အဲဒီလူထူးလူဆန်း သိုင်းဧကရာဇ်ကြီးရဲ့ ပစ္စည်းတွေပေါ့ ... ဟုတ်လား အဘ"

ကုန်စွန်းက ဆက်လက်ရှင်းပြသည်။

"သူကတော့ အဲဒီလို ကြေးဝါပြားတွေကို ပြုလုပ်ခဲ့တာပဲ၊ သူတတ်မြောက်ထားတဲ့ သိုင်းပညာတွေကို လျှို့ဝှက်ရေးသားပြီး အဲဒီကြေးဝါးပြား ဆယ့်ရှစ်ခုထဲမှာ ထည့်လိုက်တယ်၊ အခု ငါပြောနေတဲ့သတင်းတွေက သူဖြန့်ခဲ့တဲ့သတင်းတွေပဲ၊ အဲဒီသတင်းဟာ နှစ်တစ်ရာကျော်တဲ့အထိ အခုအထိ ဆိုပါတော့ကွာ၊ သိုင်းလောကထဲမှာ ပျံ့နှံ့နေတာပဲ၊ သိုင်းလောကသားတွေမှာလည်း တစ်နေ့တစ်နေ့ ဒီကြေးပြားတွဲသတင်းကို အနံ့ခံလိုက်စုံစမ်းလိုက်နဲ့ အချိန်ကုန်နေကြရတာပါပဲ"

ကွမ်လိန်သည် ကုန်စွန်း၏ပထမပိုင်း ပြောကြားချက်ကို မရှင်းပေ။ ထို့ကြောင့် ...

"ဘဘပြောတဲ့စကားထဲမှာ အဲဒီလို ကြေးဝါပြားတွေကို ပြုလုပ်ခဲ့တာပဲဆိုတော့"

ကုန်စွန်းက ဖြတ်၍ပြော၏။

"အေးပေါ့၊ မင်းတွေ့တယ် မဟုတ်လား၊ စောစောက ကြေးဝါးပြားတွေဟာ အတုတွေပဲဆိုတာ၊ ဒီလိုကြေးပြားတွဲ ဘယ်နှစ်တွဲပေါ်ပေါက်နေတယ်ဆိုတာ ငါလည်း အတိအကျတော့ မသိဘူး"

"ဆက်ပြီးပြောပါဦး ဘဘ"

"အိမ်း ... အသေးစိတ်ပြောရမယ်ဆိုရင်တော့ ဒီလူဟာ



သူ့ရဲ့ပညာရပ်တစ်မျိုးကို ကြေးဝါပြားတစ်ခုစီမှာ ထည့်သွင်းထားခဲ့သတဲ့၊ အထဲမှာ သူ့အဖွဲ့ရဲ့စည်းကမ်းချက်တွေလည်းပါတယ်လို့ အဆိုရှိတယ်"

"ဘယ်လိုပညာမျိုးတွေလဲ ဘဘ၊ ကျွန်တော်က သိုင်းပညာမတောက်တခေါက်ပဲ တတ်ထားတော့ တော်ရုံတန်ရုံနဲ့ သဘောမပေါက်ဘူး၊ ဒါကြောင့်မို့ ခုလိုအသေးစိတ်မေးတာကို ခွင့်လွှတ်ပါ"

"ကိစ္စမရှိဘူး၊ ငါပြောပြဖို့ ဝန်မလေးပါဘူး၊ အစိကပညာနှစ်ခုကတော့ လက်ဝါးသိုင်းနဲ့ဓားသိုင်းပဲ၊ ဒီကနေ ထပ်ပွားလာတဲ့ပညာရပ်တွေကို ခွဲခြားလိုက်တော့ ဆယ့်ရှစ်ခုဖြစ်လာတယ်၊ ဒါကလည်း တစ်ဆင့်စကားတစ်ဆင့်ကြားတာပါ၊ ဘယ်သူကမှတွေ့တာမဟုတ်ပါဘူး"

ကုန်စွန်းက လေးနက်သောအသံဖြင့် ပြောသည်။

"ဒီလူဟာ တကယ့်လူတော်တစ်ယောက် ဖြစ်တယ်ဆိုတာကိုတော့ သံသယဖြစ်စရာ မလိုပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူများတကာတွေ နှစ်ပေါင်းများစွာ သင်ကြားရမယ့် ပညာကို နှစ်အနည်းငယ်အတွင်း တတ်မြောက်လို့ပဲ၊ ဒီလိုလူမျိုးရဲ့ ဗီဇရုပ်ကို သိုင်းပညာသိပ်ကျွမ်းတဲ့ပုဂ္ဂိုလ်တွေ သိမြင်တတ်ပါတယ်၊ အခုဆိုရင်တောင် ငါကိုယ်တိုင် လူတစ်ယောက်ကို တွေ့ထားခဲ့ပြီ ...။

ဉာဏ်ကောင်းတဲ့လူမျိုးပေါ့ ... ဟုတ်လား၊ အဲဒီလူလက်ထဲသာ သိုင်းဧကရာဇ်ကြီး ကြေးပြားရောက်သွားရင် အခုနှစ်တစ်ရာပိုင်းမှာ နောက်ထပ်သိုင်းဧကရာဇ်တစ်ယောက် ထပ်ပေါ်လာမှာပဲ"

ကုန်စွန်းက ကွမ်လိန်ကို စေ့စေ့ကြည့်ရင်း သက်ပြင်းချလိုက်သည်။

"အေးလေ ... အခု ငါတွေ့ထားတဲ့လူကတော့ သိပ်ပြီး စိတ်ထားမဆိုးလှပါဘူး။ ဒါပေမဲ့ သူ့လက်ထဲ အဲဒီကြေးပြားချပ်ရောက်ဖို့ဆိုတာလည်း အတော့်ကိုခက်ခဲ့တဲ့ကိစ္စပဲ၊ ငါတို့ ခုအသက်အရွယ်ထိရောက်နေပြီ၊ ကြေးပြားချပ်အစစ်ကို တစ်ခါမှမတွေ့ဖူးသေးဘူး"

ကုန်စွန်းသည် လေပူတစ်ချက် မှုတ်ထုတ်ရင်း ...

"ဒီကြေးပြားချပ်ဟာ သိုင်းလောကကိုတော့ ကောင်းကောင်းနှိပ်စက်ခဲ့တယ်၊ အဲဒီလူထူးလူဆန်းကနှိပ်စက်ခဲ့သလိုပေါ့ကွာ"

"ဗျာ"

အာမေဋိတ်သံပြုမိသည်။ ကုန်စွန်းက ဆက်ပြော၏။

"ဒီလိုလေကွာ ... ဒီကြေးပြားချပ်ကို ရှာဖွေရင်းနဲ့ ဖြစ်လိုက်ကြတဲ့တိုက်ပွဲတွေ၊ သေလိုက်ကြတဲ့ သိုင်းသမားတွေ သောက်သောက်လဲပဲ၊ ရင်နာစရာကောင်းတာက သေလိုက်တိုင်း ကြေးပြားချပ်အစစ်ကြောင့်မဟုတ်ဘဲ အတုကြောင့်ဖြစ်နေတာပဲ"

ကွမ်လိန်က ...

"ဟာ ... အတုတွေက ဘယ်လောက်တောင် ပေါ်ခဲ့လို့လဲ"

"ပေါ်ပြီလားကွာ၊ လွန်ခဲ့တဲ့နှစ်ခုနှစ်ဆယ်လောက်က တစ်ခုပေါ်ခဲ့တယ်၊ ဒီကြေးပြားချပ်နဲ့ပတ်သက်ပြီး 'ချစ်တောင်ကုန်း' ပေါ်မှာ ခွန်းလွန်သိုင်းအဖွဲ့ ချုပ်ရဲ့ခေါင်းဆောင်ကြီးက ကြေးပြားချပ်အားလုံးကို ချိုးပြခဲ့တယ်"



ကွမ်လိန်က သိချင်ဇောဖြင့် ကမန်းကတန်းမေး၏။

"အဲဒီထဲက လျှို့ဝှက်သိုင်းပညာတွေ ထွက်လာရောလား"

"ဘယ်က ထွက်လာရမှာလဲ၊ အေး ... ထွက်တော့ထွက်လာတယ်၊ ထွက်လာတဲ့ ပိတ်စဆယ့်နှစ်ခုထဲမှာပါတဲ့ စာကတော့ လျှို့ဝှက်သိုင်းပညာတွေ မဟုတ်ပါဘူး"

"ဘာတွေလဲ အဘ"

"အဲဒီလို ကြေးပြားချပ်ပေါင်း ဆယ်ခုတိတိ ဒီသိုင်းလောကထဲမှာ ဖြန့်ထားသတဲ့၊ အဲဒီထဲက ကိုးခုက အတုဖြစ်ပြီး တစ်ခုက အစစ်ဖြစ်တယ်တဲ့၊ ကဲ ... ကောင်းရော"

ကွမ်လိန်သည် စာတတ်ပေတတ်ပညာတတ်ဖြစ်ရာ သာမန်လူများထက် စဉ်းစားတွေးခေါ်နိုင်သည့် ဉာဏ်စွမ်းရှိသည်။ သူ့ဗီဇကိုကလည်း ထက်မြက်သူဖြစ်သည်။

တစ်ခုတော့ရှိသည်။ သူသည် စာပေလက်ာလောက် သိုင်းပညာကို စိတ်ဝင်စားခြင်းမရှိခဲ့၍ ဤသို့ နောက်ဆုံးတန်းကရှိနေခဲ့ခြင်းဖြစ်သည်။ ကွမ်လိန်က ...

"အဘ အဲဒီကြေးပြားချပ် အတုကိုးခုစလုံး ပေါ်ထွက်ခဲ့ပြီးပြီလား"

ကုန်စွန်းက ခေါင်းယမ်းပြီး ...

"ဒီကိစ္စက အတော်ကလေး ရှုပ်ထွေးတယ်ကွ၊ နောက်ထပ်ကြေးပြားချပ်တစ်ချပ် တွေ့တဲ့လူကတော့ 'ပိုင်မွန်ကု' တဲ့၊ အဲဒီထဲမှာလည်း ပိတ်စတွေပါတာပဲ"

"အတုပဲလား"

"အတုပဲပေါ့၊ ဒါပေမဲ့ အဲဒီလက်ာကလေးတစ်ခုပါတယ်၊ အစစ်တစ်ခုအတုကို၊ ထိုးထွင်းပိုင်လစ် ကေရာဇ်တဲ့"

ကွမ်လိန်က ...

"ဟင်း ... သူက အထဲတွေမှာ အဲဒီလိုအကုန်လုံးစာရေးထားတာပဲလား"

ကုန်စွန်းက ခေါင်းခါ၏။

"ဟင့်အင်း ... အကုန်လုံး မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ နောက်ထပ်ကြေးပြားချပ်တစ်ချပ်ဟာ ဝါမေကျင်ဇတောင်ထိပ်မှာပေါ်လာလို့ပဲ၊ ရှိတဲ့လူနှစ်ယောက်က ဝါမေသိုင်းအဖွဲ့ထဲက 'ဝါမေဓားနှစ်လက်' လို့ အမည်ရထားတဲ့ လူနှစ်ယောက်ပဲ၊ သူတို့နှစ်ယောက်ဟာ သိပ်ချစ်ကြတယ်၊ သိုင်းအဖွဲ့တွေရဲ့ အဖွဲ့တူညီအစ်ကိုတွေဟာ ညီအစ်ကိုအရင်းတွေထက်အောင် အချစ်ကြီးကြတယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ သူတို့ဘာဖြစ်သွားသလဲ အဘ"

"သူတို့ဘာဖြစ်ကြရမလဲ ... လျှို့ဝှက်ကြေးပြားချပ်အတွက် အချင်းချင်း သတ်ကြတာပေါ့၊ သေလုနီးနီးအချိန်ကျမှ ကြေးပြားကို ချိုးကြည့်တယ်၊ ဝိတ်စတွေတော့ ထွက်လာပါရဲ့၊ ဘာစာမှမပါဘူး၊ ဘာလက်ာမှမပါဘူး၊ ဟိုအဖွဲ့တူညီအစ်ကိုနှစ်ယောက်ဟာ အဓိပ္ပာယ်မရှိတဲ့ ကြေးပြားချပ်အတုကြောင့် အချည်းနှီးအသက်ပေးလိုက်ကြရတယ် ...။

ရင့်နင့်စရာကောင်းတာက အဲဒီနှစ်ယောက်ဟာ ဓားသိုင်း



ပညာနဲ့ပတ်သက်ရင် သိုင်းလောကထဲမှာ နံပါတ်တစ်သိုင်းသမားတွေ ဖြစ်ချိန်နီးနေတာပဲ"

ကွမ်လိန်ပင်လျှင် ရင်နာသွားသည်။ ရင်ထဲ၌ ဆို့နင့်နင့်ကြီး ခံစားလာရသည်။

ကုန်စွန်းက သက်ပြင်းချရင် စိတ်ရှည်လက်ရှည် ဆက်ပြောသည်။ ကွမ်လိန်သည် သူချစ်လှစွာသောညီငယ်အား ကောင်းမွန်စွာ မြေမြှုပ်သဂြိုဟ်ပေးခဲ့သူ မဟုတ်ပါလား။

"အဲ ... တစ်ခုတော့ ချီးကျူးစရာရှိတယ်။ အဲဒီဓားနှစ်လက်ဟာ သူတို့သေဆုံးခါနီးအချိန်မှာ သူတို့ကိုယ်ပေါ်ကထွက်တဲ့သွေးနဲ့ စာရေးခဲ့ကြတယ်၊ ပညာလောဘဇောနဲ့ အချင်းချင်းမသတ်ကြပါနဲ့တဲ့၊ ကြေးပြားချပ်တွေဟာ သေမင်းတမန်တွေဖြစ်ပါသတဲ့၊ ဒါပေမဲ့..."

ကွမ်လိန်က ...

"ဒါပေမဲ့ နောက်သိုင်းသမားတွေကတော့ စာကို ဂရုမစိုက်ဘဲ အချင်းချင်း သတ်ကြတာပဲမဟုတ်လား"

ကုန်စွန်းက ခေါင်းညိတ်၏။

"ဟာ ... ဘာပြောကောင်းမလဲ၊ သောက်သောက်လဲသေကြတာပေါ့၊ ဒီသိုင်းကျမ်းတွေဟာ သိုင်းလောကသားတွေအတွက် တကယ့်သေမင်းတမန်ပါပဲ၊ အဓိက,ကတော့ သိုင်းသမားတွေရဲ့ အတ္တကြီးမားမှုပေါ့ကွာ၊ ငါမှငါဆိုတဲ့ မာနကို သွေးခင်းတဲ့လမ်းကို ဖြစ်ပေါ်စေတာပဲ၊ ရှေးဟောင်းသိုင်းကျမ်းတစ်ခုခုနဲ့ဆုံတွေ့လာရင် သိုင်းသမားတစ်ယောက် တစ်ထောင်မှာတစ်ယောက် ဆင်ခြင်တုံ

တရား ရှိခဲ့တယ်"

တောတောင်စိမ့်စမ်းများကို ဖြတ်ကျော်တိုက်ခိုက်လာသော လေသည် ဟူးခနဲ တိုက်ခတ်သွား၏။ စိမ့်ခနဲအေးသွားသည်။ ကွမ်လိန်သည် သူ့အင်္ကျီကိုဆွဲစေ့လိုက်၏။

ကုန်စွန်းက မမြင်နိုင်သော အဝေးတစ်နေရာသို့ ငေးမျှော်ကြည့်ရင်း ...

"အင်း ... သေကြတဲ့လူတွေထဲမှာ ငါ့ညီတစ်ယောက်လည်း ပါသွားပါပြီ"

သူ၏အမူအရာသည် ရုတ်ခြည်းပြောင်းလဲသွား၏။ ရုတ်တရက် ထရပ်ကာ လက်သီးဖြင့် လေထဲသို့ထိုးလိုက်၏။ လက်သီး၏ လျင်မြန်မှုကြောင့် လေထုကိုထိုးခွဲသည့် တရှစ်ရှစ်မြည်သံ ထွက်ပေါ်လာသည်။

ကွမ်လိန်က အလန့်တကြားကြည့်မိသည်။ ကုန်စွန်း၏နဖူးနှင့် နဖူးကြောကြီးများ ထောင်းထနေသည်။ မျက်လုံးများက ရဲရဲနီနေ၏။ သူ့ညီအတွက် မခံချိမခံသာ ခံစားလိုက်ရသဖြင့် သူ့ခံစားမှုများကို ဉာဏ်နည်းဖြင့် ဖြေဖျောက်လိုက်ဟန်တူသည်။

"ဘဘ ... သတိထားပါ၊ သတိထားပါ၊ ဖြစ်ပြီးတဲ့ကိစ္စလည်း ဖြစ်ပြီးပါပြီ၊ ဒါကြောင့်မို့ စကားပုံတောင်ရှိပါသေးတယ်၊ သေချိန်မတန်ရင် တောင်ပေါ်ကကျလည်း မသေ၊ သမုဒ္ဒရာထဲကျလည်းမသေ၊ သေချိန်တန်တဲ့အခါ သမန်းမြက်ရှရုံနဲ့သေတယ် ... ဆိုတဲ့စကားကလေးပါပဲ"



ကုန်စွန်းသည် ကျောက်တုံးပေါ်သို့ စိတ်ပျက်လက်ပျက် ပြန်လည်ထိုင်ချလိုက်သည်။ ကွမ်လိန်က မရဲတရဲမေးလိုက်၏။

"ဘဘရဲ့ညီက ဘဘနဲ့ ဘယ်လိုကွဲပြီး ဒီစစ်မိန်ဂေဟာကို ရောက်လာတာလဲ"

ကုန်စွန်းမှာ အတော်ကလေး စိတ်ကိုထိန်းချုပ်သွားနိုင်သဖြင့် စကားဆက်ပြောသည်။

"ငါနဲ့ငါ့ညီလေးဟာ သူများညီအစ်ကိုတွေလို သူစိမ်းတရံဆံစိမ်းတတ်တဲ့ ညီအစ်ကိုမျိုး မဟုတ်ပါဘူး၊ ငါ့ညီဟာ ပထမပိုင်းတုန်းက ဒီကြေးပြားချပ်ရဲ့ဩဇာရိပ်အောက်ကို ဒီလောက်မရောက်ခဲ့ပါဘူး၊ ကြေးပြားချပ်တွေကို တွေ့ရင်တော့ ယူမယ်ပေါ့ကွာ၊ ခက်ခက်ခဲခဲနဲ့ သတ်လားဖြတ်လား လုပ်ရမယ်ဆိုရင်တော့ မလုပ်ဘူးပေါ့ကွာ၊ အဲဒီလိုစိတ်ဓာတ်မျိုးတော့ ရှိပါတယ်"

ကွမ်လိန်က ...

"ဟာ ... ဒီလိုစိတ်ဓာတ်မျိုးရှိနေရင် တကယ့်ကို ဘေးကင်းတာပဲ ဘဘရဲ့၊ ဘဘရဲ့ညီက ဘယ်လိုလုပ်ပြီး နောက်ပိုင်းမှာ ကြေးပြားချပ်တွေကို တပ်မက်သွားရတာလဲ"

"ဖြစ်ပုံက ဒီလိုကွ ... လွန်ခဲ့တဲ့ခြောက်လလောက်က ငါရော ငါ့ညီပါ သစ်တောတစ်ခုထဲက ကျားဂူတစ်ခုထဲ ရောက်သွားတယ်၊ ခေတ္တခဏဝင်နားတာဆိုပါတော့ကွာ၊ အဲဒီကျားဂူရဲ့နံရံပေါ်မှာ ရှေးဟောင်းစာတွေရေးထားတာတော့တွေ့တယ်၊ ငါတို့ကလည်း အမှုမဲ့ပဲ၊ ငါ့ညီက ဒီကျောက်နံရံကို မှီလိုက်တော့ လိုဏ်သံလိုလို ထွက်လာတယ်

ငါတို့လည်း ထူးခြားတယ်ဆိုပြီး အဲဒီကျောက်နံရံကို ဓားနဲ့တူးဆွတယ် အထဲမှာ ဘာတွေ့သလဲသိလား"

"လှို့ဝှက်ကြေးပြားချပ်တွေပဲနေမှာပေါ့"

"ဟုတ်တယ်၊ လှို့ဝှက်ကြေးပြားချပ်တွေပဲ၊ မင်းမြင်တယ် မဟုတ်လား၊ ဒီကြေးပြားချပ်တွေဟာ ဘာမှအမြင်မဆန်းပါဘူး၊ အဲဒီ အမြင်မဆန်းတာကို သိုင်းသမားတွေရဲ့ သိုင်းသမားတွေရဲ့ အတွင်း စိတ်ကို လှုံ့ဆော်နှိုးဆွနေတယ်နဲ့ တူပါရဲ့၊ ငါ့ညီကုန်စွန်းညာခြေဟာ တုန်တုန်ယင်ယင်ပြောလာတယ်၊ ဒါပေမဲ့ သူဟာ တခြားသိုင်းသမား တွေလို ညီအစ်ကိုချင်း မမြင်နိုင်လောက်အောင် လောဘမျက်ကန်း မဖြစ်ခဲ့ပါဘူး"

"လောဘမျက်ကန်း"

ကွမ်လိန်က တီးတိုးရေရွတ်လိုက်၏။ ကုန်စွန်းက ဆက်ပြော သည်။

"ငါ့ညီက ငါ့ကို တုန်တုန်ယင်ယင်နဲ့ပြောတယ်၊ အစ်ကိုကြီး ကြေးပြားတွေကို ချိုးကြည့်စမ်းပါတဲ့၊ ကျွန်တော်တို့နှစ်ယောက် စိုင်ကော်လို့ မြို့ပေါ်ရောက်တာပဲတဲ့၊ ဒီပညာတွေသာရရင် အစ်ကိုကြီး နဲ့ညီလေးတို့နှစ်ယောက် အတုမရှိ သိုင်းသမားတွေဖြစ်ပြီတဲ့"

ကွမ်လိန်မှာ ပါးစပ်အဟောင်းသားဖြင့် နားထောင်နေမိ သည်။

"အဲဒီအချက်ကိုကြည့်ကွ ... ငါတို့ညီအစ်ကို ဘယ်လောက် ချစ်ကြသလဲဆိုတာ"



ကွမ်လိန် ခေါင်းညိတ်မိ၏။ ကုန်စွန်းဘယ်ခြေ၏စကားမှာ အမှန်ဖြစ်ပါသည်။ တခြားညီအစ်ကိုသာဆိုလျှင် ထိုကျားဂူအတွင်း၌ သွေးစွန်းသွားပေတော့မည်။ ကုန်စွန်းက ကြေကွဲစွာပြော၏။

"ငါတို့တွေ့တဲ့ကြေးပြားချပ်တွေဟာ အတုပါပဲ၊ ဒါပေမဲ့ ငါ့ ညီလေးဟာ ဒီကြေးပြားချပ်တွေကို အရင်ကလို ပေါ့ပေါ့ဆဆ သဘောမထားတော့ဘူး၊ အလေးအနက်သဘောထားလာတယ်၊ အခု စစ်မိန်ဂေဟာကို ငါနဲ့အတူလာဖို့ပဲ၊ ဒါပေမဲ့ သူဟာ ငါ့ကိုတောင် မစောင့်နိုင်တော့ဘဲ တစ်ယောက်တည်းထွက်သွားတယ်၊ ခုတော့ သူ ... သူ ... သေရှာပြီ"

ကုန်စွန်းဘယ်ခြေမှာ စကားဆုံးသည်နှင့် ခေါင်းငိုက်စိုက်ကျ သွားတော့သည်။ သူ၏နီရဲသော မျက်လုံးများမှ မျက်ရည်များပေါက် ပေါက်ကျနေသည်။

သိုင်းလောက၏ အကျော်အမော် သံမဏိသိုင်းသမားကြီး မျက်ရည်ကျနေသည်မှာ ဝမ်းနည်းဖွယ်ကောင်းလှသည်။

ဤကား ညီရင်းအစ်ကို၏စစ်မှန်သောချစ်မေတ္တာသရုပ်ပင် ဖြစ်တော့သည်။

ကွမ်လိန်သည် ကုန်စွန်းကိုကြည့်ရင်း သောကများကူးစက် ခံစားနေရသည်။

သူမြှုပ်နှံပေးခဲ့ရသော ကုန်စွန်းညာခြေ၏အဖြစ်သည် ကြေ ကွဲဖွယ်ကောင်းသည်ဟု ထင်ရသည်။ ထိုသူများ၏သားသမီးနှင့် ဇနီး မယား၊ ဆွေမျိုးများ၏သောကသည် ယခုတိုင်အောင် ကြေကွဲနေ

လိမ့်မည်ဟုလည်း တွေးနေမိ၏။

မျက်လုံးထဲ၌ တစ်ယောက်ကိုတစ်ယောက် ဖက်တွယ်ထားပြီး သေဆုံးနေသည့် ဝတ်ရုံနီလင်မယားကိုပင် ကွင်းကွင်းကွက်ကွက် မြင်ယောင်မိလာပြန်သည်။

"စစ်မိန်ဂေဟာထဲကလူတွေဟာ တူညီတဲ့ဆိုးကျိုးခံစားရသူတွေပါလား။ အတူတူတပူးတကပ်နေနေတဲ့လူတွေ တစ်ယောက်ချင်းသေသွားတာထက် အတူတူသေသွားကြတာက ပိုကောင်းပါသေးတယ်"

ကွမ်လိန်အတွေးသည် ဟိုရောက်သည်ရောက်ဖြစ်နေသည်။

အတန်ကြာသော် တစ်စုံတစ်ခုကို သတိရလာသဖြင့် သူ့နဖူးကိုသူ ဖတ်ခနဲ ရိုက်ပစ်လိုက်သည်။

ကုန်စွန်းဘယ်ခြေက ကွမ်လိန်၏ထူးခြားသော အမူအရာကြောင့် ခေါင်းထောင်ကြည့်သည်။ ကွမ်လိန်က အသံထွက်အောင် ရေရွတ်လိုက်သည်။

"ဝါမေကျားသစ်အိတ် ... ဝါမေကျားသစ်အိတ်"

ကွမ်လိန်သည် တစ်စုံတစ်ခုကို တွေးတောမိဟန်ဖြင့် ကုန်စွန်းဘယ်ခြေကို လှမ်းမေးသည်။

"အဘ ဝါမေကျားသစ်အိတ်ဆိုတာ ဘယ်သူတွေလဲ၊ သူတို့ကို အဘသိသလား"

"ငါ့ရှင်းပြမယ်၊ ဝါမေကျားသစ်အိတ်ဆိုတာ လက်နက်ပုန်းထည့်တဲ့အိတ်ကွ၊ သိုင်းလောကမှာ ဟုကျုံဆိုတဲ့လူနဲ့ ထိုင်မင်ဆိုတဲ့လူ



နှစ်ယောက်ဟာ လက်နက်ပုန်းနဲ့ ကျော်ကြားနေတဲ့လူတွေပဲ၊ ခုအချိန်မှာ သူတို့အဖွဲ့က အတော်ဆုံးလိုလိုဖြစ်နေတယ်၊ သူတို့နှစ်ယောက် လက်နက်ပုန်းထည့်တဲ့အိတ်က ကျားသစ်ရေနဲ့ လုပ်ထားတဲ့အိတ်ပဲ၊ ထူးခြားတာက အဲဒီအိတ်ဟာ ရောင်စုံတောက်ပနေတာပဲ၊ ဒါကို သိုင်းလောကသားတွေက တင်စားပြီး ဝါမေကျားသစ်အိတ်လို့ ခေါ်ဝေါ်ခဲ့ကြတာပဲ၊ တကယ့်တကယ်မှာ သူတို့နှစ်ယောက်ဟာ ဝါမေအဖွဲ့သား၊ ဝါမေတပည့်မဟုတ်ဘူး"

ကုန်စွန်းက ကွမ်လိန်၏ထူးခြားသော မေးခွန်းကို သေသေချာချာဖြေသည်။ ကွမ်လိန်က သူလိုချင်သော အဖြေကိုရလိုက်သဖြင့် အားရပါးရ လက်ခုပ်လက်ဝါးတီးလိုက်သည်။

"ဟုတ်ပြီ ... ဟုတ်ပြီ ... ဒီလိုဆို ဟုတ်ပြီ"

"မင်းက ဘာတွေဟုတ်နေတာလဲကွ"

"ဒီလိုအဘ ဒီလို ... စောစောက လောပုရောင်စုံအကျီအဖွဲ့သားတွေပြောတာ ကြားလိုက်တယ်၊ ဝါမေကျားသစ်ညီအစ်ကိုနှစ်ယောက်ဟာ စစ်မိန်ဂေဟာကိုရောက်လာကြတယ်၊ သူတို့ တောင်ပေါ်ကဆင်းသွားတာကို မတွေ့သေးဘူးတဲ့၊ ကျွန်တော်တွေ့ခဲ့ရသလောက်တော့ သေဆုံးနေတဲ့ အလောင်းတွေထဲမှာလည်း ကျားသစ်သားရေအိတ် ချိတ်ထားတဲ့လူတစ်ယောက်မှ မပါဘူး ...

ပြီးတော့ စစ်မိန်ဂေဟာတွေ့ဆုံပွဲကို ရောက်လာကြတဲ့လူတွေအကုန်လုံးလိုလို သေကုန်ကြတယ်ဆိုတော့ ကိစ္စက စဉ်းစားစရာဖြစ်နေတယ် အဘ၊ ဝါမေကျားသစ်အိတ် ညီအစ်ကိုနှစ်ယောက်

ဘာမှမဖြစ်ဘူးဆိုရင် ဒီနှစ်ယောက်ဟာ လူသတ်သမားတွေပဲ၊ ဒါမှမဟုတ် တစ်ခုခုအကူအညီပေးတဲ့လူပဲဖြစ်မယ်"

ကွမ်လိန်က စဉ်းစားဟန်ပြုပြီး ဆက်ပြောသည်။

"နောက်ကီစွက ကျွန်တော် စစ်မိန်ဂေဟာက ထွက်လာပြီး ချောင်းကူးတံတားအနားမှာ လက်နက်နဲ့ အပစ်ခံခဲ့ရတယ်၊ ဒါဟာ ကျွန်တော့်ကို နှုတ်ပိတ်ဖို့ ကြိုးစားခဲ့တာပဲ၊ အဲဒီလက်နက်ပုန်းက သေးလည်းသေး၊ ပေါ့လည်းပေါ့တယ်၊ အရောင်ကတော့ မည်းတယ်၊ တောက်တောက်ပြောင်ပြောင်မဟုတ်ဘူး၊ အားက တော်တော့်ကို ပြင်းပါတယ်၊ ဒါကိုကြည့်ရင် ..."

ကုန်စွန်းဘယ်ခြေက ထိုင်နေရာမှ ရုတ်ခနဲ ထခုန်လိုက်လေသည်။

မျက်လုံးအစုံသည် တစ်မုဟုတ်ချင်း ဝင်းဝင်းတောက်လာသည်။

ထို့နောက် ကျယ်ကျယ်လောင်လောင် အော်ပြောသည်။

"ဒါဖြင့် စစ်မိန်ဂေဟာထဲကလူတွေ သေသွားကြရတာဟာ ဒီလူနှစ်ယောက်ကြောင့် ဖြစ်မယ်၊ ပြီးတော့ မင်းရဲ့မိတ်ဆွေလေးကို သတ်လိုက်တဲ့လူက အရပ်တော်တော်ရှည်ပြီး ပုံစံထူးတယ်"

ကုန်စွန်းစကားမဆုံးခင် ကွမ်လိန်က ဖြတ်ပြောသည်။

"အဲဒီလူရဲ့ကိုယ်ပေါ်မှာ ကျားသစ်သားရေအိတ် မပါဘူး အဘ"

"ဒါက မင်းအနေနဲ့ ကြောက်ပြီး အမြင်မှောက်မှားသွားလို့



ဖြစ်မှာပါ၊ သူတို့သုံးတဲ့ ကျားသစ်သားရေအိတ်က အလွယ်တကူ ဖြုတ်လို့တပ်လို့ရတဲ့ အိတ်ပဲ"

ကုန်စွန်းဘယ်ခြေသည် အတွေ့အကြုံကြွယ်ဝသူဖြစ်သော်လည်း ယခုဇာတ်၌ အတော်လေး စိတ်လှုပ်ရှားနေသည်။

ပြီးတော့ ခေါင်းထဲတွင် ရှုပ်ရှုပ်ထွေးထွေးဖြစ်နေသည်။

ရရှိလာသော သဲလွန်စကလေးကို မြဲမြဲဆုပ်ထားရမည်ကိုမူ သတိပြုနေမိသည်။ ဤအချက်ကို အလွတ်ပေး၍မဖြစ်ချေ။

ကွမ်လိန်က ဆက်ပြောသည်။

"နောက်တစ်ခုရှိသေးတယ် အဘ ... လောပုအဖွဲ့သားတွေ ပြောတဲ့စကားထဲမှာ လောပုအဖွဲ့က လူနှစ်ယောက်လွှတ်တယ်တဲ့၊ ဒီလူနှစ်ယောက်ဟာ ရောင်စုံအင်္ကျီဝတ်ကိုးနှစ်လက်ပဲ၊ ဒါပေမဲ့ စစ်မိန်ဂေဟာထဲက အလောင်းတွေမှာ သူတို့ပြောတဲ့ အနွေးထည်ဝတ်ထားတဲ့ ပုပုဝဝခားသမားနှစ်ယောက်ရဲ့အလောင်းနဲ့ ရောင်စုံအင်္ကျီဝတ်ထားတဲ့ မုတ်ဆိတ်နဲ့လူရဲ့အလောင်းကိုလည်း ကျွန်တော်တွေ့ခဲ့ရတယ် အဘရဲ့၊ ဒီလူတွေကို အဘသိသလားတော့ မသိဘူး"

ကုန်စွန်းဘယ်ခြေသည် ကွမ်လိန်၏စကားကို အလေးအနက်စဉ်းစားနေရာ မှ ရှုပ်ပွနေသောဆံပင်များထဲသို့ လက်နှစ်ဖက်ကို ထိုးသွင်းလိုက်ပြီး တဗျင်းဗျင်းကုတ်ဖွလိုက်သည်။ အဖြစ်အပျက်များသည် ကိုယ်တွေ့မျက်မြင်မဟုတ်၍ ရှုပ်ထွေးနေသည်။

"ဝါမေကျားသစ်အိတ်ဟာ သိုင်းပညာထူးချွန်တာ မှန်ပေမယ့် သိုင်းသမားအားလုံးကို ဘယ်လိုလုပ်သတ်နိုင်မှာမလဲ၊ တစ်ခု

တော့ရှိတယ်၊ သူတို့ရဲ့ အစားအသောက်တွေထဲမှာ အဆိပ်များခပ်ခဲ့လို့လား ...

"ဒီအချက်ဟာ ဖြစ်နိုင်တဲ့ကိစ္စတစ်ခုပါပဲ၊ ဒါပေမဲ့ ဝါမကျား သစ်အိတ်နဲ့ စစ်မိန်ဝတ်ရုံနီတို့ဟာ သိပ်ပြီးတည့်ကြတာမဟုတ်ဘူး၊ ညှိခန်းဆောင်ထဲသို့ဝင်ဖို့ဆိုတာ လွယ်တာမှမဟုတ်ဘဲ၊ လူရှေ့သူရှေ့မှာ အဆိပ်ခတ်ဖို့ဆိုတာလည်း လွယ်တဲ့ကိစ္စမှ မဟုတ်တာ"

ကုန်စွန်းဘယ်ခြေသည် အတွေးများချာချာလည်ပြီး ခေါင်းရှုပ်နေသည်။

ကွမ်လိန်ကမူ အကျီဖြူသိုင်းသမားအကြောင်းကို တွေးနေမိပြန်သည်။

"အကျီဖြူသိုင်းသမားက ဘယ်သူလဲ၊ ဘယ်အဖွဲ့ကလဲ၊ သိုင်းပညာကတော့ တကယ်တော်တဲ့လူ"

လောပုရောင်စုံအကျီအဖွဲ့သိုင်းသမားများနှင့် ဟူတန်းအဘိုးကြီးလေးယောက်ကလည်း ထိုလူနှင့်ပတ်သက်၍ ဘာတစ်ခွန်းမှ မပြောကြ။ သူတို့ကိုယ်တိုင် ထိုလူကို မသိကြ၍ ဖြစ်ပေလိမ့်မည်။

ကွမ်လိန် အတွေးနက်သကဲ့သို့ ကုန်စွန်းဘယ်ခြေကလည်း ငြိမ်ပြီး အတွေးနက်နေကြလေ၏။

(ပထမပိုင်းပြီး)